# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၇၇ ခုနှစ်၊ တော်သလင်းလဆန်း ၁၂ ရက် ၂၀၁၅ ခုနှစ်၊ စက်တင်ဘာ ၂၅ ရက်၊ သောကြာနေ့၊ အတွဲ [၅၄]၊ အမှတ် [၃၅၅]


**ဝီရိယနှင့် ဆန္ဒအကျိုး**

**ဝီရိယဝတော ကိံ နာမ ကမ္မံ န သိဇ္ဈတိ။**

ဝီရိယရှိသော ပုဂ္ဂိုလ်များအတွက် မပြီးမပြောက်နိုင်သည့် အလုပ်ကိစ္စဟူသည် မရှိ။

**ဆန္ဒဝတော ကိံ နာမ ကမ္မံ န သိဇ္ဈတိ။**

ဆန္ဒရှိသော ပုဂ္ဂိုလ်များအတွက် မပြီးပြောက်နိုင်သည့် အလုပ်ကိစ္စဟူသည် မရှိ။

(မူလဋီ၊ ၃၊ ၁၆၉။)

# နိုင်ငံရေးပြုပြင်ပြောင်းလဲရာတွင်နိုင်ငံရေးလွတ်လပ်မှု၊ နိုင်ငံရေးပါတီများ ဖွဲ့စည်းနိုင်မှု၊ မကြာခင်ကျင်းပမည့် ရွေးကောက်ပွဲများအပြင် ငြိမ်းချမ်းရေးကြိုးပမ်းမှုကိုလည်း ဦးစားပေးအဆင့်အနေဖြင့် ယခုအချိန်အထိ တစိုက်မတ်မတ်ဆောင်ရွက်နေ

**နေပြည်တော် စက်တင်ဘာ ၂၄**

ပြုပြင်ပြောင်းလဲရေးဦးဆောင်ကော်မတီအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နိုင်ငံတော်သမ္မတရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ပြုပြင်ပြောင်းလဲရေးဦးဆောင်ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တက်ရောက်အမှာစကားပြောကြားသည်။ **(ယာပုံ)**

အဆိုပါအစည်းအဝေးသို့ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဦးညဏ်ထွန်း၊ ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြုပြင်ပြောင်းလဲရေးဦးဆောင်ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က အမှာစကား ပြောကြားရာတွင် မိမိတို့အစိုးရအနေဖြင့် နိုင်ငံတော်တာဝန်ကို စတင်တာဝန်ယူစဉ်ကတည်းကပင် ပြုပြင်ပြောင်းလဲမှုများ တစိုက်မတ်မတ်ကြိုးပမ်းဆောင်ရွက်ခဲ့ရာ ယခုဆိုလျှင် လေးနှစ်ကျော်၊ ငါးနှစ်နီးပါးရောက်ခဲ့ပြီ ဖြစ်ပါကြောင်း၊ ထင်သာမြင်သာမှုများ၊ ပြည်သူများတိုက်ရိုက်အကျိုးသက်ရောက်မှုများရှိသကဲ့သို့ နှစ်ကာလရှည်ကြာစွာအကျိုးရှိရန် အခြေခံအုတ်မြစ်ခင်းခဲ့ရခြင်းများလည်း ရှိခဲ့ပါကြောင်း။

၂၀၁၁ ခုနှစ်က မိမိပြည်သူများထံတင်ပြခဲ့သော သမ္မတတာဝန် စတင်ထမ်းဆောင်သည့် မိန့်ခွန်းကိုကြည့်လျှင် မိမိတို့၏ရည်မှန်းချက်ကို ကွက်ကွက်ကွင်းကွင်း သိရှိနိုင်မည်ဖြစ်ပါကြောင်း၊ မိမိတို့အစိုးရ တာဝန်ယူစဉ်ကတည်းက လုပ်ဆောင်စရာအများကြီးအနက်မှ ဆင်းရဲမှုလျှော့နည်းပပျောက်ရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးကိုရွေးချယ်ပြီး မူဝါဒလုပ်ငန်းစဉ်များ ချမှတ်ခဲ့ပါကြောင်း၊ သိသာမှုများ၊ မြင်သာထင်သာမှုများအနက် မြစိမ်းရောင်စီမံချက်၊ ကမ္ဘာ့ဘဏ်၏ CDD စီမံချက်များ ဖြစ်ပါကြောင်း၊ ထို့အတူ နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးတို့အတွက် ဟန်ချက်ညီညီ

*စာမျက်နှာ ၃ ကော်လံ ၁* ✻

**လှိုင်ဦးရေတစ်သိန်းအထက် မြို့ကြီးများအတွက် စီမံချက်များရေးဆွဲပြီးဖြစ်၊ Affordable Housing၊ Rental Housing အိမ်ရာများကို တိုင်းဒေသကြီးနှင့် ပြည်နယ်အနှံ့ ငွေကျပ် ၄၆ ဘီလီယံ အကုန်အကျခံ၍ဖော်ထုတ်ပေးနေ၊ မြို့ရွာများတွင် ဂရန်များပေးရန် စတင်နေပြီဖြစ်။**




**တမူးခရိုင် ရေဘေးသင့်အိမ်ထောင်စုများအတွက် မြေနေရာသစ်ဖော်ထုတ်ပေး** စာ-၉




## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# မြန်မာ့ရက်ကန်းအမွေအနှစ်

မြန်မာနိုင်ငံတွင် ကိုလိုနီခေတ်ကတည်းက အမျိုးသားရေး စိတ်ဓာတ်ရှင်သန်နိုးကြားလာမှုနှင့်အတူ ပြည်တွင်းဖြစ်အထည်များကိုသာ ဝတ်ဆင်လာကြသည့်အလျောက် အထက်အညာကျေးလက်တောရွာ အများစုတို့၌ လက်ရက်ကန်းအတတ်များ တိုးတက်လာခဲ့သည်။ ယနေ့ခေတ်တိုင် အချို့ကျေးလက်တောရွာများ၌ တွေ့မြင်နေရဆဲဖြစ်ပါသည်။

ထိုမှတစ်ဆင့် လက်ရက်ကန်းမှ စက်ရက်ကန်းအတတ်များ တိုးတက်လာခဲ့သည်။ မြန်မာနိုင်ငံ အလယ်ပိုင်း မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ်သည် စက်ရက်ကန်းအတတ်ပညာများ တိုးတက်ဖြစ်ထွန်း အောင်မြင်လျက်ရှိပါသည်။ ဤဒေသသည် မြန်မာအမျိုးသားများဝတ်ဆင်သည့် ချည်ချောလုံချည်များ အဓိကထွက်ရှိရာဒေသဖြစ်ပါသည်။ ဝမ်းတွင်းမြို့သာမက အနီးပတ်ဝန်းကျင်ကျေးရွာအချို့၌ပင် စက်ရက်ကန်း စက်ရုံများ တိုးတက်လာနေပြီဖြစ်ပါသည်။ နိုင်ငံတော်မှစက်ရုံများအတွက် အဓိကလိုအပ်သည့် လျှပ်စစ်မီးကို ဖြန့်ဝေပေးလာနိုင်သည်နှင့်အမျှ ချည်ချောလုံချည်ထုတ်လုပ်ရာ စက်ရက်ကန်းအတတ်ပညာများ တိုးတက်လျက်ရှိပါသည်။

မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားအများစုသည် လုံချည်ဝတ်သည့်အလေ့အထနှင့်အတူ ရက်ကန်းစက်ရုံများသည်လည်း တိုးတက်ဖွံ့ဖြိုးလာလျက်ရှိပါသည်။ ပြည်ပမှ အရည်အသွေးကောင်းမွန်သော ချည်ချောလုံချည်များ တင်သွင်းလာသည့်တိုင်အောင် မြန်မာအမျိုးသားများသည် ပြည်တွင်းဖြစ်လုံချည်များကိုသာနှစ်ခြိုက်စွာဝတ်ဆင်ကြလေ့ရှိပါသည်။ ဤနေရာတွင် ပြည်ပထုတ်ကုန်များသည် မြန်မာ့ဈေးကွက်အတွင်း ထိုးဖောက်စေကာမူ မြန်မာထုတ်ကုန်ပစ္စည်းများသည် လူကြိုက်အများဆုံးဖြင့် အသာစီးရနေဆဲဖြစ်ပါသည်။

ဤသို့တိုးတက်အောင်မြင်လျက်ရှိသော မြန်မာ့ရက်ကန်းများကို ပိုမိုတိုးတက်အောင် လိုအပ်သောတီထွင်ဆန်းသစ်မှုများ ချဲ့ထွင်လုပ်ကိုင်သွားရန် လိုအပ်လျက်ရှိပါသည်။ စက်ရက်ကန်းလုပ်ငန်းများပိုမိုဖွံ့ဖြိုးလာအောင်ဆောင်ရွက်ရင်း မြန်မာ့ရက်ကန်းအတတ်ပညာအမွေအနှစ်များ ဆက်လက်ထိန်းသိမ်းသွားရန် လိုအပ်ပါသည်။ မြန်မာနိုင်ငံတွင် မြန်မာ့ရိုးရာရက်ကန်းအတတ်ပညာများ တိုးတက်ထွန်းကားခဲ့သလို တိုင်းရင်းသားများ၏ ရိုးရာရက်ကန်း အတတ်ပညာများလည်း တိုးတက်ခဲ့ပါသည်။ ယခုအခါ တိုင်းရင်းသားတို့၏ ရိုးရာဝတ်စုံများ ဝတ်ဆင်မှုနည်းပါးလာသည့်အလျောက် ရက်ကန်းအတတ်ပညာများသည်လည်း တိမ်မြုပ်ပျောက်ကွယ်တော့မည့်အနေအထားသို့ ရောက်ရှိနေပါသည်။ သို့ပါ၍ မြန်မာ့ရိုးရာ ရက်ကန်းအတတ်ပညာများအပြင် တိုင်းရင်းသားတို့၏ ရက်ကန်းအတတ်ပညာများကိုပါ ယဉ်ကျေးမှု အမွေအနှစ်အဖြစ် ဆက်လက်ထိန်းသိမ်းအပ်ပေကြောင်း။ ။

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်း | - | ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော် |
| သတင်းထောက်မှူး | - | မြင့်ဆွေ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |
| ကြော်ငြာ | - | ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈<br>Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈ |
| ဖြန့်ချိ | - | ၀၁-၅၄၄၃၁၇၊ Fax- ၀၁-၈၆၀၄၅၄၆ |

## နိုင်ငံရေးပါတီများ၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များ မြန်မာ့ရုပ်မြင်သံကြား၊ မြန်မာ့အသံရေဒီယိုနှင့် နိုင်ငံပိုင်သတင်းစာများမှ ထုတ်လွှင့်ဖော်ပြသွားမည်

**နေပြည်တော်  စက်တင်ဘာ ၂၄**

မြန်မာနိုင်ငံ တောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီနှင့် ဒီမိုကရေစီနှင့် လူ့အခွင့်ရေးပါတီတို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များကို စက်တင်ဘာ ၂၅ ရက် ည ၇ နာရီတွင် မြန်မာ့ရုပ်မြင်သံကြား (MRTV) ၊ လွှတ်တော်ရုပ်သံလိုင်း ၊ MWD (Variety)၊ မြန်မာ့အသံရေဒီယိုနှင့် ရွှေ FM တို့မှ ထုတ်လွှင့်သွားမည်ဖြစ်ပြီး စက်တင်ဘာ ၂၆ ရက်ထုတ် နိုင်ငံပိုင်သတင်းစာများဖြစ်သော ကြေးမုံသတင်းစာနှင့် မြန်မာ့အလင်းသတင်းစာတို့၌ ဖော်ပြသွားမည် ဖြစ်ပါသည်။

နိုင်ငံရေးပါတီများအား တစ်နေ့လျှင် သုံးပါတီဖြင့် အလှည့်ကျ စည်းရုံးဟောပြောခွင့်ပြုလျက်ရှိရာတွင် အမျိုးသားညီညွတ်ရေးကွန်ဂရက်ပါတီအနေဖြင့် လာရောက်ဟောပြောခြင်းမပြုခဲ့၍ ထုတ်လွှင့်ဖော်ပြနိုင်မှု မရှိခြင်းဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**(သတင်းစဉ်)**

## ဇီးကုန်း၌ ဓာတ်အားလိုင်းစနစ် တိုးတက်ကောင်းမွန်ရေးဆောင်ရွက်

**ဇီးကုန်း  စက်တင်ဘာ ၂၄**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ဇီးကုန်းမြို့နယ် လျှပ်စစ်မှူးရုံးအုပ်ချုပ်မှု နယ်မြေအတွင်းရှိ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း System Improvement လုပ်ငန်းကို မြို့ပေါ်ရှိ ဗိုလ်ရုံလမ်း၊ လယ်ဦးစုလမ်းနှင့် သိမ်ကြီးရိုးလမ်းတို့တွင် စက်တင်ဘာ ၂၃ ရက်က ၂၀၀ ကေဗွီအေ ထရန်စဖော်မာ တစ်လုံးစိတည်ဆောက်ခြင်းနှင့် ဇီးကုန်းမြို့နယ် ကဇင်းကြီးအုပ်စု စမ်းအိုင်ရွာတွင် ကျေးရွာမီးလင်းရေးအတွက် ၁၁ ကေဗွီလိုင်း ပေ ၃၄၀၀၊ ၄၀၀ ဗို့လိုင်း ပေ ၃၂၀၀ နှင့် ၁၀၀ ကေဗွီ ထရန်စဖော်မာတစ်လုံးတို့ကို မြို့နယ်လျှပ်စစ်မှူး ဦးဟန်ဆွေ ဦးဆောင်၍ လျှပ်စစ်ဝန်ထမ်းများနှင့် ဆောင်ရွက်ခဲ့ရာ လုပ်ငန်းအားလုံး၏ ၃၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ လုပ်ငန်းများအားလုံးပြီးစီးပါက ဓာတ်အားလိုင်းစနစ် ကောင်းမွန်စေခြင်း၊ ဗို့အားကျဆင်းမှုနှင့် ဓာတ်အားပျောက်ဆုံးမှုလျော့နည်းပြီး ပြည်သူများ ဗို့အားပြည့်ဝစွာ သုံးစွဲလာနိုင်ခြင်းစသည့် အကျိုးကျေးဇူးများ ရရှိလာနိုင်မည်ဖြစ်ကြောင်း သိရသည်။

**မောင်ရွှေဝင်း(ပြည်)**

# လူ့အခွင့်အရေးဆိုင်ရာသိကောင်းစရာများ ဆွေးနွေးဟောပြော

**နေပြည်တော်  စက်တင်ဘာ ၂၄**



သတ္တုတွင်း ဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်တို့ ပူးပေါင်းကျင်းပသည့် လူ့အခွင့်အရေးဆိုင်ရာ သိကောင်းစရာများ ဆွေးနွေးဟောပြောပွဲကို နေပြည်တော် သတ္တုတွင်းဝန်ကြီးဌာန သီရိရတနာခန်းမ၌ စက်တင်ဘာ ၂၃ ရက် မွန်းလွဲ ၁ နာရီခွဲတွင် ကျင်းပရာ သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်အောင်နှင့် အမြဲတမ်းအတွင်းဝန် ဦးစီးဌာန/လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင် ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ အဖွဲ့ဝင် ဦးယုလွင်အောင်က လူ့အခွင့်အရေး၏ အနှစ်သာရများအကြောင်း၊ ကော်မရှင်၊ ဥပဒေ၊ တိုင်တန်းချက်များ အကြောင်းနှင့် အဖွဲ့ဝင် ဒေါက်တာဉာဏ်ဇော်က ကော်မရှင်ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန် ဆောင်ရွက်ချက်များ အကြောင်းတို့ကို ရှင်းလင်းဆွေးနွေးပြီး မေးမြန်းချက်များအား ပြန်လည်ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## မြေအသုံးချရေးဓာတ်ခွဲခန်းနှင့် သီးနှံကာကွယ်ရေးဓာတ်ခွဲခန်းဖွင့်

**မန္တလေး စက်တင်ဘာ ၂၄**

စိုက်ပျိုးရေးဦးစီးဌာန မြေအသုံးချရေး ဓာတ်ခွဲခန်းနှင့် သီးနှံကာကွယ်ရေး ဓာတ်ခွဲခန်းဖွင့်ပွဲ အခမ်းအနားကို စိုက်ပျိုးရေးဦးစီးဌာန မြေအသုံးချရေးနှင့်သီးနှံကာကွယ်ရေး ရုံးဝင်းအတွင်း စက်တင်ဘာ ၂၁ ရက်က ကျင်းပရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းသန်း တက်ရောက်သည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီးက နိုင်ငံတော်သည် တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေကို ပြဋ္ဌာန်းပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ဥပဒေတွင် ပါဝင်သော ပြဋ္ဌာန်းချက်များနှင့်အညီ ဓာတ်မြေဩဇာများ ဓာတ်ခွဲစမ်းသပ်ခြင်း ဆောင်ရွက်ပေးခြင်း ဖြစ်ကြောင်း၊ လယ်ယာကဏ္ဍမှ ထုတ်လုပ်သည့် ကုန်ကြမ်းများကိုအမှီပြု၍ စက်မှုနိုင်ငံထူထောင်ရမည်ဖြစ်ကြောင်း၊ တောင်သူလယ်သမားများ၏ စိုက်ပျိုးလျက်ရှိသော သီးနှံများ အထွက်နှုန်းတိုးတက်ရေးအတွက် ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးများအား ယခုဖွင့်လှစ်သည့် ဓာတ်ခွဲခန်းများမှ စမ်းသပ်ပေးမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးနှင့်မွေးမြူရေး ဝန်ကြီးက အိမ်နီးချင်းနိုင်ငံများမှ တင်သွင်းလာသော ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးများ၏ အရည်အသွေးကို စစ်ဆေးနိုင်ပြီဖြစ်ကြောင်း၊ မြေဆီလွှာဓာတ်ခွဲစမ်းသပ်ခြင်း၊ စိုက်ပျိုးရေး ဓာတ်ခွဲစမ်းသပ်ခြင်း၊ ပိုးသတ်ဆေး ဓာတ်ကြွင်းများကိုလည်း စစ်ဆေးပေးမည်ဖြစ်ကြောင်း စသည့် တောင်သူများ၏ အကျိုးစီးပွားအတွက် ဆွေးနွေးခဲ့ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း  ၂၄-၉-၂၀၁၅

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၇၆၆၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၇၂၀၉၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၇၆၅၇၀၀ |

**စက်သုံးဆီဈေးနှုန်း(စက်သုံးဆီအသင်း)**

| | | | |
|---|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် | ၇၀၀/၇၁၀ |
| ဒီဇယ် | တစ်လီတာ | ကျပ် | ၆၄၀/၆၅၀ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် | ၆၉၀/၇၀၀ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် | ၇၉၀/၈၀၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် | ၆၈၀/၇၀၀ |

**သားငါးနှင့် ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | |
|---|---|---|
| ၁။ ငါးကြင်း | တစ်ပိဿာ | ၄၅၀၀-၆၀၀၀ |
| ၂။ ငါးမြစ်ချင်း | တစ်ပိဿာ | ၄၀၀၀-၄၅၀၀ |
| ၃။ ငါးရံ့ | တစ်ပိဿာ | ၆၅၀၀-၇၅၀၀ |
| ၄။ ငါးဖယ် | တစ်ပိဿာ | ၆၅၀၀-၁၂၀၀၀ |
| ၅။ ပုစွန် (ကျော့) | တစ်ပိဿာ | ၇၀၀၀-၁၀၀၀၀ |
| ၆။ ပုစွန်တုပ် | တစ်ပိဿာ | ၁၀၀၀၀-၂၇၀၀၀ |
| ၇။ ငါးသလောက် | တစ်ပိဿာ | ၇၅၀၀-၁၂၀၀၀ |
| ၈။ ကြက် | တစ်ပိဿာ | ၅၀၀၀-၁၂၀၀၀ |
| ၉။ ဝက် | တစ်ပိဿာ | ၅၀၀၀-၉၀၀၀ |
| ၁၀။ အမဲ | တစ်ပိဿာ | ၇၀၀၀-၉၀၀၀ |
| ၁၁။ ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၇၀၀၀ |
| ၁၂။ ဘဲ | တစ်ပိဿာ | ၆၀၀၀-၁၃၀၀၀ |

**နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၈၄ |
| ဥရောပ | တစ်ယူရို | ၁၄၅၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၁၂.၂၂ |
| ထိုင်း | တစ်ဘတ် | ၃၅.၆၅ |
| အိန္ဒိယ | တစ်ရူပီး | ၁၉.၃၇ |
| တရုတ် | တစ်ယွမ် | ၂၀၁.၄၁ |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၈.၆ |

ခင်ရတနာ-စုစည်းသည်။



ပြုပြင်ပြောင်းလဲရေးဦးဆောင်ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ပြုပြင်ပြောင်းလဲရေးဦးဆောင်ကော်မတီအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

*** ရှေ့ဖုံးမှ**

ကြိုးပမ်း ဆောင်ရွက်မှုများကိုလည်း တွေ့နိုင်ပါကြောင်း။

အဓိကအားဖြင့် နိုင်ငံရေးပြုပြင်ပြောင်းလဲမှု၊ လူမှုစီးပွားရေး ပြုပြင်ပြောင်းလဲမှု၊ အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှု၊ ပုဂ္ဂလိကကဏ္ဍ ပြုပြင်ပြောင်းလဲမှုများဖြစ်ပါကြောင်း၊ နိုင်ငံရေးပြုပြင်ပြောင်းလဲရာတွင် နိုင်ငံရေးလွတ်လပ်မှု၊ နိုင်ငံရေးပါတီများဖွဲ့စည်းနိုင်မှု၊ မကြာခင်ကျင်းပမည့် ရွေးကောက်ပွဲများအပြင် လူမှုအဖွဲ့အစည်းများ ဖွဲ့စည်းမှု၊ သတင်းမီဒီယာလွတ်လပ်ခွင့်၊ လွတ်လပ်စွာ ဆန္ဒထုတ်ဖော်ခွင့်၊ လူ့အခွင့်အရေးပြဿနာများ လျော့ပါးလာစေမှုအပါအဝင် နိုင်ငံရေးအကျဉ်းသား အများအပြားကို လွတ်ငြိမ်းခွင့်ပေးခဲ့ပါကြောင်း၊ ငြိမ်းချမ်းရေးကြိုးပမ်းမှုကိုလည်း ဦးစားပေးအဆင့်အနေဖြင့် ယခုအချိန်အထိ တစိုက်မတ်မတ်ဆောင်ရွက်နေသည်ကို အားလုံးအသိပင် ဖြစ်ပါကြောင်း။

နိုင်ငံတကာဆက်ဆံရေး နယ်ပယ်တွင် ယခင်နှင့်မတူ ထူးခြားစွာပြောင်းလဲနိုင်ခဲ့သဖြင့် ဒေသတွင်းရော၊ အပြည်ပြည်ဆိုင်ရာကပါ အသိအမှတ်ပြု ကူညီဆက်ဆံခဲ့သည်ကို တွေ့ရှိနိုင်ပါကြောင်း၊ အာဆီယံ အခမ်းအနားများ၊ အားကစားပြိုင်ပွဲများကို အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့ခြင်းသည်လည်း တိုးတက်မှုတစ်ရပ်ဖြစ်ပါကြောင်း၊ လူမှုစီးပွား



ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်း ဖြည့်စွက်ဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

ဘဝ ပြုပြင်ပြောင်းလဲမှုများစွာ ကြိုးပမ်းဆောင်ရွက်ရာတွင် Framework for Economic and Social Reforms (FESR) ကို မူချမှတ်ပြီး ပြောင်းလဲစေခဲ့ပါကြောင်း၊ ငွေရေးကြေးရေး ဘဏ္ဍာရေးကဏ္ဍ တိုးတက်မှုသည် သိသာထင်ရှားလှပါကြောင်း။

ကမ္ဘာ့ဘဏ်နှင့် အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ (IMF) ကဲ့သို့သော အဖွဲ့အစည်းများ၏ နည်းပညာ အထောက်အပံ့များကလည်း ထိရောက်သည့် ပြုပြင်ပြောင်းလဲမှုရရှိခဲ့ပါကြောင်း၊ ယခုဆိုလျှင် ဗဟိုဘဏ်သည် သီးခြားအဖွဲ့အစည်းဖြစ်လာသကဲ့သို့ ဘဏ္ဍာရေးဝန်ကြီးဌာနသည်လည်း သီးခြားအဖွဲ့အစည်းဖြစ်လာခဲ့ပါကြောင်း၊ Monetary Policy နှင့် Fiscal Policy သီးခြားစီလုပ်ဆောင်နေသည်ကို တွေ့ရပြီဖြစ်ပါကြောင်း။

ပြည်သူ့ဘဏ္ဍာ စီမံခန့်ခွဲမှု (Public Financial Management - PFM) လုပ်ငန်းများ ပိုမိုထိရောက်လာသကဲ့သို့ Treasury Department ကလည်း ပီပြင်လာပြီ ဖြစ်ပါကြောင်း၊ **အခွန်အကောက်စနစ်များ ပိုမိုပီပြင်လာခြင်းကြောင့် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် ငွေကျပ် ၁ ဒသမ ၆၉ ထရီလီယံမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ငွေကျပ် ၅ ဒသမ ၉ ထရီလီယံအထိ ရရှိခဲ့ပြီး GDP Tax ratio များ တစ်စတစ်စ မြင့်မားလာသည်ကိုတွေ့ရပါကြောင်း။**

ပြည်တွင်း ဘဏ်လုပ်ငန်းများ ဖွံ့ဖြိုးရန် လုပ်ဆောင်နေရသကဲ့သို့ ပြည်ပဘဏ်များ၏ အခန်းကဏ္ဍကိုလည်း စတင်ပေးနိုင်ခဲ့ပါကြောင်း၊ Mobile Payment စနစ်များ တဖြည်းဖြည်း ကူးပြောင်းလာစေမည်ဖြစ်ပါကြောင်း၊ ပြည်သူများက ဘဏ်များအပေါ် ပိုမိုယုံကြည်အသုံးပြုရန်လည်း ကြိုးစားနေပါကြောင်း။

**အခွန်အကောက်စနစ်များ ပိုမိုပီပြင်လာခြင်းကြောင့် ၂၀၁၁- ၂၀၁၂ ဘဏ္ဍာနှစ်တွင် ငွေကျပ် ၁ ဒသမ ၆၉ ထရီလီယံမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ငွေကျပ် ၅ ဒသမ ၉ ထရီလီယံအထိ ရရှိခဲ့ပြီး GDP Tax ratio များ တစ်စတစ်စ မြင့်မားလာသည်ကို တွေ့ရ။**

ပညာရေးကဏ္ဍတွင် ပြည်သူများ သိသာထင်ရှားစေသည့် ရလဒ်မှာ အထက်တန်းအဆင့်အထိ အခမဲ့ပညာရေး ဆောင်ရွက်ပေးနိုင်ခဲ့ခြင်း ဖြစ်ပါကြောင်း၊ တက္ကသိုလ်အဆင့်များတွင် စကော်လားရှစ်၊ စတိုင်ပင်အသုံးစရိတ်များ ပိုမိုသုံးစွဲပေးနေသကဲ့သို့ စနစ်တကျဖြစ်ရန်လည်း လုပ်ဆောင်နေပါကြောင်း၊ ထူးခြားမှုတစ်ခုမှာ နိုင်ငံတော်သမ္မတ၏ ပညာသင်ဆုချီးမြှင့်ပေးခဲ့ခြင်း ဖြစ်ပါကြောင်း၊ ယင်းမှာ အနာဂတ်နိုင်ငံတော်အတွက် ရင်းနှီးမြှုပ်နှံခြင်းဖြစ်ပါကြောင်း၊ ယခုအချိန်အထိ ဩစတြေးလျ၊ ဂျာမနီ၊ ယူကေ၊ အမေရိကန်၊ တရုတ်နှင့် ထိုင်းနိုင်ငံတို့သို့ ပညာတော်သင် ၁၁၆ ဦး စေလွှတ်ခဲ့ပြီးဖြစ်ပါကြောင်း။

အထူးလိုအပ်နေသည့် မူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းဆရာ၊ ဆရာမများလည်း သောင်းနှင့်ချီ၍ ခန့်ထားခဲ့ပါကြောင်း၊ တစ်ဖက်မှလည်း အလုပ်အကိုင်ရရှိရန်၊ ကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးရန် အသက်မွေးဝမ်းကျောင်း ပညာရေးမြှင့်တင်ပေးသည့်အနေဖြင့် Vocational Training ကို အရှိန်အဟုန်ဖြင့် လုပ်ဆောင်နေပါကြောင်း။

ကျန်းမာရေး ပြုပြင်ပြောင်းလဲမှု၏ အဓိကမှာ ပြည်သူစိုက်ထုတ်ရသည့် ကုန်ကျစရိတ်များ လျော့နည်းစေရန်၊ ဆေးရုံကြီးငယ်၊ တိုက်နယ်ဆေးရုံ၊ ကျေးလက်ဆေးပေးခန်းအထိ ဝန်ဆောင်မှုများပီပြင်စေသည့်အပြင် ကျန်းမာရေးအသုံးစရိတ်များလည်း တိုးတက်လာသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း၊ ဆရာဝန်၊ သမားတော်ကြီးများသာမက သူနာပြုသားဖွားဝန်ထမ်းများပါ ပိုမိုမွေးထုတ်လျက်ရှိပါကြောင်း။

မကြာခင်တွင် တောင်ကြီးဆေးတက္ကသိုလ်ကို ဖွင့်လှစ်ပေးသွားမည်ဖြစ်ပါကြောင်း၊ ပြည်သူလူထု၏လူမှုစီးပွားဘဝတိုးတက်စေရန်၊ အလုပ်အကိုင်များရရှိစေရန် အစိုးရအနေဖြင့် တစ်ဖက်က ငွေကြေးအခြေအနေအရ ကြိုးပမ်းနေသကဲ့သို့ ပြည်တွင်း ပြည်ပ ရင်းနှီးမြှုပ်နှံမှုများလည်း တစ်စတစ်စတိုးတက်နေရာ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၊ ယနေ့အထိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏ USD ၁၈ ဘီလီယံကျော်ရှိပြီး ရင်းနှီးမြှုပ်နှံမှုပမာဏ၏ ၃၃ ရာခိုင်နှုန်း ဆောင်ရွက်နိုင်ပြီဖြစ်ပါကြောင်း။

ပြည်တွင်း ရင်းနှီးမြှုပ်နှံမှုအနေဖြင့် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ယနေ့အထိ နိုင်ငံသားရင်းနှီးမြှုပ်နှံမှုပမာဏကျပ် ၃၈ ထရီလီယံကျော်ရှိပြီး ရင်းနှီးမြှုပ်နှံမှုပမာဏ၏ ၆၇ ရာခိုင်နှုန်း ဆောင်ရွက်နိုင်ပြီ ဖြစ်ပါကြောင်း၊ ရင်းနှီးမြှုပ်နှံသူများ လွယ်ကူစွာဆောင်ရွက်နိုင်ရန် ရန်ကုန်မြို့၌ One Stop Service ရုံးဖွင့်ပြီး ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း။

မိမိတို့ ကြိုးစားကြရဦးမည်မှာ Productivity မြှင့်တင်ရန် ဖြစ်ပါကြောင်း၊ ပြည်ပပို့ကုန်များ ပိုမိုထုတ်လုပ်ကြရန် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု၊ နည်းပညာ၊ ကျွမ်းကျင်လုပ်သားနှင့် ဈေးကွက်များ ပူးပေါင်းချိတ်ဆက်ကြရန် ဖြစ်ပါကြောင်း၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းနေမှုအပေါ် နိုင်ငံတကာအဖွဲ့အစည်းများက ကူညီထောက်ပံ့ငွေ အမေရိကန်ဒေါ်လာ ၃ ဒသမ ၅၁၃ ဘီလီယံ ရယူနိုင်ခဲ့ပြီး ၂ ဒသမ ၀၇၃ ဘီလီယံ လက်ဝယ်အသုံးပြုနေပြီဖြစ်ပါကြောင်း။

တိုင်းပြည်တိုးတက်ရန် နိုင်ငံတကာမှ အတိုးနှုန်းသက်သာသော ချေးငွေများနှင့် Infrastructure များ တည်ဆောက်ရပါကြောင်း၊ ထို့အတွက် မိမိတို့ နိုင်ငံခြားချေးငွေ အမေရိကန်ဒေါ်လာ ၆ ဒသမ ၇၅၃ ဘီလီယံ ရယူခဲ့ပြီး လက်ရှိ ၁ ဒသမ ၅၀၆ ဘီလီယံ သုံးစွဲဆောင်ရွက်နေသည်ကို တွေ့နိုင်ပါကြောင်း၊ မြို့ရွာများ စနစ်တကျတိုးတက်စေရန် Township Development Plan များ ရေးဆွဲပြီး ရေရှည်ဖွံ့ဖြိုးတိုးတက်ရန် လုပ်ဆောင်နေပါကြောင်း။

**လူဦးရေ တစ်သိန်းအထက် မြို့ကြီးများအတွက် စီမံချက်များ ရေးဆွဲပြီးဖြစ်ပါကြောင်း၊ Affordable Housing ၊ Rental Housing အိမ်ရာများကို တိုင်းဒေသကြီးနှင့် ပြည်နယ်အနှံ့ ငွေကျပ် ၄၆ ဘီလီယံ အကုန်အကျခံ၍ ဖော်ထုတ်ပေးနေပါကြောင်း၊ မြို့ရွာများတွင် ဂရန်များပေးရန် စတင်နေပြီဖြစ်ပါကြောင်း။**

စီးပွားရေးမူဝါဒထဲမှ Inclusive development, Balance developement, Sustainable growth နှင့် စာရင်းဇယားမှန်ကန်ရန် အဓိကကျသည့်အတွက် ၂၀၁၄ ခုနှစ်တွင် နှစ်ပေါင်း ၃၀ ကျော် မဆောင်ရွက်နိုင်ခဲ့သည့် လူဦးရေနှင့် အိမ်ထောင်စုစီးပွားရေးသန်းခေါင်စာရင်း ကောက်ယူနိုင်ခဲ့ပါကြောင်း၊ ပြည်သူ့လူမှုစီးပွားဘဝတိုးတက်ရန်မှာ ICT ကဏ္ဍဖွံ့ဖြိုးမှုသည်လည်း ဆက်နွယ်နေပါကြောင်း၊ ထို့ကြောင့် မိုဘိုင်းဖုန်းသုံးစွဲမှုမှာ ၂၀၁၁ ခုနှစ်တွင် ငါးရာခိုင်နှုန်းအောက်ရှိရာမှ ယနေ့ ၂၀၁၅ ခုနှစ်တွင် ၅၂ ရာခိုင်နှုန်းကျော် သုံးစွဲနေကြပြီ ဖြစ်ပါကြောင်း။

အလားတူ ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုများလည်း တစ်ဟုန်ထိုး ဖွံ့ဖြိုးလာခဲ့ပါကြောင်း၊ လာမည့်နှစ်ကို နိုင်ငံခြားသားခရီးသွားဧည့်သည် ငါးသန်းအထိ မျှော်မှန်းထားရှိပြီး ပြင်ဆင်မှုများစီမံနေသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း၊ ထို့အတူ သွားလာမှုလွယ်ကူရေး၊ လမ်းများ ကောင်းမွန်ရေး အားလုံးကိုသုံးသပ်လျှင် ပြောင်းလဲလာသည်ကို တွေ့ရပါကြောင်း။

တစ်ဖက်တွင် မြို့ကြီးများ တိုးတက်လာလျှင် တရားဥပဒေစိုးမိုးရေး၊ အုပ်ချုပ်ရေးစနစ် ကောင်းမွန်ရေး၊ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးရေး၊ လူကုန်ကူးမှုအန္တရာယ်တားဆီးရေးတို့အပြင် ဘာသာရေး၊ လူမျိုးရေးပဋိပက္ခများ၏ အန္တရာယ်များလည်း ရင်ဆိုင်နေရသည်ကို သတိပြုရမည်၊ တားဆီးရမည်ဖြစ်ပါကြောင်း။

**သန့်ရှင်းသည့် အစိုးရ၊ ကောင်းမွန်သည့် အစိုးရ၊ ပွင့်လင်းသည့် အစိုးရဖြစ်အောင် မိမိ အမြဲတိုက်တွန်းနှိုးဆော်နေသော်လည်း အားရ ကျေနပ်မှုမရှိသေးသည်ကို တွေ့ရ။**

အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှုတွင် ပထမ၊ ဒုတိယ၊ တတိယလှိုင်းများနှင့် တွန်းအားပေးနေသော်လည်း ဆက်လက် ကြိုးစားကြရပါဦးမည်ဖြစ်ပါကြောင်း၊ အဓိကမှာ ဝန်ထမ်းများ Capacity မြှင့်တင်ရန်နှင့် Mindset များ ပြောင်းကြရန်ဖြစ်ပါကြောင်း၊ ယခင်က Institution များကို Reengineering လုပ်ဆောင်နေဆဲဖြစ်ပါကြောင်း၊ ပြည်သူဗဟိုပြုအုပ်ချုပ်ရေးစနစ် ပီပြင်အောင် အုတ်မြစ်ချပေးခဲ့သကဲ့သို့ မြို့တိုင်း၌ One Stop Shop ရုံးများဖွင့်လှစ်ပြီး ပြည်သူများ အုပ်ချုပ်မှုလွယ်ကူစေအောင် ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ ထို့အပြင် ၂၀ ဘီလီယံ အကုန်အကျခံပြီး စုပေါင်းရုံးများလည်း စတင်ဆောက်လုပ်နေပြီဖြစ်ပါကြောင်း၊ မကြာခင်တွင် e-Government လုပ်ငန်းများ အသက်ဝင်လာမည်ဖြစ်ပါကြောင်း။

ဒီမိုကရေစီအစိုးရတစ်ရပ်အနေဖြင့် ပွင့်လင်းမြင်သာရန်၊ တာဝန်ယူတာဝန်ခံရန်၊ အဂတိလိုက်စားမှု၊ လာဘ်ပေးလာဘ်ယူမှုများ ကင်းရှင်းရန် ပပျောက်ရန် ဖြစ်ပါကြောင်း၊ လျော့ပါးလာသော်လည်း ယခုထက်ပိုမိုဆောင်ရွက်ရန် လိုပါကြောင်း၊ ပုဂ္ဂလိကကဏ္ဍ ပြုပြင်ပြောင်းလဲမှုများလည်း စီးပွားရေး၊ လူမှုရေးများတွင် အဓိကကျပါကြောင်း၊ ကုမ္ပဏီများစွာ ဖွင့်လှစ်လုပ်ကိုင်နေပါကြောင်း၊ လုပ်ငန်းရှင်များကိုယ်တိုင် Business ကျင့်ဝတ်များ လိုက်နာကြရန်၊ UN Global Compact အဖွဲ့ဝင်အဖြစ်ပါဝင်ကြရန်လည်း တိုက်တွန်းလိုပါကြောင်း၊ အစိုးရအနေဖြင့် စစ်ဆေးရန်၊ ကြပ်မတ်ပေးရန် အကူအညီပေးသွားမည် ဖြစ်ပါကြောင်း။

အစိုးရနှင့် ပုဂ္ဂလိက နှစ်ဦးနှစ်ဖက် ညီညီညွတ်ညွတ် တိုင်းပြည်စီးပွားရေးတိုးတက်အောင် လုပ်ကြရန်လိုပါကြောင်း၊ ယင်းသို့ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်နေရင်း

***စာမျက်နှာ ၄ ကော်လံ ၁ သို့***

# ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်ဇနီး (၆၆)နှစ်မြောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တည်ထောင်သည့်နေ့အထိမ်းအမှတ်ညစာစားပွဲ တက်ရောက်

**နေပြည်တော် စက်တင်ဘာ ၂၄**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်ဇနီး ဒေါ်နန်းရွှေမှုန်တို့သည် ယနေ့ညပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ Banquet Hall ၌ ကျင်းပသည့် (၆၆)နှစ်မြောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တည်ထောင်သည့်နေ့ အထိမ်းအမှတ် ညစာစားပွဲအခမ်းအနားသို့ တက်ရောက်သည်။

ရှေးဦးစွာ ဒုတိယသမ္မတသည် (၆၆)နှစ်မြောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တည်ထောင်သည့်နေ့ အထိမ်းအမှတ် ဓာတ်ပုံပြခန်းအား ကြည့်ရှုလေ့လာသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဟုန်လျှန်က နှုတ်ခွန်းဆက်စကားပြောကြားသည်။

ယင်းနောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက ဂုဏ်ပြုနှုတ်ခွန်းဆက်စကားပြောကြားသည်။




**(၆၆)နှစ်မြောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တည်ထောင်သည့်နေ့အထိမ်းအမှတ် ညစာစားပွဲအခမ်းအနားတွင် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်ဇနီး၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးနှင့်ဇနီးနှင့် အခမ်းအနားတက်ရောက်ကြသူများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။** (သတင်းစဉ်)

ထို့နောက် ဒုတိယသမ္မတနှင့်ဇနီးနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးနှင့်ဇနီးတို့က (၆၆)နှစ်မြောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တည်ထောင်သည့်နေ့ အထိမ်းအမှတ်ကိတ်မုန့်ကို လှီးဖြတ်ပေးကြပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် ဒုတိယသမ္မတနှင့်ဇနီးနှင့် တက်ရောက်လာကြသူများအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးနှင့် ဇနီးတို့က ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံကြသည်။

အဆိုပါ ဧည့်ခံပွဲသို့ ပြည်ထောင်စုဝန်ကြီးများ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ပူးတွဲတာဝန်ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီး ခင်အောင်မြင့်၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တရုတ်သံရုံးနှင့်စစ်သံရုံးတို့မှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

တရုတ်သံအမတ်ကြီးက နှုတ်ခွန်းဆက်စကားပြောကြားရာတွင် မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးက ပထမဦးဆုံး နေပြည်တော်၌ အမျိုးသားနေ့ ဧည့်ခံပွဲကျင်းပခြင်းသည် မြန်မာနိုင်ငံအား အလေးထားဂရုပြုခြင်းနှင့် ချစ်ခင်ရင်းနှီးမှုကို ဖော်ပြရန်ဖြစ်ပါကြောင်း။

ယခုအခါ တရုတ်သံရုံးကို ရန်ကုန်မြို့မှ နေပြည်တော်သို့ ရွှေ့ပြောင်းရန် စီမံပြင်ဆင်လျက်ရှိသဖြင့် နေပြည်တော်၌ ပထမဦးဆုံးသံရုံးအဖြစ် တည်ဆောက်ဖွင့်လှစ်နိုင်ရန် မျှော်လင့်ပါကြောင်း၊ ယခုနှစ်သည် တရုတ်-မြန်မာ သံတမန်ဆက်ဆံရေး တည်ဆောက်ခြင်း ၆၅ နှစ်မြောက်ဖြစ်ပြီး မိမိတို့အကြားတွင် နိုင်ငံတကာအခြေအနေ မည်မျှပြောင်းလဲစေကာမူ နှစ်နိုင်ငံကူးလူးဆက်ဆံမှုသည် အစမှအဆုံး ကောင်းမွန်သော အခြေအနေရှိပါကြောင်း။

မြန်မာ့နိုင်ငံရေးအသွင်ကူးပြောင်းချိန်ကာလမှစ၍ တရုတ်-မြန်မာ ဆက်ဆံရေးသည် အခြေအနေသစ်သို့ ရောက်ရှိခဲ့ကြောင်း၊ မြန်မာနိုင်ငံသည် မိမိနှင့်ကိုက်ညီသည့် ဖွံ့ဖြိုးတိုးတက်ရေးလမ်းကြောင်းအပေါ်သို့ လျှောက်လှမ်းနိုင်ရန်အတွက်လည်းကောင်း၊ နိုင်ငံတော်တည်ငြိမ်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အကောင်အထည်ဖော်နိုင်ရန်အတွက်လည်းကောင်း၊ ပြည်သူလူထုကောင်းစားရေးအတွက် ကြိုးပမ်းအားထုတ်မှုကိုလည်းကောင်း၊ မြန်မာနိုင်ငံအနေဖြင့် ပြည်ပသို့ တံခါးဖွင့်လှစ်နိုင်ရေး၊ အပြည်ပြည်ဆိုင်ရာနှင့် ဒေသရေးရာဆိုင်ရာကိစ္စရပ်များတွင် အခန်းကဏ္ဍများစွာမှ ပါဝင်ခြင်းကိုလည်းကောင်း ထောက်ခံအားပေးခဲ့ပြီးဖြစ်ပါကြောင်း။

တရုတ်နိုင်ငံသည် မြန်မာ့နိုင်ငံရေး အသွင်ကူးပြောင်းမှု အဆင်ပြေချောမွေ့စွာ အောင်မြင်နိုင်ရန်နှင့် ယခုနှစ်မြန်မာနိုင်ငံရွေးကောက်ပွဲ အောင်မြင်ရေးတို့အတွက် ဆုမွန်ကောင်းတောင်းအပ်ပါကြောင်းဖြင့် ထည့်သွင်းပြောကြားခဲ့သည်။

**(သတင်းစဉ်)**

## တရုတ်သံရုံးကို ရန်ကုန်မြို့မှ နေပြည်တော်သို့ ရွှေ့ပြောင်းရန် စီမံပြင်ဆင်လျက်ရှိသဖြင့် နေပြည်တော်၌ ပထမဦးဆုံးသံရုံးအဖြစ် တည်ဆောက်ဖွင့်လှစ်နိုင်ရန် မျှော်လင့်



**ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်းနှင့်ဇနီးတို့ (၆၆)နှစ်မြောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တည်ထောင်သည့်နေ့အထိမ်းအမှတ် ဧည့်ခံပွဲအခမ်းအနားသို့ တက်ရောက်လာရာ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဟုန်လျှန်နှင့်ဇနီးတို့က ကြိုဆိုနှုတ်ဆက်ကြစဉ်။** (သတင်းစဉ်)

---

*စာမျက်နှာ ၃ မှ*

တစ်ဖက်မှလည်း ပြည်သူများ လတ်တလော လိုအပ်ချက်ဖြစ်သည့် လျှပ်စစ်မီးရရှိရေး၊ သောက်သုံးရေရရှိရေး၊ အလုပ်အကိုင်အခွင့်အလမ်းရရှိရေး၊ စိုက်ပျိုးရေးနှင့် မွေးမြူရေး တိုးတက်စေရေး၊ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး၊ ငွေကြေးကဏ္ဍ ဖွံ့ဖြိုးရေးနှင့် ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှု တိုးတက်စေရေးတို့ကို တစ်ပြိုင်နက် ဦးစားပေးဆောင်ရွက်ပေးနေသည်ကို တွေ့ရှိနိုင်ပါကြောင်း၊ ပြုပြင်ပြောင်းလဲမှုများကို မိမိတို့အစိုးရအနေဖြင့် နောက်ဆုံးအချိန်အထိ ဖွဲ၊ လုံ့လ စိုက်ထုတ်ကြိုးပမ်းကြရန် ပြောကြားလိုပါကြောင်း။ **သန့်ရှင်းသည့် အစိုးရ၊ ကောင်းမွန်သည့် အစိုးရ၊ ပွင့်လင်းသည့် အစိုးရဖြစ်အောင် မိမိအမြဲတိုက်တွန်းနှိုးဆော်နေသော်လည်း အားရကျေနပ်မှုမရှိသေးသည်ကို တွေ့ရပါကြောင်း၊** အပြည်ပြည်ဆိုင်ရာစံနှုန်းတိုင်းတာသည့် အဖွဲ့အစည်းများ၏ မှတ်ချက်များအရ တိုးတက်မှုများ အသိအမှတ်ပြုနေသော်လည်း ယခုထက်အများကြီး ကြိုးပမ်းဆောင်ရွက်ကြရမည်ဟု သုံးသပ်ပြောကြားလိုပါကြောင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက နိုင်ငံရေးပြုပြင်ပြောင်းလဲရေး ဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ ဆောင်ရွက်နေဆဲ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အခြေအနေကို အသေးစိတ် ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက စီးပွားရေးပြုပြင်ပြောင်းလဲရေး ဆောင်ရွက်မှုများအနက်မှ တိုးတက်ပြောင်းလဲလာမှုအပြင် လတ်တလော ငွေကြေးအခြေအနေ၊ ငွေကြေးဖောင်းပွမှုနှင့် ထိရောက်သော ငွေကြေးသုံးစွဲမှု လိုအပ်ချက်များကို တင်ပြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးဦးလှထွန်းက အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲရေး ဆောင်ရွက်မှုများအပြင် ဆက်လက်အကောင်အထည်ဖော်ရန် လိုအပ်သောမှုဘောင်ဖြစ်ပေါ်ရေး တင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်နှင့် ဒေါက်တာကံဇော်တို့က နိုင်ငံတကာချေးငွေ အခြေအနေ၊ အခွန်အကောက်ရရှိမှု အခြေအနေနှင့် နိုင်ငံတကာ အထောက်အပံ့များ အကောင်အထည် ဖော်နိုင်မှုတို့ကို ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ဒုတိယသမ္မတ ဦးညွန့်ထွန်းက ရေဘေးဒုက္ခသည်များ ပြန်လည်ထူထောင်ရေးလုပ်ငန်း အခြေအနေအပါအဝင် ခြုံငုံသုံးသပ်ဖြည့်စွက်ဆွေးနွေးတင်ပြသည်။

ဆက်လက်၍ ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းက ပြည်သူလူထု၏ အမြင်များကို ဖြည့်စွက်ဆွေးနွေးတင်ပြသည်။

ထို့နောက် နိုင်ငံတော်သမ္မတက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် လေးနှစ်ကျော်ကာလအတွင်း မိမိတို့အစိုးရ၏ ကြိုးပမ်းဆောင်ရွက်မှုများမှာ ထင်သာမြင်သာသော ပြောင်းလဲတိုးတက်မှုများရှိခဲ့သည်ကို မည်သူမျှ ငြင်း၍မရပါကြောင်း၊



**ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း ရှင်းလင်းတင်ပြစဉ်။**

အလားတူ အားနည်းချက်၊ ချို့ယွင်းချက်များလည်းရှိသည်ကို လက်ခံရမည်ဖြစ်ပါကြောင်း၊ ပြောင်းလဲတိုးတက်မှုများကို အားရကျေနပ်နေ၍မရဘဲ တိုးတက်သည်ထက် တိုးတက်အောင်၊ အောင်မြင်သည်ထက် အောင်မြင်အောင် အားသွန်ခွန်စိုက် ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားရန်နှင့် အားနည်းချက်များကို ဖော်ထုတ်ပြီး ပြင်ဆင်ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ လက်တွေ့ဖြစ်ပျက်နေမှုများအပေါ် ကိုယ်တိုင်သိအောင်လုပ်ရန်၊ ပြည်သူလူထုအသံကို နားထောင်ရန်နှင့် ဝေဖန်မှုများအပေါ် လက်ခံသုံးသပ်ရန်ဖြစ်ပြီး သို့မှသာ အမှားအမှန်ကို ခွဲခြားသိရှိဆောင်ရွက်နိုင်မည် ဖြစ်ကြောင်း။

သန့်ရှင်းသော အစိုးရ၊ ကောင်းမွန်သောအုပ်ချုပ်မှု ဖြစ်စေရန် ဝန်ထမ်းများ၏ အရည်အသွေးမြှင့်တင်ပေးရန် လိုအပ်သကဲ့သို့ ဝန်ထမ်းများ၏ စိတ်ဓာတ်ပိုင်း Mindset များကိုလည်း ပြောင်းလဲပေးရန် လိုအပ်သလို သက်သာချောင်ချိရေး အလေးထား ဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း၊ တရားဥပဒေစိုးမိုးရေးသည် နိုင်ငံတည်ငြိမ်အေးချမ်းရေးအတွက်သာမက နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက်ပါ အဓိကကျပါကြောင်း၊ မှုခင်းများ လျော့နည်းကျဆင်းသွားအောင် ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ အုပ်ချုပ်ရေးအပိုင်းက ထိထိရောက်ရောက်



**ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် ဆွေးနွေးတင်ပြစဉ်။**

ကြပ်မတ်ပေးရမည် ဖြစ်ပါကြောင်း၊ လက်ရှိရရှိထားသော အောင်မြင်မှုများကို ဆက်လက်ထိန်းသိမ်းပြီး ရှေ့ကို အရှိန်အဟုန်ဖြင့် ပြည်သူလူထုဘဝ လိုအပ်ချက်များကို အစွမ်းကုန် ကြိုးပမ်းအားထုတ်ကြရန် တိုက်တွန်းပါကြောင်း ပြောကြားခဲ့သည်။

**(သတင်းစဉ်)**

# ရေဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေးဆိုင်ရာ ဘေးလွန်ကာလ လိုအပ်ချက်များဆန်းစစ်ချက် အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**နေပြည်တော် စက်တင်ဘာ ၂၄**

ကမ္ဘာ့ဘဏ်နှင့် ပူးတွဲဆောင်ရွက်သည့် ရေဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေးဆိုင်ရာ ဘေးလွန်ကာလ လိုအပ်ချက်များ ဆန်းစစ်ချက် အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ Hilton Hotel ၌ ကျင်းပရာ အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးညဏ်ထွန်း တက်ရောက် အမှာစကားပြောကြားသည်။ **(ယာပုံ)**



အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ဒုတိယဝန်ကြီးများ၊ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဝင်များ၊ ဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာအကြံပေးအဖွဲ့ အဖွဲ့ဝင်များ၊ ကမ္ဘာ့ဘဏ်၊ UNDP၊ EU နှင့် JICA တို့မှ တာဝန်ရှိသူများ၊ အစိုးရမဟုတ်သော နိုင်ငံတကာ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ကြ သည်။

အခမ်းအနားတွင် အမျိုးသား သဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးညဏ်ထွန်းက အမှာစကားပြောကြားရာ၌ မြန်မာနိုင်ငံတစ်ဝန်းမိုးသည်းထန်စွာ ရွာသွန်းမှုနှင့် မုန်တိုင်းတိုက်ခတ်မှုကြောင့် ရေကြီး၊ ရေလျှံမှုများ၊ မြေပြိုမှုများဖြစ်ပွားခဲ့သည့်အတွက် ကနဦးကိန်းဂဏန်း အချက်အလက်များအရ လူဦးရေ ၁ ဒသမ ၆ သန်းမှာ ရေဘေးဒဏ်ကို တိုက်ရိုက်ခံစားခဲ့ကြရပြီး အခြားပြည်သူသန်းပေါင်းများစွာကိုလည်း နည်းလမ်းမျိုးစုံနှင့် အကျိုးသက်ရောက်မှုရှိခဲ့ပါကြောင်း။

ထို့ကြောင့် ပြည်ထောင်စုအဆင့်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်များက ပုဂ္ဂလိကကဏ္ဍ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် အတူလက်တွဲပြီး အကူအညီ လိုအပ်လျက်ရှိသည့် ရေဘေးသင့်ပြည်သူများကို ဖြစ်နိုင်သမျှ အမြန်ဆုံး ကူညီဆောင်ရွက်ပေးခဲ့ပါကြောင်း၊ ကနဦးအသက်အိုးအိမ်ပျက်စီးဆုံးရှုံးမှုများ အနည်းအကျဉ်းသာ ဖြစ်ပေါ်ခဲ့သော်လည်း စီးပွားရေးဆိုင်ရာ ပျက်စီးဆုံးရှုံးမှုနှင့် လူမှုရေးထိခိုက်မှုဆိုင်ရာ နောက်ဆက်တွဲအကျိုးဆက်များ နက်နက်ရှိုင်းရှိုင်းဖြစ်ပေါ်ခဲ့ပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် ကြီးမားသော စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရပါကြောင်း။

သို့ဖြစ်၍ လက်ရှိဆောင်ရွက်နေသည့် ပြန်လည်ထူထောင်ရေး လုပ်ငန်းစဉ်များနှင့် ရေရှည်ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ် နှစ်ရပ်စလုံးအတွက် အမျိုးသားမူဘောင်ချမှတ်ရေးတွင် အဓိကကျသည့် ရေဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေးဆိုင်ရာ ဘေးလွန်ကာလ လိုအပ်ချက်များ ဆန်းစစ်လေ့လာချက်ဖော်ထုတ်ပြီး ရှေ့လုပ်ငန်းစဉ်များကို ချမှတ်နိုင်ရန် ဖွံ့ဖြိုးရေးဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများကို ဖိတ်ခေါ်ပြီး တိုင်ပင်နှီးနှောခြင်းဖြစ်ပါကြောင်း၊ ထို့ကြောင့် ဘက်စုံလွှမ်းခြုံပြီး လက်တွေ့ကျသည့် ပြန်လည်ထူထောင်ရေး အစီအစဉ်ရေးဆွဲရေးလုပ်ငန်းစဉ်ကို ကြပ်မတ်ဆောင်ရွက်နိုင်ရန် အကြံပေးအဖွဲ့ကိုလည်း ဖွဲ့စည်းခဲ့ပြီး ဖြစ်ပါကြောင်း။

လုပ်ငန်းစဉ် မြန်ဆန်ချောမွေ့စေရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် လုပ်ငန်းဌာနအသီးသီးကလည်း အကြံပေးအဖွဲ့၊ အတွင်းရေးမှူးအဖွဲ့များနှင့်အတူ အပြည့်အဝ ပူးပေါင်းဆောင်ရွက်သွားရန်လည်း အလွန်အရေးကြီးလှပါကြောင်း၊ ယခု ပြန်လည်ထူထောင်ရေး စီမံချက်သည် အနာဂတ်စီမံချက်ရေးဆွဲရေးလုပ်ငန်းစဉ်များအတွက် ရေရှည်တည်တံ့ဖြစ်ထွန်းမည့် အခြေခံအုတ်မြစ်ကို ချမှတ်ရာတွင် ပေါင်းကူးဆောင်ရွက်ပေးမည့် မဟာဗျူဟာတစ်ရပ်ဖြစ်သောကြောင့် ဝန်ကြီးဌာနများ မှညှိနှိုင်းရေးမှူးများအနေဖြင့် လုပ်ငန်းစဉ်တွင်အစွမ်းကုန်ဖြည့်ဆည်း ကူညီဆောင်ရွက်ပေးရန်လိုအပ်မည် ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးဘုန်းဆွေ၊ ဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ အကြံပေးအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာရင်ရင်နွယ်၊ ကမ္ဘာ့ဘဏ်ဌာနေမန်နေဂျာ၊ UNDP မှ ဌာနေညွှန်ကြားရေးမှူး၊ EU မှ ညှိနှိုင်းရေးမှူး၊ JICA ကိုယ်စားလှယ်အဖွဲ့ ဒုတိယခေါင်းဆောင်တို့က ကြိုဆို နှုတ်ခွန်းဆက်စကားပြောကြားကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတ၏ အကြံပေးပုဂ္ဂိုလ် ဒေါက်တာဇော်ဦးက ရေကြီးရေလျှံမှုနှင့် မြေပြိုခြင်းကာလအပြီး လိုအပ်သော အကဲဖြတ်သုံးသပ်ချက်ဆိုင်ရာများနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ မူဘောင်ပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်များ၊ ဖွဲ့စည်းတည်ဆောက်ပုံနှင့် စုစည်းထားရှိမှုတို့ကို လည်းကောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးကျော်လင်းနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်စန်းစန်းအေးတို့က ပြန်လည်ထူထောင်ရေး အစီအစဉ်ရေးဆွဲနိုင်ရေးအတွက် ရေဘေးသင့်ဒေသများတွင် ပျက်စီးဆုံးရှုံးမှုများနှင့် လိုအပ်ချက်များကို ကဏ္ဍအလိုက် လေ့လာဆန်းစစ် ဖော်ထုတ်ခြင်းတို့ကို လည်းကောင်း၊ ကမ္ဘာ့ဘဏ်မှ သဘာဝဘေး အန္တရာယ်ဆိုင်ရာ ကျွမ်းကျင်သူ Doekle Wielinga က ဖွဲ့စည်းတည်ဆောက်ပုံ မူဘောင်နှင့် စာရင်းကောက်ယူပုံ နည်းနာများကို လည်းကောင်း၊ UNDP မှ ဌာနေညွှန်ကြားရေးမှူး Mr. Toily Kurbanov က ပြန်လည်ထူထောင်ရေးဆိုင်ရာ စီမံချက်နှင့်စပ်လျဉ်းပြီး ဦးစားပေးဆောင်ရွက်ရမည့် လိုအပ်ချက်များကို လည်းကောင်း ရှင်းလင်းတင်ပြ ဆွေးနွေးကြသည်။

ထို့နောက် ရေဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေးဆိုင်ရာ ဘေးလွန်ကာလ အကဲဖြတ်သုံးသပ်ချက်ဆိုင်ရာများဖြစ်သည့် စီးပွားရေး၊ လူမှုရေးနှင့် အခြေခံအဆောက်အအုံများ၊ သတင်းအချက်အလက် ရယူနိုင်မှုလိုအပ်ချက်များ ဖော်ထုတ်ခြင်း၊ အချက်အလက် စုဆောင်းကောက်ယူခြင်း၊ ဆန်းစစ်ခြင်းနှင့် အတည်ပြုခြင်း၊ သဘာဝဘေးဒဏ်ခံရသူများ၏ အသံများစုစည်းခြင်း၊ ပျက်စီးဆုံးရှုံးမှုနှင့် အကျိုးသက်ရောက်မှုတင်ပြချက်များ စုစည်းခြင်း၊ ဦးစားပေးအစီအစဉ်နှင့် ကဏ္ဍအလိုက် ပြန်လည်ထူထောင်ရေး မဟာဗျူဟာများကို အုပ်စုများခွဲ၍ ဆွေးနွေးကြသည်။

ယင်းနောက် အုပ်စုအလိုက် ဆွေးနွေးပွဲရလဒ်များကို ပြန်လည်တင်ပြခြင်းနှင့် စုစည်းသုံးသပ်တင်ပြခြင်းတို့ကို ဆောင်ရွက်ကြသည်။

**(သတင်းစဉ်)**

❍ *ကျောဖုံးမှ*

ကိုကိုဟိန်းတို့ဖြင့် ပွဲထွက်ခဲ့ပြီး ကမ္ဘောဇအသင်းမှာလည်း ဒဏ်ရာရနေသည့် ဘာကာမှ လွဲ၍ လူစုံပါဝင်ခဲ့သည်။ ပွဲအစတွင် ဇွဲကပင်အသင်းကအပြန်အလှန် ဖိကစားနိုင်ရန်ကြိုးပမ်းခဲ့ပြီး ကင်မ်၏ ဖန်တီးပေးမှုမှတစ်ဆင့် စိုင်းမင်းထွန်းက ၁၅မိနစ်တွင် ဇွဲကပင်အတွက် ဂိုးစတင်သွင်းယူခဲ့သည်။ ယင်းနောက်ပိုင်းတွင် ကမ္ဘောဇအသင်းက ချေပဂိုးပြန်ရရှိရန် ဖိကစားခဲ့ပြီး ဇွဲကပင် နောက်တန်း မနားတမ်းဖျက်ထုတ်နေရသည်။ ပထမပိုင်းပြီးခါနီးတွင် ဇွဲကပင်အသင်း ပယ်နယ်တီပေးခဲ့ရပြီး ကမ္ဘောဇတိုက်စစ်မှူး ဖိုလန်ကန်သွင်းရာ ဇွဲကပင် ဂိုးသမား ကျော်ဇင်ထက် ကာကွယ်နိုင်ခဲ့သည်။

ဒုတိယပိုင်းအစတွင် ဇွဲကပင်အသင်း ဂိုးထပ်မံရခဲ့ပြီး ကွင်းလယ်လူဂျူနီယာက သွင်းယူခဲ့ခြင်းဖြစ်သည်။ ယင်းနောက်ပိုင်းတွင် ကမ္ဘောဇအသင်း ချေပဂိုးရရှိရန် ကြိုးပမ်းခဲ့သော်လည်း ဇွဲကပင်နောက်တန်းနှင့်ဂိုးသမား ကျော်ဇင်ထက်တို့ အမှားမရှိခဲ့သောကြောင့် ၅၅မိနစ်တွင် သွင်းယူသည့် လှအေးထွေး၏ ချေပဂိုးတစ်ဂိုးသာ ကမ္ဘောဇတို့ ပြန်ရခဲ့ပြီး ရှုံးပွဲပြန်တွေ့ခဲ့ရသည်။

**မုံရွာကွင်း**

ဇေယျာရွှေမြေ-သုံးဂိုး
(နန်းမင်းအောင်-နှစ်ဂိုး၊ နေပြည်တော်မှ အောင်မောင်မောင်ဆွေ-ကိုယ့်ဂိုးကိုယ်သွင်း တစ်ဂိုး)
နေပြည်တော်-သုံးဂိုး
(အကူဖို-နှစ်ဂိုး၊ စိုးသူရိန်ထွန်း-တစ်ဂိုး)

**သုဝဏ္ဏကွင်း**

မနောမြေ-တစ်ဂိုး
(အောင်မျိုးလွင်)
ရခိုင်-တစ်ဂိုး
(ပြည်မိုး)

ပွဲစဉ် (၁၉)အပြီးတွင် ရန်ကုန်အသင်းက ၁၈ ပွဲကစား ၄၆ မှတ်၊ ရတနာပုံအသင်းက ၁၇ ပွဲ ကစား ၃၆ မှတ်၊ မကွေးနှင့် ဧရာဝတီအသင်းတို့က ၁၇ ပွဲကစား ၃၃ မှတ်စီ၊ ကမ္ဘောဇအသင်းက ၁၈ ပွဲကစား ၃၁ မှတ်၊ ချင်းယူနိုက်တက်က ၁၈ ပွဲကစား ၁၉ မှတ်၊ ဇေယျာရွှေမြေက ၁၇ ပွဲကစား ၁၈ မှတ်၊ နေပြည်တော်အသင်းနှင့် ဇွဲကပင်အသင်းတို့က ၁၈ ပွဲကစား ၁၇ မှတ်စီ၊ ဟံသာဝတီ၊ မနောမြေနှင့် ရခိုင်အသင်းတို့က ၁၈ ပွဲကစား ၁၅ မှတ်စီရရှိထားသည်။

## ပြန်ကြားရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်

## ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း အသစ်လျှောက်ထားခြင်းများနှင့် သက်တမ်းတိုးခြင်းများအား ခွင့်ပြုပေးနေမှုအခြေအနေ

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ် (၄၈/၂၀၁၄) ဖြင့် ၂၀၁၄ ခုနှစ် အောက်တိုဘာလ ၁၀ ရက်နေ့တွင်ထုတ်ပြန်ခဲ့ပါသည်။ ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီက ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း အသိအမှတ်ပြုလက်မှတ်အသစ် လျှောက်ထားခြင်း၊ ၁၉၆၂ ခုနှစ် ပုံနှိပ်သူများနှင့် ထုတ်ဝေသူများ မှတ်ပုံတင်ဥပဒေအရ ထုတ်ပေးထားသည့် မှတ်ပုံတင်သက်သေခံလက်မှတ်ရရှိထားသူများ၏ သက်တမ်းတိုးလျှောက်ထားခြင်း၊ လုပ်ငန်းအမည်ပြောင်းခြင်းနှင့် ပုံနှိပ်သူ/ထုတ်ဝေသူအမည်ပြောင်း လျှောက်ထားခြင်းတို့ကို စီမံခန့်ခွဲရေး ကော်မတီအစည်းအဝေးများဖြင့် စိစစ်၍ခွင့်ပြုပေးလျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်ပေးခဲ့ရာ ၂၄-၉-၂၀၁၅ ရက်က ပြုလုပ်သော ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေး ကော်မတီအစည်းအဝေးတွင် ပုံနှိပ်လုပ်ငန်းအသစ်လျှောက် သုံးဦး၊ ထုတ်ဝေခွင့်အတွက် အသစ်လျှောက်ထားသူ ဂျာနယ်ထုတ်ဝေခွင့် သုံးဦး၊ မဂ္ဂဇင်းထုတ်ဝေခွင့် တစ်ဦး၊ အထွေထွေထုတ်ဝေခွင့် ခုနစ်ဦးနှင့် ပေါင်းလုပ်ငန်းအသစ် ၁၁ ဦးတို့အား လည်းကောင်း၊ ပုံနှိပ်သူအမည်ပြောင်းတစ်ဦးတို့အား လည်းကောင်း အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးရန် ခွင့်ပြုပေးခဲ့ပါသည်။

ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများပြဋ္ဌာန်းသည့် ၁၀-၁၀-၂၀၁၄ ရက်မှစ၍ ယနေ့အထိ ပုံနှိပ်လုပ်ငန်းအတွက် သက်တမ်းတိုး ၁၀၃၄ ဦးနှင့် အသစ်လျှောက်ထားသူ ၂၃၇ ဦး၊ ထုတ်ဝေခြင်းလုပ်ငန်းအတွက် သက်တမ်းတိုး ၉၉၀ နှင့် အသစ်လျှောက်ထားသူ ၅၇၇ ဦး၊ သတင်းအေဂျင်စီလုပ်ငန်းအသစ်လျှောက်ထားသူ ၁၇ ဦး၊ စုစုပေါင်းပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း အသိအမှတ်ပြုလက်မှတ် ၂၈၅၅ စောင်အား စိစစ်ခွင့်ပြုပေးခဲ့ပြီးဖြစ်ပါသည်။

ပုံနှိပ်သက်တမ်းတိုး လျှောက်ထားသူတစ်ဦးနှင့် သတင်းစာထုတ်ဝေခွင့်လျှောက်ထားသူ တစ်ဦးတို့ကို အချက်အလက်များ စိစစ်ဆောင်ရွက်ဆဲဖြစ်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**(ပြန်ကြားရေးဝန်ကြီးဌာန)**

# ဒုတိယဝန်ကြီးပြောင်းလဲတာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်အမှတ် ၊ ၂၂ / ၂၀၁၅**

**၁၃၇၇ ခုနှစ်၊ တော်သလင်းလဆန်း ၁၁ ရက်**

**(၂၀၁၅ ခုနှစ် ၊ စက်တင်ဘာလ ၂၄ ရက်)**

## ဒုတိယဝန်ကြီးပြောင်းလဲတာဝန်ပေးခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၄၊ ပုဒ်မခွဲ(က)နှင့် ပုဒ်မခွဲ(ဃ)၊ ပြည်ထောင်စု အစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၆၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၉) တို့ပါ ပြဋ္ဌာန်းချက်များအရ သမ္မတရုံးဝန်ကြီးဌာန (၄) ဒုတိယဝန်ကြီး ဦးအောင်သိမ်းအား ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးအဖြစ် ပြောင်းလဲတာဝန်ပေးလိုက်သည်။

**(ပုံ) သိန်းစိန်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်**

# မြန်မာနိုင်ငံ ပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးပြောင်းရွှေ့ခန့်ထားခြင်းနှင့်**
**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း**

၁။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ စက်မှုနည်းပညာမြှင့်တင်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာနအောက်ရှိကွန်ပျူတာတက္ကသိုလ်(ပြည်)မှ ပါမောက္ခချုပ် ဒေါက်တာ ဒေါ်စောစန္ဒာအေးအား သတင်းအချက်အလက်နည်းပညာတက္ကသိုလ်(ရန်ကုန်) ပါမောက္ခချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

၂။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား ၎င်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

| **အမည်၊ ရာထူး၊ ဌာန** | **ခန့်ထားသည့်ရာထူး၊ ဌာန** |
|---|---|
| (က) ဦးတင်စိုး<br>အထွေထွေမန်နေဂျာ (ထုတ်လုပ်ရေး)<br>မြန်မာ့သဘော်ကျင်းလုပ်ငန်း<br>ပို့ဆောင်ရေးဝန်ကြီးဌာန | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့သဘော်ကျင်းလုပ်ငန်း<br>ပို့ဆောင်ရေးဝန်ကြီးဌာန |
| (ခ) ဒေါ်အေးအေးဝင်း<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန<br>စက်မှုဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန<br>စက်မှုဝန်ကြီးဌာန |

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း စင်ကာပူနိုင်ငံမှ MBA ကျောင်းသား ကျောင်းသူများအား လက်ခံတွေ့ဆုံ

**နေပြည်တော် စက်တင်ဘာ ၂၄**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ပြည်သူ့လွှတ်တော်သို့ လာရောက်လေ့လာကြသည့် စင်ကာပူနိုင်ငံ National University of Singapore မှ Master of Business Administration (MBA) ကျောင်းသား ကျောင်းသူများအား ယနေ့ နံနက် ၁၁ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

ထိုသို့တွေ့ဆုံရာတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော်ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင် ဒေါ်အေးအေးမူနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများတက်ရောက်ကြပြီး စင်ကာပူနိုင်ငံမှ MBAကျောင်းသား၊ ကျောင်းသူများ ပါဝင်သော လေ့လာရေးအဖွဲ့ဝင် ၁၄ ဦးတက်ရောက်ကြသည်။

**(သတင်းစဉ်)**



# ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး ဆန္ဒမဲပေးရန်မကျန်ရှိစေရေး တာဝန်ရှိသူများဆောင်ရွက်ပေးရန်လို

နေပြည်တော် စက်တင်ဘာ ၂၄

**သက်ဆိုင်ရာမဲဆန္ဒနယ် ပြင်ပရောက်ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ ကြိုတင်မဲပေးခြင်းနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့်ကော်မရှင်အဖွဲ့ဝင်များ၊ ကာကွယ်ရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အကျဉ်းဦးစီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့တို့မှ တာဝန်ရှိသူများ၊ ကော်မရှင်အတွင်းရေးမှူးနှင့် ကော်မရှင်ရုံးမှတာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။**



ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးက အမှာစကားပြောကြားရာတွင် သက်ဆိုင်ရာ မဲဆန္ဒနယ်ပြင်ပရောက် တပ်မတော်သားများနှင့် အတူနေအိမ်ထောင်စုဝင်များ၊ ကျောင်းသားများ၊ သင်တန်းသားများ၊ အချုပ်ခံနေရသူများ၊ ဆေးရုံတက်ရောက်နေသာ အတွင်းလူနာများနှင့် အစိုးရ၏ ခွင့်ပြုချက်ဖြင့် နိုင်ငံပြင်ပတွင်ရောက်ရှိနေသူများသည် ကြိုတင်မဲပေးရန် ပုံစံ (၁၅)နှင့် တင်ပြတောင်းခံရမှာ ဖြစ်ကြောင်း၊ သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများအနေဖြင့် ပုံစံ (၁၅) များကို သက်ဆိုင်ရာမြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲများထံသို့ ပို့ရမှာဖြစ်ကြောင်း၊ မြို့နယ်ကော်မရှင် အဖွဲ့ခွဲများက သက်ဆိုင်ရာမဲဆန္ဒနယ်အလိုက် ရပ်ကွက်/ ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲများ၏ မဲစာရင်းတွင် ပါဝင်ခြင်းရှိ/မရှိ စိစစ်ပြီး မဲလက်မှတ်များကို သက်ဆိုင်ရာဌာနများသို့ ပေးပို့မှာဖြစ်ကြောင်း၊ သက်ဆိုင်ရာတာဝန်ခံများက မဲဆန္ဒရှင်များ မဲပေးနိုင်ရေးဆောင်ရွက်ပြီး ဆန္ဒပြုပြီးသည့် ကြိုတင်မဲများကို သက်ဆိုင်ရာမြို့နယ် ကော်မရှင်အဖွဲ့ခွဲများသို့ မဲပေးသည့်နေ့ ညနေ ၄ နာရီမတိုင်ခင် အရောက်ပြန်လည်ပေးပို့ရမှာဖြစ်ကြောင်း။

ကြိုတင်မဲပေးရမည့် တပ်မတော်သားများအတွက် သက်ဆိုင်ရာမြို့နယ်ကော်မရှင်အဖွဲ့ခွဲက တောင်းခံလာသည့်အခါ တပ်မှူးက ပြုစုပေးပို့ရမှာဖြစ်ကြောင်း၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲများက သက်ဆိုင်ရာရပ်ကွက်/ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲများ၏ မဲစာရင်းတွင်ပါဝင်ခြင်းရှိ/မရှိ စိစစ်၍ ပါရှိက ပုံစံ (၁-၂) ဖြင့် မှတ်တမ်းတင်ထားပြီး ကြိုတင်မဲလက်မှတ်များကို သက်ဆိုင်ရာ တပ်မှူးထံသို့ ပေးပို့ရမည်ဖြစ်ကြောင်း၊ သက်ဆိုင်ရာတပ်မှူးက ကြိုတင်မဲပေးမည့် တပ်မတော်သားများ မဲပေးနိုင်ရေး ဆောင်ရွက်ရမှာဖြစ်ကြောင်း၊ ဆန္ဒပြုပြီးသည့် ကြိုတင်မဲပါစာအိတ်များကို မြို့နယ်ကော်မရှင်အဖွဲ့ခွဲထံသို့ ရွေးကောက်ပွဲ ကျင်းပသည့်နေ့ ညနေ ၄ နာရီ မတိုင်ခင် အရောက်ပေးပို့ရမှာဖြစ်ကြောင်း၊ မြို့နယ် ကော်မရှင်အဖွဲ့ခွဲများသည် လက်ခံရရှိသည့်ဆန္ဒပြုပြီးသော လက်မှတ်ပါစာအိတ်များကို မှတ်ပုံတင်ကာ မဲပုံးထဲထည့်၍ လုံခြုံစွာသိမ်းဆည်းထားပါကြောင်း။

ရွေးကောက်ပွဲကျင်းပသည့်နေ့ ညနေ ၄ နာရီ မဲရုံပိတ်ချိန်တွင် ရေတွက်ပါကြောင်း၊ ရွေးကောက်ပွဲကျင်းပသည့်နေ့ ညနေ ၄ နာရီနောက်ပိုင်း ရောက်ရှိလာသည့် ကြိုတင်မဲများကို ရေတွက်ခြင်းမပြုဘဲ ပယ်မဲအဖြစ် သတ်မှတ်ကြောင်း။

ကျောင်းသားများ၊ သင်တန်းသားများ၊ အချုပ်ခံနေရသူများ၊ အတွင်းလူနာများအတွက် ကြိုတင်မဲစာရင်းကို ပုံစံ (၁-၁) ဖြင့်လည်းကောင်း၊ တပ်မတော်သားများနှင့်အတူနေ အိမ်ထောင်စုဝင်များအတွက် မဲစာရင်းကို ပုံစံ (၁-၂) ဖြင့်လည်းကောင်း၊ အစိုးရ၏ခွင့်ပြုချက်ဖြင့် နိုင်ငံပြင်ပတွင် ရောက်ရှိနေသူများအတွက် ကြိုတင်မဲစာရင်းကို ပုံစံ (၁-၃)ဖြင့် လည်းကောင်း၊ ရပ်ကွက်/ ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲများက မှတ်တမ်းပြုစုပါကြောင်း၊ ပြုစုထားသည့် ပုံစံ (၁-၁)၊ ပုံစံ (၁-၂) နှင့် ပုံစံ (၁-၃) တစ်စောင်စီကို ရပ်ကွက်/ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲရုံး၌ ကပ်ထားကြေညာပြီး မိတ္တူနှစ်စောင်ကို မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့ရကြောင်း၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲက တစ်စောင်ကို ကပ်ထားကြေညာပြီး တစ်စောင်ကို လက်ခံအဖြစ်သိမ်းဆည်းထားကြောင်း။

သက်ဆိုင်ရာဌာနများအနေဖြင့်လည်း ပုံစံ (၁၅)ဖြင့် ကြိုတင်မဲတောင်းခံသူများစာရင်းကို မှတ်တမ်းတင်ထားပြီး ကြိုတင်မဲထုတ်ပေးသည့်အခါ မဲဆန္ဒရှင်အား လက်မှတ်ရေးထိုးစေ၍ ဆန္ဒပြုပြီးသည့် ကြိုတင်မဲလက်မှတ်နှင့် စာအိတ်များ ပေးပို့ရာတွင် ၎င်းပုံစံများကိုပါ အတူပေးပို့ရန် လိုကြောင်း။

လုပ်ငန်းစဉ်တိုင်းတွင် လုပ်ထုံးလုပ်နည်းစနစ်များရှိပါကြောင်း၊ အထောက်အထား မှတ်တမ်း မှတ်ရာများထားရှိဆောင်ရွက်ရန်လိုကြောင်း၊ ဆန္ဒမဲပေးသူများအား စနစ်တကျမဲပေးနိုင်ရေး ဆောင်ရွက်ပေးရန် လိုကြောင်း၊ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး ဆန္ဒမဲပေးရန်မကျန်ရှိစေရေး တာဝန်ရှိသူများက ဆောင်ရွက်ပေးရန်လိုကြောင်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အတွင်းရေးမှူး ဦးတင်ထွန်းက ကြိုတင်မဲပေးခြင်း လုပ်ငန်းစဉ်များအား အသေးစိတ်ရှင်းလင်းပြောကြားပြီး တက်ရောက်လာသည့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြိုတင်မဲပေးရန် ဆောင်ရွက်ထားရှိမှုများနှင့် သိရှိလိုသည်များကို မေးမြန်းရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌက ပြန်လည်ရှင်းလင်းဖြေကြားသည်။

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက သက်ဆိုင်ရာ ဌာနများအနေဖြင့် ပုံစံ (၁၅) ဖြင့် တောင်းခံသည့် ကြိုတင်ဆန္ဒမဲပေးသူများစာရင်းကို သတ်မှတ်ပုံစံ (၁-၁)၊ (၁-၂)၊ (၁-၃) များတွင် မဲစာရင်းပြုစု၍ ကြိုတင်မဲပေးသည့်အခါ မဲဆန္ဒရှင်ကိုယ်တိုင် လက်မှတ်ထိုးစေပြီး ၎င်းမဲစာရင်းကို ဆန္ဒပြုပြီးသည့် မဲလက်မှတ်များနှင့်အတူ ပေးပို့ရန်လိုကြောင်း၊ မဲပေးခွင့်ရှိသူအားလုံး မဲပေးခွင့်ရရှိအောင် ဆောင်ရွက်ပေးရန် ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မည်သည့်ဘာသာဝင်ဖြစ်စေ ညီညီညွတ်ညွတ်ဆောင်ရွက်မည်ဆိုလျှင် မိမိနိုင်ငံလက်ရှိတိုးတက်နေသည်ထက် ပိုမိုတိုးတက်မှုရရှိမည်ယုံကြည်

**နေပြည်တော် စက်တင်ဘာ ၂၄**

ကယားပြည်နယ် လွိုင်ကော်မြို့၌ ရောက်ရှိနေသော တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် လွိုင်ကော်မြို့ရှိ သီရိမင်္ဂလာတောင်တော်၊ တောင်ကွဲစေတီသို့ သွားရောက်ပြီး စေတီတော်အား ပန်း၊ ရေချမ်း၊ ဆီမီးကပ်လှူပူဇော်၍ ဖူးမြော်ကြည်ညိုကြသည်။ ယင်းနောက် ဂေါပကအဖွဲ့ဝင်များထံ အလှူငွေများ ပေးအပ်လှူဒါန်းပြီး စေတီတော်အား လှည့်လည်ကြည်ညိုသည်။

အလားတူ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် စက်တင်ဘာ ၂၃ ရက် နံနက်ပိုင်းကလည်း လွိုင်ကော်မြို့ရှိ ရွှေတောင်ပရိယတ္တိ စာသင်တိုက်သို့ သွားရောက်၍ ပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယက သက်တော် ၉၁ နှစ်ရှိ သက်တော်ရှည်ဆရာတော်ကြီး အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တပညာသာမိအား သွားရောက်ဖူးမြော်ကြည်ညိုသည်။

မွန်းလွဲပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် မော်ချီးကျေးရွာရှိ မဟာအတုလမာန်အောင် ရန်အောင်မြင်ပြည်တော်အေး ဆုတောင်းပြည့်စေတီတော်အား သွားရောက်ဖူးမြော်ကြည်ညိုပြီး အလှူငွေများ ပေးအပ်လှူဒါန်းသည်။ ထို့နောက် သာသနာ့အလင်းရောင်ကျောင်းတိုက်သို့ သွားရောက်၍ တောင်တန်းသာသနာပြုဆရာတော် ဘဒ္ဒန္တသီလဝံသအား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ညနေပိုင်းတွင် လွိုင်ကော်မြို့ နောင်ယား(ခ)ရပ်ကွက်ရှိ လွိုင်ကော်ကက်သလစ်သာသနာ ဗဟိုကျောင်းတိုက်သို့ သွားရောက်ကြသည်။ ရှေးဦးစွာ ဘုန်းတော်ကြီး ရီးချက်သူရထွန်းက အဖွင့်ဆုတောင်းမေတ္တာရွတ်ပွားသည်။ ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က နှုတ်ခွန်းဆက်စကား ပြောကြားရာတွင် မည်သည့်ဘာသာ ကိုးကွယ်သည်ဖြစ်စေ ကိုးကွယ်သည့်ဘာသာများသည် အေးချမ်းတည်ငြိမ်ပြီး မိမိဘဝတိုးတက်မှု၊ သာယာဝပြောမှုအတွက်၊ လူတစ်ဦးချင်း၏ ကိုယ်ကျင့်သိက္ခာကောင်းမွန်မှုအတွက် လုပ်ဆောင်နေခြင်းဖြစ်၍ မည်သည့်ဘာသာပင်ဖြစ်စေ ညီအစ်ကိုစိတ်ဓာတ်ဖြင့် ပူးပေါင်းဆောင်ရွက်နေသူများအဖြစ် ခံယူပြီး အားလုံးကို ညီညီညွတ်ညွတ် မျှမျှတတဖြင့် ဆောင်ရွက်နေပါကြောင်း၊ ထိုသို့ ဆက်လက်ဆောင်ရွက်သွားမည်ဆိုလျှင် မိမိနိုင်ငံအနေဖြင့် လက်ရှိတိုးတက်နေသည့် အရှိန်အဟုန်ထက် ပိုမိုမြန်ဆန်သည့် တိုးတက်မှုကို ရရှိလိမ့်မည်ဟု အပြည့်အဝ ယုံကြည်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် လွိုင်ကော်ကက်သလစ်သာသနာ ဂိုဏ်းအုပ်ဆရာတော်ကြီး စတီးဖင်းကျေးဖဲ၏ ကိုယ်စားလှယ်တော် ဘုန်းတော်ကြီး ချဲလ်ဆိုဘရွှေက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဂိုဏ်းအုပ်ဆရာတော် ဆိုတေးရိုဖားမော(အငြိမ်းစား)ထံ အမှတ်တရလက်ဆောင်နှင့် ဆန်အိတ် ၅၀၊ ဆီ ပိဿာ ၅၀ တို့ကို ပေးအပ်လှူဒါန်းသည်။ ဂိုဏ်းအုပ်ဆရာတော် ဆိုတေးရိုဖားမော(အငြိမ်းစား)ကလည်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား အမှတ်တရလက်ဆောင်များ ပြန်လည်ပေးအပ်သည်။

ညပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များအား ပြည်နယ်ဝန်ကြီးချုပ်က မြို့တော်ခန်းမတွင် ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သက်တော် (၉၁)နှစ်ရှိ သက်တော်ရှည်ဆရာတော်ကြီးအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။** (မြဝတီ)




**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကက်သလစ်သာသနာ့ဗဟိုကျောင်းမှ ဘုန်းတော်ကြီးများ၊ သီလရှင်များနှင့်အတူ စုပေါင်းဓာတ်ပုံရိုက်စဉ်။** (မြဝတီ)

# ငြိမ်းချမ်းရေးကိစ္စရပ်များဆောင်ရွက်ရာတွင် တိုင်းရင်းသားအားလုံး တူညီသည့်အကျိုးခံစားခွင့်များရရှိအောင် လုပ်ဆောင်ပေးနေ

**နေပြည်တော် စက်တင်ဘာ ၂၄**

တပ်မတော်အနေဖြင့် အဓိကတာဝန်ဖြစ်သည့် နိုင်ငံတော်ကာကွယ်ရေး တာဝန်ထမ်းဆောင်ရင်း အမျိုးသားနိုင်ငံရေးတာဝန်များကိုပါ ထမ်းဆောင်လျက်ရှိကြောင်း၊ သမိုင်းကြောင်းကို ပြန်ကြည့်ပါက နိုင်ငံ့သမိုင်းနှင့် တပ်မတော် သမိုင်းခွဲခြား၍မရသကဲ့သို့ ပြည်သူနှင့် တပ်မတော်သည်လည်း ခွဲခြား၍ မရပါကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ဆီဆိုင်နှင့် ဘန်းယဉ်တပ်နယ်ရှိ အရာရှိ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကား ပြောကြားရာတွင် ထည့်သွင်းပြောကြားသည်။

ကယားပြည်နယ်၊ လွိုင်ကော်မြို့၌ ရောက်ရှိနေသော တပ်မတော်ကာကွယ် ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များသည် ယနေ့ နံနက်ပိုင်းတွင် လွိုင်ကော်တပ်နယ်ရှိ တပ်မတော်ဆေးရုံသို့သွားရောက်ပြီး ဆေးရုံတက်ရောက်ကုသမှုခံယူနေသော အရာရှိ၊ စစ်သည်များအား ရင်းရင်းနှီးနှီးလိုက်လံတွေ့ဆုံ၍ ကျန်းမာရေးအခြေအနေများ မေးမြန်းပြီး အားပေးစကား ပြောကြားကာ ထောက်ပံ့ငွေနှင့်ပစ္စည်းများ ပေးအပ်သည်။ ထို့အပြင် တပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူနေသော ဒေသခံသံဃာတော်နှင့် ပြည်သူများအား တွေ့ဆုံအားပေးစကားပြောကြားပြီး ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။

ထို့အတူ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှနှင့် အဖွဲ့ဝင်များသည် ဆေးရုံရှိ အမျိုးသမီးလူနာဆောင်သို့ သွားရောက်၍ ဆေးကုသမှုခံယူနေသော မိသားစုများ၏ ကျန်းမာရေးအခြေအနေများကို မေးမြန်းပြီး အားပေးစကားပြောကြားကာ ထောက်ပံ့ငွေနှင့် ပစ္စည်းများပေးအပ်ကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့က ကယားပြည်နယ်အတွင်း ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးစဉ် မျက်စိခွဲစိတ်ကုသရန်လိုအပ်သဖြင့် တပ်မတော်ဆေးရုံ၌ ခွဲစိတ်ကုသမှုခံယူခဲ့သော လူနာများအား သွားရောက်တွေ့ဆုံ နှုတ်ဆက်အားပေးစကားပြောကြားပြီး မျက်မှန်များ တပ်ဆင်ပေးသည်။ ဆက်လက်၍ မျက်စိကုသမှုခံယူမည့် ဒေသခံပြည်သူများအား တွေ့ဆုံနှုတ်ဆက်အားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။



ဆက်လက်ပြီး လွိုင်ကော်မြို့ နောင်ယား(က)ရပ်ကွက်ရှိ ကယားပြည်နယ် ယဉ်ကျေးမှုပြတိုက်နှင့် စာကြည့်တိုက်သို့ ရောက်ရှိပြီး ပြတိုက်အတွင်း ကယားမျိုးနွယ်စု ပြခန်း၊ ဝတ်စားတန်ဆာပြခန်း၊ အသုံးအဆောင်ပြခန်း၊ တူရိယာပြခန်းနှင့် ဗုဒ္ဓဆင်းတုတော်ပြခန်းများအား လှည့်လည်ကြည့်ရှုလေ့လာကြသည်။ ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ယဉ်ကျေးမှု ပြတိုက်အတွက် အလှူငွေကျပ် ၁၀ သိန်းအား ပေးအပ်လှူဒါန်းသည်။

ယင်းနောက် လွိုင်ကော်မြို့မှ ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ ဆီဆိုင်မြို့သို့ ရောက်ရှိကြရာ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးကော်မတီဥက္ကဋ္ဌ ဦးခွန်စံလွင်နှင့် မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။ ယင်းနောက် ဆီဆိုင်နှင့် ဘန်းယဉ်တပ်နယ်များမှ အရာရှိ၊ စစ်သည်၊ မိသားစုများအား ဆီဆိုင်တပ်နယ်ရှိ နယ်မြေခံတပ်ရင်းခန်းမ၌ တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ၂၀၁၁ ခုနှစ် မှစ၍ ပါတီစုံဒီမိုကရေစီလမ်းကြောင်း လျှောက်လှမ်းရာတွင် ခိုင်ခိုင်မာမာဖြစ်စေရေး တပ်မတော်အနေဖြင့် ပါဝင်ကူညီလုပ်ဆောင်နေကြောင်း၊ ယင်းတာဝန်များကို ထမ်းဆောင်နိုင်ရန် တပ်မတော်အနေဖြင့် စွမ်းရည်မြင့်မားရန် ကြိုးပမ်းလုပ်ဆောင်ရမည်ဖြစ်ကြောင်း။

တိုင်းပြည်တည်ငြိမ်အေးချမ်းရေးအတွက် ငြိမ်းချမ်းရေးကိစ္စရပ်များ ဆောင်ရွက်ရာတွင် တိုင်းရင်းသားအားလုံးအေးအတူ၊ ပူအမျှ တူညီသည့်အကျိုးခံစားခွင့်များရရှိအောင် လုပ်ဆောင်ပေးနေကြောင်း၊ အထူးသဖြင့် အားနည်းသည့် တိုင်းရင်းသားများအပေါ် အလေးထားအားပေးကူညီ လုပ်ဆောင်ပေးရမည်ဖြစ်ကြောင်း၊ လာမည့်နိုဝင်ဘာလအတွင်းပြုလုပ်မည့် ရွေးကောက်ပွဲတွင်လည်း အခြေခံစဉ်းစားသင့်သည့် အချက်များအပေါ်တွင် မူတည်၍ မှန်ကန်စွာရွေးချယ်မဲပေးကြရမည်ဖြစ်ကြောင်း၊ ပါတီစုံဒီမိုကရေစီစနစ်ကို ခိုင်ခိုင်မာမာဖြစ်စေလိုကြောင်း၊ တပ်မတော်အနေဖြင့်လည်း ဥပဒေနှင့်အညီ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဆီဆိုင်တပ်နယ်အတွက် သုတရသစာအုပ်စာစောင်များနှင့် ကျောင်းသုံးဗလာစာအုပ်များကိုပေးအပ်ပြီး စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး ညိုစောနှင့် စစ်ဥပဒေချုပ် ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်တို့က စားသောက်ဖွယ်ရာများကိုလည်းကောင်း၊ တပ်မတော်လေ့ကျင့်ရေး အရာရှိချုပ် ဗိုလ်ချုပ်မောင်မောင်အေးက အားကစားပစ္စည်းများကိုလည်းကောင်း ပေးအပ်ကြသည်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် ဆီဆိုင်မြို့ မြို့လယ်ဓမ္မာရုံ၌ တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့က ဆီဆိုင်မြို့နှင့် အနီးတစ်ဝိုက်ရှိကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများဆောင်ရွက်ပေးနေမှုကို သွားရောက်ကြည့်ရှုအားပေးသည်။ **(ဝဲပုံ)**

တပ်မတော် နယ်လှည့်အထူးကုဆေးအဖွဲ့များသည် ကယားပြည်နယ်အတွင်း လွိုင်ကော်၊ ဘော်လခဲ၊ ဖားဆောင်းမြို့များနှင့် မော်ချီးဒေသတို့တွင် လည်းကောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ် ကျောက်တလုံးကြီးမြို့နှင့် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့တို့တွင်လည်းကောင်း အဖွဲ့များခွဲကာ ၎င်းဒေသများနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများအား စက်တင်ဘာ ၂၁ ရက်မှစ၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ ယနေ့အထိ ဆေးကုသမှုဆိုင်ရာ ရောဂါ ၁၅၇၀၊ ခွဲစိတ်ရောဂါ ၅၂၃ ဦး၊ ကလေးရောဂါ ၆၆၅ ဦး၊ သားဖွားမီးယပ်ရောဂါ ၂၅၁ ဦး၊ အရိုးရောဂါ ၃၂၄ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၃၈ ဦး၊ မျက်စိရောဂါ ၆၂၃ ဦး၊ သွားရောဂါ ၃၇၁ ဦး၊ အခြားရောဂါ ၁၆၀ စုစုပေါင်း ၄၅၂၅ ဦးတို့အား လိုအပ်သောကုသမှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ပြီး အထွေထွေခွဲစိတ်လူနာ ၂၇ ဦး၊ မျက်စိခွဲစိတ်လူနာ ၁၅ ဦးတို့အား ခွဲစိတ်ကုသပေးကာ ဆေးရုံတက်ရောက်ကုသရန် လိုအပ်သောလူနာ ၄၇ ဦးကိုလည်း သက်ဆိုင်ရာ တပ်မတော်ဆေးရုံများ၌ တက်ရောက် ကုသပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

# ရေဘေးသင့်ပြည်သူများအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့ ငွေနှင့်ပစ္စည်းများလှူဒါန်း

**နေပြည်တော် စက်တင်ဘာ ၂၄**

မြန်မာနိုင်ငံအတွင်း ဖြစ်ပွားလျက်ရှိသော ရေဘေးသင့်ပြည်သူများအတွက် အလှူငွေနှင့် ပစ္စည်းများကို နေပြည်တော်ရှိ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာန၊ တိုင်းဒေသကြီး၊ ပြည်နယ်ဦးစီးမှူးရုံးများသို့ လာရောက်လှူဒါန်းလျက်ရှိရာ စက်တင်ဘာ ၂၄ ရက်တွင် The Government of His Majesty the Sultan and Yang Di-Pertuan of Brunei Darussalam မှ အမေရိကန်ဒေါ်လာ ၁၀၀၀၀၀ နှင့် Consulate-Generan of the Republic of the Union of Myanmar Innanning China မှ အမေရိကန်ဒေါ်လာ ၆၁၈၉၄၁ ဒသမ ၅၈ ကို ရန်ကုန်မြို့ရှိ နိုင်ငံခြားငွေစာရင်းအမှတ်(1DA-0300086)သို့ တိုက်ရိုက်ထည့်သွင်း လှူဒါန်းခဲ့ရာ အမျိုးသားသဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်က လက်ခံယူကာ ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။


သို့ဖြစ်ပါ၍ ဇူလိုင် ၂၉ ရက်မှ စက်တင်ဘာ ၂၄ ရက်အထိ အလှူရရှိ ငွေစုစုပေါင်းမှာ ၇၇၉၄၁၆၃၁၃ ကျပ် ၆၁ ပြား၊ အမေရိကန်ဒေါ်လာ ၂၇၉၃၉၉၅ ဒသမ ၆၉ ဖြစ်ပြီး အဆိုပါ လက်ခံရရှိသော အလှူငွေနှင့် ပစ္စည်းများကို ရေဘေးသင့်ပြည်သူများသို့ ထောက်ပံ့လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ဝေါန်မြစ်ရေ ငါးသိုင်းချောင်းမြို့၌ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိ

**နေပြည်တော် စက်တင်ဘာ ၂၄**

ဝေါန်မြစ်ရေသည် ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ငါးသိုင်းချောင်းမြို့၌ တစ်ပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ကျော်လွန်နေပြီး နောက်သုံးရက်အတွင်း တစ်ပေခန့် ကျဆင်းနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန၏ မှတ်တမ်းကို ဂရပ်ဖြင့်ဖော်ပြထားသည်။ **(သတင်းစဉ်)**



# ကောက်စိုက်စက်ဖြင့်စိုက်ပျိုးခြင်း မျိုးစေ့တိုက်ရိုက်ချစိုက်ခြင်းတို့အား သရုပ်ပြ

**အောင်လံ စက်တင်ဘာ ၂၄**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် အောင်လံမြို့နယ် အင်းကုန်းအုပ်စု ပန်းမတ လျှပ်စစ်မြစ်ရေတင်ဧရိယာ ရေကြီးနစ်မြုပ်သည့် တောင်သူဦးဇော်လေး၏ စိုက်ခင်း၌ ရက် ၉၀ စပါးကို ကောက်စိုက်စက်ဖြင့် စိုက်ပျိုးခြင်း၊ မျိုးစေ့ချကိရိယာဖြင့် တိုက်ရိုက် မျိုးစေ့ချစိုက်ပျိုးခြင်းတို့ကို စက်တင်ဘာ ၂၃ ရက် နံနက် ၉ နာရီက တောင်သူများအားပြသခဲ့ရာ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ခိုင်ထွန်း၊ ခရိုင်စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့ဝင်များ၊ မြို့နယ် စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့ဝင်များ၊ ကျေးရွာအုပ်စု ကိုးအုပ်စုမှ တောင်သူ ၁၁၅ ဦးနှင့် မြို့နယ်စိုက်ပျိုးရေးဝန်ထမ်းများ တက်ရောက်ကြပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဌေးမောင်က အချိန်တိုအတွင်း ပြီးစီးအောင်မြင်ရေးအတွက် ကောက်စိုက်စက်ဖြင့်စိုက်ပျိုးရခြင်းနှင့် မျိုးစေ့ချကိရိယာဖြင့် မျိုးစေ့ချစိုက်ပျိုးရခြင်းတို့၏ရည်ရွယ်ချက် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားပြီး လက်တွေ့စိုက်ပျိုးနေမှုများကို ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။



**သိန်းလွင်(မြန်/ဆက်)**

# ရေကြီးနစ်မြုပ်၍ စာသင်ကျောင်းကိုးကျောင်း ယာယီပိတ်ထား

**ကျောင်းကုန်း စက်တင်ဘာ ၂၄**

စက်တင်ဘာ ၂၄ ရက်နေ့ စာရင်းအရ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့၌ ရေကြီးနစ်မြုပ်၍ ယာယီပိတ်ထားရသော စာသင်ကျောင်းကိုးကျောင်းရှိပြီဖြစ်သည်။ အဆိုပါကျောင်းများမှာ အမက အုန်းပင်စု၊ အမက အပင်နှစ်ဆယ်၊ အမက သဲဗွက်၊ အမက ရေတာကြီး၊ အမက သဲကုန်၊ အမက လက်ပံချောင်၊ အမက ဂန့်ဂေါ်၊ ထ/ခွဲ လှည်းဆိပ်နှင့် အထက ဂုန်မင်းတို့ဖြစ်သည်။ မူလတန်းကျောင်း ခုနစ်ကျောင်း၊ အထက်တန်းကျောင်း(ခွဲ) တစ်ကျောင်း၊ အထက်တန်းကျောင်းတစ်ကျောင်း စုစုပေါင်း ကိုးကျောင်း ယာယီပိတ်ထားရကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

**ဝင်းကြိုင်(မြန်/ဆက်)**

# ဝေါန်မြစ်ရေဝင်ရောက်မှုကြောင့် ကျောင်းများယာယီပိတ်ထားရ

**ပုသိမ် စက်တင်ဘာ ၂၄**

ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ်၌ စက်တင်ဘာ ၂၃ ရက်က ဝေါန်မြစ်ရေမြင့်တက်လာမှုကြောင့် မြို့နယ်အတွင်းရှိ မကျီးလဟာကျေးရွာ အထက၌ ရေအမြင့်ပေ နှစ်ပေခန့်၊ ကွင်းကြီးနောက်ကျေးရွာ အမက၌ ရေအမြင့် တစ်ပေခန့်၊ ကြိမ်ချောင်းကျေးရွာ အမက၌ ရေအမြင့် လေးပေခန့်၊ စစ်တပင်ကျေးရွာ အမက၌ ရေအမြင့် တစ်ပေခန့် ကျောင်းများအတွင်းသို့ ရေများဝင်ရောက်နေသည်။ အဆိုပါကျောင်းများကို ယာယီပိတ်ထားရကြောင်း လူနှင့်တိရစ္ဆာန်ထိခိုက်မှုမရှိကြောင်း သိရသည်။

**မောင်မောင်မြင့် (မြန်/ဆက်)**

# တိုင်းဒေသကြီး ပြည်နယ်အလိုက် မိုးရွာနိုင်မည့်အခြေအနေ

**နေပြည်တော် စက်တင်ဘာ ၂၄**

ကရင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင်နေရာစိပ်စိပ်၊ ချင်းပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးတို့တွင်နေရာကျဲကျဲ၊ ကယားပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မကွေးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား၊ ကချင်ပြည်နယ်တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်ဖြစ်ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

# မြစ်ရေမြင့်တက်မှုကြောင့် မီးရထားလမ်းရေနစ်မြုပ်

**ပုသိမ် စက်တင်ဘာ ၂၄**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်၌ စက်တင်ဘာ ၂၂ ရက် နံနက် ၁၀ နာရီမှစ၍ ဒါးကမြစ်ရေမြင့်တက်လာသည်။ မြစ်ရေမြင့်တက်လာမှုကြောင့် ဂုံမင်းဘူတာနှင့်ဒါးကဘူတာကြား မိုင်တိုင်အမှတ်(၁၆၆/၁၅) နှင့် (၁၆၆/၁၆)အကြား မီးရထားလမ်းပေါ်သို့ ရေအမြင့်ခြောက်လက်မခန့် နစ်မြုပ်ခဲ့သည်။

ထို့ကြောင့် ကြံခင်း-ပုသိမ်ပြေးဆွဲနေသော ရထားများကို ကြံခင်းဘူတာမှ ဂုံမင်းဘူတာအထိသာ ပြေးဆွဲလျက်ရှိပြီး ဒါးကဘူတာသို့ ရထားပြေးဆွဲမှုကို ခေတ္တပိတ်ထားကြောင်း သိရသည်။

**မောင်မောင်မြင့်(မြန်/ဆက်)**

# ရေဘေးသင့်ပြည်သူများအတွက် ဆန်၊ ဆီများ ထောက်ပံ့

**ဟုမ္မလင်း စက်တင်ဘာ ၂၄**

ရေဘေးသင့်ပြည်သူများအတွက် စစ်မှုထမ်းဟောင်းအဖွဲ့က ဟုမ္မလင်းမြို့ပေါ်ရပ်ကွက် အိမ်ထောင်စု စုစုပေါင်း ၆၆ ဦးအား ဆန်ခြောက်ပြည်နှင့် ဆီတစ်ပုလင်းတို့ကို စက်တင်ဘာ ၁၉ ရက်က မြို့နယ်စစ်မှုထမ်းဟောင်း ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့က အိမ်တိုင်ရာရောက် လိုက်လံထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**လင်းလင်း(မြန်/ဆက်)**

# နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် စက်တင်ဘာ ၂၄**

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ စက်တင်ဘာ ၂၅ ရက်အတွက် ထုတ်ပြန်ချက်အရ တနင်္သာရီ တိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့၌ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်သည်။ **(မိုး/ဇလ)**



ရွှေဘို-မြစ်ကြီးနားလမ်းပေါ်ရှိ ဟဲနုတံတား ပေ ၁၀၀ နှစ်လွှာတစ်ထပ်ဘေလီတံတား ပြင်ဆင်နေမှုကို တွေ့ရစဉ်။ (ဓာတ်ပုံ-ဆောက်လုပ်ရေး)



ရွှေဘို-မြစ်ကြီးနားလမ်းပေါ်ရှိ ဟဲနုတံတား ပေ ၁၀၀ နှစ်လွှာတစ်ထပ်ဘေလီတံတား ဆောင်ရွက်ပြီးစီးမှုကို တွေ့ရစဉ်။ (ဓာတ်ပုံ-ဆောက်လုပ်ရေး)

# ဧရာဝတီမြစ်ရေ ညောင်တုန်းမြို့၌ စိုးရိမ်ရေမှတ်အောက်ကျဆင်း



**ညောင်တုန်း စက်တင်ဘာ ၂၄**

ဧရာဝတီမြစ်ရေသည် လွန်ခဲ့သော ဩဂုတ်လပထမအကြိမ် ရေမြင့်တက်ခဲ့စဉ်က ညောင်တုန်းမြို့၏ စိုးရိမ်ရေမှတ်နှင့် အန္တရာယ်ရေအမှတ်များအထက် ကျော်လွန်ကာ ၂၅ ဒသမ ၉ ပေအထိ မြင့်တက်ခဲ့သော်လည်း ယခုလ ဒုတိယအကြိမ် ရေမြင့်တက်ချိန်တွင်မူ စက်တင်ဘာ ၁၇ ရက်က ၂၄ ဒသမ ၉ ပေအထိသာ မြင့်တက်ခဲ့ပြီး ပြန်လည်ကျဆင်းလာရာ စက်တင်ဘာ ၂၄ ရက်တွင် ညောင်တုန်းမြို့၏ စိုးရိမ်ရေအမှတ် ၂၂ ဒသမ ၅ ပေအောက် ၂၂ ဒသမ ၃ ပေသို့ သိသိသာသာ ကျဆင်းသွားပြီဖြစ်သည်။

စိုးရိမ်ရသော အခြေအနေမရှိသဖြင့် ညောင်တုန်းမြို့နှင့် မြို့ဝန်းကျင်မြစ်ကမ်းဘေးနေထိုင်မှုဖြစ်သော လူနေအိမ်များ ရွှေ့ပြောင်းရခြင်း၊ ကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ရခြင်းမရှိကြောင်း သိရသည်။ အသွားအလာမပျက် စည်စည်ကားကား ရောင်းဝယ်လျက်ရှိကြသည်။

ပထမအကြိမ် ရေနစ်မြုပ်ခဲ့စဉ်က ညောင်တုန်းမြို့ မြောက်ဘက်ခြမ်း စံကင်းကျွန်းရှိ ကျေးရွာများမှ ပိတ်ထားခဲ့ရသော စာသင်ကျောင်းများမှာ ပြန်လည်ဖွင့်လှစ်နိုင်ခဲ့ကြသော်လည်း လွန်ခဲ့သော ခြောက်ရက်ခန့် ဒုတိယအကြိမ် ပြန်လည်ရေတက်ချိန် တွင် စံကင်းကျွန်းနှင့် မြို့နယ်အတွင်း စာသင်ကျောင်း ၂၆ ကျောင်း ဒုတိယအကြိမ် ထပ်မံပိတ်ခဲ့ရကာ ယနေ့စာသင်ကျောင်း ၁၀ ကျောင်း ပြန်လည်ဖွင့်လှစ်နိုင်ပြီဖြစ်ကြောင်း ညောင်တုန်းမြို့နယ် ပညာရေးဌာနမှ သိရသည်။ ကျောင်းသား ကျောင်းသူများ အန္တရာယ်မရှိစေရေးအတွက် ပိတ်ထားခဲ့ရသော ကျောင်းများ မကြာမီပြန်လည်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်းလည်း သိရသည်။

ညောင်တုန်းမြို့နယ် စံကင်းကျွန်းရှိ ကျေးရွာအုပ်စုများရှိ ကျေးရွာအသီးသီးတွင် တောင်သူလယ်သမားများ၊ ရေလုပ်သားများ၏ လူနေအိမ်ခြေများ၊ ၎င်းတို့၏ လယ်ယာမြေများနှင့် ကုမ္ပဏီများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များကလည်း စီးပွားဖြစ်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်ထားရာ ယခုနှစ် ရေကြီးနစ်မြုပ်မှုကြာရှည်ခဲ့မှုကြောင့် ပျက်စီးဆုံးရှုံးမှုများပြားကြောင်း သိရသည်။

စံကင်းကျွန်းအနေဖြင့် ရေကြီးနစ်မြုပ်မှုဒဏ်ကို အချိန်ကြာမြင့်စွာ ခံစားနေရခြင်းမှာ အချို့နေရာများမှ မြစ်ချောင်းများ ပိတ်ဆို့ထားမှု၊ စံကင်းကျွန်းတွင် ရေနုတ်မြောင်းများ နည်းပါးနေမှုများကြောင့် ဖြစ်နိုင်ကြောင်းနှင့် လာမည့်နှစ်များတွင် စံကင်းကျွန်းရေနစ်မြုပ်မှုဘေးအန္တရာယ်လျော့ပါးသက်သာစေရေးအတွက် ဆောင်ရွက်ပေးသင့်ကြောင်း အတွေ့အကြုံရှိသူတစ်ဦးက ပြောသည်။

"ပထမအကြိမ် ရေနစ်မြုပ်ခဲ့ပြီး ရေပြန်ကျဆင်းသွားလို့ ကျွန်တော်တို့ အိမ်ကအဆင့်တွေတောင် ဖြုတ်ထားပြီးမှ အခုရေပြန်တက်လာလို့ ပြန်အဆင့်ထိုးပြီးနေရတယ်။ အခုတော့ ရေတန့်သွားပါပြီ။ ကျွန်တော်တို့ရွာမှာ အိမ်ခြေ ၁၁၅ လုံး ရေမြုပ်နေပါတယ်။ စာသင်ကျောင်းလည်း ပိတ်ထားရတယ်။ ရေပြန်ကျသွားရင်တော့ ပြန်ဖွင့်နိုင်မှာပါ"ဟု ညောင်တုန်းမြို့နယ် စံကင်းကျွန်းရှိ ကတုက္ကမကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးကိုကိုကြီးက ပြောသည်။

စံကင်းကျွန်းရှိ ရေနစ်မြုပ်ရာဒေသများသို့ ကယ်ဆယ်ရေး ပြန်လည်ထူထောင်ရေး လှူဒါန်းဆောင်ရွက်လိုသူများ အနေဖြင့် ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် လှည်းဆိပ်မှ ရေယာဉ်များဖြင့် သွားရောက်ပါက ပိုမိုလွယ်ကူကြောင်း သိရသည်။

**နေလင်း(ညောင်တုန်း)**

# တမူးခရိုင် ရေဘေးသင့်အိမ်ထောင်စုများအတွက် မြေနေရာသစ်ဖော်ထုတ်ပေး

**တမူး စက်တင်ဘာ ၂၄**

တမူးခရိုင်အတွင်း ရေဘေးသင့်အိမ်ထောင်စုများအား သင့်လျော်သည့်နေရာအသီးသီးတွင် ရွာသစ်ပြောင်းရွှေ့၍ အိမ်ထောင်စုအလိုက် မြေကွက်များ ချထားပေးလျက်ရှိရာ လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနမှ တာဝန်ယူပြီး စက်ယန္တရားကြီးများဖြင့် မြေနေရာရှင်းလင်းခြင်း၊ လမ်းဖောက်ပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။



စက်တင်ဘာလ ၂၃ ရက်အထိ မြေနေရာရှင်းလင်းဖော်ထုတ်မှု အနေဖြင့် တမူးမြို့ပေါ် ရပ်ကွက်(၂)ခုတွင် ၁ ဒသမ ၆၅ ဧက လျာထားရာမှ ၁၀၀ ရာခိုင်နှုန်း၊ မင်းသမီးကျေးရွာတွင် ၁၂၃ ဒသမ ၀၃ ဧက ဖော်ထုတ်ရန် လျာထားရာမှ ၂၅ ရာခိုင်နှုန်း၊ ခမ်းပါတ်မြို့ အမှတ်(၁)နှင့်(၂) ရပ်ကွက်တွင် မြေကွက် ၅ ဒသမ ၅ ဧက ဖော်ထုတ်ရန် လျာထားရာမှ ၂၇ ရာခိုင်နှုန်း၊ အလေ့ာ် ကျေးရွာတွင် ၅၂ ဒသမ ၈၆ ဧက လျာထားရာမှ ၅၀ ရာခိုင်နှုန်း၊ ပွတ်သာကျေးရွာတွင် ၆၀ ဒသမ ၆၆ ဧက လျာထားရာမှ ၃၉ ရာခိုင်နှုန်း ဖော်ထုတ်ပြီးစီးခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# ရေဘေးသင့်အိမ်ထောင်စုများအား ထောက်ပံ့ပေးအပ်ပွဲ သံတွဲ၌ကျင်းပ

**သံတွဲ စက်တင်ဘာ ၂၄**

သံတွဲမြို့နယ်တွင် ဇွန်လအတွင်းက ရေကြီးနစ်မြုပ်မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့် ရေဘေးသင့်အိမ်ထောင်စုများအတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတကြီး၏ အထူးရန်ပုံငွေမှ ထောက်ပံ့ပေးအပ်သည့် ထောက်ပံ့ငွေပေးအပ်ပွဲအခမ်းအနားကို စက်တင်ဘာ ၂၃ ရက် မွန်းလွဲ ၁ နာရီက သံတွဲခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရခိုင်ပြည်နယ် လမ်းပန်းဆက်သွယ်ရေး ဝန်ကြီး ဦးလှဟန်က ထောက်ပံ့ငွေများပေးအပ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် ရေဘေးသင့်အိမ်ထောင်စုများအတွက် ထောက်ပံ့ငွေများကို ပေးအပ်ရာ သံတွဲမြို့နယ်အတွင်း ရေကြီးနစ်မြုပ်မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့် အိမ်ခြေ ၁၈၁ အိမ်နှင့် ဘုန်းကြီးကျောင်းတစ်ကျောင်းတို့အတွက် ငွေကျပ် ၁၇ ဒသမ ၃၈၂ သန်းနှင့် ဂွမြို့နယ်မှ အိမ်ခြေ ၁၃၆ အိမ်အတွက် ငွေကျပ် ၁၃ ဒသမ ၆ သန်းတို့ကို ရခိုင်ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးလှဟန်၊ သံတွဲခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးကံဝင်း၊ သံတွဲခရိုင် ဒုတိယအုပ်ချုပ်ရေးမှူး၊ သံတွဲမြို့နယ်အုပ်ချုပ်ရေးမှူးတို့က ပေးအပ်ရာ သက်ဆိုင်ရာ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ရေဘေးသင့်ပြည်သူများက လက်ခံယူကြသည်။

ထို့နောက် ရေဘေးသင့် ပြည်သူတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။ ဆက်လက်၍ ရခိုင်ပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးလှဟန်က နိဂုံးချုပ်အမှာစကားပြောကြားကာ အခမ်းအနားကို အောင်မြင်စွာပြီးမြောက်ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# ဟုမ္မလင်းမြို့နယ် မိုးစပါးရေကြီးနစ်မြုပ်ပျက်စီးမှု အစားထိုးစိုက်ပျိုးရန် သီးနှံမျိုး ပံ့ပိုးပေး

**ဟုမ္မလင်း စက်တင်ဘာ ၂၄**

တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်မှ ၂၀၁၅-၂၀၁၆ ခုနှစ် ဟုမ္မလင်းမြို့နယ်၌ မိုးစပါး ရေကြီးနစ်မြုပ်ပျက်စီးမှုအစားထိုးစိုက်ပျိုးရန် သီးနှံမျိုး ပံ့ပိုးထောက်ပံ့ငွေဖြင့် တင်း ၆၀၀၊ ရွှေဝါမိုးစပါးမျိုး၊ ရေဆင်း ၁၁ တင်း၊ ပဲတီစိမ်းမျိုး ၁၁ တင်း၊ အလှူရှင် ထောက်ပံ့ငွေ စပါးတင်း ၄၀၀ နှင့် မိုးစပါးတင်း ၂၅၀ တို့ကို ရေဝင်ရောက်သည့် ကျေးရွာအုပ်စု ခြောက်အုပ်စု၊ စပါးခြောက်အုပ်၊ ပဲတီစိမ်း-၃ အုပ်စုများကို ကျေးရွာအရောက်ပေးအပ်ပြီး စိုက်ပျိုးရေးဦးစီးဌာနဝန်ထမ်းများက စပါးတိုက်ရိုက်အစေ့ချစိုက်နည်းစနစ်များကို အသိပညာပေး ဟောပြောခဲ့သည်။ ထပ်မံရောက်ရှိမည့် မိုးစပါး မျိုးတင်း ၇၅၀ ကိုလည်း ရေဝင်ရောက်နစ်မြုပ်သွားသည့် ကျေးရွာများသို့ အရောက် ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**လင်းလင်း(ပြန်/ ဆက်)**

# ချင်းတွင်းမြစ်ရေကျဆင်းပြီဖြစ်၍ မိုးစပါးများစိုက်ပျိုး

**ရေစကြို စက်တင်ဘာ ၂၄**

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့၌ စက်တင်ဘာလအတွင်း ချင်းတွင်းမြစ်ရေ ဒုတိယအကြိမ် စိုးရိမ်ရေမှတ်အထက်မြင့်တက်လာမှုကြောင့် မြို့ပေါ်အနိမ့်ပိုင်းရပ်ကွက်အချို့နှင့် ကျေးရွာများအတွင်း မြစ်ရေဝင်ရောက်မှုရှိခဲ့ပြီး ယခင်ပထမအကြိမ် ဩဂုတ်လအတွင်း မြစ်ရေကြီးစဉ်ကကဲ့သို့ နေအိမ်များပြောင်းရွှေ့ရခြင်း၊ ရေဘေးကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ရခြင်းမရှိကြောင်း သိရသည်။

မြစ်ရေဝင်ဒေသများရှိ မိုးစပါးစိုက်တောင်သူများ ပျိုးထောင်ချိန်အနည်းငယ်နောက်ကျခဲ့ရသည်။ယခုအခါ ချင်းတွင်းမြစ်ရေသည် စက်တင်ဘာ ၂၂ ရက်က မြစ်ရေအမှတ် ၂၃ ဒသမ ၂ ပေသို့ ရောက်ရှိပြီး စိုးရိမ်ရေမှတ်အောက် ၅ ဒသမ ၅ ပေ သို့ ကျဆင်းသွားပြီဖြစ်ရာ မိုးစပါးစိုက်တောင်သူများအနေဖြင့် ခေတ်မီစက်ကိရိယာ များဖြင့် ထွန်ယက်စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## ရေဘေးသင့်ဒေသရှိ ပြည်သူများအား တိုင်းရင်းဆေးဖြင့် အခမဲ့ကုသ

**စေတုတ္တရာ စက်တင်ဘာ ၂၄**

ရေကြီးနစ်မြုပ်မှုများကြောင့် ကျေးရွာနေအိမ်များမှ ယာယီပြောင်းရွှေ့နေထိုင်လျက်ရှိသည့် မင်းဘူးခရိုင် စေတုတ္တရာမြို့နယ်အတွင်းရှိ ကျေးရွာများမှ ရေဘေးသင့်ပြည်သူများအား မကွေးတိုင်းဒေသကြီး တိုင်းရင်းဆေးဆရာအသင်းက အခမဲ့ကုသပေးခဲ့သည်။

စေတုတ္တရာမြို့ အမှတ်(၁)ရပ်ကွက် မြို့လယ်ဓမ္မာရုံ၌ စက်တင်ဘာလ ၂၀ရက်တွင် မြို့နယ်ပတ်ဝန်းကျင်ကျေးရွာများမှ ဝေဒနာရှင် (၄၇၉)ဦးတို့အား အခမဲ့ဆေးကုသပေးခဲ့သည်။ အဆိုပါတိုင်းရင်းဆေးကုသရေးအဖွဲ့တွင် မကွေးတိုင်းဒေသကြီး တိုင်းရင်းဆေးဆရာအသင်းဥက္ကဌ ဒေါ်တင်တင်အောင်၊ ဦးဗိုလ်မြင့်၊(မင်းဘူးခရိုင်တိုင်းရင်းဆေးပညာဦးစီးဌာန၊ ခရိုင်ဦးစီးမှူး )တို့ဦးဆောင်သော တိုင်းရင်းဆေးဆရာ ၁၁ ဦးတို့က အခမဲ့ကုသပေးခဲ့ကြောင်းသိရသည်။

**တင်ထွန်းဦး(မင်းဘူး)**

# လူ့အခွင့်အရေးစောင့်ရှောက်ကာကွယ်မှု

မြမြ (ပြန်ကြားရေး)

ကမ္ဘာပေါ်တွင် လူ့အခွင့်အရေးဆိုင်ရာ ဖြစ်ပေါ်တိုးတက်မှုများသည် ၁၂၁၅ ခုနှစ်ကတည်းက အင်္ဂလန်နိုင်ငံဘုရင်မင်းမြတ် "ဂျွန်" လက်ထက်တွင် ပေါ်ပေါက်ခဲ့သည့် မဂ္ဂနာကာတာ (MegnaCarta) ပဋိညာဉ်စာတမ်းက စတင်ခဲ့သည်ဟုဆိုနိုင်ပါသည်။ ယင်းစာတမ်းသည် "လူ့အခွင့်အရေးသဘောတရားအခြေခံမျှသာ"ဖြစ်သော်လည်း၊ MegnaCarta စာတမ်းပေါ်ပေါက်ခြင်းသည် လူ့အခွင့်အရေးဖြစ်စဉ်များ၏ သမိုင်းမှတ်တိုင်သစ်ကို စတင် စိုက်ထူနိုင်ခဲ့ခြင်းပင်ဖြစ်သည်။ ထို့နောက် ၁၇၈၉ ခုနှစ်တွင် "ပြင်သစ်လူ့အခွင့်အရေးကြေညာစာတမ်း" (The French Declaration of the Rights of Men and of the Citizens)၊ ၁၇၉၁ ခုနှစ်တွင် "အမေရိကန်လူ့အခွင့်အရေးဥပဒေ" (US Bill of Rights) တို့ကို ကြေညာပြဋ္ဌာန်းခြင်းများကလည်း သက်ဆိုင်ရာနိုင်ငံများ၏လူ့အခွင့်အရေးကို ဖော်ထုတ်နိုင်ရန် ဆက်လက်ကြိုးပမ်းဆောင်ရွက်ခဲ့မှုများပင်ဖြစ်သည်။

ဒုတိယကမ္ဘာစစ်ကြီးအတွင်း လူသားမဆန်စွာ ရက်စက်ကြမ်းကြုတ်မှုများ၊ စစ်ဘေးဒဏ်သင့်ခဲ့သည့် ကမ္ဘာ့နိုင်ငံအနှံ့အပြားတွင်ပေါ်ပေါက်ခဲ့ရာ ၎င်းဖြစ်ရပ်များပေါ်တွင် အခြေခံ၍ ကုလသမဂ္ဂပဋိညာဉ်စာတမ်းကို ရေးဆွဲခဲ့သည်။ ယင်းတွင် လူမျိုး ကျား/မ၊ ဘာသာစကား၊ ကိုးကွယ်သည့် ဘာသာခွဲခြားမှုမရှိဘဲ လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်ကို လေးစားလိုက်နာရန် တိကျစွာ ဖော်ပြထားခဲ့သည်။ ထို့ကြောင့် လူ့အခွင့်အရေး၏ အယူအဆနှင့် လူ့အခွင့်အရေး ( Human Rights) ဟူသော စာသားကို ကုလသမဂ္ဂပဋိညာဉ်စာတမ်း၏ အခန်း(၁)၊ အပိုဒ်(၂) နှင့်(၃) တို့တွင် ဖော်ပြသုံးနှုန်းခဲ့သည်ကို တွေ့ရှိရသည်။

ထို့နောက် "ကုလသမဂ္ဂလူ့အခွင့်အရေးကော်မရှင်" က ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း (UDHR) ကို ရေးဆွဲခဲ့ပြီး ကုလသမဂ္ဂအထွေထွေညီလာခံက ၁၉၄၈ ခုနှစ် ဒီဇင်ဘာလ ၁၀ ရက်နေ့တွင် အတည်ပြုခဲ့သည်။ နှစ်စဉ် ဒီဇင်ဘာလ ၁၀ ရက်နေ့ကို "လူ့အခွင့်အရေးနေ့" အဖြစ် သတ်မှတ်ကာ ကုလသမဂ္ဂအဖွဲ့ဝင်ကမ္ဘာ့နိုင်ငံအသီးသီးတွင် ကျင်းပခဲ့ကြသည်။ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းတွင် လူ့အခွင့်အရေးအုပ်စုကြီး (၅) ခုအဖြစ် တွေ့ရှိနိုင်သည်။ ယင်းတို့မှာ -

(၁) ပြည်သူ့ရေးရာအခွင့်အရေး (Civil Rights)
(၂) နိုင်ငံရေးအခွင့်အရေး (Political Rights)
(၃) စီးပွားရေးအခွင့်အရေး (Economic Rights)
(၄) လူမှုရေးအခွင့်အရေး (Social Rights)
(၅) ယဉ်ကျေးမှုအခွင့်အရေး (Cultural Rights) ဟူ၍ ဖြစ်သည်။

ယနေ့မြန်မာနိုင်ငံတော်သည် ဒီမိုကရေစီခေတ်ပြောင်း တော်လှန်ရေးလမ်းကြောင်းပေါ်တွင် တစိုက်မတ်မတ် လျှောက်လှမ်းလျက်ရှိသည်။ ဒီမိုကရေစီ၏ အသက်ဝိညာဉ်ဖွံ့ဖြိုးစေရန် လူ့အခွင့်အရေးကိုလေးစားရန်လိုအပ်သကဲ့သို့ လူ့အခွင့်အရေးစံနှုန်းများ မြင့်မားရန်အတွက်လည်း ဒီမိုကရေစီနှင့် လူ့အခွင့်အရေးတို့ကို မှန်ကန်စွာ နားလည်သဘောပေါက်ရန် အရေးကြီးသည်။

ထို့ကြောင့်လည်း လူ့အခွင့်အရေးကိစ္စအရပ်ရပ်ကို ဆောင်ရွက်နိုင်ရန် ၂၀၁၁ ခုနှစ်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့က ၂၀၁၁ ခုနှစ် စက်တင်ဘာလ ၅ ရက် ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၃၄/၂၀၁၁) ဖြင့် အဖွဲ့ဝင် ၁၅ ဦးပါ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ကို ဖွဲ့စည်းပေးခဲ့သည်။

နိုင်ငံတော်သမ္မတကြီး၏ လမ်းညွှန်ချက်ဖြင့် အမျိုးသားလူ့အခွင့်အရေးကော်မရှင်က ဥပဒေ(မူကြမ်း) ကို ရေးဆွဲခဲ့ပြီး ၂၀၁၄ ခုနှစ် မတ်လ ၂၆ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်က မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥပဒေကို အတည်ပြုခဲ့ကာ မတ်လ ၂၈ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် (၂၁) ဖြင့် ထုတ်ပြန်ပြဋ္ဌာန်းခဲ့သည်။ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥပဒေတွင် အခန်းပေါင်း(၉) ခန်းနှင့် ပုဒ်မပေါင်း (၇၀) ပါရှိပြီး အခန်း(၅)တွင် ကော်မရှင်၏တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ကျယ်ပြန့်စွာဖော်ပြထားသည်။

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥပဒေကို ပြဋ္ဌာန်းခဲ့ပြီးနောက် ဥပဒေနှင့်အညီအဖွဲ့ဝင် ၁၁ ဦးပါ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ကို နိုင်ငံတော်သမ္မတရုံးမှ ၂၀၁၄ ခုနှစ် စက်တင်ဘာလ ၂၄ ရက်နေ့က( အမိန့်အမှတ်၂၃/၂၀၁၄) ဖြင့် ဖွဲ့စည်းခဲ့သည်။ လူ့အခွင့်အရေးဆိုင်ရာအဖွဲ့အစည်းတိုင်းသည် လူ့အခွင့်အရေးမြှင့်တင်ရေး (Human Rights Promotion) လုပ်ငန်းနှင့် လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်ရေး (Human Rights Protection) လုပ်ငန်းတို့ကို ဆောင်ရွက်ကြရသည်ဖြစ်ရာ လူ့အခွင့်အရေးမြှင့်တင်ရေးလုပ်ငန်းအဖြစ် လူ့အခွင့်အရေးဆိုင်ရာအသိပညာပေးသင်တန်းများ ပို့ချပေးခြင်း၊ ဟောပြောပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများပြုလုပ်ဆောင်ရွက်ပေးသကဲ့သို့ လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းအနေဖြင့် လူမှုအခွင့်အရေးဆိုင်ရာ တိုင်တန်းချက်များကိုလက်ခံပြီး စုံစမ်းစစ်ဆေးဆောင်ရွက်ခြင်းများကို အဓိကဆောင်ရွက်သည်။ ထို့အပြင် အကျဉ်းထောင်၊ အကျဉ်းစခန်း၊ အချုပ်ခန်းနှင့် ထိန်းသိမ်းစောင့်ရှောက်ရေးစခန်းများသို့ သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် အကျဉ်းထောင်အချုပ်ခန်းတို့တွင် အကျဉ်းကျနေသူများ၊ အချုပ်နှောင်ခံနေရသူများကို လူ့အခွင့်အရေးနှင့် သက်ဆိုင်သည့် အပြည်ပြည်ဆိုင်ရာဥပဒေ၊ ပြည်တွင်းဥပဒေများနှင့်အညီ လူသားချင်းစာနာထောက်ထားမှုဖြင့် စောင့်ရှောက်ထားရှိမှုအခြေအနေများကို အကျဉ်းထောင်၊ အချုပ်ခန်းနှင့် အလုပ်စခန်းစသည်တို့ကို သွားရောက်လေ့လာစစ်ဆေးမှုပြုခဲ့ပါသည်။ ကော်မရှင်အဖွဲ့သစ်သည် ဥပဒေနှင့်အညီဆောင်ရွက်ခြင်း၊ အစီရင်ခံခြင်းများကို သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာန၊ အဖွဲ့အစည်းများသို့ ပေးပို့ဆောင်ရွက်ခဲ့ကြသည်။

> **မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် လူ့အခွင့်အရေးဆိုင်ရာများကို လူတစ်ဦးချင်း၏ဂုဏ်သိက္ခာ (Personal Dignity) ကို လေးစားရမည့် လူ့ကျင့်ဝတ် (Human Ethics) အဖြစ် အများက လက်ခံနားလည်ကြစေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိ**

ကော်မရှင်အဖွဲ့ဝင်များသည် ၂၀၁၅ ခုနှစ် မတ်လအတွင်း ရခိုင်ပြည်နယ် စစ်တွေမြို့နှင့် ဘူးသီးတောင်မြို့များတွင်တည်ရှိသည့် အကျဉ်းထောင်နှင့် အချုပ်ခန်းတို့အား သွားရောက်စစ်ဆေးခဲ့ကြသည်။ ကြည့်ရှုစစ်ဆေးမှုပြုလုပ်ရာတွင် စာရင်းဇယားများအား ဖတ်ရှုလေ့လာခြင်း၊ အိပ်ဆောင်များ၊ အချုပ်ခန်းများအတွင်း ကြည့်ရှုစစ်ဆေးခြင်းနှင့် အကျဉ်းသား၊ အချုပ်သားအချို့ကို တစ်ဦးချင်း သီးခြားတွေ့ဆုံမေးမြန်းခြင်းများကိုလည်း ပြုလုပ်ခဲ့သည်။ အထူးသဖြင့် အချုပ်ခန်းများသန့်ရှင်းရေး၊ ကျန်းမာရေးစောင့်ရှောက်မှု၊ အစားအသောက်ကျွေးမွေးမှု၊ အိမ်သာသန့်ရှင်းရေးစသည်များကိုလည်း အသေးစိတ်လေ့လာကြည့်ရှုခဲ့ကြသည်။ ထို့ပြင် ဘူးသီးတောင်အကျဉ်းထောင် ခမ္မာရုံ၊ ဆေးကုသဆောင်၊ အမျိုးသမီးဆောင်ရှိ "အ" သုံးလုံးသင်တန်းစသည်တို့ကိုသာမက စက်ရုံစုရခိုင်ဒုက္ခသည်စခန်းများ၊ ခေါင်းဒုက္ခာဘဂ်ါလီဒုက္ခသည်စခန်းများသို့လည်း သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

ထိုသို့စစ်ဆေးကြည့်ရှုပြီးနောက် အကျဉ်းထောင်တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ခဲ့သည်။ ပြည်နှင့်ဒဏ်ကျော်လွန်နေသော နိုင်ငံခြားအကျဉ်းသားများကိုအမြန်ဆုံးလွှဲပြောင်းနိုင်ရေး၊ အချုပ်ကာလကြာမြင့်သည့် အချုပ်သားများအား အမြန်ဆုံးလွတ်မြောက်နိုင်ရေး၊ သေဒဏ်အပါအဝင် ပြစ်ဒဏ်ကြီးများကျခံနေရသူများအတွက်အတွင်းအယူခံကိစ္စများကို သတ်မှတ်ကာလအတွင်း ဆောလျင်စွာဆောင်ရွက်နိုင်ရေးစသည်များအတွက် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန၊ တရားစွဲအဖွဲ့အစည်းများ၊ တရားရုံးများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသင့်ကြောင်း အကြံပြုချက်များ ပေးခဲ့သည်။

အကျဉ်းသားများသည် စားသောက်ရေး၊ နေထိုင်ရေးနှင့် သင့်တင့်မျှတသောအာဟာရများခံစားရရှိပြီး စာအုပ်များ ဖတ်ရှုခွင့်၊ တီဗွီကြည့်ရှုခွင့်၊ စာရေးသားဆက်သွယ်ခွင့်၊ မိသားစုနှင့်တွေ့ဆုံခွင့်၊ လွတ်လပ်စွာကိုးကွယ်ခွင့်များရရှိကြကြောင်း တွေ့ရှိရသည်။ သို့သော်လည်း ကော်မရှင်အဖွဲ့ဝင်များသည် အကျဉ်းထောင်အတွင်းရှိ ရေသန့်စက်ရုံသန့်ရှင်းရေး၊ လစ်လပ်လျက်ရှိသောဆရာဝန်၊ သူနာပြုများဖြည့်စွက်ခန့်ထားရေး၊ ကူးစက်ရောဂါခံစားနေရသည့် လူနာနှင့် အခြားလူနာများခွဲခြားထားရှိရေး၊ အချုပ်ခန်းများ ပြုပြင်မွမ်းမံရေး၊ အကျဉ်းသားများ၏ ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာစောင့်ရှောက်မှုများ ပိုမိုတိုးမြှင့်ရေးစသည့် အကျဉ်းသားတို့၏ အခွင့်အရေး ထိခိုက်နစ်နာမှုမရှိစေရန် တို့ကိုလည်း အသေးစိတ်အကြံပြုခဲ့ကြပြီး ယင်းအကြံပြုချက်များကိုလည်း သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးရုံးသို့ အစီရင်ခံစာပေးပို့ခဲ့သည်။

ထိုနည်းတူ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် ၂၀၁၅ ခုနှစ် ဇူလိုင်လအတွင်းက မန္တလေးမြို့၊ နောင်ချိုမြို့၊ သီပေါမြို့၊ လားရှိုးမြို့များတွင်ရှိသော အကျဉ်းထောင်၊ အလုပ်စခန်းများတို့ကိုလည်း သွားရောက် စစ်ဆေးခဲ့ကြပါသည်။

ယင်းအကျဉ်းထောင်များကို စစ်ဆေးရာတွင်လည်း ယခင်အကျဉ်းထောင်များကို စစ်ဆေးသကဲ့သို့ပင် အကျဉ်းထောင်လုပ်ငန်းများအားလုံးကို အကျဉ်းထောင်ဥပဒေ၊ အကျဉ်းထောင်လက်စွဲဥပဒေ၊ ကုလသမဂ္ဂမှ သတ်မှတ်ပြဋ္ဌာန်းထားသော Standard Minimum Rules for prisoners များနှင့်အညီ စစ်ဆေးကြည့်ရှုခဲ့ပါသည်။ မန္တလေးနှင့်လားရှိုးထောင်တွင် အိပ်ဆောင်ဝင်ဆံ့မှုထက် အကျဉ်းသားဦးရေကျော်လွန်နေသည့်အတွက် အိပ်ဆောင်များတိုးချဲ့တည်ဆောက်ရန်၊ အာမခံပေးသည့် အကျဉ်းသားများအာမခံရရှိရန်၊ လွတ်နီးအကျဉ်းသားများအား လွတ်ငြိမ်းချမ်းသာခွင့်ပြုခြင်း သို့မဟုတ် ခံဝန်ဖြင့် နေထိုင်စေခြင်းများပြုလုပ်သင့်ကြောင်း၊ အကျဉ်းထောင်ဆေးရုံများအတွက် ကျန်းမာရေးဝန်ကြီးဌာန၏ ထောက်ပံ့မှုများ ပိုမိုတောင်းခံသင့်ပါကြောင်း၊ ဝင်ငွေရလုပ်ငန်းများမှ ရရှိလာသည့်အကျိုးအမြတ် ငွေကြေးများကိုလုပ်အားရှင်များအား ထိုက်သင့်သည့်အကျိုးခံစားခွင့်များ ပေးအပ်ရေးနှင့် ထုံးဘို(၁) ကျောက်ထုတ်စခန်းကဲ့သို့ မိမိတို့၏ ဆန္ဒကို ဖော်ထုတ်ရန် စာတိုက်ပုံးများကို လွင်ကြီးစိုက်ပျိုးမွေးမြူရေးစခန်း၊ ဟိုခိုစိုက်ပျိုးမွေးမြူရေးစခန်းတို့တွင်လည်း ထားရှိသင့်ကြောင်း၊ အသက် (၆၀) ကျော် လုပ်အားရှင်များကို အကျဉ်းထောင်များသို့ ပြန်လည်ရွှေ့ပြောင်းပေးသင့်ကြောင်း စသည်တို့အပြင် အထူးသဖြင့် ကျန်းမာရေးနှင့် သန့်ရှင်းရေးလုပ်ငန်းများကို ယခုထက် ပိုမိုဆောင်ရွက်သင့်ပါကြောင်း အကြံပြုခဲ့သည်။

အကျဉ်းစခန်းများတွင် အကျဉ်းသားများသည် အကျဉ်းထောင်စည်းကမ်းများလိုက်နာကြသဖြင့် ကြီးလေးသည့် အပြစ်ပေးခံရမှုများမရှိသည့်ပြင် လူငယ်အကျဉ်းသားများအား ပညာသင်ကြားပေးခြင်း၊ အကျဉ်းသားများအတွက် အသက်မွေးဝမ်းကျောင်းပညာရပ်များ၊ စာမတတ်သူများအတွက် "အ" သုံးလုံးသင်တန်းများ ဖွင့်လှစ်သင်ကြားပေးခြင်း၊ သင့်တင့်သောအာဟာရများကျွေးမွေးခြင်း၊ လွတ်လပ်စွာ ကိုးကွယ်ခွင့်ရခြင်း၊ မိမိတို့တွင် အခက်အခဲတစ်စုံတစ်ရာရှိပါက သတင်းပေးခြင်း၊ တိုင်ကြားခြင်းများကို ဆောင်ရွက်ခွင့်ရှိကြောင်း တွေ့ရှိရသည်။

၂၀၁၅ ခုနှစ် ဇူလိုင်လအတွင်းမှာပင် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သို့ သာယာဝတီအကျဉ်းထောင်တွင် ထိန်းသိမ်းထားရှိသောဆန္ဒပြကျောင်းသူ၊ ကျောင်းသားများ၊ ဝန်းရံသူများနှင့်ပတ်သက်၍ တိုင်တန်းချက်များရှိခဲ့သည်။ သို့အတွက် သာယာဝတီဗဟိုအကျဉ်းထောင်တွင် အချုပ်နှောင်ခံနေရသူများကို လူ့အခွင့်အရေးနှင့်သက်ဆိုင်သည့် အပြည်ပြည်ဆိုင်ရာဥပဒေများ၊ ပြည်တွင်းဥပဒေများနှင့်အညီ လူသားချင်းစာနာထောက်ထားမှုဖြင့် စောင့်ရှောက်ထားခြင်းရှိ၊ မရှိစိစစ်နိုင်ရန် ပဲခူးတိုင်းဒေသကြီးသာယာဝတီဗဟိုအကျဉ်းထောင်သို့သွားရောက်၍ ကျောင်းသား၊ ကျောင်းသူများနှင့် ဝန်းရံသူ ၂၅ ဦး၊ အကျဉ်းထောင်ဝန်ထမ်း ၅ ဦးတို့အား တစ်ဦးချင်းတွေ့ဆုံလျက် ဖြစ်စဉ်များမေးမြန်းခြင်း၊ ၎င်းတို့ကို ထိန်းသိမ်းထားရှိသော အိပ်ဆောင်နှင့်တိုက်ခန်းများအား ကြည့်ရှုစစ်ဆေးခြင်း၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် တက်ရောက်ကုသနေသော လူနာတစ်ဦးအား တွေ့ဆုံမေးမြန်းကာ ဆေးမှတ်တမ်းများ၊ စာရင်းဇယားအချက်အလက်များကို ကြည့်ရှုစစ်ဆေးခဲ့သည်။

၂၀၁၅ ခုနှစ် မတ်လအတွင်းဖြစ်စဉ်၌ သာယာဝတီအကျဉ်းထောင်တွင် လက်ခံထိန်းသိမ်းခဲ့သည့် ဦးရေ၊ လွှဲပြောင်းလွှတ်ပေးခဲ့သည့်ဦးရေ၊ ဆက်လက်ထားရှိသူများအခြေအနေတို့ကိုမေးမြန်းပြီး ထိခိုက်ဒဏ်ရာရရှိခဲ့သူများနှင့် ကျန်းမာရေးစစ်ဆေးကုသမှုအခြေအနေ၊ လက်ကိုင်ဖုန်း၊ လက်ပ်တော့ကွန်ပျူတာနှင့် ရွှေငွေပစ္စည်းများ သိမ်းဆည်းမှု၊ ရေနှင့်အစားအစာ၊ ထောင်ဝင်စာနှင့် တိုက်ပိတ်ပြစ်ဒဏ်ချမှု၊ ရှေ့နေတွေ့ဆုံခွင့်နှင့် တရားရုံးစစ်ဆေးမှုတို့ကိုလည်း အသေးစိတ်မေးမြန်းခဲ့ကြသည်။ အကျဉ်းကျကျောင်းသား၊ ကျောင်းသူများ၊ ဝန်းရံသူအများစုမှာ ထူးခြားသည့် တိုင်တန်းချက်များမရှိခဲ့ကြသော်လည်း အကျဉ်းထောင်အတွင်း ထိခိုက်ဒဏ်ရာရရှိလာနိုင်သူများအား အရေးပေါ်ပြုစုကုသပေးမည့် အစီအမံများထားရှိရေး၊ ထောင်ဝင်စာတွေ့ဆုံခွင့်နှင့် တိုက်ပိတ်ပြစ်ဒဏ်ချမှတ်ခံထားရသူအမျိုးသား ခုနစ်ဦးအား ထပ်မံတရားစွဲဆိုမှုကို သက်ညှာစွာ စဉ်းစားရေး၊ ကျန်းမာရေးဆိုင်ရာအထောက်အကူပစ္စည်းများပြည့်စုံစွာ ဖြည့်တင်းရေးတို့ကို ပြုလုပ်သင့်ပါကြောင်း အကြံပြုခဲ့ပါသည်။

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် လူ့အခွင့်အရေးဆိုင်ရာများကို လူတစ်ဦးချင်း၏ ဂုဏ်သိက္ခာ (Personal Dignity)ကိုလေးစားရမည့် လူ့ကျင့်ဝတ်(Human Ethics)အဖြစ် အများကလက်ခံနားလည်ကြစေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသကဲ့သို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) ပုဒ်မ ၃၄၇ပါ **"နိုင်ငံတော်သည် မည်သူ့ကိုမဆိုဥပဒေအရာတွင် တန်းတူညီမျှ အခွင့်အရေးရရှိစေရမည်။ ထို့ပြင် ဥပဒေ၏အကာအကွယ်ကိုလည်း တန်းတူညီမျှစွာ ရယူပိုင်ခွင့်ပေးရမည်"** ဟူသည့် ပြဋ္ဌာန်းချက်ကိုလည်း လိုက်နာစောင့်ရှောက်လျက် လူ့အခွင့်အရေးကို အမျိုးသားရေးအဖြစ် ကာကွယ်စောင့်ရှောက်နိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြရေးသားလိုက်ပါသည်။

## ခွေးရူးပြန်ရောဂါကာကွယ်ရေး လူထုကျန်းမာရေးပညာပေးဟောပြောပွဲ ကျင်းပမည်

**ရန်ကုန် စက်တင်ဘာ ၂၄**

မြန်မာနိုင်ငံဆရာဝန်အသင်း (ဗဟို) ပညာရေးရာကော်မတီက ကြီးမှူးကျင်းပသည့် ခွေးရူးပြန်ရောဂါကာကွယ်ရေးအကြောင်းသိကောင်းစရာ လူထုကျန်းမာရေးပညာပေးဟောပြောပွဲကို ၂၀၁၅ ခုနှစ် စက်တင်ဘာ ၂၈ ရက်(တနင်္လာနေ့) နံနက် ၁၀ နာရီတွင် အမှတ် ၂၄၉ သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်မြို့ မြန်မာနိုင်ငံဆရာဝန်အသင်း ခန်းမဆောင်(အေ) ၌ ကျင်းပမည်ဖြစ်ပြီး စိတ်ပါဝင်စားသူများ မည်သူမဆိုတက်ရောက်နိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

## စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိ

**နေပြည်တော် စက်တင်ဘာ ၂၄**

ယနေ့ မြန်မာစံတော်ချိန် မွန်းလွဲ ၁၂ နာရီခွဲတိုင်းထွာချက်အရ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် တစ်ပေခွဲခန့် ယင်းမြို့၏စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေသည်။ နောက်သုံးရက်အတွင်း တစ်ပေခန့်ကျဆင်းနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။ ငဝန်မြစ်တစ်လျှောက်ရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။ **(မိုး/ဇလ)**

# ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ရှန်ဟိုင်းမြို့စောင့်ရေတပ်စခန်း ကြည့်ရှုလေ့လာ

**နေပြည်တော် စက်တင်ဘာ ၂၄**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ ချစ်ကြည်ရေးခရီးရောက်ရှိနေသော ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်အဖွဲ့သည် စက်တင်ဘာ ၂၃ ရက် ဒေသစံတော်ချိန် နံနက် ၉ နာရီခွဲတွင် ရှန်ဟိုင်းမြို့စောင့်ရေတပ်စခန်း (Shanghai Garrison Naval Port ) သို့ သွားရောက်ကြည့်ရှုလေ့လာကြသည်။

ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်အဖွဲ့သည် ဖရီးဂိတ်စစ်ရေယာဉ်အမှတ် (၅၄၂) သို့ တက်ရောက်လေ့လာရာ စစ်ရေယာဉ်ဂုဏ်ပြုတပ်ဖွဲ့က အလေးပြုပြီး စစ်ရေယာဉ်ခန်းမတွင် စစ်ရေယာဉ်မှူး Capt.Zhang Chung Puo က စစ်ရေယာဉ်နှင့် ပတ်သက်သော အချက်အလက်များ ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒေသစံတော်ချိန် နံနက် ၁၁ နာရီ မိနစ် ၅၀ တွင် ရှန်ဟိုင်းမြို့ရှိ Pearl TV Tower ကို သွားရောက်ကြည့်ရှုလေ့လာကြပြီး Pearl TV Tower ပေါ်မှ ရှန်ဟိုင်းမြို့သစ် Pu Dong နယ်မြေနှင့် မြို့ဟောင်း Pu Xi နယ်မြေအတွင်း ဖွံ့ဖြိုးတိုးတက်မှုများကို လေ့လာခဲ့ကြသည်။

ထို့နောက် ရှန်ဟိုင်းမြို့ ဖွံ့ဖြိုးတိုးတက်ရေးပြခန်း (Shanghai Development Exhibition Hall ) ကို ကြည့်ရှုလေ့လာကြပြီး ဝူဟန်မြို့သို့ ဆက်လက်ထွက်ခွာရန် ရှန်ဟိုင်းမြို့ ဟုန်းချောင်လေဆိပ်သို့ ရောက်ရှိရာ ရှန်ဟိုင်းမြို့စောင့်တပ် ဒုတိယတပ်မှူး ဗိုလ်ချုပ် Wan Zhi Ping နှင့် တာဝန်ရှိသူများက လိုက်လံပို့ဆောင်နှုတ်ဆက်ကြသည်။

ယင်းနောက် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် အထူးလေယာဉ်ဖြင့် ဆက်လက်ထွက်ခွာခဲ့ရာ ဝူဟန်မြို့ Tian Hua လေဆိပ်သို့ ဒေသစံတော်ချိန် ည ၈ နာရီ မိနစ် ၄၀ တွင် ရောက်ရှိခဲ့ပြီး ဟူပေပြည်နယ် စစ်ဒေသစစ်ဦးစီးအရာရှိချုပ် ဗိုလ်ချုပ် Yang Wan Jun နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**



## တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် မိုးပိုနေမည်

**နေပြည်တော် စက်တင်ဘာ ၂၄**

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် မိုးဆက်လက်ပိုနေမည်။ **(မိုး/ဇလ)**

## ပြင်ဆင်ဖတ်ရှုပါရန်

၂၄-၉-၂၀၁၅ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၄ ပါ ချင်းပြည်နယ်မှ သဘာဝဘေးသင့်ပြည်သူများ၏စကားသံ သတင်းတွင် သိက္ခာတော်ရဆရာ ဒေါက်တာဆခါး ကချင်နှစ်ခြင်းအသင်းတော် သင်းအုပ်ဆရာ(အစား) သိက္ခာတော်ရဆရာ ဒေါက်တာဇခါရ် သင်းအုပ်ဆရာ အဂ္ဂပေနှစ်ခြင်းအသင်းတော် ဟားခါးမြို့ ချင်းပြည်နယ်ဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။

**(သတင်းအဖွဲ့)**


## CLAIMS DAY NOTICE
## M.V VIKING AMBER VOY:NO(2)

Consignees of cargo carried by M.V VIKING AMBER VOY: NO. (2) are here by notified that the vessel will arrive on about 28-9-15 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 4:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါ ပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့် အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈

**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း
## ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီး

(၁)စစ်ကိုင်းတိုင်းဒေသကြီး၊ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနမှ အောက်ဖော်ပြပါ လုပ်ငန်းများအား ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်လိုပါသဖြင့် အိတ်ဖွင့်တင်ဒါဖိတ်ခေါ်အပ်ပါသည်။

| စဉ် | လုပ်ငန်းအမည် | အရေအတွက် |
|---|---|---|
| က။ | ယင်းမာပင်ခရိုင်၊ ညောင်ပင်ကြီးလျှပ်စစ်မြစ်ရေတင်လုပ်ငန်း ရေပေးမြောင်းများအား(ဘိလပ်မြေ+ပိုဇိုလန်)ကွန်ကရစ်လိုင်နင်စီခြင်း | ၃၅၂၅ ပေ |
| ခ။ | မုံရွာခရိုင်၊ ရေဘုတလင်လျှပ်စစ်မြစ်ရေတင်လုပ်ငန်းရေပေးမြောင်းများအား (ဘိလပ်မြေ+ပိုဇိုလန်)ကွန်ကရစ်လိုင်နင်စီခြင်း | ၄၂၀၀ ပေ |
| ဂ။ | ရေကြီး၊ ရေလျှံမှုကြောင့် ရေဘုတလင်၊ ညောင်ပင်ကြီး၊ အမြင့်လျှပ်စစ်မြစ်ရေတင်လုပ်ငန်းများ၏ရေပေးမြောင်းများပျက်စီးမှုအားပြုပြင်ရန် ဒီဇယ်ဆီဝယ်ယူခြင်း | ၂၀၁၉၃ဂါလန် |
| ဃ။ | ရေဘုတလင်(မြသိန်းတန်)လျှပ်စစ်မြစ်ရေတင်စီမံကိန်းအတွက် လျှပ်စစ်ပိုင်းဆိုင်ရာ တည်ဆောက်ရေးပစ္စည်းများဝယ်ယူခြင်း | ၁-စုံ |
| င။ | စစ်ကိုင်း၊ မုံရွာ၊ ရွှေဘို၊ အရာတော်၊ ဒီပဲယင်း၊တန့်ဆည်၊ ဝက်လက်၊ ချောင်းဦး၊ မြောင်၊ မြင်းမူ၊မင်းကင်းမြို့နယ်များတွင် စိုက်ပျိုးရေ စက်ရေတွင်းတူးဖော်ခြင်း | ၂၅၀ တွင်း |

(၂) **တင်ဒါလျှောက်လွှာ ပုံစံရောင်းချမည့်ရက်** - ၂၄-၉-၂၀၁၅ရက်
(၃) **တင်ဒါပုံစံအရောင်းပိတ်မည့်ရက်** - ၃၀-၉-၂၀၁၅ရက် ၁၆း၀၀နာရီ
(၄) **ကုမ္ပဏီ၏အချက်အလက်တင်ပြရန်နောက်ဆုံးရက်** - ၇-၁၀-၂၀၁၅ရက်
(၅) **တင်ဒါဖွင့်မည့်ရက်/အချိန်** - ၁၂-၁၀-၂၀၁၅ရက် နံနက် ၁၀ နာရီ

(၆) တင်ဒါလျှောက်လွှာပုံစံများကို ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီးရုံးတွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း-၀၇၁-၂၆၅၂၆၊ ၀၇၁-၂၃၂၅၄၊ ၀၇၁-၂၃၆၂၄တို့သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးကော်မတီ**
**ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန**
**စစ်ကိုင်းတိုင်းဒေသကြီးရုံး၊ မုံရွာမြို့**

## ယာဉ်မှတ်ပုံတင် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် အ/၁၂၇၅ ယာဉ်လက်ဝယ်ရှိသူ ဦးမောင်မောင်ဦး ၅/ရဘန(နိုင်)၁၂၃၆၆၂၈ (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (ရွှေဘို)ရွှေဘိုမြို့**

## ဖခင်အမည်မှန်

ကန့်ဘလူမြို့နယ် ဇီးကုန်း အထက တက္ကသိုလ်ဝင်တန်း(F)မှ မသဲစုနှင်း၊ အဌမတန်း(C)မှ မနွယ်နွယ်အောင်နှင့် ဆဌမတန်း(C)မှ မောင်ငြိမ်းချမ်းကိုတို့၏ ဖခင်အမည်မှန် မှာ ဦးမြင့်ချို ၅/ကဘလ(နိုင်)၁၇၇၇၀၅ ဖြစ်ပါသည်။ **ဦးမြင့်ချို**

## ဖခင်အမည်မှန်

ကန့်ဘလူမြို့နယ်၊ ဇီးကုန်း အထက တက္ကသိုလ်ဝင်တန်း(F)မှ မပိုးပိုးဦး၏ ဖခင်အမည်မှန်မှာ မောင်ဦးဦး ၅/ကဆလ(နိုင်)၀၅၁၆၅၂ ဖြစ်ပါသည်။

**မောင်ဦးဦး**

## ဖခင်အမည်မှန်

ရွှေဘိုမြို့၊ အထက(၃) တက္ကသိုလ်ဝင်တန်း(A)မှ မောင်ဖိုးချွန်နှင့် ရွှေဘိုမြို့နယ်၊ ပိတ္တော အလက(ခွဲ)အဌမတန်းမှ မခိုင်ဇာထွန်းတို့၏ ဖခင်အမည်မှန်မှာ ဦးထွန်းထွန်းဦး ၅/ရဘန(နိုင်)၁၅၅၃၆၁ ဖြစ်ပါသည်။ **ဦးထွန်းထွန်းဦး**

[illegible]

ဥတုရာသီ တောကိုမှီ


နိုင်ငံတကာသတင်း

# ဆိုင်ဘာလုံခြုံရေးနှင့် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု ကောင်းမွန်တိုးတက်ရန် တရုတ်သမ္မတ ကတိပေး

**ဆီယက်တယ် စက်တင်ဘာ ၂၄**



နှစ်နိုင်ငံဆက်ဆံရေး နွေးထွေးစေရန်နှင့် အမေရိကန်နိုင်ငံ၏ စီးပွားရေး ကောင်းမွန်သွက်လက်လာစေရန် အတွက် တရုတ်သမ္မတ ရှီကျင့်ဖျင်က အောက်တိုဘာ ၂၃ ရက်တွင် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုအပေါ် ကန့်သတ်ချက်များ လျှော့ချပေးရန် အခိုင်အမာကတိကဝတ်ပြုခဲ့သည်။ တစ်ချိန်တည်းမှာပင် တရုတ်နိုင်ငံ၏ အင်တာနက်လုပ်ငန်းဆိုင်ရာ အကြီးအကဲအနေဖြင့် ယခုအပတ်နှောင်းပိုင်းတွင် ဆိုင်ဘာပဋိပက္ခအပေါ် အခြေခံသဘောတူညီမှုများကို မကြာမီ အုတ်မြစ်ချဖွယ်ရှိသည်။

တရုတ်သမ္မတရှီကျင့်ဖျင် အမေရိကန်နိုင်ငံသို့ မသွားမီ အနောက်ဘက်ကမ်းရိုးတန်းဒေသ၌ ခဏတာရပ်နားစဉ် အမေရိကန်ကုမ္ပဏီများနှင့် တရုတ်နိုင်ငံတို့ ပူးပေါင်းဆောင်ရွက်မှုကို အလေးပေးရန် ကမ်းလှမ်းခံခဲ့ရ သည်။ ဝါရှင်တန်၌ တရုတ်သမ္မတသည် တောင်တရုတ်ပင်လယ်ကိစ္စမှ လူ့အခွင့်အရေးထိဆက်ဆံရေး နယ်ပယ်ကဏ္ဍနှင့်ပတ်သက်ပြီး ဆွေးနွေးပြောကြားမည်ဖြစ်သည်။

ပွင့်လင်းသော စီးပွားရေးစနစ်သစ်တစ်ခုကို ကြိုးစားဖန်တီးရမည်ဖြစ်ကြောင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စီမံခန့်ခွဲရေး ပြုပြင်ပြောင်းလဲမှုများကိုလည်း ရှေ့တိုးလုပ်ဆောင်သွားရ မည်ဖြစ်ကြောင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများအပေါ် ကန့်သတ်ချက်များကို အများအပြားလျှော့ချရမည်ဖြစ်ကြောင်း တရုတ်သမ္မတရှီကျင့်ဖျင်က အပ်ပဲလ်၏ အမှုဆောင်အရာရှိချုပ် တင်မ်ကွတ်ခ်နှင့် ဘက်ခ်ရှိုင်းယားဟာယ်သာဝေး၏ ဝရန်ဘက်ပ်ဖက်တ်တို့ အပါအဝင် အခြားအရေးကြီးပုဂ္ဂိုလ်များနှင့် ဆီယက်တယ်မြို့၌ တွေ့ဆုံစဉ် ပြောကြားခဲ့သည်။

ဂျီအမ်နှင့်ဖို့ဒ်စီးပွားရေးလုပ်ငန်းစုများမှာ တရုတ်နိုင်ငံ၌ ရင်းနှီးမြှုပ်နှံမှု တိုးချဲ့မည်ဖြစ်ကြောင်း တရုတ်သမ္မတရှီက ပြောခဲ့သည်။ ဘိုးရင်းကုမ္ပဏီကလည်း တရုတ်တွင် လေယာဉ်အချောသပ်တပ်ဆင်စက်ရုံတည်ဆောက်ရန် အစီအစဉ်ကို ကြေညာခဲ့သည်။ တရုတ်နိုင်ငံ၏ ထိပ်တန်းအင်တာနက်ဝန်ဆောင်မှု ကုမ္ပဏီကလည်း တရုတ်နှင့် အမေရိကန်နှစ်နိုင်ငံပေါင်းကာ ရာဇဝတ်မှုနှင့် သူလျှိုဆိုင်ရာ ဆိုင်ဘာလုံခြုံရေးကိစ္စရပ်များကို အတူတကွ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ပြောခဲ့သည်။

မိမိတို့သည် တစ်လှေတည်းစီး တစ်ခရီးတည်းသွားနေကြသူများ ဖြစ်ကြောင်း(၈)ကြိမ်မြောက် အမေရိကန်-တရုတ် အင်တာနက်လုပ်ငန်းဆိုင်ရာ ဖိုရမ်နှစ်ပတ်လည်အခမ်းအနားတွင် လုဝေက ပြောကြားသည်။ မိမိတို့အနေဖြင့် တစ်ခုတည်းသော ရွေးချယ်စရာမှာ အတူတကွပူးပေါင်း လုပ်ဆောင်ရန်ဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။ **(ရိုက်တာ)**

# ဆော်ဒီအာရေဗျနိုင်ငံရှိ လူအုပ်ပြိုမှု ဟာ့ဂျ်ဘုရားဖူး ၇၁၇ ဦးထက်မနည်းသေဆုံး၊ ၈၀၅ ဦး ဒဏ်ရာရရှိ

**မီနာ(ဆော်ဒီအာရေဗျ) စက်တင်ဘာ ၂၄** ဂျေတီ

ဟာ့ဂျ်(Haj)ဘုရားဖူးခရီးထွက်ကြသူ နှစ်သန်းကျော် ဘုရားဖူးလျက်ရှိရာ ဆော်ဒီအာရေဗျနိုင်ငံရှိ သန့်ရှင်းမြင့်မြတ်သော မက္ကာမြို့အပြင်ဘက်တွင် စက်တင်ဘာ ၂၄ ရက်က လူအုပ်ပြိုမှုတစ်ခုဖြစ်ပွားခဲ့ရာ ဘုရားဖူး ၇၁၇ ဦး ထက်မနည်း သေဆုံးပြီး ၈၀၅ ဦးဒဏ်ရာရရှိခဲ့ကြောင်း ဆော်ဒီအာဏာပိုင်များက ပြောကြားသည်။

အဆိုပါလူအုပ်ပြိုမှုမှာ မက္ကာမြို့မှ အရှေ့ဘက် ကီလိုမီတာအနည်းငယ်ခန့်အကွာတွင်တည်ရှိသော မီနာမြို့၌ ဘုရာဖူးများ နောက်ဆုံးပြုလုပ်ရမည့်အဆင့်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း၊ ဟာ့ဂျ်ဘုရားဖူးများသည် လွန်ခဲ့သည့်နှစ်များကတည်းက လူအုပ်ပြိုမှုများ၊ ရွက်ဖျင်တဲများမီးလောင်မှုနှင့် အခြားရုန်းရင်းဆန်ခတ်မှုများအပါအဝင် သေဆုံးမှုဖြစ်စဉ်များနှင့် ကြုံတွေ့လျက်ရှိကြောင်း၊ သို့သော် ဆော်ဒီအာရေဗျအစိုးရက အဆိုပါ ဘုရားကျောင်း၏ အခြေခံအဆောက်အအုံနှင့် လူအုပ်ထိန်းသိမ်းရေးဆိုင်ရာ နည်းပညာများကို ကန်ဒေါ်လာဘီလီယံနှင့်ချီသုံးစွဲပြီး မကြာသေးခင်နှစ်များက အဆင့်မြှင့်တင်ခဲ့ရာ မက္ကာဘုရားဖူးများ၏ သေဆုံးမှုမှာ မကြာသေးခင်နှစ်များကတည်းက များစွာလျော့ကျလာခဲ့သည်ကို တွေ့ရကြောင်း၊ ယခုဖြစ်ပွားသည့် သေဆုံးမှုမှာ ၁၉၉၀ ပြည့်နှစ် ဇူလိုင်လက ဘုရားဖူးခရီးထွက်သူ ၁၄၂၆ ဦး သေဆုံးမှုဖြစ်ပွားသည့် လူအုပ်ပြိုမှုဖြစ်ပွားခဲ့ချိန် နောက်ပိုင်း အဆိုးရွားဆုံးသေဆုံးမှုဖြစ်ကြောင်းဖြင့် သတင်း၌ ဖော်ပြထားသည်။

မီနာအရပ်တွင် ဘုရားဖူးသူများက နတ်ဆိုးကို ကျောက်ခဲဖြင့်ပစ်ပေါက်သည့် လုပ်ငန်းစဉ်အတောအတွင်း ဘုရားဖူးများစုပြုံရောက်ရှိခဲ့ကြရာမှ အချင်းချင်းနင်းမိကြပြီး ယခုကဲ့သို့ သေဆုံးမှုများဖြစ်ပေါ်လာခဲ့ခြင်းဖြစ်သည်။ ထို့ပြင် မက္ကာမြို့တွင် မကြာသေးမီက ဟာ့ဂျ်ဘုရားဖူးခရီးစဉ်အတွက် ကြိုတင်ပြင်ဆင်မှုများပြုလုပ်နေစဉ် ဝန်ချီစက်တစ်ခုပြိုကျမှုဖြစ်ပွားခဲ့ရာ လူ ၁၀၉ ဦး သေဆုံးခဲ့သည်။ ငါးရက်ကြာပြုလုပ်သည့် အဆိုပါ ဟာ့ဂျ်ဘုရားဖူးခရီးစဉ်ကို စက်တင်ဘာ ၂၂ ရက်မှ စတင်ခဲ့ရာ ဘုရားဖူးများသည် အာရဖတ်တောင်သို့မသွားခင် မီနာမြို့သို့ သွားရောက်ခဲ့ကြခြင်းဖြစ်သည်။

**(ရိုက်တာ)**

◆ *ကျော်ဖုံးမှ*

သူ့အမြတ်အစွန်းကို ကျပ်လေးငါးဆယ်ခန့်ထိပါးစေကြောင်း တဖျစ်တောက်တောက်ဖြင့် အပြစ်တင်သည်။

နိုင်ငံတွင်း ပုဂ္ဂလိကစက်သုံးဆီနှင့် နိုင်ငံပိုင်စက်သုံးဆီဆိုင်များမှာ စက်တင်ဘာ ၁၅ ရက်အထိ စုစုပေါင်း ၁၆၁၂ ဆိုင်နှင့် သိုလှောင်ကန်ခြောက်ခုခန့်ရှိသည်။ နိုင်ငံတစ်ဝန်းဆိုင်များ၏ နေ့စဉ်ရောင်းချနေကြသည့် စက်သုံးဆီဈေးနှုန်းများမှာ ကွာခြားမှုရှိပြီး အမည်တူဆိုင်များပင်လျှင် မြို့နယ်အလိုက် ဈေးနှုန်းမတူကွဲပြားသည်ကို မြင်တွေ့ရသည်။

"သယ်ယူပို့ဆောင်မှုတွေကြောင့် ဈေးတွေကိုပြောင်းရတယ်။ လမ်းတံတားကြေးတွေကြောင့်လည်း ကုန်ကျစရိတ်ကတက်ရတယ်။ မြေဈေးကြီးမြင့်တာတွေနဲ့ အခြားအခွန်အခတွေကြောင့် စက်သုံးဆီဈေးကို ညှိနှိုင်းပေးပေမယ့် အခက်အခဲတွေ အများကြီးရှိတယ်။ ဒါ့အပြင် ဗဟိုဘဏ်ရည်ညွှန်းဈေးနဲ့ ဝယ်ခွင့်ပေးပေမယ့် ရည်ညွှန်းဈေးမြင့်လာတာတွေလည်း ပါဝင်ပါတယ်။ စွမ်းအင်ဝန်ကြီးဌာနအနေနဲ့ ၂၀၁၀ ပြည့်နှစ်ကတည်းက open market ကို ဖွင့်ပေးခဲ့ပါတယ်။ သို့သော် ဆိုင်အများစုက နိုင်ငံတကာမှာ ဈေးနှုန်းတွေကျတဲ့အခါ ချက်ချင်းဈေးချပေးဖို့အတွက် အကြောင်းပြချက်မျိုးစုံပြပြီး လက်နှေးနေပေမယ့် နိုင်ငံတကာဆီဈေးတက်လာပြီဆိုရင်တော့ အချိန်နဲ့တစ်ပြေးညီ ဈေးလိုက်တက်ကြတာတွေရှိနေတယ်" ဟု စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံထွက်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသန့်စင်က ပြောကြားသည်။

ကမ္ဘာ့စက်သုံးဆီဈေးသည် ကုန်ကြမ်းဖြစ်သည့် ရေနံစိမ်းပေါ်တွင် အခြေခံပြီး ၂၀၁၄ခုနှစ် ဇွန်လအထိ ရေနံစိမ်းတစ်စည်လျှင် ကန်ဒေါ်လာ ၁၀၀နှင့်အထက်ရှိခဲ့ပြီး ဈေးနှုန်းလှုပ်ခတ်မှုများ တောက်လျှောက်ဖြစ်ပေါ်ခဲ့ရာ ယခုအခါ ရေနံစိမ်းတစ်စည်လျှင် ကန်ဒေါ်လာ ၄၉ ဝန်းကျင်သာရှိတော့သဖြင့် ကုန်ချောဖြစ်သည့် စက်သုံးဆီဈေးများ လိုက်ပါကျဆင်းလာခဲ့သော်လည်း ပြည်တွင်းစက်သုံးဆီဈေးနှုန်းများမှာမူ လိုက်ပါကျဆင်းခြင်းမရှိသေးကြောင်း စီးပွားရေးသမားများက သုံးသပ်သည်။

၂၀၁၄ နှစ်လယ်မှ ယခုနှစ်ဆန်းမတိုင်မီအထိ ပြည်တွင်းစက်သုံးဆီဈေးများမှာ အမြင့်ပိုင်းတွင်ရှိခဲ့ပြီး ဝေဖန်မှုများကြောင့် ယခုနှစ်ဆန်းတွင် တစ်လီတာလျှင် ငွေကျပ် ၁၀၀ ဝန်းကျင် ကန့်သတ်လျှော့ချပေးခဲ့သည်။ တင်သွင်းမှုကို လေ့လာကြည့်ရာ ၂၀၁၀ ပြည့်နှစ်မတိုင်မီက တစ်နှစ်လျှင် ဓာတ်ဆီဂါလန်သန်းပေါင်း ၁၁ ဒသမ ၅၁၄၊ အောက်တိန်း ၉၂ ဂါလန်သန်းပေါင်း ၀ ဒသမ ၂၅၄ နှင့် ဒီဇယ်ဂါလန်သန်းပေါင်း ၁၃ ဒသမ ၃၁သာ တင်သွင်းခဲ့ရာမှ ယခုအခါ တစ်နှစ်လျှင် ဓာတ်ဆီဂါလန်သန်းပေါင်း ၅ ဒသမ ၈၆၉၊ အောက်တိန်း ၉၂ ဂါလန်သန်းပေါင်း ၃၆ ဒသမ ၈၂၈နှင့် ဒီဇယ်ဂါလန်သန်းပေါင်း ၅၅ ဒသမ ၁၄၂ အထိ မြင့်တက်လာခဲ့ကြောင်း စွမ်းအင်ဝန်ကြီးဌာန၏ အချက်အလက်များအရ သိရှိရသည်။

"ဆီဈေးမကျတာက ငွေကြေးတန်ဖိုးကြောင့်လည်း ဖြစ်နိုင်တယ်။ ဥပမာပြောရရင် ဆီတစ်ဂါလန်ကို နှစ်ဒေါ်လာဖြစ်တယ်ထားလိုက်ရင် မြန်မာငွေနဲ့တွက်မယ်ဆိုရင် လွန်ခဲ့တဲ့နှစ် ငွေကြေးပေါက်ဈေးက တစ်ဒေါ်လာကို ၈၀၀ ကျပ်ဖြစ်ရင် ၁၆၀၀ကျပ်ကျပါလိမ့်မယ်။ အခုချိန်မှာ နှစ်ဒေါ်လာကို ၂၆၀၀ကျပ်နဲ့ဝယ်ယူကြရပါလိမ့်မယ်။ နိုင်ငံတကာ ဆီဈေးကျလို့ တစ်ဒေါ်လာနဲ့ ဝယ်ရတယ်ဆိုရင်တောင် ရောင်းဈေးဟာ ဒေါ်လာဈေးမြင့်တဲ့အတိုင်း ၁၃၀၀ ကျပ်ဝန်းကျင်နဲ့ ဝယ်ယူကြရမှာဖြစ်လို့ အခုလည်း ဈေးမကျရခြင်းဟာ ငွေကြေးတန်ဖိုးကြောင့် အများကြီးမူတည်တယ်" ဟု ဦးသန့်စင်က ဥပမာပေးသည်။

ဆီတင်သွင်းခြင်းတွင်လည်း ယခင်က နယ်စပ်မှတင်သွင်းခြင်းသာရှိခဲ့ပြီး ယခုအခါ သင်္ဘောဖြင့် ဆိပ်ကမ်းအရောက် စီအိုင်အက်ဖ် တန်ဖိုးသတ်မှတ်တင်သွင်းခြင်းများကို လုပ်ငန်းရှင်များက ဆောင်ရွက်လာကြောင်း၊ နယ်စပ်မှတင်သွင်းသူများက ဆီဘောက်ဆာ ကားများကိုအသုံးပြုခြင်းကြောင့် ပမာဏအနည်းငယ်သာ တင်သွင်းနိုင်သဖြင့် ဈေးနှုန်းကြီးမြင့်ရပြီး ပင်လယ်ရေကြောင်းမှ တင်သွင်းသူများကမူ မက်ထရစ်တန်ထောင်သောင်းခန့် ပမာဏများပြားစွာ သယ်ယူနိုင်သဖြင့် ဈေးနှုန်းအရ သက်သာမှုရှိကြောင်း စက်သုံးဆီတင်သွင်းသူများထံက သိရသည်။

"ကမ္ဘာ့ရေနံဈေးက ကျဆင်းလာပြီး စက်သုံးဆီဈေးနှုန်းတွေလည်း ကျဆင်းနေတာကို တွေ့ရမှာပါ။ မြန်မာနိုင်ငံက စွမ်းအင်ကဏ္ဍကို အဓိကပို့ကုန်အဖြစ် တင်ပို့နေတဲ့ နိုင်ငံဖြစ်တာကြောင့် ဈေးနှုန်းတည်ငြိမ်ဖို့မျှော်လင့်တယ်။ နိုင်ငံကို ပိုပြီးကောင်းမွန်အောင် တည်ဆောက်နေချိန်မှာ ဝင်ငွေလျော့ကျတာက ဆုံးရှုံးရသလို တက်ဈေးနဲ့ တင်သွင်းရတာလည်း ထိခိုက်ပါတယ်။ ပြည်သူတွေအတွက် အမှန်တကယ် အရည်အသွေးပြည့်မီတဲ့ စက်သုံးဆီတင်သွင်းဖို့လိုအပ်တယ်။ မော်တော်ကားတွေလည်း အများကြီးတင်သွင်းခွင့် ပြုထားသလို မော်တော်ယာဉ်နဲ့ ဆက်စပ်တဲ့ထုတ်ကုန်ပစ္စည်းတွေ၊ စက်သုံးဆီတွေ၊ အပိုပစ္စည်းတွေနဲ့ နည်းပညာတွေကို ဈေးသက်သာစွာနဲ့ တင်သွင်းတာဖြစ်ဖြစ် ပြည်တွင်းမှာ ထုတ်တာဖြစ်ဖြစ် မြှင့်တင်ဖို့ လိုအပ်နေပါသေးတယ်" ဟု ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်က စက်သုံးဆီနှင့်ပတ်သက်ပြီး ပြောကြားသည်။

၂၀၁၀ ပြည့်နှစ်မှ စတင်ကာ စက်သုံးဆီတင်သွင်း ရောင်းဝယ်ဖြန့်ဖြူးရောင်းချခြင်း လုပ်ငန်းများကို တိုင်းရင်းသား လုပ်ငန်းရှင်များအား လုပ်ပိုင်ခွင့်ပေးခဲ့သည့်အတွက် ယခင်က ဆီဆိုင်များတွင်တန်းစီကာ စောင့်ဆိုင်းဝယ်ယူခဲ့ရသည့် အနေအထားကို ကျော်ဖြတ်ခဲ့ပြီးဖြစ်သော်လည်း စက်သုံးဆီဈေးနှုန်းများကို နိုင်ငံတကာဈေးနှုန်းအတိုင်း အချိန်နှင့်တစ်ပြေးညီ ရောင်းချနိုင်ရန်အတွက် စက်သုံးဆီရောင်းချသူများအနေဖြင့် အဖြေရှာသင့်ကြောင်း စီးပွားရေးကျွမ်းကျင်သူများက သုံးသပ်ကြသည်။

"လုပ်ပိုင်ခွင့်တွေပေးလိုက်တော့ တင်သွင်းကြတယ်။ ဖြန့်ဖြူးကြတယ်။ တစ်ဆိုင်နဲ့တစ်ဆိုင် ဝန်ဆောင်မှုတွေ အပြိုင်အဆိုင်ပေးကြတယ်။ ဒါပေမယ့် အဓိကပြိုင်ဆိုင်ရမှာက ပမာဏအများကြီးရောင်းချနိုင်ဖို့ဖြစ်ပါတယ်။ သို့သော် ဈေးနှုန်းပိုင်းမှာ တစ်ဆိုင်နဲ့တစ်ဆိုင် အပြိုင်အဆိုင် ဈေးတင်းမာနေကြတာကိုတွေ့ရတယ်။ လေ့လာကြည့်တဲ့အခါ စက်သုံးဆီလုပ်ငန်းကြီးတွေက ဆီတင်သွင်းတယ်။ အကောက်ခွန်ကြေးနဲ့ ကုန်သွယ်ခွန်ကို ပေးဆောင်ကြတယ်။ ကိုယ်တိုင်တင်သွင်းရောင်းချသူတွေဟာ တင်သွင်းတာရော ဖြန့်ဖြူးရောင်းချတာရော ကိုယ်တိုင်မို့ အခွန်မှာလည်း သက်သာမှုရှိပါတယ်။ သူတို့ဆီက တစ်ဆင့်ပြန်ဝယ်တဲ့ ဆိုင်သေးတွေကျတော့ သူတို့ဆိုင်ကြီးတွေလို အခွန်နှုန်းထား လျှော့နည်းတာမရှိတာကြောင့် ဈေးကိုလျှော့မရောင်းနိုင်တော့ ဈေးကမြင့်ရတယ်။ ဒါပေမယ့်လည်း ကိုယ်တိုင်သွင်းတဲ့သူတွေက ဆိုင်သေးတွေအတိုင်းလိုက်ရောင်းကြတာဆိုတော့ တံခါးဖွင့်လုပ်ကိုင်ခွင့်ပေးပြီး ငါးနှစ်အတွင်းမှာ စက်သုံးဆီလုပ်ငန်းရှင်တစ်ဦးမှ အရှုံးပေါ်တာမျိုးမကြုံဖူးဘူး"ဟု စက်သုံးဆီဈေးကွက်အား စောင့်ကြည့်လေ့လာသူတစ်ဦးက ပြောသည်။

စက်သုံးဆီလုပ်ငန်းရှင် အများစုက ဈေးနှုန်းများကို အပြိုင်အဆိုင်တင်းခံနေကြသည်မှာ ဈေးကွက်ယှဉ်ပြိုင်မှုမဟုတ်ကြောင်း၊ ဝန်ဆောင်မှုကိုမြှင့်တင်ကာ ဈေးနှုန်းကို နိုင်ငံတကာနှင့်အညီ ဆောင်ရွက်ပေးနိုင်မှသာ ပိုမိုကောင်းမွန်သည့် ဈေးကွက်တစ်ခုဖြစ်လာနိုင်ကြောင်း ဦးဆောင်ညွှန်ကြားရေးမှူးက အကြံပြုပြောကြားသည်။

"ကျွန်တော်တို့အနေနဲ့ လုပ်ပိုင်ခွင့်တွေအားလုံးကိုပေးထားပေမယ့် စက်သုံးဆီတင်သွင်းရောင်းချသူတွေဘက်က မျှော်မှန်းသလောက် ဈေးနှုန်းကျဆင်းခြင်းမရှိတဲ့အတွက် စက်သုံးဆီဈေးနှုန်း ထိန်းသိမ်းရေးအဖွဲ့ကိုလည်းဖွဲ့စည်းပြီး ကမ္ဘာ့ရေနံဈေးနှုန်းနဲ့ အညီဖြစ်စေဖို့ ထိန်းညှိပေးနေပါတယ်" ဟု ဆက်လက်ပြောကြားသည်။

"ဓာတ်ဆီဆိုင်ကြီးကနေတစ်ဆင့်ပြန်ဝယ်ရောင်းတာ။ ဆိုင်ကြီးတွေက တက်ဈေးနဲ့မိတော့ ကျွန်တော်တို့လည်း ဈေးကအမြင့်ဈေးတွေနဲ့ ရောင်းနေရတယ်။ ပြီးခဲ့တဲ့လက ဆိုင်ကို ဈေးများတယ်ဆိုပြီး သက်ဆိုင်ရာက လာစစ်တယ်။ အရောင်းသမားတွေက ဝယ်ထားတဲ့ဘောက်ချာတွေကို အကုန်ထုတ်ပြတော့မှ ပြေလည်သွားတယ်။ ရန်ကုန်မှာ နေ့စဉ်ဈေးတွေပြောင်းတာ ကျွန်တော်တို့မသိဘူး။ နယ်တွေမှာတော့ ရန်ကုန်နဲ့ မတရားကြီးဈေးကွာမှသာ သုံးလေးရက်တစ်ခါကြည့်ပြီး ဈေးအပြောင်းအလဲရှိတယ်"ဟု ပျဉ်းမနား-တပ်ကုန်း ကားလမ်းမကြီးပေါ်မှ စက်သုံးဆီအရောင်းဆိုင်တစ်ဆိုင်မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

နည်းပညာမြင့် မော်တော်ယာဉ်များတင်သွင်းခွင့်ရရှိထားသဖြင့် စက်သုံးဆီသုံးစွဲမှု မြင့်မားလာချိန်တွင် အိမ်နီးချင်းနိုင်ငံများ၏ စက်သုံးဆီလက်လီဈေးနှုန်းများမှာ ငွေလဲလှယ်နှုန်းထားအရ မြန်မာနိုင်ငံထက်ပင် ပိုမိုမြင့်မားနေသေးကြောင်း စက်သုံးဆီလုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။

"ရေနံစိမ်းဈေးကျပေမယ့် ကုန်ချောဆီဈေးနှုန်းတွေကို နှိုင်းယှဉ်ရင် စင်ကာပူက လက်လီဈေးနှုန်းထက် ကျွန်တော်တို့ဆီကတောင် ပိုပြီးသက်သာတာကို တွေ့ရပါတယ်။ လက်ရှိ စင်ကာပူမှာ အောက်တိန်း ၉၂ တစ်ဂါလန်ကို ၇ ဒေါ်လာဝန်းကျင်ရှိပြီး မြန်မာမှာတော့ ငွေကျပ် ၃၂၀၀ ကျော်သာကျပါတယ်။ ဆီဆိုင်တွေအနေနဲ့ ငွေကြေးတန်ဖိုးပေါ်မူတည်ပြီး ဈေးကစားကြတယ်" ဟု စက်သုံးဆီတင်သွင်းဖြန့်ဖြူး ရောင်းချသည့် လုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။

ဆီဆိုင်တိုင်းတွင် ဂါလန်စံခွက်ကိုထားရှိပြီး စစ်ဆေးသူများနှင့် ဝယ်ယူသူမည်သူမဆို ခြင်တွယ်အသုံးပြုနိုင်ရန် သက်ဆိုင်ရာက ညွှန်ကြားထားကာ စစ်ဆေးရေးအဖွဲ့များဖွဲ့၍ ဈေးနှုန်းနှင့် အရည်အသွေးကို တစ်နိုင်ငံလုံးတွင် ရှောင်တခင်စစ်ဆေးပေးလျက်ရှိပြီး အရောင်းဆိုင်များအပြင် ဆီလှောင်ကန်များကိုလည်း Mobile Fuel Lab များဖြင့် စစ်ဆေးပေးလျက်ရှိကြောင်း၊ နောက်ပိုင်းတွင် သယ်ယူပို့ဆောင်ရေးများနှင့် စက်သုံးဆီအရောင်းဆိုင်များကို ခေတ်မီအရောင်းဆိုင်များအဖြစ် ကူးပြောင်းနိုင်ရန်အတွက် အဆင့်ဆင့်ပညာပေးကာ ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံထွက်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးက ပြောကြားသည်။

"ဝယ်ယူသူအများစုက ဈေးနှုန်းထက် ကိုယ်ဆီထည့်နိုင်တဲ့ ငွေပမာဏကိုသာ အဓိကပြောလာကြတယ်။ ဈေးနှုန်းဆယ်ဂဏန်းအထိ ကွာနေရင်တောင် သတိမထားတော့ဘူး။ အချို့ဆိုရင် ဈေးကနိမ့်နေရင်တောင် ဆီအရည်အသွေး မပြည့်မီတာတွေရောင်းတယ်လို့ ထင်တာလည်းရှိတယ်။ စက်သုံးဆီမှာက ဈေးနှုန်းထက် ဝန်ဆောင်မှုကောင်းပြီး အခြင်အတွယ်ပြည့်မီဖို့က ပိုအရေးကြီးတယ်လို့ ထင်ပါတယ်။ ဈေးတွေကတော့ များနေလည်း ဆယ်ဂဏန်းလောက်ဆိုတော့ မဖြစ်မနေသုံးရမယ့်သူတွေက ဝယ်ကြပါလိမ့်မယ်။ ပြည်တွင်းမှာတော့ အကြောင်းအမျိုးမျိုးကြောင့် ဈေးပိုပေးရတာတွေ လုံးဝမပျောက်သွားသေးဘူး" ဟု စက်သုံးဆီဝယ်ယူသူတစ်ဦးက ပြောကြားသည်။

ထို့ပြင် စွမ်းအင်ဝန်ကြီးဌာနမှ နောက်ဆုံးရသည့် သတင်းအချက်အလက်များအရ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းအား နိုင်ငံတကာအတွေ့အကြုံရှိ ပြည်ပကုမ္ပဏီတစ်ခုနှင့် အကျိုးတူဖက်စပ်ဆောင်ရွက်ခြင်းကို လာမည့်ဘဏ္ဍာနှစ်အတွင်း လုပ်ဆောင်သွားရန်စီစဉ်နေခြင်းကြောင့် ဈေးကွက်ယှဉ်ပြိုင်မှုတွင် ပိုမိုအားကောင်းလာကာ ပုဂ္ဂလိကနှင့် အစိုးရဖက်စပ်လုပ်ငန်းတို့အကြား ဈေးကွက်ယှဉ်ပြိုင်မှုမှ တစ်ဆင့် ဈေးနှုန်းများ ကျဆင်းလာနိုင်ကြောင်း ခန့်မှန်းရသည်။

"ပုဂ္ဂလိကအနေနဲ့ အနာဂတ်မှာ တစ်ဦးပိုင်ကနေ အများပိုင်ကုမ္ပဏီတွေ ထူထောင်ပြီး လုပ်ငန်းချဲ့ထွင်နိုင်ပါတယ်။ လက်ရှိမှာတော့ ဆိုင်အများစုရဲ့ ဈေးနှုန်းတွေကို ဝန်ကြီးဌာနအနေနဲ့ ကန့်သတ်ပေးဖို့ မဖြစ်နိုင်တဲ့အတွက် မြန်မာနိုင်ငံ စက်သုံးဆီတင်သွင်းရောင်းချဖြန့်ဖြူးသူများအသင်းက တာဝန်ရှိသူတွေနဲ့တိုင်ပင်ပြီး ထိန်းညှိပေးတာတွေကို ဆက်လက်ဆောင်ရွက်ပေးနေပါတယ်" ဟု ဖြန့်ဖြူးရောင်းချရေးဌာနမှ ညွှန်ကြားရေးမှူး ဦးမြင့်ဇော်က ပြောကြားသည်။

ထို့ပြင် အဆင့်မြင့်မော်တော်ကားများကို ပိုမိုသုံးစွဲလာကြသည့်အတွက် အောက်တိန်း ၉၂၊ ၉၅စသည့် စက်သုံးဆီများအပြင် စက်သုံးဆီလုပ်ငန်းရှင်များ တင်ပြတောင်းဆိုထားသည့် အောက်တိန်း ၉၇ ကိုပါ တင်သွင်းနိုင်ရန် စိစစ်ခွင့်ပြုချက်များပေးအပ်သွားရန်ရှိပြီး လိုအပ်ချက်ရှိပါက အခြားနိုင်ငံများနည်းတူ အောက်တိန်း ၁၀၀နှင့် စူပါစက်သုံးဆီအမျိုးအစားများကိုလည်း တိုးချဲ့တင်သွင်းသွားရန် နှစ်အလိုက်အစီအစဉ်များ ချမှတ်ထားကြောင်း သိရှိရသည်။

"ဆီဆိုင်တွေဘက်မှာလည်း ရင်းနှီးမြှုပ်နှံမှု ကွာခြားချက်တွေကြောင့် ဈေးနှုန်းတစ်ပြေးညီသတ်မှတ်ဖို့ရာမှာ မူဝါဒချမှတ်ဖို့ မလွယ်ပါဘူး။ စက်သုံးဆီဆိုင် ဖွင့်ဖို့အတွက် သတ်မှတ်ချက်တွေ အများကြီးရှိပြီး နိုင်ငံပိုင်စက်သုံးဆီအရောင်းဆိုင်တွေကို ရရှိထားတဲ့ လုပ်ငန်းရှင်တွေအဖို့ ရင်းနှီးမြှုပ်နှံမှုက သက်သာပြီး ပုဂ္ဂလိကစစ်စစ် စက်သုံးဆီဆိုင်တွေကျတော့ အစအဆုံးရင်းနှီးမြှုပ်နှံမှုများတဲ့အတွက် ဈေးနှုန်းကို လျှော့ချဖို့ အခက်အခဲတွေ ဖြစ်နေရပါတယ်။ နောက်ပိုင်းမှာ အစိုးရက ပြည်ပလုပ်ငန်းတွေနဲ့ပေါင်းစပ် ဆောင်ရွက်ပြီး စက်သုံးဆီဈေးကွက်မှာ ပါဝင်လာမယ်ဆိုလည်း ဈေးနှုန်းတွေက ထင်သလောက် မကျနိုင်ဘူးလို့ ခန့်မှန်းရပါတယ်။ ဥပမာပြောရရင် ကျွန်တော်တို့ ပုဂ္ဂလိကတင်သွင်းတဲ့ ဂျက်တီတွေဟာ ဆီတန်ချိန် တစ်သောင်းခွဲလောက်အထိ ဆိုက်ကပ်နိုင်ပေမယ့် အစိုးရပိုင်သန်လျင်ရေနံချက်စက်ရုံဆိပ်ကမ်းက သင်္ဘောသေးတွေသာ ဝင်ထွက်နိုင်တာကြောင့် တင်သွင်းတဲ့ပမာဏ၊ ဗဟိုဘဏ်ဈေးနှုန်း တူညီမှုတွေအရ ဆိုရင် မကွာခြားနိုင်ဘူးလို့ ခန့်မှန်းတယ်"ဟု မြန်မာနိုင်ငံ စက်သုံးဆီတင်သွင်းရောင်းချ ဖြန့်ဖြူးသူများအသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

စက်သုံးဆီဈေးနှုန်းများ မြင့်တက်ခြင်းထက် ပြည့်ဝသည့် အခြင်အတွယ်၊ အရည်အသွေး ကောင်းမွန်မှုကို ဝယ်ယူသူများက ပိုမိုအလေးအနက်ထားကြပြီး ယခုနောက်ပိုင်းတွင် ဝန်ဆောင်မှုကို အလေးပေးခြင်းဖြင့် ဝယ်ယူသူအား ဆွဲဆောင်လာကြကြောင်း စက်သုံးဆီအရောင်းဆိုင်များက သိရှိရသည်။

"ဆီဈေးက တစ်နေရာနဲ့ တစ်နေရာ ကွာခြားမှုကများပြားတယ်။ ရန်ကုန်-နေပြည်တော် အမြန်လမ်းမှာ ဆီသုံးဆိုင် ဝင်ထည့်ကြည့်တယ်။ ဈေးကသုံးမျိုးဖြစ်နေတယ်။ စားသုံးသူတွေဟာ နိုင်ငံတကာထုတ်ကုန်တွေကို ကမ္ဘာ့ပေါက်ဈေးနဲ့အညီ သုံးနိုင်ဖို့ လိုအပ်ချက်တွေက အများကြီးရှိနေတယ်။ ကမ္ဘာ့ဈေးနှုန်းက မြင့်လာရင် ဈေးက မြန်မြန်ဆန်ဆန်တက်သွားတာ ထုံးစံဖြစ်နေသလို နိုင်ငံတကာမှာ ဈေးကျလာရင်တော့ အကြောင်းပြချက် အမျိုးမျိုးနဲ့ ဈေးကို ထိန်းချုပ်ထားတာ စိစစ်ပေးဖို့လိုတယ်" ဟု စက်သုံးဆီဝယ်ယူသူတစ်ဦးက ဆိုသည်။

အရည်အသွေးပြည့်မီပြီး ဈေးနှုန်းမျှတသော စက်သုံးဆီများကို ပြည်သူများ တစ်ပြေးညီဝယ်ယူခွင့်ရရှိလာစေရန်နှင့် ကမ္ဘာ့စက်သုံးဆီဈေးနှင့် ယှဉ်ထိုးရောင်းချနိုင်ရန်အတွက် မြို့နေလူတန်းစားတစ်ရပ်က မျှော်လင့်ကြသော်လည်း ဦးသိန်း၏ အမြဲတမ်းစားသုံးသူများအတွက်မူ ဈေးနှုန်းနှင့် အရည်အသွေးသည် ထူးခြားမှုသိပ်မရှိလှကြောင်း၊ မိမိစက်တပ်ယာဉ်အတွင်းသို့ ထည့်သွင်းနိုင်မည့် တတ်နိုင်သော ငွေကြေးပမာဏဖြင့်သာ ချိန်ဆဝယ်ယူကြကြောင်း ၎င်းက ဖြေကြားရင်း လမ်းမတစ်လျှောက် နီးကပ်လာသည့် ဆိုင်ကယ်စက်သံသည် ဝယ်ယူသူဖြစ်လာမလားဟု မျှော်လင့်ကြီးစွာ စောင့်စားနေသည့် ဦးသိန်း၏ ဖွဲ့ကောင်းမှုကို မြင်တွေ့ရသည်။ ။



# မင်္ဂလာဒုံမြို့နယ်၌ စိတ်ကြွရူးသွပ်ဆေးပြား သိမ်းဆည်းရမိမှု ကွင်းဆက်ဖော်ထုတ်ချက်အရ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၌ ဆေးပြား ၁၉ ဒသမ ၂၃ သိန်းနှင့် ဆက်စပ်ပစ္စည်းများ ထပ်မံဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၂၄**

ဇူလိုင် ၂၆ ရက်က မင်္ဂလာဒုံ မြို့မရဲစခန်းမှ လှည့်ကင်းအဖွဲ့သည် မင်္ဂလာဒုံစက်မှုဇုန် (ဇေကမ္ဘာဝင်း)၊ အိုးအိမ် ခြောက်လမ်းသွားလမ်းမ ပေါ်၌ ယာဉ်အမှတ် 4G/---KIA BONGO ယာဉ် ကွန်တိန်နာအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၆၇ သန်း၊ စုစုပေါင်းတန်ဖိုးငွေကျပ် ၁၃၃ ဒသမ ၅ ဘီလီယံ သိမ်းဆည်းရမိခဲ့ပြီး အမှုနှင့်ပတ်သက်သည့် KALADAN DELTA DEVELOPMENT Co.,Ltd မှ မန်နေဂျင်းဒါရိုက်တာ မင်းဦးခိုင်အပါအဝင် ရှစ်ဦးတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ ဆိုင်ရာဥပဒေအရ အမှုဖွင့်အရေးယူလျက်ရှိသည်။ သတင်းကွင်းဆက်ဖော်ထုတ်ချက်အရ ဩဂုတ် ၃ ရက်က ကုမ္ပဏီရုံးချုပ်နှင့် ၎င်းတို့၏နေအိမ်များကို ရှာဖွေ စစ်ဆေးခဲ့ရာ ဆာလာအိတ် ငါးအိတ်ဖြင့်ထည့်ထားသော စိတ်ကြွရူးသွပ်ဆေးပြား ၁ ဒသမ ၅ သန်း၊ စုစုပေါင်းတန်ဖိုးငွေကျပ် သိန်းပေါင်း ၇၅၀၀၀ (၇ ဒသမ ၅ ဘီလီယံ) ကို ထပ်မံသိမ်းဆည်းရမိခဲ့သည်။

စက်တင်ဘာ ၁၅ ရက်က ထွက်ပြေးတိမ်းရှောင်နေသူ မင်းဦးခိုင်အား ကရင်ပြည်နယ် မြဝတီမြို့၌ ဖမ်းဆီးရမိခဲ့ပြီး ၎င်း၏ဖော်ထုတ်ချက်အရ စက်တင်ဘာ ၂၀ ရက်က ထွက်ပြေးတိမ်းရှောင်နေသူ ဝင်းလှိုင်နေထိုင်ခဲ့သည့် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် (၁၁၀)ရပ်ကွက် တက္ကသိုလ်ရိပ်မွန်အိမ်ရာ ဂန္ဓမာလမ်း အမှတ်(၇)ရှိ နေအိမ်ကိုရှာဖွေရာ ဆာလာအိတ်များအတွင်း ထည့်လျက် စိတ်ကြွရူးသွပ်ဆေးပြား ၁၉ ဒသမ ၂၃ သိန်း စုစုပေါင်းတန်ဖိုးငွေကျပ် သိန်း ၉၆၁၅၀ နှင့် Phensedyl ၅၇၅ ပုလင်း စုစုပေါင်းတန်ဖိုးငွေကျပ် ၅၇ ဒသမ ၅ သိန်း ရှာဖွေသိမ်းဆည်းရမိခဲ့သည်။ သိမ်းဆည်းရမိခဲ့သည့် စိတ်ကြွရူးသွပ်ဆေးပြားများအနက် ဆေးပြား ၁ ဒသမ ၂၃ သိန်းပြားကို ထုပ်ပိုးထားသည့် ထုပ်ပိုးခွံသည် ယခင် ဩဂုတ် ၃ ရက်က ဒဂုံ(မြောက်ပိုင်း)မြို့နယ်ရှိ KALADAN DELTA DEVELOPMENT Co.,Ltd ရုံးချုပ်အခန်းအတွင်းမှ ဆာလာအိတ်ငါးအိတ်ဖြင့်ထည့်ထားသည့် စိတ်ကြွရူးသွပ်ဆေးပြား ၁ ဒသမ ၅ သန်းနှင့် ဩဂုတ် ၁၂ ရက်က သာကေတမြို့နယ် (၇)အနောက်ရပ်ကွက် ဓမ္မာရုံရေစက်ဝင်း ကျောက်စိမ်းလမ်းသွယ် စစ်သူကြီး ဆောက်လုပ်ရေး ဂိုဒေါင်အနီး ရေမြောင်းအတွင်းမှ သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြား ၅ ဒသမ ၉၉ သိန်း ထုပ်ပိုးထားသည့် ထုပ်ပိုးခွံပုံစံများနှင့် တူသည်ကို တွေ့ရှိရသည်။











သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများနှင့်ပတ်သက်၍ ဝင်းလှိုင်(ခ) ဦးဝင်းလှိုင် (၃၄) နှစ် (ဖမ်းမမိသေး)၊ ကျော်အေးလှိုင်(ခ) ခိုင်အောင်စိုး (၃၀) နှစ် (ဖမ်းမမိ သေး)၊ ခင်မောင်သန်း (၂၆) နှစ် (ဖမ်းမမိသေး)၊ မြတ်ကျော် (ဖမ်းမမိသေး)တို့လေးဦးကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားရှိပြီး ပြစ်မှုကျူးလွန်သူများ ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ကိုရဲ**

# မင်္ဂလာဒုံ ကိုကာကိုလာကုန်ကြမ်းဂိုဒေါင် မီးလောင်မှု အချိန်ကြာမြင့်စွာ လောင်ကျွမ်းခဲ့ပြီး တန်ဖိုးကျပ်သိန်းတစ်ထောင်ကျော် ဆုံးရှုံး

**ရန်ကုန် စက်တင်ဘာ ၂၄**

ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ် ဇေကမ္ဘာဥယျာဉ်ဝင်းအတွင်း ရန်ကုန်စက်မှုဇုန်ရှိ ကိုကာကိုလာဘူးခွံ ကုန်ကြမ်းဂိုဒေါင်၌ ယနေ့နံနက် ၆ နာရီခွဲခန့်က မီးလောင်မှုဖြစ်ပွားခဲ့သည်။

"မီးလောင်တဲ့ဂိုဒေါင်က လူမရှိဘူး။ မနေ့ည ရှစ်နာရီလောက်ကတည်းက ဂိုဒေါင်ပိတ်ပြီး ပြန်သွားကြတယ်လို့ သိရပါတယ်။ လောင်နေတာက မနက် ၆ နာရီခွဲကတည်းက လောင်နေတာ။ ၇ နာရီလောက်မှာ ဘေးအိမ်က ညှော်နံ့ရမှ ဂိုဒေါင်ထဲမှာ မီးလောင်နေမှန်းသိရတယ်။ အဲ့ဒီအချိန်ကျမှ မီးသတ်ကိုအကြောင်းကြားလို့ မီးလောင်တဲ့ပမာဏက ပိုများသွားတာပါ။ မီးငြိမ်းရတဲ့အခါမှာလည်း ဂိုဒေါင်ရဲ့ ရှေ့ဘက်ကပဲ ငြိမ်းလို့ရတယ်၊ ဘေးတွေနောက်တွေက ဝင်လို့မရလို့ အဆင့်မြင့်မီးသတ်ယာဉ် ဝါးတားတာဝါကရိန်းတွေပါသုံးပြီး ခေါင်မိုးပေါ်ကနေငြိမ်းခဲ့ရတယ်၊ အထဲမှာလည်း ကော်စေ့တွေနဲ့ဆိုတော့ မီးလောင်အားက တော်တော်ကောင်းတယ်။ ဒါ့ကြောင့် မီးလောင်မှုအချိန်ကြာသွားတာပါ" ဟု ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးသော်တာက မီးလောင်မှုဖြစ်စဉ်နှင့် ပတ်သက်၍ ရှင်းပြသည်။

အဆိုပါမီးလောင်မှုသည် နံနက် ၆ နာရီခွဲမှ မွန်းတည့် ၁၂ နာရီအထိ ကြာမြင့်ခဲ့ကြောင်းသိရပြီး မီးငြိမ်းသတ်ယာဉ် ၄၅ စီး၊ အထောက်အကူပြုယာဉ်ရှစ်စီး၊ ကွပ်ကဲမှုယာဉ် ခြောက်စီး၊ တိုင်းကြက်ခြေနီမှ လူနာတင်ယာဉ်ကိုးစီး၊ သန္ဓေမီးသတ်တပ်ဖွဲ့ဝင် ၂၆၅ ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၁၅၀၊ ကြက်ခြေနီတပ်ဖွဲ့ဝင် ၉၅ ဦးတို့ဖြင့် ငြိမ်းသတ်ခဲ့ရကြောင်း သိရသည်။

မီးငြိမ်းသတ်ခဲ့မှုနှင့် ပတ်သက်၍ တိုင်းဒေသကြီး မီးသတ်ဦးစီးမှူးက "ဒီနေရာက စက်မှုဇုန်လည်းဖြစ်တယ်၊ လောင်တာကလည်း ဂိုဒေါင်ဖြစ်နေတော့ မီးကများပါတယ်။ ဒါ့ကြောင့် မီးသတ်ကား စေလွှတ်မှုအဆင့်ကို Level 3 အထိ သတ်မှတ်ပြီး စေလွှတ်ခဲ့ရပါတယ်။ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းအပါအဝင် အခြားမိတ်ဖက်အဖွဲ့တွေနဲ့ ပူးပေါင်းငြိမ်းသတ်ခဲ့နိုင်လို့ နံနက် ၈ နာရီခွဲမှာ မီးကိုထိန်းနိုင်ခဲ့ပြီး မွန်းတည့် ၁၂ နာရီမှာ အပြီးငြိမ်းသတ်နိုင်ခဲ့ပါတယ်" ဟု မြန်မာ့သတင်းစဉ်က မေးမြန်းမှုအပေါ် ပြန်လည်ဖြေကြားခဲ့သည်။

ယင်းမီးလောင်မှုကို ကိုယ်တိုင်မြင်တွေ့ခဲ့သူ ဒေသခံ ဦးထွန်းဝင်းက "မီးလောင်နေတဲ့အချိန် မီးအားက လည်းပြင်းသလို လေတိုက်တာကလည်း ပြင်းတယ်။ မီးသတ်ကားတွေက လောင်တဲ့နေရာအထိ အကုန်သွားလို့မရဘူး။ ဘေးကမြေကွက်လပ်တွေကလည်း ရွှံ့ဗွက်တွေများတော့ အနီးကပ်ငြိမ်းသတ်ဖို့ အခက်အခဲဖြစ်နေတာတွေ့ရတယ်။ ဂိုဒေါင်ထဲမှာ ကော်စေ့တွေရှိတယ်လို့ ပြောသံတော့ကြားရတယ်။ အဓိကကတော့ မီးလောင်တဲ့ဂိုဒေါင်ကို မီးသတ်ကားတွေ တစ်ပြိုင်နက် မဝင်နိုင်တာလည်း ပါပါတယ်" ဟု ၎င်း၏အမြင်ကို ပြောသည်။



အဆိုပါ မီးလောင်မှုကြောင့် ကုန်ကြမ်းပစ္စည်းများနှင့် အကျယ်ပေ (၂၀၀×၂၅၀) ရှိ အာရ်စီတစ်ထပ်ဂိုဒေါင်တစ်လုံး မီးလောင်ပျက်စီးခဲ့သဖြင့် စုစုပေါင်းမီးလောင်ဆုံးရှုံးမှု တန်ဖိုးငွေကျပ် ၁၁၂၅ သိန်းခန့် ဆုံးရှုံးခဲ့ပြီး မီးငြိမ်းသတ်ရာတွင်ပါဝင်ခဲ့သည့် မင်္ဂလာဒုံမြို့နယ်မှ အရန်မီးသတ်တပ်စုမှူးတစ်ဦး အပူလောင်ဒဏ်ရာရရှိခဲ့၍ မြောက်ဥက္ကလာပ ဆေးရုံသို့ပို့ဆောင်ခဲ့ရကြောင်း သိရသည်။ ထိုသို့ မီးလောင်ခဲ့ရသည့် အကြောင်းအရာနှင့်ပတ်သက်၍ သက်ဆိုင်ရာက ဆက်လက်စုံစမ်းစစ်ဆေးမှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ စက်တင်ဘာလဆန်းမှ ၂၄ ရက်အထိ ယခုမီးလောင်မှုအပါအဝင် မီးလောင်မှုမှာ ၁၆ ကြိမ်ဖြစ်ပွားခဲ့ပြီး ဩဂုတ်လအတွင်း၌လည်း မီးလောင်မှု ၁၁ ကြိမ်ဖြစ်ပွားခဲ့ကြောင်း သိရသည်။ ။

**သတင်း-ဇော်ကြီး(ပဏ္ဏိတ)**
**ဓာတ်ပုံ-ကိုကျော်**

# စိတ်ကြွရူးသွပ်ဆေးပြား သုံးသိန်းကျော် ကော့ကရိတ်၌ ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၂၄**

ကော့ကရိတ်မြို့နယ် ကောင်းမူ ကျေးရွာတစ်ဝိုက် စက်တင်ဘာ ၁၀ ရက်က နယ်မြေရှင်းလင်းစဉ် ကျေးရွာအနီးရှိ အစောင့်တဲကိုရှာဖွေရာ တဲအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၃၀၈၀၀၀ ကို လည်းကောင်း၊ စက်တင်ဘာ ၂၂ ရက်က နမ့်စန်မြို့မှ မိုးနဲမြို့သို့ အိုက်လောင်မောင်းနှင်လာသည့် မော်တော်ယာဉ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၄၉၀ ကို လည်းကောင်း၊ စက်တင်ဘာ ၂၀ ရက်က တန့်ယန်းမြို့ဘက်မှ လွယ်ငင်းကျေးရွာဘက်သို့ မော်တော်ဆိုင်ကယ်မောင်းနှင်လာသူ အောင်စိန်အားရှာဖွေရာ ဘိန်းဖြူ ဝ ဒသမ ဝ၁၈ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၈၉၀ ကိုလည်းကောင်း၊ စက်တင်ဘာ ၂၁ ရက် ညောင်ရွှေဘက်မှ ရွှေညောင်ဘက်သို့ ဆိုင်ကယ်မောင်းနှင်လာသူ ခင်မောင်ဝင်းအားရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၉၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **ကိုရဲ**

ဖောင်ပိတ်သတင်း

# ယာဉ်၊ လမ်းစည်းကမ်းစစ်ဆေးခြင်းဆောင်ရွက်နေသည့် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်ကို ဓားဖြင့်ထိုးသူအား ဖမ်းဆီးအရေးယူ

**နေပြည်တော် စက်တင်ဘာ ၂၄**

စက်တင်ဘာ ၂၄ ရက် နံနက် ၉ နာရီက မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ၁၉×၆၆ လမ်းဆုံတွင် ယာဉ်ထိန်းတပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့ဝင်များ ပူးပေါင်းအဖွဲ့သည် ယာဉ်၊ လမ်းစည်းကမ်းစစ်ဆေးစဉ် မတ္တရာမြို့နယ် ကျောက်တံတားရွာနေ လှမျိုးထွန်း (၂၀ နှစ်) စီးနင်းလာသော KEN-BO-125 CZI ဖြူ နက်ကျားရောင် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရာ ယာဉ်လိုင်စင်မပါသဖြင့် ရဲတပ်သား ကျော်ဇင်ဦးက ယာဉ်မောင်းလိုင်စင်အားသိမ်းယူပြီး ပြေစာယူရန် ပြောဆိုနေစဉ် လှမျိုးထွန်းက ပြေစာမယူဘဲ



ဆိုင်ကယ်ကို မောင်းနှင်ထွက်ခွာသွားခဲ့ကြောင်း၊ နံနက် ၁၀ နာရီခန့်တွင် လှမျိုးထွန်းနှင့် ၎င်း၏အစ်ကိုဖြစ်သူ မဟာအောင်မြေမြို့နယ် မဟာမြိုင်အပိုင်း(က)နေ သွားဆရာဝန် လှစိုးထွန်း(၃၀ နှစ်) တို့ ပြန်လည်ရောက်ရှိလာစဉ် ရဲတပ်သား ကျော်ဇင်ဦးက ပြေစာယူရန်ပြောဆိုနေစဉ် လှစိုးထွန်းက လက်သီးနှင့်ထိုးပြီး ခါးကြားတွင် ဝှက်ယူလာသည့် အရိုးအသွား ၁၁ လက်မခန့်ရှိ ဓားဖြင့် ထပ်မံထိုးသဖြင့် အနီးရှိ ရဲတပ်ဖွဲ့ဝင်များနှင့် ပြည်သူများက ဝိုင်းဝန်းဖမ်းဆီးထိန်းသိမ်းခဲ့ရာ လှစိုးထွန်း ဦးခေါင်းပေါက်ပြဲဒဏ်ရာ(မစိုးရိမ်ရ) ရရှိခဲ့ပြီး ရဲတပ်သား ကျော်ဇင်ဦးမှာ ဒဏ်ရာများရရှိခဲ့သဖြင့် မန္တလေးပြည်သူ့ဆေးရုံကြီးသို့ တင်ပို့ကုသစဉ် နံနက် ၁၀ နာရီ မိနစ် ၂၀ ခန့်တွင် သေဆုံးသွားခဲ့သဖြင့် လှမျိုးထွန်းနှင့် လှစိုးထွန်းတို့ နှစ်ဦးကို အမှတ်(၁) နယ်မြေရဲစခန်းတွင် အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# လယ်ဝေးမြို့အားကစားကွင်းသစ်တည်ဆောက်ရေးစီမံကိန်းအတွင်း စစ်ကျန်ဗုံးသီးဟောင်းတစ်လုံးတွေ့ရှိ

**နေပြည်တော် စက်တင်ဘာ ၂၄**

နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့ အမှတ်(၃)ရပ်ကွက် နယ်မြေ(၈)၌ အားကစားကွင်းဖောက်လုပ်ရန် မြေညှိခြင်းလုပ်ငန်းများ ယနေ့ မွန်းလွဲပိုင်းက ဆောင်ရွက်စဉ် အား/ကာ တက္ကသိုလ်ဘူးကွဲမှ မြေညှိစက်မောင်းနှင်သူ ဦးအောင်မြတ်သူက စစ်ကျန်ဗုံးသီးဟောင်း တစ်လုံးတွေ့ရှိပြီး လယ်ဝေးမြို့ အမှတ် (၃)ရပ်ကွက် အုပ်ချုပ်ရေးမှူးထံ သတင်းပေးပို့ရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူး ဦးကျော်လွင်၊ လယ်ဝေးမြို့မစခန်းမှူး ဒုရဲမှူး စိုးမင်း သိန်းနှင့်တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ကြပြီး (၉၂၀) စစ်မြေပြင်တပ်ရင်းမှ တာဝန်ရှိသူများကို ဆက်သွယ်အကြောင်းကြားကာ လိုအပ်သည်များ ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ စစ်ကျန်ဗုံးသီးဟောင်းသည် အရှည် ၄ ပေ ၄ လက်မ၊ ကိုယ်ထည် ၃ ပေ ၁၀ လက်မ၊ လုံးပတ် ၂ ပေ ၆ လက်မရှိပြီး ဒလက်အရှည် ၆ လက်မခန့်ရှိကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**



# လိုင်စင်မဲ့ယာဉ်များ ဖမ်းဆီးရမိ

**ကျိုက်ထို စက်တင်ဘာ ၂၄**

ကျိုက်ထိုမြို့နယ် ကျွန်းတောကျေးရွာတံတားဖြူအနီး ရန်ကုန်-မော်လမြိုင်ကားလမ်းတွင် စက်တင်ဘာ ၂၃ ရက် နံနက် ၅ နာရီခန့်က လိုင်စင်မဲ့ယာဉ်များ ဖြတ်သန်းသွားလာနေကြောင်း သတင်းအရ ကျိုက်ထိုမြို့မရဲစခန်းမှူးဒုရဲမှူး ကိုကိုဦးနှင့်တပ်ဖွဲ့ဝင်များသည် သက်သေများနှင့်စောင့်ဆိုင်းနေစဉ် ဘားအံဘက်မှ ရန်ကုန်ဘက်သို့ သိမ်ဇရပ်ကျေးရွာနေ သီဟဌေး(၃၂ နှစ်) မောင်းနှင်လာသည့် ယာဉ်ကိုလည်းကောင်း၊ ဘားအံမြို့နေ သက်ပိုင်ဦးမောင်းနှင်လာသည့် ယာဉ်ကိုလည်းကောင်း၊ ဘားအံမြို့နေ နေလင်းထက်(၁၈ နှစ်)မောင်းနှင်လာသောယာဉ်ကိုလည်းကောင်း ရပ်တန့်စစ်ဆေးရာ ယာဉ်နှင့်ပတ်သက်သည့် အထောက်အထားတစ်စုံတစ်ရာမပြသနိုင်သဖြင့် ပို့ကုန်သွင်းကုန်ဥပဒေအရ ကျိုက်ထိုမြို့မရဲစခန်းက ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

**ဝင်းမောင်(ကျိုက်ထို)**

# အများပြည်သူသိရှိရန် အသိပေးပန်ကြားချက်

**မင်းဘူး စက်တင်ဘာ ၂၄**

မန်း(မင်းဘူး) သဘာဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံနှင့် (၁၄)မိုင်ခန့်အကွာရှိ နေစွမ်းအင်သုံး ဓာတ်အားပေးစက်ရုံစီမံကိန်းမှ ဓာတ်အားကို မန်း(မင်းဘူး) သဘာဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံမှတစ်ဆင့် နိုင်ငံတော်ဓာတ်အားစနစ်အတွင်းသို့ လျှပ်စစ်ဓာတ်အား ပိုမိုတိုးတက် ပို့လွှတ်ရန်အတွက် မန်း(မင်းဘူး)ပင်မဓာတ်အားခွဲရုံ တိုးချဲ့တည်ဆောက်ခြင်းလုပ်ငန်းကို အန္တရာယ်ကင်းရှင်းစွာ ဆောင်ရွက်နိုင်ရန် စက်တင်ဘာ ၂၇ ရက် နံနက် ၆ နာရီမှ ညနေ ၆ နာရီထိ ၁၂ နာရီကြာ ဓာတ်အားပိတ်လုပ်ငန်း ဆောင်ရွက်မည်ဖြစ်ပါသည်။

ဓာတ်အားပိတ်လုပ်ငန်းဆောင်ရွက်စဉ်အတွင်း မန်း(မင်းဘူး) ဓာတ်အားပေးစက်ရုံမှ ဓာတ်အားပို့လွှတ်ထားသော ၆၆ ကေဗွီ ဓာတ်အားလိုင်းများ၊ ၃၃ ကေဗွီ ပွင့်ဖြူ မန်းရေနံမြေ၊ ထောက်ရှာပင်ရေနံမြေ၊ သံပရာကန်ရေနံမြေ၊ မလွန်မြို့၊ မင်းလှမြို့၊ ဓာတ်ငွေ့ရည်စက်ရုံ၊ ပွင့်ဖြူချည်မျှင်နှင့် အထည်စက်ရုံ ဓာတ်အားလိုင်းများ၊ ၁၁ ကေဗွီ စကုမြို့၊ ဆင်ဂေါင်းကျေးရွာ၊ ဇလီဖားတုံးစက်ရုံ ဓာတ်အားလိုင်းများ ဓာတ်အားပြတ်တောက်နေမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**

# ကျေးရွာမြေငှားဂရန်များ ထုတ်ပေး

**ဝါးခယ်မ စက်တင်ဘာ ၂၄**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင် အုပ်ချုပ်ရေးမှူးက ဝါးခယ်မမြို့နယ် လမ်းသမိုင်ရွာကြီးကျေးရွာအတွင်းရှိ ကျေးရွာ မြေငှားဂရန်လျှောက်ထားလာသည့် အိမ်ထောင်စုဝင်များကို ကျေးရွာမြေငှားဂရန် ထုတ်ပေးပွဲအခမ်းအနားသို့ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ကျေးရွာမြေငှားဂရန်လျှောက်ထားသူများ တက်ရောက်ခဲ့ကြသည်။

ကျေးရွာမြေငှားဂရန်လျှောက်ထားသူ ၆၄ ဦးအနက် ၃၄ ဦးကို ထုတ်ပေးပြီး ဖြစ်ကြောင်း သိရသည်။

**မြင့်ဦး(ဝါးခယ်မ)**

ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ

**ဖခင်အမည်မှန်**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့၊ အထက(၁) တက္ကသိုလ်ဝင်တန်း(E)မှ မမေဖြူခိုင်၏ဖခင်အမည်မှန်မှာ ဦးရဲသိန်း ၉/မထလ(နိုင်)၁၇၄၁၉၀ ဖြစ်ပါကြောင်း။

**ဦးရဲသိန်း**

**ဖခင်အမည်မှန်**

ဖားကန့်မြို့နယ်၊ ဖားကန့်မြို့ အထက တတိယတန်း(ဂ)မှ မဂျာဆိုင်းဗရိမ်၏ဖခင်အမည်မှန်မှာ ဦးဘရန်ဆိုင်း ၁/မကန(နိုင်)၁၀၀၀၅၈ ဖြစ်ပါကြောင်း။

**ဦးဘရန်ဆိုင်း**

**ဖခင်အမည်မှန်**

နေပြည်တော်ကောင်စီနယ်မြေ၊ လယ်ဝေးမြို့နယ်၊ အေးချမ်းသာကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း အဋ္ဌမတန်းမှ မောင်ချမ်းအေး၏ ဖခင်အမည်မှန်မှာ ဦးဝင်းစိန် ၉/လဝန(နိုင်)၀၅၄၁၀၅ ဖြစ်ပါကြောင်း။

**ဦးဝင်းစိန်**

GOLDEN STAR Travels & Tours
( Popa Mountain Resort , Myanmar Treasure Hotel )
Sep-28,29
Oct-23,25
Ph;01-544383, 209200, 430480, 703448, 705968

**အမည်ပြောင်း**

ဦးကျော်လင်း ၁၂/မဘန(နိုင်)၀၀၁၆၃၁ ၏သား အထက(၄) မင်္ဂလာဒုံမြို့နယ် တက္ကသိုလ်ဝင်တန်း(H)မှ မောင်ပြည့်စုံ ဘရောင်းမိုင်းအား မောင်ပြည့်စုံဘရန်မိုင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**အမည်မှန်**

ဦးဖိုးလုံ၏သမီး ကျိုင်းတုံမြို့၊နည်းပညာတက္ကသိုလ်၊ နောက်ဆုံးနှစ်မှ နန်းရွှေစိန်၏ အမည်မှန်မှာ နန်းရွှေကျင် ၁၃/မဆန(နိုင်)၀၂၇၂၃၉ ဖြစ်ပါကြောင်း။

**နန်းရွှေကျင်**

**ပျောက်ဆုံးကြောင်း**

ကျွန်မ မနှင်းပပမြိုင် ၉/မရမ(နိုင်)၀၈၆၆၀၉၏ နိုင်ငံကူးလက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။


**ဖုန်း-၀၉-၇၉၉၀၉၀၅၅၇**

**ဖခင်အမည်မှန်**

မန်စီမြို့နယ်၊ အထက မန့်ဝိန်းကြီး တက္ကသိုလ်ဝင်တန်းမှ မောင်လဖိုင်ဒွဲဝေါမ်၏ ဖခင်အမည်မှန်မှာ ဦးလဖိုင်ဂမ် ၁/ဗမန(နိုင်)၀၃၁၂၃၈ ဖြစ်ပါကြောင်း။

**ဦးလဖိုင်ဂမ် ၁/ဗမန(နိုင်)၀၃၁၂၃၈**






**ကန့်ကွက်နိုင်ပါကြောင်း**

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂၇၊ မြေကွက်အမှတ် ၄၅၇၊ မြေအမည်ပေါက် ဦးခင်မောင် ၁၂/ရကန(နိုင်)၀၁၄၆၆၄ က မြေချပါမစ်ထုတ်ပေးပါရန် လျှောက်ထားလာခြင်းနှင့် ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း သက်ဆိုင်ရာ စာရွက်စာတမ်းအထောက်အထားများတင်ပြပြီး လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးခြင်း ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြေယာရုံးခွဲ(၇)**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

**တစ်ဦးတည်းဖြစ်ပါကြောင်း**

လှိုင်ကော်မြို့၊ အထက(၅)၊ တက္ကသိုလ်ဝင်တန်း(က)မှ မအိမျိုးရီနှင့် မအိအိမျိုးရီ ၂/လကန(နိုင်)၁၁၄၃၆၃ သည် တစ်ဦးတည်း ဖြစ်ပါကြောင်း။

**မအိမျိုးရီ(ခ)မအိအိမျိုးရီ**

**ကန့်ကွက်နိုင်ပါကြောင်း**

ယာဉ်အမှတ် ၂၂ယ/၅၆၆၄၄၊ ယာဉ်လက်ဝယ်ရှိသူ ဦးတင်ဦး ၂/လကန(နိုင်)၀၀၃၈၉၆က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ကယားပြည်နယ်ရုံး(လွိုင်ကော်)**

**အမွေပြတ်စွန့်လွှတ်ခြင်း**

အိမ်အမှတ် ၂၀၀၊ အရှေ့မြို့ပတ်လမ်းသွယ်၊ မင်္ဂလာဦးရပ်ကွက်၊ တောင်ကြီးမြို့တွင် နေထိုင်သော ကျွန်တော် ဦးကျန်းစိန်၏သား မောင်ကျော်မြင့်စိန် ၁၃/တကန(နိုင်)၃၁၁၃၆၃သည် မိဘများ၏ဆုံးမမှုမနာခံခြင်း၊ မိဘဆွေမျိုးများကို စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ခြင်း၊ မိမိသဘောဆန္ဒဖြင့် အိမ်မှအပြီးအပိုင်ဆင်းသွားခြင်းတို့ကြောင့် နောက်နောင် ၎င်းသားနှင့်ပတ်သက်သည့်ကိစ္စအဝဝကို လုံးဝတာဝန်မယူပါကြောင်း ၂၃-၉-၂၀၁၅ရက်မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။

**ဦးကျန်းစိန် ၁၃/တယန(နိုင်)၀၁၅၃၇၇**

## မြစိမ်းရောင်စီမံကိန်းဆိုင်ရာများ ရှင်းလင်းဆွေးနွေး

**နောင်ချို စက်တင်ဘာ ၂၄**

နောင်ချိုမြို့နယ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနက ဆောင်ရွက်လျက်ရှိသော မြစိမ်းရောင်စီမံကိန်းဆိုင်ရာများ ရှင်းလင်းဆွေးနွေးပွဲကို နောင်ချိုမြို့ မဏိရတနာခန်းမ၌ စက်တင်ဘာ ၂၂ ရက်က ကျင်းပခဲ့ရာ မြို့နယ်ဦးစီးမှူးက ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း ကျေးရွာ ၁၂ ရွာ၌ ဆောင်ရွက်မည့် စီမံကိန်းယူနစ် ၁၃ ခုအကြောင်းကို ရှင်းလင်းဆွေးနွေးပြီး ကျေးရွာများမှ စီမံကိန်းကြီးကြပ်မှုကော်မတီဝင်များအား စီမံကိန်း၏ စီမံခန့်ခွဲမှုဆိုင်ရာ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ၊ ငွေစာရင်းရေးသွင်းနည်း၊ ထိန်းသိမ်းနည်းများကို ဆွေးနွေးပို့ချခဲ့ကြောင်း သိရသည်။

**မလတ်(ကျောက်မဲ)**

## မိုးစပါးစိုက်ပျိုးစရိတ်ချေးငွေ ၉၁ ရာခိုင်နှုန်းကျော် ထုတ်ချေးပြီး

**ဖြူး စက်တင်ဘာ ၂၄**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု (၆၂)အုပ်စုမှ တောင်သူလယ်သမား ၁၇၆၈၇ ဦး၏ မိုးစပါးစိုက်ဧက ၁၀၅၆၂၀ ဧကအတွက် ၂၀၁၅ ခုနှစ် မိုးစပါးစိုက်ပျိုးစရိတ်ချေးငွေများကို တစ်ဧကလျှင် ကျပ်တစ်သိန်းနှုန်းဖြင့် မြို့နယ်လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲက ဇွန် ၁ ရက်မှ စတင်ထုတ်ချေးခဲ့ရာ စက်တင်ဘာ ၂၂ ရက်အထိ ၉၁ ရာခိုင်နှုန်းကျော် ထုတ်ချေးပြီးဖြစ်ကြောင်း သိရသည်။

ချေးငွေများကို ယခင်ချေးငွေကြွေးကျေပြီး စည်းကမ်းချက်နှင့်ကိုက်ညီသော တောင်သူလယ်သမားပေါင်း ၁၅၇၈၅ ဦးထံ ထုတ်ချေးပေးခဲ့ပြီးဖြစ်ကြောင်း၊ မိုးစပါးစိုက်ဧက ၉၆၄၂၃ ဧကအတွက် ချေးငွေစုစုပေါင်း ကျပ်သိန်းပေါင်း ကိုးသောင်းကျော်ကို ထုတ်ချေးပေးပြီးဖြစ်ကြောင်း သိရသည်။ ဖြူးမြို့နယ်တွင် ၂၀၁၅ ခုနှစ် မိုးစပါးချေးငွေထုတ်ချေးပေးရန် လျာထားချက်မှာ တောင်သူလယ်သမား ၁၇၆၈၇ ဦးအတွက် ချေးငွေကျပ်သိန်းပေါင်း ၁၀၅၆၂၀ ဖြစ်ပြီး အချို့တောင်သူလယ်သမားများမှာ ယခင်ချေးငွေများမကျေသေးသဖြင့် ရာခိုင်နှုန်းပြည့် ထုတ်ချေးနိုင်ခြင်းမရှိသေးခြင်းဖြစ်ကြောင်းနှင့် ချေးငွေများကို ကြွေးကျေပြီးသော လယ်သမားများအား စက်တင်ဘာ ၃၀ ရက် နောက်ဆုံးထား၍ ထုတ်ချေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဖြူးမြင့်ဦး**

## ပြည်နယ်အဆင့် လူဦးရေသန်းခေါင်စာရင်း အချက်အလက်များ ဖြန့်ဝေ

**ဘားအံ စက်တင်ဘာ ၂၄**

ကရင်ပြည်နယ်အတွင်း ကောက်ယူခဲ့သော ၂၀၁၄ ခုနှစ် လူဦးရေသန်းခေါင်စာရင်းမှ အချက်အလက်များကို အစိုးရဌာနဆိုင်ရာများ၊ လူမှုအဖွဲ့အစည်းများ၊ အသုံးပြုမည့်ပုဂ္ဂိုလ်များထံသို့ စက်တင်ဘာ ၂၂ ရက်က ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ဘားအံမြို့ ဇွဲကပင်ခန်းမ၌ကျင်းပသည့် သန်းခေါင်စာရင်းအချက်အလက်များ ပြည်နယ်အဆင့်ဖြန့်ဝေပေးအပ်ပွဲတွင် ကရင်ပြည်နယ် ခေတ္တဝန်ကြီးချုပ် ဦးစောဝင်းထိန်က အမှာစကားပြောကြားပြီး ၂၀၁၄ ခုနှစ် လူဦးရေသန်းခေါင်စာရင်းနှင့်ပတ်သက်သည့်အချက်များကို ပြည်နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းဇော်အောင်က ရှင်းလင်းတင်ပြသည်။

ထို့နောက် ခေတ္တဝန်ကြီးချုပ်က လူဦးရေသန်းခေါင်စာရင်းဆိုင်ရာ အချက်အလက်စာအုပ်များကို ဌာနဆိုင်ရာများ၊ လူမှုအဖွဲ့အစည်းများ၊ ငြိမ်းချမ်းရေးကိုယ်စားလှယ်များထံ ဖြန့်ဝေပေးအပ်ခဲ့သည်။

ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျန်းမာရေးဆိုင်ရာများ စသည့်ကိစ္စရပ်များကို ဆောင်ရွက်ရာတွင် လူဦးရေသန်းခေါင်စာရင်းပါ အချက်များကို အသုံးပြုခြင်းဖြင့် ပိုမိုအကျိုးရှိ ထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် အစိုးရဌာနဆိုင်ရာများ၊ လူမှုအဖွဲ့အစည်းများ၊ အသုံးပြုမည့်ပုဂ္ဂိုလ်များထံသို့ ဖြန့်ဝေပေးခြင်းဖြစ်ကြောင်း သိရသည်။

အခမ်းအနားသို့ ကရင်ပြည်နယ်ခေတ္တဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ငြိမ်းရေးအဖွဲ့များမှ ကိုယ်စားလှယ်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ခဲ့ကြသည်။

**နေမျိုးလွင်(ပြန်/ဆက်)**



## လှိုင်သာယာဆေးရုံ တိုးချဲ့တည်ဆောက်မှု ၈၀ ရာခိုင်နှုန်းကျော်ပြီးစီး နိုဝင်ဘာနောက်ဆုံးပတ်တွင် ရာနှုန်းပြည့်ပြီးစီးမည်

**ရန်ကုန် စက်တင်ဘာ ၂၄**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်ရှိ ပြည်သူ့ဆေးရုံကို လက်ရှိ ၂၅ ခုတင်မှ ခုတင် ၁၀၀ ဆေးရုံအဖြစ် ပြီးခဲ့သည့်နှစ် ဒီဇင်ဘာ ၁၆ ရက်မှစ၍ တိုးချဲ့တည်ဆောက်လျက်ရှိရာ ယခုအခါ တည်ဆောက်မှု ၈၀ ရာခိုင်နှုန်းကျော် ပြီးစီးနေပြီဖြစ်ကြောင်းနှင့် နိုဝင်ဘာနောက်ဆုံးပတ်တွင် တည်ဆောက်မှုအားလုံး ပြီးစီးမည်ဖြစ်ကြောင်း တာဝန်ခံအင်ဂျင်နီယာထံမှ သိရသည်။

“တည်ဆောက်မှု အပိုင်းက အားလုံး အဆင်ပြေပါတယ်။ ကြွေပြားကပ်၊ မျက်နှာကြက်နဲ့ လှေကားလက်တန်း၊ ကော်ရစ်ဒါတွေပဲ ကျန်ပါတော့တယ်။ ဘတ်ဂျက်နှစ်ခုနဲ့ဆိုတော့ သတ်မှတ်ထားတဲ့အချိန်အတောအတွင်း ပြီးစီးအောင်ဆောင်ရွက်နေပါတယ်။ လူဦးရေများတဲ့မြို့ဖြစ်တဲ့အတွက် ကျန်းမာရေးစောင့်ရှောက်မှု အမှန်တကယ်လိုအပ်နေတာကြောင့် စေတနာထားပြီး လုပ်ဆောင်ပါတယ်။ ပုံစံရေးဆွဲတဲ့အထဲမှာ မပါပေမယ့် ဆေးရုံအတွက်၊ လူနာအတွက် အကျိုးရှိအသုံးဝင်မယ့် နေရာတွေဆိုရင် တင်ပြပြီးညှိနှိုင်းလုပ်ဆောင်တယ်။ မီးလိုင်း၊ ရေလိုင်း၊ ပြူတင်းပေါက်နဲ့ အလူမီနီယံတပ်ဆင်တဲ့အပိုင်း ပြီးသွားပြီဆိုရင် ရာနှုန်းပြည့် ပြီးစီးပြီဖြစ်တဲ့အတွက် လူနာလက်ခံနိုင်ပြီဖြစ်လို့ ကျန်းမာရေးဝန်ကြီးဌာနကို အပ်နှံလို့ရပါပြီ”ဟု တာဝန်ခံအင်ဂျင်နီယာ ဦးဇေယျာထွန်းက ပြောသည်။

ဆေးရုံဝင်ပေါက်အနီးတွင် ပြင်ပလူနာဆောင်(OPD)နှင့် အရေးပေါ်ဌာန (ED)၊ အလျား ၁၃၄ ပေ၊ အနံ ၅၆ ပေနှင့် အမြင့် ၁၅ ပေစီရှိသော နှစ်ထပ်ဆောင်တစ်ဆောင်နှင့် ဆေးရုံခေါင်းရင်းဘက်၌ နှစ်ထပ် သားဖွားဆောင်ကို တည်ဆောက်လျက်ရှိပြီး ကျပ်သိန်းခုနှစ်ထောင်ခန့် အကုန်အကျခံ တည်ဆောက်ထားကြောင်း သိရသည်။

“လက်ရှိဆေးရုံက ၂၅ ခုတင်ပဲ ဆံ့တယ်။ လူဦးရေ ခြောက်သိန်း ရှစ်သောင်းကျော်ရှိတဲ့ မြို့အတွက် တခြားဆေးရုံတွေကို သွားစရာမလိုဘဲ အချိန်ကုန်၊ ငွေကုန်သက်သာတဲ့ ကျန်းမာရေးစောင့်ရှောက်မှုကိုရတာကြောင့် လူနာတွေအတွက် အဆင်ပြေသွားပါပြီ”ဟု မြို့နယ်ဆေးရုံအုပ် ဒေါက်တာခင်ရူပါစိုးက ပြောသည်။

အဆိုပါ နှစ်ထပ်ဆောင်နှစ်ဆောင်ကို အေးရိပ်စံကုမ္ပဏီက တာဝန်ယူ တည်ဆောက်နေခြင်းဖြစ်ပြီး နိုဝင်ဘာနောက်ဆုံးပတ်တွင် တည်ဆောက်မှုပြီးစီးပါက ခုတင် (၁၀၀)ဆံ့ဆေးရုံအဖြစ် လူနာများကို ကုသပေးနိုင်တော့မည် ဖြစ်ကြောင်း သိရသည်။ **သန်းထိုက်(လှိုင်သာယာ)**





## မြစ်ရေကျပြီး ငါးရရှိမှုများလာသဖြင့် ငါးခြောက်လှန်းသူများပြားလာ

**ကသာ စက်တင်ဘာ ၂၄**

ဧရာဝတီမြစ်ရေ ကျဆင်းလာပြီးနောက် ကသာမြို့နယ်အတွင်းမှ ငါးဖမ်းလုပ်သားများမှာ ငါးဆော့ငါးမျိုးစိတ်များကို ဖမ်းဆီးရမိမှုများလာပြီး ငါးဆော့များမှာ ရောင်း၍ဈေးကောင်းမရသောကြောင့် နေခြောက်လှန်းပြီး အခြားနယ်များသို့ တင်ပို့ရောင်းချနိုင်ရန် စုဆောင်းသူများ ရှိလာကြောင်း သိရသည်။

ငါးဆော့ ငါးများသည် ပုံသဏ္ဌာန်မှာ လက်ညှိုးလက်သန်းသာသာအရွယ် နှစ်လက်မ သုံးလက်မသာရှိပြီး ဈေးကွက်မရှိသဖြင့် အခြားနည်းဖြင့် ဈေးကွက်သို့ တင်ပို့ရောင်းချနိုင်အောင် နေခြောက်လှန်းနေကြခြင်းဖြစ်ကြောင်း တံငါးလုပ်သားတစ်ဦးက ပြောသည်။

ယခုနှစ်တွင် ငါးဆော့ငါးများအပြင် ဧရာဝတီမြစ်တွင် ရှားပါးသောစားသောက်ကုန်အဖြစ် နာမည်ကြီးခဲ့သည့် ကသာငါးချဉ်ပြုလုပ်ရာတွင် အသုံးပြုများသော ငါးလူးငါးများလည်း ဖမ်းမိမှုများလာသောကြောင့် ငါးချဉ်ဈေးကွက် ပြန်လည်ဦးမော့လာနိုင်ကြောင်း သိရသည်။

ကသာမြို့နယ်အတွင်းမှ ငါးဖမ်းလုပ်သားများမှာ ယခုနှစ်တွင် မျှော်လင့်ထားသည့် ငါးမျိုးများ ရရှိခြင်းမရှိကြောင်း၊ ငါးရှာဖွေသူဦးရေမှာလည်း တစ်နှစ်ထက်တစ်နှစ် တိုးလာနေသောကြောင့် ငါးမျိုးပွားနှုန်းကို ထိခိုက်ကျဆင်းလာခြင်းလည်း ဖြစ်နိုင်ကြောင်း ငါးရှာလုပ်သားများထံမှ သိရသည်။

ဧရာဝတီငါးများ တိုးပွားရေးအတွက် ကသာမြို့နယ်ရှိ ငါးလုပ်ငန်းဦးစီးဌာနကလည်း အင်းသူကြီးများနှင့် ပူးပေါင်းပြီး ငါးသားပေါက်များ မြစ်အတွင်းသို့ လွှတ်ပေးခြင်း၊ အင်းအတွင်း ငါးမွေးမြူရေးလုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်ကြရန်နှင့် ရေစီးရေလာကောင်းမွန်ရေး၊ တရားမဝင် ငါးဆေးခတ်ယူခြင်း၊ ကျဉ်စက်ထိုးခြင်း၊ ရှော့ခ်တိုက်ဖမ်းဆီးခြင်း၊ အင်းရေခန်းသည်အထိ အင်းပက်ခြင်းများ မလုပ်ကြရေးနှင့် ဧရာဝတီလင်းပိုင်များကို ထိန်းသိမ်းစောင့်ရှောက်ကြရေးတို့ကို လမ်းညွှန်ထားကြောင်း သိရသည်။

**ငွေအိုး (ကသာ)**

## လူကုန်ကူးမှု တားဆီးကာကွယ်ရေး ပညာပေးဟောပြော

**သုဝဏ္ဏဝတီ စက်တင်ဘာ ၂၄**

သထုံမြို့နယ် သုဝဏ္ဏဝတီမြို့ အခြေခံပညာအထက်တန်းကျောင်း (ကျိုက်ကျော်)ရွှေရတုခန်းမ၌ အမျိုးသမီးများအကြမ်းဖက်မှုကာကွယ်ရေးနှင့်လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဟောပြောပွဲကို စက်တင်ဘာ ၂၃ ရက်က ကျင်းပရာ စာရေးဆရာမနီနီနိုင်(သထုံ)က လူကုန်ကူးနှင့် လူမှောင်ခိုမှုအကြောင်း၊ စာရေးဆရာ အကြည်တော်က လမ်းနှစ်သွယ်ခေါင်းစဉ်ဖြင့် သိမှတ်ဖွယ်ရာများကို ဟောပြောခဲ့သည်။

**ခွန်(ဝင်းပ)**

# HIV ဝေဒနာရှင်များ ART ဆေးဝါးရရှိသော်လည်း ရိက္ခာနှင့် အခြားအကူအညီများ လိုအပ်နေ

**ရောဂါကူးစက်ခံရသူများအနက် အများစုမှာ တစ်ဖက်နိုင်ငံသို့ နယ်စပ်မြို့များမှ ဖြတ်ကျော်သွားရောက်ကာ အလုပ်လုပ်ကိုင်ကြသော ရွှေ့ပြောင်းလုပ်သားများဖြစ်ကြောင်း၊ အမျိုးသားများထက် အမျိုးသမီးများက ဖြစ်ပွားမှုနှုန်းထား ပိုမိုမြင့်မားနေကြောင်း၊ အသက်အရွယ်အားဖြင့် ဆယ်ကျော်သက်မှအစ ၄၅ နှစ်ကြားထိ ဖြစ်ပွားမှုများပြီး ကိုယ်ဝန်ဆောင်မိခင်များမှတစ်ဆင့် ကူးစက်ခံရသည့် ကလေးသူငယ်များမှာ အနည်းငယ်သာရှိ. . .**

မွန်ပြည်နယ် မော်လမြိုင်မြို့၌ HIVရောဂါဖြစ်ပွားသူများကို လစဉ် ART ဆေးဝါးများ အခမဲ့ထုတ်ပေးနေသော်လည်း ဝေဒနာရှင်များမှာ ရိက္ခာအပါအဝင် အခြားအကူအညီများ လိုအပ်နေဆဲဖြစ်ကြောင်း သိရသည်။

ဝေဒနာရှင်များအတွက် လစဉ် ART ဆေးဝါးများကို ပြည်နယ်ကျန်းမာရေးဦးစီးဌာန၊ ခုခံအားကျဆင်းမှုကူးစက်ရောဂါနှင့် ကာလသားရောဂါတိုက်ဖျက်ရေးအဖွဲ့ အပြင် နိုင်ငံတကာ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ ပြည်တွင်းနှင့် မော်လမြိုင်အခြေစိုက် လူမှုရေးအဖွဲ့အစည်းများ ပူးပေါင်းချိတ်ဆက်၍ ထုတ်ပေးနေသော်လည်း ဝေဒနာရှင်များ ရေရှည်ရပ်တည်နိုင်ရန်အတွက် ရိက္ခာနှင့် အခြားအကူအညီ စောင့်ရှောက်မှုများ လိုအပ်နေသေးကြောင်း Myanmar Positive Group(MPG) ကွန်ရက်မှတာဝန်ရှိသူ၏ ပြောကြားချက်အရ သိရသည်။

ART ဆေးဝါးအား ကူညီပံ့ပိုးပေးနေသော ပြည်နယ်ကျန်းမာရေးဦးစီးဌာနနှင့် Consortium ART Program၊ IOM၊ AFXB စသည့် နိုင်ငံတကာအရပ်ဘက်လူမှုအဖွဲ့အစည်းများသည် HIV ဝေဒနာရှင်များအတွက် ARTဆေးဝါးများကို အဓိကထောက်ပံ့ကူညီပေးနေသော အဖွဲ့အစည်းများဖြစ်ကြသည်။ HIV ဝေဒနာရှင်များသည် ART ဆေးဝါးများကို ဆရာဝန်များ၏ညွှန်ကြားချက်များအတိုင်း ပုံမှန်သောက်သုံးနေပါက သာမန်လူတစ်ယောက်လို ကျန်းမာရေးကောင်းမွန်ပြီး သက်တမ်းစေ့နေထိုင်နိုင်မည်ဖြစ်ကြောင်း Consortium ART Program မှ ဒေါက်တာမောင်မောင်လေးက ပြောသည်။

ပြည်တွင်းအခြေစိုက် နိုင်ငံတကာအရပ်ဘက်အဖွဲ့အစည်းများဖြစ်သော ကဲရ်မြန်မာ၊ မာရီစတုပ်အင်တာနေရှင်နယ်မြန်မာ၊ MPG၊ AFXB ESifh IOM အဖွဲ့များကလည်း ဝေဒနာရှင်များရှိရာ အရပ်ဒေသများအထိသွားရောက်၍ အိမ်တွင်းအခြေပြုစောင့်ရှောက်ပေးခြင်း၊ နှစ်သိမ့်ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိသည်။ ကာလသားရောဂါများ ကုသရေးအတွက်လည်း ဆောင်ရွက်ပေးလျက်ရှိပြီး ဆေးရုံသို့ သက်ဆိုင်သောရောဂါများအလိုက် လူနာများကို လွှဲပြောင်းပေးနေရကြောင်းလည်း သိရသည်။

HIV ဝေဒနာရှင်များအတွက် ရိက္ခာထောက်ပံ့မှုများကို နိုင်ငံတကာ လူမှုအဖွဲ့အစည်းများ၊ မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားအသင်းက ထောက်ပံ့ပေးနေရာတွင်မူ သတ်မှတ်ဧရိယာများအတွင်းမှာသာ ပေးအပ်လျက်ရှိသဖြင့် ကျိုက်မရောမြို့နယ်နှင့် ချောင်းဆုံမြို့နယ်များမှ လူနာများမှာ ARTဆေးဝါးကို ပုံမှန်ရရှိနေသော်လည်း ရိက္ခာအထောက်အပံ့များနှင့် အခြားအကူအညီများပေးနိုင်ရန် အဖွဲ့အစည်းများ လိုအပ်နေသေးကြောင်း သိရသည်။

HIV ရောဂါကူးစက်ခံရသူများအနက် အများစုမှာ တစ်ဖက်နိုင်ငံသို့ နယ်စပ်မြို့များမှ ဖြတ်ကျော်သွားရောက်ကာ အလုပ်လုပ်ကိုင်ကြသော ရွှေ့ပြောင်းလုပ်သားများဖြစ်ကြောင်း၊ အမျိုးသားများထက် အမျိုးသမီးများက ဖြစ်ပွားမှုနှုန်းထား ပိုမိုမြင့်မားနေကြောင်း၊ အသက်အရွယ်အားဖြင့် ဆယ်ကျော်သက်မှအစ ၄၅နှစ်ကြားထိ ဖြစ်ပွားမှုများပြီး ကိုယ်ဝန်ဆောင်မိခင် များမှတစ်ဆင့် ကူးစက်ခံရသည့်ကလေးသူငယ်များမှာ အနည်းငယ်သာရှိကြောင်း၊ အဆိုပါရွှေ့ပြောင်းလုပ်ကိုင်နေသူများထဲမှ လိုင်အပျော်အပါးလိုက်စားသူများတွင် ၁၀ဦးခန့်ကို ရောဂါရှာဖွေစမ်းသပ်ကြည့်ရာ၌ ပျမ်းမျှသုံးဦးခန့်မှာ ရောဂါပိုးရှိပြီး ကူးစက်ခံရသူများဖြစ်ကြောင်း လူမှုအဖွဲ့အစည်းများ၏ လေ့လာတွေ့ရှိချက်များအရ သိရသည်။

မုတ္တမမြို့မှ HIVရောဂါဖြစ်ပွားနေသူ ၄၃နှစ်အရွယ်ရှိ အမျိုးသားတစ်ဦးက ၎င်းအနေဖြင့် ရောဂါကြောင့် ကိုယ်ခံအားနည်းလာကာ ဖျားနာပြီး ဝမ်းသွားကာ ကိုယ်အပူချိန်တက်ခြင်း၊ အိပ်မရခြင်း၊ သက်သောင့်သက်သာမရှိခြင်း၊ ခန္ဓာကိုယ်တစ်ခုလုံး အရေပြားရောဂါများဖြစ်ပွားလာခြင်းစသည့် ရုပ်ပိုင်းဆိုင်ရာများ ကျဆင်းလာကြောင်း၊ အပျော်အပါးလိုက်စားမိ၍ ရောဂါကူးစက်ခံရခြင်းဖြစ်ပြီး ART ဆေးဝါးကို ဆရာဝန်များ၏လမ်းညွှန်ချက်များအရ ပုံမှန်သောက်သုံးနေ၍ ယခင်ကသေလုနီးပါးအထိ ရောဂါဝေဒနာခံစားရရာမှ ယနေ့အချိန်အထိ လူကောင်းတစ်ယောက်လို ကျန်းမာရေးကောင်းမွန်ပြီး မိသားစုနှင့်ပတ်ဝန်းကျင်မှ အားပေးနှစ်သိမ့်ခြင်းကိုခံရသဖြင့် ပိုမိုယုံကြည်မှုရှိလာကြောင်း ပြော သည်။

HIVရောဂါ ခံစားနေရသူအများစုမှာ လူမှုပတ်ဝန်းကျင်အသိုက်အဝန်းအတွင်း ဘဝရှင်သန်ဆက်လက်ရပ်တည်နိုင်ရန်အတွက် လက်မှုအသက်မွေးဝမ်းကျောင်းပညာရပ်များနှင့် အပြုအမူပြောင်းလဲရန်၊ စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာများအပါအဝင် ဘဝပိုမိုလုံခြုံစိတ်ချရရန်အတွက် ထိရောက်သည့်အကူအညီများ ရေရှည်ရရှိရန် မျှော်လင့်ထားကြကြောင်း သိရသည်။

**နေမျိုးထွဋ်(ရေး)**

---

## အာရှ-ပစိဖိတ်ဒေသကင်းထောက်အဖွဲ့ ကင်းထောက်လုပ်ငန်းများလေ့လာရန် ရောက်ရှိမည်

**ရန်ကုန် စက်တင်ဘာ ၂၄**

မြန်မာနိုင်ငံကင်းထောက်အဖွဲ့ချုပ်မှဖိတ်ကြားချက်အရ မြန်မာနိုင်ငံကင်းထောက်အဖွဲ့၏ ဆောင်ရွက်မှုများကို ပူးပေါင်းဆောင်ရွက်ရန်နှင့် လုပ်ငန်းများ လေ့လာအကဲဖြတ်ညှိနှိုင်းရန်အတွက် အာရှ-ပစိဖိတ်ဒေသကင်းထောက်အဖွဲ့ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Mr. J Rizal Pangilinan ဦးဆောင်သည့် အာရှ-ပစိဖိတ်ဒေသ ကင်းထောက်အဖွဲ့မှ တာဝန်ရှိသူများသည် စက်တင်ဘာ ၂၅ ရက်မှ ၂၉ ရက်အထိ မြန်မာနိုင်ငံသို့ လာရောက်ကြမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ အာရှ-ပစိဖိတ်ဒေသ ကင်းထောက်အဖွဲ့မှ ပုဂ္ဂိုလ်များသည် မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ချုပ်မှ ပုဂ္ဂိုလ်များနှင့်တွေ့ဆုံကာ လက်ရှိဆောင်ရွက်လျက်ရှိသည့် ကင်းထောက်လုပ်ငန်းများ၊ လေ့ကျင့်ရေးသင်တန်းများ၊ စည်းရုံးရေးလုပ်ငန်းများကို ညှိနှိုင်းဆွေးနွေးကြမည်ဖြစ်ပြီး မြန်မာနိုင်ငံကင်းထောက်အဖွဲ့အား ကမ္ဘာ့ကင်းထောက်အဖွဲ့ဝင်နိုင်ငံအဖြစ် အသိအမှတ်ပြုနိုင်ရန် စီစဉ်ဆောင်ရွက်မည့်ကိစ္စများကို ဆွေးနွေးကြမည်ဖြစ်သည်။

ထို့ပြင် အာရှ-ပစိဖိတ်ဒေသကင်းထောက်အဖွဲ့မှ ပုဂ္ဂိုလ်များသည် အထက (၁) ဒဂုံ၊ ရန်ကုန်ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးအထက်တန်းကျောင်း အထက(၂) ကမာရွတ်နှင့် Myanmar International School Yangon ရှိ ကင်းထောက်အဖွဲ့ဝင်များ၊ တက္ကသိုလ်အသီးသီးရှိ တက္ကသိုလ်ကင်းထောက်မောင်မယ်များနှင့်တွေ့ဆုံကာ ကျောင်းတွင်းကင်းထောက်လှုပ်ရှားဆောင်ရွက်မှုများကို လေ့လာကြမည်ဖြစ်ကြောင်း သိရသည်။ **ကိုလတ်(သတင်းစဉ်)**

## ကျောင်းပြင်ပပညာရေးဆိုင်ရာ စွမ်းဆောင်ရည်မြှင့်သင်တန်းဖွင့်လှစ်

**ရန်ကုန် စက်တင်ဘာ ၂၄**

မြန်မာနိုင်ငံ စာတတ်မြောက်ရေးအထောက်အကူပြု ပင်မဌာနက ကြီးမှူး၍ ၂၀၁၅-၂၀၁၆ ပညာသင်နှစ် ကျောင်းပြင်ပ မူလတန်းပညာရေးလုပ်ငန်း ဆက်သွယ်ရေးမှူးများနှင့် အခြေစိုက်စခန်းများမှ ကျောင်းအုပ်ကြီးများ စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းကို ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း သိင်္ဂီမြိုင်ခန်းမ၌ စက်တင်ဘာ ၂၂ ရက်က ဖွင့်လှစ်ခဲ့သည်။

သင်တန်းသို့ အခြေခံပညာဦးစီးဌာန တိုင်းဒေသကြီးပညာရေးမှူးရုံး၊ တိုင်းဒေသကြီး မြောက်ပိုင်းခရိုင်၊ တောင်ပိုင်းခရိုင်၊ အရှေ့ပိုင်းခရိုင်နှင့် သံတွဲခရိုင် ပညာရေးမှူးရုံးများမှ လုပ်ငန်းဆက်သွယ်ရေးမှူးများ၊ အခြေစိုက်စခန်းများမှ ကျောင်းအုပ်ကြီးများ စုစုပေါင်းသင်တန်းသား သင်တန်းသူ ၉၀ တက်ရောက်ခဲ့သည်။

သင်တန်းတွင် ဒေါက်တာတင်ညိုက ကျောင်းပြင်ပ မူလတန်းပညာရေး သင်ကြားရေးဆိုင်ရာများအကြောင်းကို ဆွေးနွေးတင်ပြပြီး သင်တန်းနည်းပြဆရာ ဆရာမများက ကျောင်းပြင်ပ မူလတန်းပညာသင်ကြားရေးလုပ်ငန်းများ အကောင်အထည်ဖော်မှု၊ လုပ်ငန်းဆက်သွယ်ရေးမှူးနှင့် အခြေစိုက်စခန်းကျောင်းအုပ်ကြီးများ၏တာဝန်များ စသည့်ကျောင်းပြင်ပမူလတန်းပညာဆိုင်ရာများကို ပို့ချခဲ့ပြီး သင်တန်းကာလမှာ စက်တင်ဘာ ၂၂ ရက်မှ၂၄ရက်အထိဖြစ်ကြောင်း သိရသည်။ **ခင်ဇော်(မင်္ဂလာ)**



## လင်းခေးမြို့နယ် ပုန်းထွန်ကျေးရွာတွင် ကျေးရွာမြေငှားဂရန်ထုတ်ပေး

**လင်းခေး စက်တင်ဘာ ၂၄**

လင်းခေးခရိုင် လင်းခေးမြို့နယ် ပုန်းထွန်ကျေးရွာရှိ ပြည်သူများအား မြေငှားဂရန် ထုတ်ပေးရေးအခမ်းအနားကို ကျေးရွာရှိ ဝါဆိုဘုန်းတော်ကြီးကျောင်း၌ စက်တင်ဘာ ၂၃ ရက်က ကျင်းပသည်။

အခမ်းအနားတွင် ကျေးရွာမြေငှားဂရန် ထုတ်ပေးရေး ခရိုင်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးမြင့်နှင့် ခရိုင်လုပ်ငန်းအဖွဲ့ အတွင်းရေးမှူး ဦးစန်းယု၊ မြို့နယ်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ဦးဇော်မြင့်သိန်းတို့က ဂရန်ထုတ်ပေးရေးနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ကျေးရွာနေပြည်သူများလက်ဝယ်အရောက် မြေငှားဂရန်များ ထုတ်ပေးခဲ့သည်။

တစ်မြို့နယ်တစ်ရွာ ကျေးရွာမြေငှားဂရန် ထုတ်ပေးရေးစီမံချက်အရ လင်းခေးမြို့နယ်သည် လင်းခေးခရိုင်တွင် နောက်ဆုံးစိစစ်ထုတ်ပေးသော မြို့နယ်တစ်မြို့နယ်ဖြစ်ပြီး ခရိုင်အတွင်း စက်တင်ဘာ ၁၂ ရက်က မောက်မယ်မြို့နယ်၊ စက်တင်ဘာ ၁၇ ရက်က မိုးနဲမြို့နယ်၊ စက်တင်ဘာ ၂၁ ရက်က မိုင်းပန်မြို့နယ်တို့တွင်ထုတ်ပေးပြီးစီးခဲ့သဖြင့် လင်းခေးခရိုင်အတွင်း မြို့နယ်အားလုံး မြေငှားဂရန် ထုတ်ပေးပြီး ဖြစ်ကြောင်း သိရသည်။ **မောင်စိုး(လင်းခေး)**

## မိုးနဲမြို့နယ်အတွင်း ဆောင်ရွက်နေသောလမ်းနှင့် တံတားလုပ်ငန်းများ ကွင်းဆင်းကြည့်ရှု

**မိုးနဲ စက်တင်ဘာ ၂၄**

ရှမ်းပြည်နယ် (တောင်ပိုင်း) လင်းခေးခရိုင် မိုးနဲမြို့နယ်တွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ဒေသဖွံ့ဖြိုးရေးရန်ပုံငွေများဖြင့် ဆောင်ရွက်လျက်ရှိသော လမ်းနှင့်တံတားလုပ်ငန်းများကို မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ စက်တင်ဘာ ၂၂ ရက်က ကွင်းဆင်းကြည့်ရှုခဲ့သည်။

ဒေသဖွံ့ဖြိုးရေးရန်ပုံငွေ ကျပ်ငါးသန်းဖြင့် ဆောင်ရွက်လျက်ရှိသော ဥယျာဉ်ရပ်ကွက် ခိုင်ရွှေဝါလမ်း အကျယ် ၁၀ ပေနှင့် အရှည် ၄၇၅ ပေ အဆင့်မြှင့်တင်ခြင်းနှင့် ကတ္တရာထပ်ပိုးလွှာခင်းခြင်း၊ ကျပ် ၁၀သန်းဖြင့်ဆောင်ရွက်နေသော မိုးနဲမြို့ အရှေ့ဘက်ကျေးရွာများသို့ ဆက်သွယ်သည့် ပဒုမ္မာလမ်း အကျယ် ၁၂ ပေ၊ လမ်းအရှည် ပေ ၆၀၀ ကျော် ချောခင်းခြင်း၊ ဂန္ဓမာလမ်းတံတားနှင့် နာဟောင်ရပ်ကွက် တံတားများ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမြတ်ကျော်၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးစိုင်းမျိုးသန့်၊ မြို့နယ်စည်ပင်သာယာရေးဦးစီးဌာန အမှုဆောင်အရာရှိ ဦးမောင်မောင်မြင့်နှင့် တာဝန်ရှိသူများက ကွင်းဆင်း စစ်ဆေးခဲ့ခြင်းဖြစ်သည်။

**မျိုးညွန့်ရွှေ(မိုးနဲ)**



## ကျေးရွာ ၁၉ ရွာသို့ မြစိမ်းရောင်စီမံကိန်း ရန်ပုံငွေများ လွှဲပြောင်းပေးအပ်

**လပွတ္တာ စက်တင်ဘာ ၂၄**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် လပွတ္တာမြို့နယ်အတွင်း ကျေးရွာများသို့ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေများနှင့် စာရွက်စာတမ်းများလွှဲပြောင်းပေးအပ်ပွဲကို လပွတ္တာမြို့နယ် ရွှေနဒီခန်းမ၌ စက်တင်ဘာ ၂၁ ရက်က ကျင်းပခဲ့သည်။

ရန်ပုံငွေ လွှဲပြောင်းပေးအပ်ပွဲတွင် လပွတ္တာခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်ဦးက အမှာစကားပြောကြားပြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကျော်မျိုးက မြစိမ်းရောင်ကျေးရွာစီမံကိန်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်မည့် မြစိမ်းရောင်ကျေးရွာ ၁၉ ရွာအတွက် ကျေးရွာတစ်ရွာလျှင် ငွေကျပ်သိန်း ၃၀၀နှုန်းဖြင့် ရန်ပုံငွေကျပ် သိန်း ၅၇၀၀ ကို မြစိမ်းရောင်ကျေးရွာရန်ပုံငွေကြီးကြပ်မှုကော်မတီများထံ လွှဲပြောင်းပေးအပ်ခဲ့သည်။

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန်၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများတွင် လိုအပ်သောအရင်းအနှီးများ ရရှိစေပြီး လုပ်ငန်းများ ပိုမိုအောင်မြင်စေရန် ရည်ရွယ်၍ ကျေးရွာများသို့ အရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ပေးသည့် မြစိမ်းရောင်ကျေးရွာစီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းဖြစ်သည်။

**ဝင်းကျော်မြင့်(ပြန်/ဆက်)**

# အသည်းအဆီဖုံးရောဂါ

## အပိုင်း (၂)

ပါမောက္ခခင်မောင်ဝင်း
(အသည်း)

**အဝလွန်ရောဂါနှင့် အသည်းအဆီဖုံးရောဂါ**

အဝလွန်တဲ့သူတွေမှာ အသည်းအဆီဖုံးရောဂါ ဖြစ်လေ့ရှိပါတယ်။ BMI 30 ကျော်တဲ့သူတွေမှာ ၉၀ ရာခိုင်နှုန်းလောက်ဟာ အသည်းအဆီဖုံးရောဂါ ဖြစ်ပါတယ်။

ဒီနေရာမှာ BMI ဆိုတာကို ရှင်းပြဖို့လိုပါတယ်။ မြန်မာတွေဟာ ဝတာကို ရောဂါတစ်ခုလို့ မသတ်မှတ်ပါဘူး။ ရှေ့မှာပြောခဲ့သလိုပဲ မြန်မာစကားမှာ အဝလွန်ရောဂါဆိုတာ မရှိပါဘူး။ အခုခေတ်မှ သတ်မှတ်ပြီး ခေါ်လာတာပါ။ အခုအခါမှာတော့ ဝတာ (overweight) နဲ့ အဝလွန်တာ (obesity) ကိုခွဲခြားဖို့ အထူးလိုလာပါပြီ။ ဘာလို့လဲဆိုတော့ ဝတယ်ဆိုတာ ဝရုံပဲဝတာ၊ ရောဂါမဖြစ်ဘူး။ အဝလွန်တယ်ဆိုတာက ရောဂါတွေဖြစ်ပြီး သေနိုင်တယ်ဆိုတာ သေချာပေါက် သိလာလို့ပါပဲ။ ပြီးတော့ လူတစ်ယောက်ဟာ အဝလွန်တယ်လို့ သတ်မှတ်ရင် ရောဂါတစ်ခုဖြစ်ပြီလို့ ယူဆရမယ်။ ဆေးတွေ၊ ခွဲစိတ်တာတွေနဲ့ ကုရမယ်။ ဝတာသက်သက်ပဲ၊ အဝလွန်တာမဟုတ်ဘူးဆိုတဲ့လူတွေကျတော့ ဘာမှ ဆေးကုစရာလည်း မလိုဘူး။ ရောဂါလည်းမဟုတ်ဘူး။ အစားအသောက်၊ အနေအထိုင်၊ ကိုယ်လက်လှုပ်ရှားမှု လေ့ကျင့်ခန်းတွေနဲ့ပဲ လုံလောက်ပါတယ်။

ဒါကြောင့် ဝတာ (overweight) နဲ့ အဝလွန် (obesity)ဟာ ပြတ်ပြတ်သားသား ခွဲခြားရမှာပါ။ ဝတယ်ဆိုတဲ့လူကို ပြင်သင့်တာလေးတွေ ပြောရုံပဲ။ အဝလွန်တဲ့လူကျတော့ သေနိုင်တယ်ဆိုတဲ့ အသိတရားရှိသွားအောင် ရှင်းပြရမယ်။ ပြောပြရမယ်။ ရောဂါတစ်ခုလိုပဲ၊ သတ်မှတ်ရမယ်ဆိုတာကို ဆေးခါးကြီးကျွေးသလို ရက်ရက်စက်စက်လည်း ထပ်ပြောရမယ်။ လိုအပ်သလို ဆေးတွေသုံးပြီး ကုရတော့မယ်ဆိုတာလည်း သဘောပေါက်စေရမယ်။ ဒီအဝလွန်တဲ့ရောဂါကို ရိုးရိုးဝတာပဲဆိုပြီး ပေါ့ပေါ့ဆဆနေမယ်ဆိုရင်တော့ သက်ဆိုးရှည်မှာမဟုတ်ဘူးဆိုတာလည်း တကယ်သဘောပေါက်ပြီး သိသွားအောင်လုပ်ပေးရမယ်။

အဲဒီလိုဆိုရင် ဝတယ်(overweight)ဆိုတာနဲ့ အဝလွန်တာ(obesity) ဘယ်လိုခွဲမလဲ။ ပုဆိုးကွင်းအနံ၊ ဘောင်းဘီဆိုက်(size)၊ အင်္ကျီလည်ပင်းဆိုက်နဲ့ခွဲမှာလား။ ဒီလိုနည်းတွေနဲ့ ဝတာနဲ့ အဝလွန်ခွဲတာဟာ လွဲမှားတတ်ပါတယ်။ အမြင်နဲ့ကြည့်ရင်လည်း ဒီလူကြီးက သိပ်ဝတယ်။ ဟိုလူက နည်းနည်းပဲဝတယ်ဆိုပြီး မျက်စိနဲ့တိုင်းတာဆုံးဖြတ်တာလည်း လွဲတယ်။ အဲဒီလို လူတစ်ယောက်ရဲ့ အပိန်၊ အဝကို အမြင်နဲ့မှန်းပြော၊ စိတ်ထဲက တိုင်းတာတွေဟာ လွဲမှားကြလို့ လူတွေရဲ့ အရပ်နဲ့ ရှိသင့်တဲ့ကိုယ်အလေးချိန်တွေကို တိတိကျကျ ပိန်တယ်၊ ဝတယ်သိအောင်ဆိုပြီး စံ၊ နှုန်းထားတွေ သတ်မှတ်ပြီး အရပ်ဘယ်လောက်ဆိုရင်၊ ကိုယ်အလေးချိန် ဘယ်လောက်ရှိသင့်တယ်။ အဲဒီထက်ကျော်ရင် ဝတယ်လို့ သတ်မှတ်မယ်ဆိုပြီး ကိုယ်အလေးချိန်၊ အရပ်ဇယား (ideal weight-height-chart) တွေကို ဆေးပညာရှင်တွေက တီထွင်လာခဲ့ကြပါတယ်။ ဒါဟာလည်း အသုံးကျသင့်သလောက်ကျပါတယ်။

ဒါပေမယ့် ဒီဇယားတွေက ဝတယ်ဆိုတာပဲ ပြောနိုင်ပြီး အဝလွန်တယ်ဆိုတာကို မသိရဘူး။ လူတစ်ယောက်ကို အဝလွန်ရောဂါလို့ ဘယ်တော့သတ်မှတ်ပြီး ဆေးကုရမယ်ဆိုတာ မပြောနိုင်ပြန်ဘူး။ ဒီနောက်တစ်ခါ ခါးလုံးပတ်နဲ့ တင်ပါးဆုံလုံးပတ်အတိုင်းအတာကို အချိုးချပြီး(waist-hip circumference ratio) လူတစ်ယောက်ဟာ အဝလွန် မလွန် တွက်ကြသေးတယ်။ ဒါလည်းပဲ သိပ်တိကျတဲ့ တိုင်းတာမှုမဟုတ်ဘူး။ အခုနောက်ဆုံးမှာတော့ ကိုယ်ခန္ဓာအသားကျစ်ညွှန်းကိန်း(Body Mass Index-BMI)ဆိုတာ ပေါ်လာတယ်။ လက်ရှိဆေးပညာအယူအဆအရတော့ ဘီအမ်အိုင်(BMI) ဟာ ဝတာနဲ့ အဝလွန်တာကို ခွဲခြားဖို့၊ အဝလွန်တာကိုလည်း ဘယ်လောက်ဆိုးနေပြီလဲဆိုတာတိုင်းတာဖို့ အသုံးအကျဆုံး ဆေးပညာတွက်ချက်မှုတစ်ရပ်ပါ။

**ဝတာ (overweight) နဲ့ အဝလွန် (obesity)ဟာ ပြတ်ပြတ်သားသား ခွဲခြားရမှာပါ။ ဝတယ်ဆိုတဲ့လူကို ပြင်သင့်တာလေးတွေ ပြောရုံပဲ။ အဝလွန်တဲ့လူကျတော့ သေနိုင်တယ်ဆိုတဲ့ အသိတရားရှိသွားအောင် ရှင်းပြရမယ်။ ပြောပြရမယ်။ ရောဂါတစ်ခုလိုပဲ၊ သတ်မှတ်ရမယ်ဆိုတာကို ဆေးခါးကြီးကျွေးသလို ရက်ရက်စက်စက်လည်း ထပ်ပြောရမယ်။ လိုအပ်သလို ဆေးတွေသုံးပြီး ကုရတော့မယ်ဆိုတာလည်း သဘောပေါက်စေရမယ်။ ဒီအဝလွန်တဲ့ရောဂါကို ရိုးရိုးဝတာပဲဆိုပြီး ပေါ့ပေါ့ဆဆနေမယ်ဆိုရင်တော့ သက်ဆိုးရှည်မှာမဟုတ်ဘူးဆိုတာလည်း တကယ်သဘောပေါက်ပြီး သိသွားအောင် လုပ်ပေးရမယ်. . .**

ဘီအမ်အိုင်(BMI) တွက်နည်းကတော့ လွယ်လွယ်လေးပါ၊ ကိုယ်အလေးချိန် ဘယ်နှစ်ပေါင်ရှိလဲဆိုတာ ချိန်လိုက်၊ ကိုယ့်ရဲ့အရပ်အမြင့်ကို လက်မဖွဲ့၊ အဲဒီ အရပ်အမြင့်လက်မကို နှစ်ထပ်ကိန်းလုပ်ပြီး ကိုယ်အလေးပေါင်ချိန်ကိုစား၊ ရလဒ်ကို ၇၀၃ နဲ့မြှောက်လိုက်ရင် ဘီအမ်အိုင်(BMI) ရတာပဲ။

$$\frac{\text{ကိုယ်အလေးပေါင်ချိန်}}{(\text{အရပ်အမြင့်ကို လက်မဖွဲ့})^2} \times ၇၀၃ = \text{BMI}$$

ဥပမာအနေနဲ့ ကျွန်တော့်ရဲ့ BMI ကိုတွက်ပြပါမယ်။ ကျွန်တော့်ရဲ့ကိုယ်အလေးချိန် ၁၇၂ ပေါင် ရှိပါတယ်။ အရပ်က ငါးပေ ရှစ်လက်မပါ။ အဲဒါကို လက်မဖွဲ့လိုက်တော့ ကျွန်တော့်အရပ်အမြင့်ဟာ ၆၈ လက်မဖြစ်ပါတယ်။ BMI တွက်နည်းအရ အရပ်အမြင့် ၆၈ လက်မကို နှစ်ထပ်ကိန်းလုပ်လိုက်ရင် တစ်နည်းပြောရရင် ၆၈ x ၆၈ ဆိုတော့ ၄၆၂၄ ရမယ်။ ကဲ BMI formula ထဲ ထည့်ကြည့်လိုက်ကြရအောင်။

$$\frac{၁၇၂\ \text{ပေါင်}}{(၆၈\ \text{လက်မ})^2 = ၄၆၂၄} \times ၇၀၃ = ၂၆.၁၅၂$$

ဒီလိုတွက်လိုက်တော့ ကျွန်တော့်ရဲ့ ယနေ့လက်ရှိ BMI ဟာ ၂၆ ဒသမ ၁၅၂ ဖြစ်ပါတယ်။

အဲဒီလို BMI ကို တွက်လို့ရပြီးတော့ နည်းတယ် များတယ်၊ ဝတယ်၊ ပိန်တယ်၊ ဘယ်လိုအဓိပ္ပာယ်ဖော်ကြမလဲ။ BMI 25 ထက်ကျော်ရင် ဝတယ်လို့ခေါ်ရမယ်။ ကျွန်တော်က BMI 26 ဒသမ ၁၅၂ ဆိုတော့ ဝတယ်ပြောရင် မှန်ပါတယ်။ စိတ်ဆိုးလို့ မရပါဘူး။ ဒါပေမယ့် ရှေ့မှာတစ်လျှောက်လုံးပြောခဲ့သလို ကျွန်တော်ဟာ ဝတာ(overweight)လား၊ အဝလွန်တာ(obesity)လားဆိုတာ သိဖို့လိုသေးတယ်။ အဲဒါကို သိဖို့ အောက်က ဇယားလေးကိုကြည့်ပါ။ ကျွန်တော့်ရဲ့ BMI က ဝတယ်(overweight)ထဲမှာပဲ နေပါတယ်။ ကျွန်တော်ဟာအဝလွန်တဲ့လူတစ်ယောက်မဟုတ်ပါဘူး။

**ဝတာနဲ့ အဝလွန်တာကို BMI အသားကျစ်ညွှန်းကိန်းနဲ့ ခွဲခြားပြတဲ့ဇယား**

| (သတ်မှတ်ချက်) | (BMI) |
|---|---|
| ပိန်တယ် | ၁၈.၅ ထက်နည်း |
| ပုံမှန်ကိုယ်အလေးချိန် | ၁၈.၅ - ၂၄.၉ |
| ဝတယ် | ၂၅ - ၂၉.၉ |
| အဝလွန် အဆင့် (၁) | ၃၀ - ၃၄.၉ |
| အဝလွန် အဆင့် (၂) | ၃၅ - ၃၉.၉ |
| အဝလွန် အဆင့် (၃) | ၄၀ ကျော် |

BMI 25 ကနေ ၂၉ ဒသမ ၉ အထိက ဝတာ (overweight)ပေါ့။ ဒါပေမယ့် (overweight)ဆိုတဲ့ အလေးချိန်များတိုင်းလည်း အဆီများပြီးဝတာ(overfat)တော့ မဟုတ်ဘူးနော်။ ကြွက်သားတွေက လေးနေတာလည်း ဖြစ်နိုင်သေးတယ်။ သို့ပေမယ့် BMI များလေ ကျန်းမာရေးအတွက်ဆိုးလေ ဆိုတာပဲ မှတ်ထားပါလေ။ BMI 30 ကျော်ရင် အဝလွန် (obesity) ဖြစ်နေပြီပေါ့။ အဝလွန်တာကို အဆင့်သုံးဆင့် ထပ်ခွဲပါတယ်။ BMI 30 ကနေ ၃၄ ဒသမ ၉ ဆိုရင် အဝလွန်ရောဂါ အဆင့်(၁)၊ BMI 35 ကနေ ၃၉ ဒသမ ၉ ဆိုရင် အဝလွန်အဆင့် (၂)၊ BMI 40 ကျော်သွားပြီဆိုရင်တော့ အဆင့်(၃)။ အဲဒါအဆိုးဆုံးပဲ။ နည်းနည်းကြမ်းကြမ်းလေး ပြောရရင်တော့ အဆင့်(၃)ရောက်နေရင် သေဖို့ တော်တော်နီးစပ်သွားပြီလို့ ဆိုရမယ်။

**ဝတယ်ဆိုတာနဲ့ အသည်းထဲကို အဆီတွေ ဝင်တော့တာပဲ။ နေ့စဉ်စားသောက်နေရင်းနဲ့ ကိုယ်ခန္ဓာလိုအပ်တာထက် ပိုပြီးစားမိလို့ စွမ်းအင်အာဟာရ ကယ်လိုရီတွေ ပိုပြီးဝင်လာရင် လူ့ကိုယ်ထဲမှာ အဆီအဖြစ်ပဲ သိမ်းထား ရပါတယ်။ အဆီဆိုတော့ အဓိက အသည်းထဲမှာသိမ်းတာ များပါတယ်။ တစ်နေ့တစ်နေ့ ငှက်ပျောသီးတစ်လုံး ပိုစားလိုက်၊ အီကြာကွေး တစ်ချောင်း ပိုစားမိလိုက်နဲ့ ကိုယ့်စိတ်ထဲမှာတော့ ဘာမှသိပ်များတယ် မထင်ဘဲနဲ့ တစ်တိတိနဲ့ ပိုပိုစားမိလာတယ်။ နှစ်တွေကြာလာတော့ အသက်ကလေး လည်းရလာ၊ မျိုးရိုးလေးကလည်းရှိ ဒီကြားထဲ အရက်ကလေးကလည်း နည်းနည်းပါးပါး သောက်တတ်၊ အချိုလည်း စားချင်။ ဒီလိုအချက်အလက် တွေ ပေါင်းလိုက်တော့ တရိပ်ရိပ်တက်လာလိုက်တဲ့ ဝိတ် (Weight)၊ ကိုယ့်ပေါင်ချိန်ကိုယ် ကြည့်လိုက်တော့မှ တော်တော်လန့်သွားပြီး လွန်နေပြီ လို့ ထင်သွားပြီ. . .**

BMI 25 နဲ့ ၂၉ ဒသမ ၉ ကြားမှာရှိနေရင် ဝတာ (overweight)ရိုးရိုးပဲဆိုတော့ ရောဂါဆိုးတွေ ဝင်မလာနိုင်သေးပါဘူး။ BMI 30 ကျော်သွားပြီး အဝလွန်ရောဂါ (obesity)ဖြစ်ပြီဆိုရင်တော့ ကိုယ်ခန္ဓာအစိတ်အပိုင်း မျိုးစုံကို ထိခိုက်ပြီး ရောဂါမျိုးစုံ ဝင်လာတော့တာပေါ့။

အမေရိကန် အစားအသောက်နဲ့ ဆေးဝါးကြီးကြပ်ရေးအဖွဲ့ရဲ့ လမ်းညွှန်ချက်ကို ပြောရမယ်ဆိုရင်တော့ BMI ညွှန်းကိန်း ၃၀ ကျော်ပြီး အဝလွန်လို့ သတ်မှတ်လိုက်တာနဲ့ ဘာရောဂါမှ ရှိရှိ၊ မရှိရှိ ဆေးတစ်မျိုးမျိုးကိုသုံးပြီး အဝလွန်တာကို စကုသင့်ပြီလို့ ဆိုပါတယ်။ BMI 40 ကျော်ပြီး အဝလွန်ရောဂါ အဆင့်(၃) ကို ရောက်နေပြီဆိုရင်တော့ အရေးပေါ်ပြဿနာတစ်ရပ်လိုသဘောထားပြီး အလျင်အမြန် ချက်ချင်းကို ဆေးတွေသုံးပြီး ကုရပါမယ်။ ဆေးနဲ့ကုလို့ အဝလွန်တာ မပျောက်ဘူးဆိုရင် ခွဲစိတ်ပြီးကုရပါမယ်။ BMI 40 ကျော်တယ်ဆိုတာဟာ ဆိုးဆိုးရွားရွား အဝလွန်ရောဂါပါ။ အရေးကြီး အသက်အန္တရာယ်ရှိနေပြီ။ အချိန်မီဆေးကုမှ အသက်ရှည်မှာပါ။

ကျွန်တော်တို့တစ်တွေဟာ ဒီလိုပဲ နေထိုင်စားသောက်လှုပ်ရှားနေကြပြီး ကိုယ့်ကိုယ်ကိုယ် ပြန်လည်ဆန်းစစ်ဖို့ အချိန်မရှိကြဘူး။ သတိမရှိကြဘူး။ အသိမရှိကြဘူး။ ကိုယ်ဟာ ပိန်နေလား၊ ဝနေလား ဘယ်သူမှ သေချာမတွေးမိကြဘူး။ စားကောင်းကောင်းနဲ့ စား၊ ကိုယ်လက်လှုပ်ရှားမှုမရှိ၊ သတိမမူ ဂရုမမြင်ပါပဲ။

ဒီနေ့ ကျွန်တော်သတိပေးပါရစေ။ ကိုယ်အလေးချိန် ဘယ်နှပေါင်ရှိလည်း ချိန်ကြည့်ပါ။ အရပ်ဘယ်လောက်ရှိလည်း တိုင်းကြည့်ပြီး အဲဒါကိုလက်မဖွဲ့ပါ။ ပြီးတော့ ကျွန်တော်ပေးထားတဲ့ BMI တွက်နည်းလေးနဲ့ တွက်ကြည့်ပါ။ ကိုယ့်ရဲ့ BMI ရပြီဆိုရင် ငါဟာ ဝတာလား၊ အဝလွန်နေပြီလား၊ အဝလွန်နေပြီဆိုရင် ဘယ်အဆင့်ရောက်နေပြီလဲဆိုတာ ဆန်းစစ်ကြည့်လိုက်ပါ။ ကိုယ့်ရဲ့အဆင့် ကိုယ်သိပြီး ကိုယ့်အသက်ကို ကယ်နိုင်အောင် ကြိုးစားကြပါ။

“အသက်ကလေးရယ် ရှည်စေလို BMI တိုင်းကြစို့ဗျို့လို့ ပြောရမလိုတောင် ဖြစ်နေပါတယ်။ ဒီလောက်တောင် BMI အကြောင်းပြောနေတာ BMI သိတော့ ဘာလုပ်နိုင်မှာလဲလို့ တွေးမိကြလိမ့်မယ်။ BMI သိပြီး ကိုယ်ဟာဝနေတယ်၊ အဝလွန်နေတယ်ဆိုတာသိပြီးရင် လုပ်နိုင်တာတွေ အများကြီးရှိပါတယ်။ အဲဒီလို BMI များပြီး အဝလွန်နေတဲ့လူတွေ အသက်ရှည်အောင် ပြုပြင်မှုတွေလုပ်နိုင်ဖို့ဆိုတာကတော့၊ ဝတယ်ဆိုတာ ဘာကြောင့်ဖြစ်တာလဲ။ ဝတာရဲ့ ဆိုးကျိုးတွေဟာ ဘာလဲ။ ဝတာ၊ အဝလွန်တာတွေကို ဘယ်လိုကုရမှာလဲ ဆိုတာတွေ သိဖို့လိုပါမယ်။

ဝတယ်ဆိုတာနဲ့ အသည်းထဲကို အဆီတွေ ဝင်တော့တာပဲ။ နေ့စဉ်စားသောက်နေရင်းနဲ့ ကိုယ်ခန္ဓာလိုအပ်တာထက် ပိုပြီးစားမိလို့ စွမ်းအင်အာဟာရ ကယ်လိုရီတွေ ပိုပြီးဝင်လာရင် လူ့ကိုယ်ထဲမှာ အဆီအဖြစ်ပဲ သိမ်းထားရပါတယ်။ အဆီဆိုတော့ အဓိက အသည်းထဲမှာသိမ်းတာများပါတယ်။ တစ်နေ့တစ်နေ့ ငှက်ပျောသီးတစ်လုံး ပိုစားလိုက်၊ အီကြာကွေးတစ်ချောင်း ပိုစားမိလိုက်နဲ့ ကိုယ့်စိတ်ထဲမှာတော့ ဘာမှသိပ်များတယ်မထင်ဘဲနဲ့ တစ်တိတိနဲ့ ပိုပိုစားမိလာတယ်။ နှစ်တွေကြာလာတော့ အသက်ကလေးလည်းရလာ၊ မျိုးရိုးလေးကလည်းရှိ ဒီကြားထဲ အရက်ကလေးကလည်း နည်းနည်းပါးပါး သောက်တတ်၊ အချိုလည်းစားချင်။ ဒီလိုအချက်အလက်တွေ ပေါင်းလိုက်တော့ တရိပ်ရိပ်တက်လာလိုက်တဲ့ဝိတ် (Weight)၊ ကိုယ့်ပေါင်ချိန်ကိုယ် ကြည့်လိုက်တော့မှ တော်တော်လန့်သွားပြီး လွန်နေပြီလို့ထင်သွားပြီ။ ငါတော့ ပြန်ပိန်တော့မှာမဟုတ်တော့ဘူးလို့ တွေးမိ၊ ဒီကြားထဲ အပေါင်းအသင်း၊ အမျိုးအဆွေ၊ ပတ်ဝန်းကျင်တစ်ခုလုံးကလည်း စားဖို့ပဲအားပေးတယ်။ လျှော့စားဖို့ဆိုတာ ဘယ်သူကမှ မပြောကြ။ လူဖြစ်ရကျိုးနပ်အောင် တို့ကတော့စားမှာပဲလို့ ပြောတဲ့သူတွေချည်းပဲ။ အနှစ်ချုပ်လိုက်တော့ သတိလက်လွတ် မျက်စိမှိတ်ပြီး ဆက်စားရင်းစားရင်းနဲ့ အဝလွန်တာကနေ အသည်းမှာ အဆီတွေဝင်လာပြီး အသည်းအဆီဖုံးရောဂါ ဖြစ်တော့တာပေါ့။

နောက်ပြီးတော့ လွဲမှားနေတဲ့ အယူအဆတစ်ခုရှိတယ်။ အဆီစားမှ အသည်းအဆီဖုံးတယ်လို့ လူတွေအများစုက ထင်ကြတယ်။ အဆီတွေစားရင်တော့ အသည်းအဆီဖုံးတာ ပိုဖြစ်တာပေါ့။ ဒါပေမယ့်လည်း အဆီစားစား၊ ထမင်းစားစား၊ ခေါက်ဆွဲစားစား၊ ဘာကိုပဲစားစား ကိုယ်ခန္ဓာက လိုတာထက်ပိုစားမိရင် ဝလာမှာပဲ။ ဝလာရင် အသည်းအဆီဖုံးမှာပဲ။ ဆိုလိုတာက အသည်းအဆီဖုံးရောဂါဆိုတာ အဆီစားမှ ဖြစ်တာမဟုတ်ဘူး။ ဘာပဲစားစား အများကြီးစားရင် အသည်းအဆီဖုံးရောဂါ ဖြစ်တတ်ပါတယ်။

**(နောက်တစ်ပတ်မှာလည်း အသည်းအဆီဖုံးအကြောင်း ဆက်လက်ဖော်ပြသွားပါမယ်။)**

# ကောလင်း၊ ဝန်းသို၊ ပင်လည်ဘူးဒေသတွင် မျှစ်ချိုးရောင်းသူများပြားလာ၍ ဝါးသယံဇာတပြုန်းတီးလာနိုင်

**စစ်ကိုင်း စက်တင်ဘာ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်း၊ ဝန်းသို၊ ပင်လည်ဘူးမြို့နယ်များအတွင်း လျှိုမြောင်ချောက်ကမ်းပါး၊ တော၊ မြိုင်များ၊ မင်းဝံတောင်တန်း၊ ပုဂံတောင်တန်းစသည့် နေရာအနှံ့အပြားတွင် သစ်ဝါးများ အလွန်ပေါများသော်လည်း မဆင်မခြင်ခုတ်ယူမှု၊ မျှစ်ချိုးရောင်းချပြီး အသက်မွေးကြမှုများကြောင့် သစ်ဝါးသယံဇာတများ ပိုမိုပျက်စီးလျက်ရှိကြောင်း သိရသည်။

သစ်တော၊ ဝါးတောများ ပြုန်းတီးခဲ့သောနေရာကုန်းမြင့်တောင်တန်းဒေသများတွင် သဘာဝသစ်တော၊ ဝါးတောများ အလေ့ကျပေါက်ရောက်ပြီး ဝါးအမျိုးမျိုးကို သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောဦးစီးဌာနမှ ကြိုးဝိုင်းတော၊ အပတောများတွင် ပြန်လည်စိုက်ပျိုးလာကြသည်။

သို့ရာတွင် ဒေသခံစီးပွားရေးသမားများက သစ်ဝါးများကို မဆင်မခြင် ခုတ်ယူသုံးစွဲမှု ပိုမိုများပြားလာသဖြင့် ဝါးသယံဇာတများ ပိုမိုပြုန်းတီးလာလျက်ရှိသည်။

မျှစ်ချိုးရောင်းချကြသောသူများမှာ မိုးဦးကျမျှစ်စို့ထွက်ချိန်တွင် စည်းကမ်းမဲ့နေ့စဉ်မျှစ်စို့ခုတ်၍ စည်ပင်ဈေးသို့ နေ့စဉ်ရောင်းချခြင်း၊ မျှစ်ခြောက်လှမ်းခြင်း၊ မျှစ်မီးအုံးများပြုလုပ်ရောင်းချခြင်းများကို အများအပြား ပြုလုပ်နေခြင်း၊ မျှစ်ကို စဉ့်အိုးကြီးများဖြင့်စိမ်ထားခြင်း၊ မျှစ်ချဉ်တည်ခြင်းများကြောင့် ဝါးများမျိုးသုဉ်းသွားရမည်ကို ဒေသခံများ စိုးရိမ်နေကြကြောင်း သိရသည်။

မျှစ်၊ မျှစ်စို့၊ မျှစ်မီးအုံးနှင့် မျှစ်ခြောက်များကို ပုံစံအမျိုးမျိုးပြုလုပ်ဖန်တီးပြီး မီးရထား၊ မော်တော်ယာဉ်များဖြင့် ရွှေဘို၊ ရွာထောင်၊ မန္တလေးဒေသများထိပင် တင်ပို့ရောင်းချနေကြရာ မျှစ်ဟင်းလျာကို အကြောင်းပြု၍ ဝါးတောကြီးများဆုံးရှုံးနစ်နာမည်ကို ဒေသခံပြည်သူများက စိုးရိမ်နေကြခြင်းဖြစ်သည်။

ယခုအခါ ကောလင်း၊ ဝန်းသိုနှင့် ပင်လည်ဘူးမြို့နယ်များတွင် ဒေသထွက်မျှစ်များ လှိုင်လှိုင်ပေါ်နေချိန်တွင် ဝါးပိုးမျှစ်မှာ တစ်ပိဿာလျှင် ၇၀၀ ကျပ်မှ ၁၀၀၀ ကျပ်အထိ ဈေးပေါက်နေပြီး တင်းမျှစ်မှာ တစ်ပိဿာလျှင် ၄၀၀ ကျပ်မှ ၅၀၀ ကျပ်အထိဈေးဖြင့် စည်ပင်ဈေးများတွင် အရောင်းအဝယ်ဖြစ်နေကြသည်။

အဆိုပါမျှစ်စို့များမှာ အရောင်ဆိုးဆေးများ၏ အကူအညီမယူဘဲ သဘာဝသစ်တောထွက် ပစ္စည်းများဖြစ်ပြီး စားသုံးသူအတွက်အန္တရာယ်ကင်းရှင်းသော မြန်မာ့ရိုးရာဟင်းလျာတစ်ခုအဖြစ် အိမ်ရှင်မများ နှစ်သက်ခုံမင်ကြသည်။ မျှစ်မှ မျှစ်ခြောက်၊ မျှစ်မီးအုံး၊ မျှစ်ချဉ်များကိုပြုလုပ်၍ နှစ်လုံးပေါက်သိုလှောင်ရောင်းချခြင်းသည်လည်း ကျေးလက်နေပြည်သူများအတွက် ဝင်ငွေရသော လုပ်ငန်းတစ်မျိုးဖြစ်သည်။ အပိုဝင်ငွေရသော လုပ်ငန်းဖြစ်၍ ဒေသခံမျှစ်ချိုးရောင်းချသူများမှာ အိမ်ထောင်စုစားဝတ်နေရေးအတွက် မျှစ်ရောင်းပြီး တစ်နေ့ရသောဝင်ငွေ ကျပ်တစ်သောင်းဝန်းကျင်ကို မိသားစုအသုံးစရိတ်အဖြစ် စည်ပင်ဈေးမှ ဈေးဝယ်ပြီးပြန်ကြသည်။

သို့ရာတွင် သဘာဝရာသီဥတုဖောက်ပြန်မှု၊ ဂေဟစနစ်ပျက်ယွင်းမှုများ မဖြစ်စေရန်အတွက် ဝါးမျိုးများ မသုဉ်းသွားစေရန် ထိန်းသိမ်းမှုများကိုလည်း ပြုလုပ်သင့်နေပြီဖြစ်ကြောင်း ဒေသခံအချို့က ပြောဆိုလျက်ရှိသည်။

**လင်းစုံဦး**

# ကျောက်ပန်းတောင်းမြို့နယ်အတွင်း လမ်းများအဆင့်မြှင့်တင်

**ကျောက်ပန်းတောင်း စက်တင်ဘာ ၂၄**

ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာနသည် ပြည်သူများ လမ်းပန်းဆက်သွယ်ရေး လွယ်ကူချောမွေ့စေရေးအတွက် ကတ္တရာလမ်းများ အဆင့်မြှင့်တင်ခြင်း၊ ထပ်ပိုးလွှာခင်းခြင်းနှင့် လမ်းသားချဲ့ခြင်း၊ လိုအပ်သည့်နေရာများတွင် ရေကျော်တံတားများ တည်ဆောက်ခြင်းတို့ကို ဘဏ္ဍာနှစ်အလိုက် ဆောင်ရွက်လျက်ရှိရာ မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်အတွင်း ရွာမွန်-ဇီးဖြူကုန်းလမ်းတွင် ကတ္တရာထပ်ပိုးလွှာခင်းခြင်း၊ ရေကျော်တည်ဆောက်ခြင်းနှင့် ရန်ကုန်-ပြည်-မန္တလေးလမ်းမကြီးတွင် ကတ္တရာလမ်းသားချဲ့ခြင်း လုပ်ငန်းများကို မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



ရွာမွန်-ဇီးဖြူကုန်း လမ်းပိုင်းတွင် မိုင်တိုင်(၁၉/၀)နှင့်(၂၁/၅)အတွင်း ၁၈ ပေအကျယ်ရှိ ကတ္တရာထပ်ပိုးလွှာခင်းခြင်းနှင့် ဇီးဖြူကုန်းရေကျော်ပေ ၃၆၀ တည်ဆောက်ခြင်းတို့ကို တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေ ကျပ် ၂၃၁ ဒသမ ၅၀ သန်းဖြင့် ဆောင်ရွက်နေခြင်းဖြစ်ပြီး လုပ်ငန်းအားလုံး၏ ၉၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်းသိရသည်။

ထို့အပြင် ရန်ကုန်-ပြည်-မန္တလေး လမ်း(ကျောက်ပန်းတောင်း-မြင်းခြံ) လမ်းပိုင်း မိုင်တိုင် (၄၀၈/၀)မှ (၄၂၀/၀)အတွင်း မူလလမ်းသား ၁၂ ပေအကျယ် ကတ္တရာလမ်းမှ ၁၈ ပေအကျယ် ကတ္တရာလမ်းအဖြစ် တိုးချဲ့ခြင်း လုပ်ငန်းများကိုလည်း ကုမ္ပဏီများအား တင်ဒါစနစ်ဖြင့် အပိုင်းလိုက်ခွဲဝေတာဝန်ပေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**နေအောင်**(iprd)

# မန္တလေး-မြစ်ကြီးနားလမ်းပိုင်း လူစီးရထားများ ယာယီအချိန်ပြောင်းလဲပြေးဆွဲမည်

**မန္တလေး စက်တင်ဘာ ၂၄**

မန္တလေး-မြစ်ကြီးနား မြန်မာ့မီးရထားလမ်းပိုင်းတွင် လူစီးအမြန်ရထားများကို စက်တင်ဘာ ၂၆ ရက်မှ စတင်၍ ရထားချိန်များ ယာယီပြောင်းလဲ၍ ပြေးဆွဲသွားမည်ဖြစ်ကြောင်း သိရသည်။

အမှတ်(၃၃)အဆန် မန္တလေး-မြစ်ကြီးနား အိပ်စင်ရထားကို နှစ်ရက်ခြားပြေးဆွဲမည်ဖြစ်ပြီး မန္တလေးမှ'မ'ဂဏန်းရက်များတွင်ထွက်ခွာကာ မြစ်ကြီးနားမှ 'စုံ' ဂဏန်းရက်များတွင် ထွက်ခွာမည်ဖြစ်သည်။

အမှတ် (၅၅)အဆန် မန္တလေး-မြစ်ကြီးနား အထူးအမြန်အဆန်ရထားသည် မန္တလေးမှ နံနက် ၅နာရီ ၁၅ မိနစ်အချိန်တွင်ထွက်ခွာပြီး မြစ်ကြီးနားသို့ နံနက် ၄နာရီ ၄၅မိနစ်အချိန်တွင် ရောက်ရှိမည်ဖြစ်သည်။ အမှတ် (၅၆) မြစ်ကြီးနား-မန္တလေး အထူးအမြန်အစုန်ရထားသည် မြစ်ကြီးနားမှ နံနက် ၈နာရီ မိနစ် ၂၀ တွင် စတင်ထွက်ခွာမည်ဖြစ်ပြီး မန္တလေးသို့ နောက်တစ်ရက် နံနက် ၁၀နာရီ ၁၅မိနစ်အချိန်တွင် ရောက်ရှိမည်ဖြစ်သည်။

အမှတ် (၃၇) မန္တလေး-မြစ်ကြီးနား မြစ်ဆုံအဆန်ရထားသည် မန္တလေးမြို့မှ နံနက် ၁၀ နာရီတွင် စတင်ထွက်ခွာမည်ဖြစ်ပြီး မြစ်ကြီးနားသို့ နောက်တစ်နေ့ နံနက် ၈ နာရီတွင်ရောက်ရှိမည်ဖြစ်ကာ အမှတ် (၃၈)အစုန် မြစ်ကြီးနား-မန္တလေး မြစ်ဆုံအစုန်ရထားသည် မြစ်ကြီးနားမှ ၁၁ နာရီတွင် စတင်ထွက်ခွာမည်ဖြစ်ပြီး မန္တလေးသို့ နောက်တစ်နေ့နံနက် ၉ နာရီ ၄၅ မိနစ်တွင် ရောက်ရှိမည်ဖြစ်သည်။

အလားတူ အမှတ် (၃၃)အဆန် မန္တလေး-မြစ်ကြီးနား အထူးအမြန်ရထားသည် မန္တလေးမှ မွန်းလွဲ ၁ နာရီတွင်စတင်ထွက်ခွာမည်ဖြစ်ပြီး မြစ်ကြီးနားသို့ နောက်တစ်နေ့နံနက် ၁၁ နာရီ ၂၀ မိနစ်အချိန်တွင်ရောက်ရှိမည် ဖြစ်သည်။ အမှတ်(၃၄) အစုန် မြစ်ကြီးနား-မန္တလေး အထူးအမြန်ရထားသည် မြစ်ကြီးနားမှ မွန်းလွဲ ၁ နာရီ မိနစ် ၃၀ အချိန်တွင် စတင်ထွက်ခွာမည်ဖြစ်ပြီး မန္တလေးသို့ နောက်တစ်နေ့မွန်းတည့် ၁၂ နာရီတွင် ရောက်ရှိမည်ဖြစ်သည်။

အမှတ် (၅၇)အဆန် မန္တလာရထားသည် မန္တလေးမှ ညနေ ၄ နာရီတွင် ထွက်ခွာမည်ပြေးဆွဲမည်ဖြစ်ပြီး မြစ်ကြီးနားသို့ နောက်တစ်နေ့ ညနေ ၅ နာရီ ၄၅ မိနစ်တွင် ဆိုက်ရောက်မည်ဖြစ်ပြီး အမှတ် (၅၈)အစုန် မန္တလာရထားသည် မြစ်ကြီးနားမှ မွန်းလွဲ ၂ နာရီ ၄၅ မိနစ်တွင် စတင်ထွက်ခွာမည်ဖြစ်ပြီး မန္တလေးသို့ နောက်တစ်နေ့ ညနေ ၃ နာရီ ၂၅ မိနစ်အချိန်တွင် ရောက်ရှိမည်ဖြစ်သည်။

အမှတ် (၄၁)အဆန်ရထားသည် မန္တလေးမှ ညနေ ၅ နာရီ ၁၅ မိနစ်အချိန်တွင် ထွက်ခွာမည်ဖြစ်ပြီး မြစ်ကြီးနားသို့ နောက်တစ်နေ့ည ၁၀ နာရီတွင် ရောက်ရှိမည်ဖြစ်ပြီး အမှတ် (၄၂)အစုန်ရထားသည် မြစ်ကြီးနားမှ နံနက် ၄ နာရီတွင်ထွက်ခွာမည်ဖြစ်ပြီး မန္တလေးသို့ နောက်တစ်နေ့နံနက် ၈ နာရီ ၁၅ မိနစ်အချိန်တွင်ရောက်ရှိမည် ဖြစ်သည်။

အမှတ် (၄၇)အဆန် နဘားရထားသည် မန္တလေးမှ ည ၆ နာရီ ၃၀ မိနစ်တွင် ထွက်ခွာမည်ဖြစ်ပြီး နဘားဘူတာသို့ နောက်တစ်နေ့မွန်းလွဲ ၂ နာရီ ၅၅ မိနစ်အချိန်တွင်ရောက်ရှိမည်ဖြစ်သည်။ အမှတ် (၄၈)အစုန် နဘားရထားသည် နဘားဘူတာမှ နံနက် ၂ နာရီတွင်ထွက်ခွာမည်ဖြစ်ပြီး မန္တလေးသို့ ည ၁၁ နာရီတွင် ၃၀ မိနစ်တွင် ရောက်ရှိမည်ဖြစ်ကြောင်း မြန်မာ့မီးရထားတိုင်း (၃) မန္တလေးမှ သိရသည်။

**ရွှေလင်းပြည့်စုံ**



# လိုင်စင်မဲ့ သက်သေခံမော်တော်ဆိုင်ကယ်များကို လေလံတင်ရောင်းချ

**ကသာ စက်တင်ဘာ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့၌ သက်သေခံမော်တော်ဆိုင်ကယ်များအား လေလံတင်ရောင်းချခြင်းကို ကသာခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ စက်တင်ဘာ ၂၂ ရက်က ပြုလုပ်ခဲ့ကြောင်း သိရသည်။

လေလံတင်ရောင်းချသော မော်တော်ဆိုင်ကယ်များကို ဆိုင်ကယ်အမျိုးအစားနှင့် ဆိုင်ကယ်ပုံစံအလိုက် အနည်းဆုံးဈေးနှုန်းတစ်သိန်းမှစ၍ လေလံတင်ရောင်းချခဲ့ရာ လေလံဆွဲသူများနှင့် စည်ကားခဲ့ကြောင်း သိရသည်။ အဆိုပါလိုင်စင်မဲ့ဆိုင်ကယ်များ ရောင်းချခြင်းကို ရုံးတော်ကအတည်ပြုပြီးဖြစ်ကြောင်း၊ သက်သေခံလက်မှတ်စာရေးပေး၍ လေလံတင်ရောင်းချခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ယခုဝယ်ယူသော ဆိုင်ကယ်များအား လိုင်စင်ပြုလုပ်ပေးသွားမည်ဖြစ်ကြောင်းလည်း တာဝန်ရှိသူတစ်ဦးက ပြောသည်။ လိုင်စင်မဲ့ဆိုင်ကယ်များရောင်းချရာတွင် ကြမ်းခင်းဈေးတစ်သိန်းနှင့်အထက် လေလံတင်ရောင်းချသော်လည်း အချို့ အင်္ဂါမစုံသော ဆိုင်ကယ်များကိုမူ ကျပ်ခြောက်သောင်းနှင့်အထက်မှစ၍ လေလံတင်ရောင်းချလျက်ရှိကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီ အစည်းအဝေးကျင်းပ

**တောင်ကြီး စက်တင်ဘာ ၂၄**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပြည်နယ်ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီအစည်းအဝေးကို တောင်ကြီးမြို့ ရှမ်းစာပေနှင့်ယဉ်ကျေးမှုခန်းမ၌ စက်တင်ဘာ ၂၂ ရက်က ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးစိုင်းနွံတောင်းက ယခုလာမည့် ၂၀၁၅ခုနှစ် အထွေထွေရွေးကောက်ပွဲ၌ ရှမ်းပြည်နယ်တစ်ခုလုံးတွင် နိုင်ငံရေးပါတီနှင့် တစ်သီးပုဂ္ဂလများအပါအဝင် ၂၉ ပါတီမှ ကိုယ်စားလှယ် ၈၇၆ ဦး ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းဖြေရှင်းရေးအဖွဲ့တွင် နိုင်ငံရေးပါတီ ၁၅ ခုမှ ကိုယ်စားလှယ်လောင်း ၇၀၆ ဦးပါဝင်နေသဖြင့် ကိုယ်စားလှယ်လောင်းအားလုံး၏ ၈၀ ဒသမ ၅၉ ရာခိုင်နှုန်းရှိသည့် အဖွဲ့ဝင်ပါတီများအနေဖြင့် ထိန်းသိမ်းကြပ်မတ်ကြလျှင် အေးချမ်းသည့်ရွေးကောက်ပွဲဖြစ်လာမည်ဟု ယုံကြည်ကြောင်း၊ ကော်မတီမှာပါဝင်သည့် ပုဂ္ဂိုလ်များအနေဖြင့် တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ရှမ်းပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ တွဲဖက်အတွင်းရေးမှူးဦးသန်းလွင်မြင့်က ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီနှင့်စပ်လျဉ်းသည့် လုပ်ငန်းတာဝန်များအကြောင်းကို ရှင်းလင်းဆွေးနွေးပြီး ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီအစည်းအဝေးသို့ တက်ရောက်လာသည့်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များက ဖြည့်စွက်ဆွေးနွေးသည်။ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်အဖွဲ့ဝင်များ ကလည်း သိရှိလိုသည်များကို မေးမြန်းခဲ့ကြပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးစိုင်းနွံတောင်းနှင့် ပြည်နယ်အဆင့် တာဝန်ရှိသူများက ရှင်းလင်းဖြေကြားခဲ့သည်။

ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီ အစည်းအဝေးသို့ ရှမ်းပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများမှ တာဝန်ရှိသူများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**စိုင်းသန်းကျော်(တောင်ကြီး)**

# မြစိမ်းရောင်စီမံကိန်းဆိုင်ရာများ ရှင်းလင်းဆွေးနွေး

**နောင်ချို စက်တင်ဘာ ၂၄**

နောင်ချိုမြို့နယ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနက ဆောင်ရွက်လျက်ရှိသော မြစိမ်းရောင်စီမံကိန်းဆိုင်ရာများ ရှင်းလင်းဆွေးနွေးပွဲကို နောင်ချိုမြို့ မဏိရတနာခန်းမ၌ စက်တင်ဘာ ၂၂ ရက်က ကျင်းပခဲ့ရာ မြို့နယ်ဦးစီးမှူးက ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း ကျေးရွာ ၁၂ရွာ၌ ဆောင်ရွက်မည့် စီမံကိန်းယူနစ် ၁၃ ခုအကြောင်းကို ရှင်းလင်းဆွေးနွေးပြီး ကျေးရွာများမှ စီမံကိန်းကြီးကြပ်မှုကော်မတီဝင်များအား စီမံကိန်း၏ စီမံခန့်ခွဲမှုဆိုင်ရာ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ၊ ငွေစာရင်းရေးသွင်းနည်း၊ ထိန်းသိမ်းနည်းများကို ဆွေးနွေးပို့ချခဲ့ကြောင်း သိရသည်။

**မလတ်(ကျောက်မဲ)**

# ဘာစီလိုနာတို့ အမှတ်ပြည့် သေချာသလို ရီးရဲမက်ဒရစ်တို့လည်း နိုင်ပွဲရဦးမှာပါ

မိုးမြင့်လင်းလက်



စပိန်မြေက လာလီဂါပွဲစဉ်(၆)ကို စက်တင်ဘာ ၂၆ ရက်နဲ့ ၂၇ ရက်တွေမှာ ဆက်လက်ကစားကြမှာဖြစ်ပါတယ်။ အမှတ်ပြည့် ရယူဖို့ လိုအပ်နေတဲ့ ဘာစီလိုနာ၊ တန်းစီဇယားကို စိုးမိုးဖို့ ဆက်ကြိုးစားမယ့် ရီးရဲမက်ဒရစ်နဲ့ ရလဒ်ကောင်းအောင် ခြေကုန်ထုတ်မယ့် အက်သလက်တီကိုတို့ရဲ့ ပွဲစဉ်တွေက ပရိသတ်တွေကို မကြည့်မဖြစ်အောင် ဆွဲဆောင်ဦးမှာဖြစ်ပါတယ်။ တန်းစီဇယားထိပ်ပိုင်းနေရာ အပြောင်းအလဲဖြစ်နိုင်တဲ့ ဒီပွဲစဉ်မှာ ဘယ်အသင်းတွေအောင်ပွဲခံတေးဟစ်ကြွေးကြဦးမလဲဆိုတာ ပရိသတ်တွေအတွက် ရင်ခုန်စရာတော့ ကောင်းနေတာ အမှန်ပါပဲ။

**ဘာစီလိုနာနှင့် လက်စ်ပယ်မက်**

လက်စ်ပယ်မက်အသင်းဟာ ဘာစီလိုနာ အိမ်ကွင်းမှာ တစ်ဂိုးစီ သရေကစားထားတဲ့ မှတ်တမ်းရှိပါတယ်။ ဒါ့အပြင် ခြေစွမ်းပိုင်း ကွာဟပေမယ့် နောက်ဆုံး သုံးပွဲတွေ့ဆုံခဲ့တဲ့ ရလဒ်တွေကို ကြည့်ရင်လည်း ဘာစီလိုနာတို့က တစ်ပွဲသာ နိုင်ထားပြီး နှစ်ပွဲသရေဖြစ်ထားတာမို့ ဘာစီလိုနာတို့ လျှော့တွက်လို့တော့ မရပါဘူး။ ဒါပေမယ့် တန်းစီဇယားကို ဦးဆောင်ဖို့အတွက် အမှတ်လိုအပ်နေတဲ့ အိမ်ရှင်ဟာ ဒီပွဲမှာ ဂိုးပြတ်သွင်း အောင်ပွဲခံနိုင်ဖို့အတွက် သေသေချာချာ အကောင်အထည်ဖော်ပါလိမ့်မယ်။

**ရီးရဲမက်ဒရစ်နှင့် မာလာဂါ**

မာလာဂါနဲ့ ဆုံတိုင်း ရီးရဲမက်ဒရစ်တို့ နိုင်ပွဲရတာများပါတယ်။ လာလီဂါမှာ ဒီနှစ်သင်း စုစုပေါင်း ၆၈ ပွဲ တွေ့ဆုံခဲ့ရာမှာ ရီးရဲမက်ဒရစ်တို့က ၄၄ ပွဲနိုင်ပြီး မာလာဂါတို့က ၁၀ပွဲနိုင်ထားကာ သရေပွဲ ၁၄ပွဲဖြစ်ထားပါတယ်။ ရီးရဲမက်ဒရစ်တို့က ဒီနှစ်မှာလာလီဂါဖလားရအောင်ယူဖို့ မျှော်မှန်းထားတာမို့ ခြေစွမ်းမာကျောတဲ့ မာလာဂါကို ရအောင်ကျော်ဖြတ်ပြီး သုံးမှတ်အပြည့် ယူပါလိမ့်မယ်။ ရီးရဲမက်ဒရစ်တို့အမှားမခံဘဲ မာလာဂါကို အမှတ်ဗလာနဲ့ အိမ်ပြန်လွှတ်ပါလိမ့်မယ်။

**ဗီလာရီးရဲနှင့် အက်သလက်တီကို**

ခြေရည်တူ နှစ်သင်းဖြစ်တာမို့ ဒီပွဲဟာ အပြန်အလှန်ထိုးဖောက် တိုက်စစ်ဆင်မှုတွေနဲ့ အကြိတ်အနယ်ရှိပါလိမ့်မယ်။ ဒီနှစ်သင်းရဲ့ လာလီဂါမှာ တွေ့ဆုံမှု စုစုပေါင်း ၂၈ ပွဲကို ကြည့်ရင် အက်သလက်တီကိုက ၁၁ ပွဲနိုင်ပြီး ဗီလာရီးရဲတို့က ကိုးပွဲနိုင်ကာ သရေခြောက်ပွဲ ဖြစ်ထားပါတယ်။ အက်သလက်တီကိုဟာ ခြေစွမ်းပုံမှန်ပြန်ရဖို့ ကြိုးစားနေပြီး တိုက်စစ်ပိုင်း ပြုပြင်နေတာမို့ အခုပွဲမှာ အိမ်ရှင်တို့ မလွယ်ပါဘူး။ ဒီပွဲဟာ သရေရလဒ် ဖြစ်ပေါ်နိုင်ပေမယ့် အနိုင်ဆိုရင် အက်သလက်တီကိုတို့ပဲ သတ်မှတ်ချင်ပါတယ်။

**ဆီဗီလာနှင့် ဗယ်လီကာနို**

ဒီနှစ် လာလီဂါမှာ ရလဒ်တွေ ဆိုးရွားနေတဲ့ ဆီဗီလာတို့ဟာ အခုပွဲမှာ နိုင်ပွဲ ဖော်ထုတ်နိုင်မလားကြည့်ရမှာပါ။ ဗယ်လီကာနိုတို့ကလည်း အိမ်ကွင်းအဝေးကွင်းတွေမှာ ခြေစွမ်းကျဆင်းနေပြီး ရလဒ်တွေ ကမောက်ကမဖြစ်နေတာမို့ အခုပွဲမှာ ဆီဗီလာရဲ့ ဖိအားပေးကစားမှုနဲ့ ကြုံတွေ့ရနိုင်ပါတယ်။ လက်ရှိခြေစွမ်းပိုင်း အတက်ဘက်ရောက်လာတဲ့ ဆီဗီလာတို့ဟာ ဒီပွဲမှာ အနိုင်ရလဒ်ကို သိမ်းပိုက်ပါလိမ့်မယ်။

**ဗလင်စီယာနှင့် ဂရန်နာဒါ**

ခြေစွမ်းပြနေတဲ့ ဗလင်စီယာတို့ဟာ အခုပွဲမှာ ဂရန်နာဒါကို ပညာပေးဖို့ ကြိုးစားပါလိမ့်မယ်။ ဂရန်နာဒါတို့က ဗလင်စီယာနဲ့ဆုံတိုင်း ရလဒ်ကောင်းလှေ့မရှိပါဘူး။ ဗလင်စီယာတို့က တိုက်စစ်၊ ခံစစ် မျှအောင်ကစားနိုင်ပြီး တိုက်စစ်ပိုင်းမှာလည်း ဂိုးသွင်းနှုန်းတွေ ပုံမှန်ရရှိနေတာမို့ ဒီပွဲမှာ အကြိုက်က အိမ်ရှင်ဖြစ်ပြီး အနိုင်ဆိုတာလည်း ဗလင်စီယာတို့အတွက်ပဲဖြစ်အောင် ပုံဖော်သွားပါလိမ့်မယ်။



## လေးမိနစ်အတွင်း ဟက်ထရစ်သွင်းခဲ့တဲ့ လီဝမ်ဒေါစကီး

ဘိုင်ယန်မြူးနစ်တိုက်စစ်မှူး လီဝမ်ဒေါစကီးဟာ ဘွန်ဒက်စ်လီဂါပွဲစဉ်အဖြစ် စက်တင်ဘာ ၂၃ ရက်က ကစားခဲ့တဲ့ ဝုဖ်ဘတ်နဲ့ပွဲမှာ ကိုးမိနစ်အတွင်း တစ်ဦးတည်း ငါးဂိုးသွင်းယူခဲ့လို့ ဘိုင်ယန်မြူးနစ်အသင်း သမိုင်းမှာတော့ တစ်ပွဲတည်း ဂိုးအများဆုံး သွင်းနိုင်တဲ့ တတိယမြောက် ကစားသမား ဖြစ်လာခဲ့ပါပြီ။

လီဝမ်ဒေါစကီးဟာ ဝုဖ်ဘတ်အသင်းဘက်ကို ပွဲချိန် ၅၁ မိနစ်၊ ၅၂ မိနစ်နဲ့ ၅၅ မိနစ်တို့မှာ လေးမိနစ်အတွင်း ဟက်ထရစ်သွင်းယူပြီး နောက်ထပ် ၅၇ မိနစ်နဲ့ မိနစ် ၆၀ တို့မှာ ဂိုးတွေဆက်တိုက်သွင်းယူနိုင်ခဲ့လို့ စုစုပေါင်း ကိုးမိနစ်အတွင်း ငါးဂိုးသွင်းနိုင်ခဲ့တဲ့ အမြန်ဆုံးဂိုးသွင်းနိုင်သူဖြစ်ခဲ့ပါတယ်။ ဒါ့အပြင် သူ့ရဲ့ ဟက်ထရစ်ဂိုးတွေကို လေးမိနစ်အတွင်းမှာ သွင်းယူခဲ့လို့ ဘွန်ဒက်စ်လီဂါသမိုင်းမှာတော့ အမြန်ဆုံးဟက်ထရစ် သွင်းနိုင်သူဖြစ်သွားခဲ့ပါတယ်။ ဘွန်ဒက်စ်လီဂါပွဲစဉ်တွေမှာတော့ တစ်ပွဲတည်း ခြောက်ဂိုးအထိ သွင်းယူထားနိုင်သူတွေရှိနေတာမို့ လီဝမ်ဒေါစကီးက တတိယမြောက် ဂိုးသွင်းများသူအဖြစ်သာ ရပ်တည်နိုင်တာဖြစ်ပါတယ်။

"အဲဒီပွဲမှာ ပထမပိုင်း ပွဲချိန်အတွင်းမှာ ကျွန်တော်တို့အသင်း ဂိုးရဖို့ ခက်ခဲပေမယ့် ဒုတိယပိုင်းမှာတော့ ကျွန်တော်ဂိုးတွေ သွင်းယူနိုင်ခဲ့ပါတယ်။ ကျွန်တော်ကိုယ်တိုင်လည်း အခုလို ဂိုးတွေသွင်းယူနိုင်လိမ့်မယ်လို့ မထင်မိခဲ့ဘူး။ ဒါပေမယ့် ကစားဖော်တွေရဲ့ ပံ့ပိုးမှုကြောင့် အခုလို ဂိုးတွေ သွင်းယူနိုင်ခဲ့တာ ဖြစ်ပါတယ်။ ဒီအတွက် ကစားဖော်တွေကို ကျေးဇူးတင်ရမှာပါ"ဟု ပွဲအပြီး တိုက်စစ်မှူး လီဝမ်ဒေါစကီးက ပြောခဲ့ပါတယ်။

## တိုက်စစ်မှူးကော်စတာ၏ သုံးပွဲပယ်ပြစ်ဒဏ် ချယ်လ်ဆီးအတွက် ထိုးနှက်ချက်ဖြစ်

ချယ်လ်ဆီးနှင့် အာဆင်နယ်တို့ ကစားခဲ့တဲ့ ပရီမီယာလိဂ်ပွဲစဉ်မှာ ချယ်လ်ဆီး တိုက်စစ်မှူး ကော်စတာဟာ အာဆင်နယ် နောက်ခံလူ ကော့စီရယ်နီရဲ့ မျက်နှာကို လက်နဲ့ရိုက်ခဲ့ရာမှ ကစားသမားများ အချင်းများခဲ့တဲ့အတွက် အက်ဖ်အေက စွဲချက်တင်ခဲ့ပြီး သုံးပွဲပယ်ပြစ်ဒဏ် ချမှတ်လိုက်ပြီ ဖြစ်ပါတယ်။


အဲဒီပွဲမှာ ကွင်းလယ်ဒိုင်လူကြီးက ကော်စတာကို အပြစ်မပေးခဲ့ဘဲ အာဆင်နယ် ကစားသမားတစ်ဦးသာ အနီကတ်ပြထုတ်ပယ်ခဲ့ခြင်းဖြစ်ပါတယ်။ ပွဲကစားတဲ့ ဗီဒီယိုမှတ်တမ်းကို ပြန်စစ်ဆေးတဲ့အခါ ကော်စတာရဲ့ အမှားကျူးလွန်မှုတွေ့ရှိခဲ့ပြီးနောက်မှာ အက်ဖ်အေက သုံးပွဲပယ်ပြစ်ဒဏ်ကို ချမှတ်ခဲ့တာ ဖြစ်ပါတယ်။

အက်ဖ်အေရဲ့ သုံးပွဲပယ်ပြစ်ဒဏ်မချမီ အဲဒီစွဲချက်ကို ပယ်ဖျက်ဖို့ ကော်စတာက ကြိုးစားခဲ့ပေမယ့် အက်ဖ်အေက ပြစ်ဒဏ်ချမှတ်ခဲ့ခြင်းဖြစ်ပါတယ်။ ကော်စတာဟာ ပြိုင်ဘက်ကစားသမားတစ်ဦးအပေါ် အပြစ်ပေးနိုင်ရန် ကြိုးစားခဲ့တယ်လို့ ဆိုပါတယ်။

အဲဒီ သုံးပွဲပယ်ပြစ်ဒဏ်ကြောင့် ကော်စတာဟာ နယူးကာဆယ်၊ ဆောက်သမ်တန်၊ ဝါဆောတို့နဲ့ ကစားမယ့်ပွဲတွေလွဲချော်ရမှာဖြစ်လို့ ချယ်လ်ဆီးတိုက်စစ်အတွက် ထိုးနှက်ချက်တစ်ခုဖြစ်စေပါတယ်။ အဲဒီ ဆုံးဖြတ်ချက်နဲ့ ပတ်သက်ပြီး နည်းပြမော်ရင်ဟိုကတော့ ပြစ်ဒဏ်ဟာ များလွန်းတဲ့အပြင် သဘာဝလည်း မကျဘူးလို့ ဆိုနေပါတယ်။

ချယ်လ်ဆီးအသင်းဟာ ရလဒ်တွေ ဆိုးရွားနေတာမို့ ပွဲရလဒ်ကောင်းအောင် အားထုတ်နေတဲ့အချိန်မှာ အားထားရတဲ့ တိုက်စစ်မှူး ကော်စတာပွဲပယ်ပြစ်ဒဏ်ခံရတဲ့အတွက် ရုန်းကန်ရမယ့် အခြေအနေ ကြုံတွေ့ရမယ်လို့ ပရိသတ်တွေက စိုးရိမ်မှုတွေ ဖြစ်ပေါ်နေပါတယ်။

ကောင်းမြတ်သူ ➤ စုစည်းသည်။





## လိုင်ယွန်တိုက်စစ်မှူးအား အပြိုင်ခေါ်နေ

လိုင်ယွန်အသင်းမှ ပြင်သစ်လက်ရွေးစင် တိုက်စစ်မှူး လာကာဇက်တီကို လာမယ့် ဇန်နဝါရီ အပြောင်းအရွှေ့ကာလမှာ စာချုပ်ချုပ်ဆိုခေါ်ယူရန် ချယ်လ်ဆီးက ကြိုးစားနေပြီဖြစ်ပါတယ်။

အသက် ၂၄ နှစ်အရွယ်ရှိတဲ့ လာကာဇက်တီဟာ လိုင်ယွန်အသင်းမှာ ခြေစွမ်းပြ ဂိုးတွေ သွင်းယူနေသူဖြစ်ပြီး ပြီးခဲ့တဲ့ ဘောလုံးရာသီမှာ ပြင်သစ်လီဂူး-၁မှာ ဂိုးအများဆုံး သွင်းယူနိုင်ခဲ့တဲ့ တိုက်စစ်မှူးလည်း ဖြစ်ပါတယ်။ လာကာဇက်တီကို အာဆင်နယ်နဲ့ လီဗာပူးအသင်းတွေကလည်း ခေါ်ယူဖို့ ကြိုးစားနေတာမို့ နည်းပြ မော်ရင်ဟိုက လက်ဦးမှုရအောင် အားထုတ်နေတယ်လို့ ဆိုပါတယ်။

လာကာဇက်တီကိုယ်တိုင်က လိုင်ယွန်က ပြောင်းမယ်ဆိုရင် အာဆင်နယ် သို့မဟုတ် လီဗာပူးအသင်းကိုသာ ဆန္ဒရှိကြောင်း ထုတ်ဖော်ပြောကြားနေပါတယ်။ ပြီးခဲ့တဲ့ နွေရာသီ အပြောင်းအရွှေ့ကာလမှာ အသင်းသစ်ပြောင်းဖို့ ဆန္ဒရှိခဲ့ပေမယ့် လိုင်ယွန်အသင်းမှာပဲ ဆက်လက်ကစားဖြစ်တဲ့ လာကာဇာကီကို ချယ်လ်ဆီးက ခေါ်ယူဖို့ ပစ်မှတ်ထားနေခြင်းဖြစ်ပါတယ်။

လာကာဇာက်ဟာ ပြင်သစ်အသင်းအတွက် ရှစ်ပွဲ ကစားပေးထားပြီး အားထားရတဲ့ ကစားသမားတစ်ဦးဖြစ်သလို လိုင်ယွန်အသင်းမှာလည်း ခြေစွမ်းပြနေသူဖြစ်တာမို့ လာမယ့် အပြောင်းအရွှေ့ကာလမှာ ချယ်လ်ဆီးက ရအောင်ခေါ်ယူဖို့ ကြိုးစားနေခြင်းဖြစ်နေပါတယ်။

# မော်တင်-လှည်းတန်းလူကူးခုံးကျော်တံတားအပြင် လူကူးခုံးကျော်တံတားလေးစင်း ထပ်မံတည်ဆောက်ရန်ပြင်ဆင်

**ရန်ကုန် စက်တင်ဘာ ၂၄**

ယနေ့ ရန်ကုန်မြို့တွင် မော်တော်ယာဉ်များ များပြားလာခြင်း၊ ယာဉ်ကြောများ ကျပ်တည်းလာခြင်းကြောင့် ခရီးသွားပြည်သူအများ ကျောင်းသားကျောင်းသူများအဖို့ နေ့စဉ်နှင့်အမျှ အန္တရာယ်တို့ဖြင့် ကြုံတွေ့နေကြ ရသည်။

ထို့ကြောင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရတို့၏ စီစဉ်ညွှန်ကြားမှု ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ အကောင်အထည်ဖော်ဆောင်ရွက်မှုတို့ဖြင့် ခရီးသွားပြည်သူအများ စည်ကားရာကားလမ်းကူးသန်းမှုများပြားရာနေရာတို့တွင် လူကူးခုံးကျော်တံတားများကို တည်ဆောက်ပေးခဲ့သည်။

မင်္ဂလာဒုံမြို့နယ် ခရေပင်လမ်းခွဲအနီး၌ လူကူးခုံးကျော်တံတားတစ်စင်း၊ ကျောက်တံတားမြို့နယ်၊ ပန်းဆိုးတန်းလမ်းထိပ်(ကမ်းနားလမ်း)၌ လူကူးခုံးကျော်တံတားတစ်စင်း၊ မရမ်းကုန်းမြို့နယ် ကမ္ဘာအေးဘုရားရှေ့၊ ဂမုန်းပွင့်ကုန်တိုက်အနီး၌ လူကူးခုံးကျော်တံတားတစ်စင်းတို့ကို ယခုအစိုးရ လက်ထက်၌ တည်ဆောက်ပေးနိုင်ခဲ့သည်။

ယခုတစ်ဖန် ကမာရွတ်မြို့နယ် လှည်းတန်းလမ်းဆုံအနီး၌ လူကူးခုံးကျော်တံတားတစ်စင်း လမ်းမတော်မြို့နယ်၊ လမ်းသစ်လမ်းထိပ်၌ လူကူးခုံးကျော်တံတား တစ်စင်းတို့ကို အပြိုင်တည်ဆောက်လျက်ရှိနေသည်မှာ ရုပ်လုံးပေါ်လာပြီကိုတွေ့ရသည်။ တံတားနှစ်စင်းစလုံး၌အပေါ် လူသွားလမ်းလျှောက်လမ်းများကို အပြည့်တည်ဆောက်ပြီးစီးနေပြီဖြစ်သည်။

လမ်းမတော်မြို့နယ် လမ်းသစ်လမ်းထိပ်၌ တည်ဆောက်နေသော လူကူးခုံးကျော်တံတားမှာ ကွန်ကရစ်ကမ်းနားလမ်းသစ်၊ လမ်းဟောင်းနှစ်ခုအပြင် မဟာဗန္ဓုလလမ်းမကြီးကိုပါ ဖြတ်ကျော်၍ လမ်းခုံးလမ်းပေါ်မှတည်ဆောက်နေသော လူကူးခုံးကျော်တံတားရှည်တစ်စင်းဖြစ်သည်။

တံတားအရှည်အားဖြင့် ပေ ၃၀၀ လူသွားလမ်းတစ်ဆယ့်တစ်ပေကားလမ်းမှ အမြင့် ၂၄ပေရှိကြောင်း တည်ဆောက်ရေးအဖွဲ့မှ အင်ဂျင်နီယာတစ်ဦးက ပြောကြသည်။

လှေကားအဆင်းအတက်အားဖြင့် ကမ်းနားလမ်းသစ်ပေါ်မှ လည်းကောင်း၊ မဟာဗန္ဓုလလမ်းပေါ်မှ လည်းကောင်း၊ လမ်းသစ်လမ်းထိပ်မှ လည်းကောင်း ပြုလုပ်နိုင်ကြမည်ဖြစ်သည်။ ရိုးရိုးကွန်ကရစ်လှေကားအပြင် ခရီးသွားပြည်သူအများ အဆင်ပြေသက်သာစေရန်အတွက် စက်လှေကားများပါ တပ်ဆင်ထားပေးမည်ဟု သိရသည်။



ထိုလူကူးခုံးကျော်တံတား တည်ဆောက်ပြီးစီးသွားပါက လှိုင်မြစ်တစ်ဖက်ကမ်းမှ ရန်ကုန်မြို့တစ်ဖက်ကမ်းဆီသို့ နေ့စဉ်ကူးသန်းသွားလာနေရသော ခရီးသွားပြည်သူများဖို့ ယာဉ်အန္တရာယ်မှ ရှောင်ကွင်းသွားလာနိုင်ကြမည် ဖြစ်သည်။

မော်တင်လူကူးခုံးကျော်တံတားနှင့်အပြိုင် တည်ဆောက်နေသော လှည်းတန်းလူကူးခုံးကျော်တံတားအရှည်မှာ ၈၉ပေရှိပြီး လူသွားလမ်းတစ်ဆယ့်တစ်ပေကားလမ်းမှ ကင်းလွတ်အမြင့် ၂၄ ပေရှိမည်ဖြစ်သည်ဟု သိရသည်။

တံတားမှာ သံကူကွန်ကရစ်တံတားအမျိုးအစားဖြစ်ပြီး တံတား၏ ထိပ်တစ်ဖက်တစ်ချက်စီနှင့်ဘယ်ညာနှစ်ဖက်အဆင်းအတက်ပြုလုပ်ရန် ကွန်ကရစ်လှေကားများတပ်ဆင်ပေးထားသည်ကို တွေ့ရသည်။

လှည်းတန်းလမ်းဆုံ ဧရိယာသည် ရန်ကုန်မြို့၏ ခရီးသွားပြည်သူများ စည်ကားရာနေရာတစ်ခုဖြစ်သည်။ မိုးလင်းမှမိုးချုပ်သည်အထိ အသွားအလာပြတ်၍နေသော နေရာတစ်ခုဖြစ်သည်။ ကျောင်းသား ကျောင်းသူများ အလုပ်သွားအလုပ်ပြန်ရာတစ်ခုဖြစ်သည့်အပြင် ယာဉ်ကြောထူပြောကျပ်တည်းရာရပ်ဝန်းတစ်ခုလည်း ဖြစ်သည်။

ထိုလှည်းတန်းလူကူးခုံးကျော်တံတား တည်ဆောက်ပြီးစီးသွားပါက ယာဉ်ကြောများကြားမှ အန္တရာယ်ရှိစွာ ဖြတ်သန်းသွားလာရမှု မီးပွိုင့်လွတ်ချိန်ကားများဖြတ်သန်းမောင်းနှင်နေမှုကို စောင့်ဆိုင်းနေရသည့် ဒုက္ခများမှ ခရီးသွားပြည်သူအများ လွတ်ကင်းသွားတော့မည်မှာ ဧကန်မုချပင် ဖြစ်သည်။

မော်တင်၊ လှည်းတန်းလူကူးခုံးကျော်တံတားအပြင် အခြားသောလူကူးခုံးကျော်တံတားများ တည်ဆောက်ရေးအတွက် တိုင်းတာမှု၊ တည်ဆောက်ရေးပစ္စည်းများ စုဆောင်းမှုများကိုလည်း ပြုလုပ်နေပြီဖြစ်ကြောင်း သိရသည်။

ထပ်မံပေါ်ထွက်လာမည့် လူကူးခုံးကျော်တံတားများမှာ ကမာရွတ်မြို့နယ်အတွင်း မာလာဆောင်အနီးလမ်းပေါ်၌ တစ်စင်း၊ စိုက်ပျိုးရေးမှတ်တိုင်အနီးလမ်းပေါ်၌တစ်စင်း၊ လှိုင်မြို့နယ်တံတားဖြူအနီးလမ်းပေါ်၌ တစ်စင်းနှင့် ဒဂုံမြို့နယ် တောင်-မြောက်လမ်းဆုံလမ်းပေါ်၌တစ်စင်းအဖြစ် လူကူးခုံးကျော်တံလေးစင်းတို့အပြိုင်အဆိုင် ထပ်မံပေါ်ထွက်လာတော့မည်ဖြစ် ကြောင်း သတင်းရရှိသည်။ **တင်ဝင်းလေး(ကြည့်မြင်တိုင်)၊ ဓာတ်ပုံ-ကိုကြီးတင်**

# ရေဘေးသင့်ပြည်သူများအတွက် ကူညီထောက်ပံ့မှုများ ဆမ်ဆောင်းမှ ဆက်လက်ပြုလုပ်လျက်ရှိ

**ရန်ကုန် စက်တင်ဘာ ၂၄**

မြန်မာနိုင်ငံတွင် ပြီးခဲ့သည့်လအတွင်း ဖြစ်ပွားခဲ့သော ရေဘေးသင့်ဒေသများမှ ပြည်သူများအား ထောက်ပံ့ကူညီရန်အတွက် ရေဘေးကယ်ဆယ်ရေးလှုပ်ရှားမှု အစီအစဉ်အသစ်ကို ဆမ်ဆောင်းမြန်မာက စတင်ပြုလုပ်ထားကြောင်း သိရသည်။

ဆမ်ဆောင်းမှ မြန်မာနိုင်ငံအတွင်း ရောင်းချရသော ထုတ်ကုန်များဖြစ်သည့် မိုဘိုင်းဖုန်းနှင့်အိမ်သုံးလျှပ်စစ်ပစ္စည်းများမှ ရရှိသောငွေပမာဏမှ အကျိုးအမြတ်များကို ရေဘေးသင့်ပြည်သူများအား ကူညီပေးမည့် campaign အသွင်ဖြင့် ပြုလုပ်သွားမည်ဖြစ်ကာ အဆိုပါလှုပ်ရှားမှု အစီအစဉ်အား We Support # Save Myanmar # BetterTogether ဟုအမည်ပေးထားကြောင်း သိရသည်။

ကျွန်တော်တို့ရဲ့ ပစ္စည်းတွေကို ဝယ်ယူသုံးစွဲတဲ့သူတွေပါ ပါဝင်ကူညီနိုင်ဖို့ ဒီအထောက်အပံ့အစီအစဉ်တွေကို တိုးချဲ့ဆောင်ရွက်ပေးနိုင်တဲ့အတွက် အလွန်ဝမ်းသာမိပါတယ်။ Samsung Myanmar အနေနဲ့ သုံးစွဲသူများထံမှအလှူငွေ ကောက်ယူခြင်းများ ပြုလုပ်မှာ မဟုတ်ဘဲ ကျွန်တော်တို့ရဲ့ ထုတ်ကုန်တွေကို ရောင်းချခြင်းမှရရှိတဲ့ အမြတ်ငွေကြေးတွေနဲ့ထောက်ပံ့ကူညီမှာ ဖြစ်ပါတယ်။ ဆမ်ဆောင်းရဲ့ သုံးစွဲသူတွေအနေနဲ့ ဆမ်ဆောင်းရဲ့ ထုတ်ကုန်ပစ္စည်း တစ်မျိုးမျိုးကို ဝယ်ယူပေးချေတဲ့အခါ ဝယ်ယူတဲ့ပစ္စည်းပေါ်မှာ We Support # Save Myanmar #BetterTomorrow လို့ ရေးသားထားတဲ့ Campaign စတစ်ကာတွေကို တွေ့ရပါလိမ့်မယ်။ သုံးစွဲသူ customer တွေအနေနဲ့လည်း ဆမ်ဆောင်းက တိုကင်စတစ်ကာတစ်ခုကို ရရှိမှာဖြစ်ပြီး ဒီလှုပ်ရှားမှုအစီအစဉ်အတွက် သူတို့ရဲ့ထောက်ပံ့ကူညီမှုကို ယင်းစတစ်ကာများနဲ့ ပြသနိုင်မှာ ဖြစ်ပါတယ်။ ရောင်းချလို့ရရှိတဲ့ အမြတ်ငွေကြေးပမာဏများကို မြန်မာနိုင်ငံရှိသက်ဆိုင်ရာ ကယ်ဆယ်ရေးအေဂျင်စီများထံသို့ ပံ့ပိုးပေးအပ်သွားမှာဖြစ်ပါတယ်" ဟု ဆမ်းဆောင်းမြန်မာမှ Head of Marketing Mr. Richard See မှ ပြောကြားခဲ့ပါသည်။




ဆမ်ဆောင်းအနေနှင့် မြန်မာနိုင်ငံတွင်ပံ့ပိုးကူညီမှုအစီအစဉ်များအဖြစ် တက္ကသိုလ်ကျောင်းသားများအား မိုဘိုင်းအက်ပလီကေးရှင်း ရေးဆွဲမှုသင်တန်းပေးသည့် Samsung Tech Institute၊ my ME ရွေ့လျားပညာသင်ကြားရေးအစီအစဉ်၊ စစ်ကိုင်းတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်းတို့တွင် ကျန်းမာရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးအတွက် ရေတွင်းရေကန်များတူးဖော်ပေးခြင်း၊ ရေဘေးသင့်ဒေသများ၏ ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များတွင် ကူညီပံ့ပိုးပေးခြင်းအစရှိသော ပြည်သူ့အကျိုးပြုလုပ်ငန်းများတွင် ငွေကျပ်သိန်းပေါင်းတစ်သောင်းကျော်ခန့်ဖြင့် ယခုနှစ်အတွင်းတွင် ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**သွန်းဝသန်**

# ထားဝယ်မြို့ သီတဂူအာရောဂျဒါန ဆေးရုံတော်တွင် မျက်စိဝေဒနာရှင်များအား အခမဲ့စမ်းသပ်ခွဲစိတ်ကုသပေးမည်

**ထားဝယ် စက်တင်ဘာ ၂၄**

သီတဂူဆရာတော်ဘုရားကြီး၏ သဒ္ဓါ၊ မေတ္တာ၊ ဂရုဏာ၊ ပညာပြဋ္ဌာန်း၍ စီစဉ်ဆောင်ရွက်ခဲ့သော ထားဝယ်မြို့ သီတဂူအာရောဂျဒါန ဆေးရုံကြီးတွင် သီတဂူဆရာတော်ကြီး၏ ကျန်းမာရေးစောင့်ရှောက်မှုအစီအစဉ် အကြိမ် (၁၀၀) မြောက် အလှူအဖြစ် စစ်ကိုင်းသီတဂူဆေးရုံမှ သမားတော်ကြီး ဒေါက်တာမြအောင် ဦးဆောင်သော စစ်ကိုင်းသီတဂူ အထောက်အကူပြုအဖွဲ့များနှင့် အထူးကုဆရာဝန်တို့ပူးပေါင်းကာ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့တွင် မျက်စိဝေဒနာရှင်များအား အခမဲ့စမ်းသပ်ခွဲစိတ်ပေးမည်ဖြစ်ပြီး မျက်စိစမ်းသပ်ခြင်း၊ ပါဝါမျက်မှန်လှူဒါန်းခြင်းတို့ကို PTC လျှပ်စစ်ကုမ္ပဏီမှ လှူဒါန်းမည်ဖြစ်ကြောင်း သိရှိရသည်။

မျက်စိစမ်းသပ်မှုကို အောက်တိုဘာ ၂ ရက်မှ ၆ ရက်အထိ ပြုလုပ်ဆောင်ရွက်ပေးမည်ဖြစ်ပြီး အောက်တိုဘာ ၆ ရက်မှ ၁၀ ရက်အထိ မျက်စိဝေဒနာရှင်များအား ခွဲစိတ်ကုသပေးမည်ဖြစ်သည်။ မျက်စိဝေဒနာရှင်များအနေဖြင့် ထားဝယ်မြို့၊ ဘုမွှော်ရပ်၊ ကျန်းမာရေးလမ်းရှိ မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာ သီတဂူအာရောဂျ ဒါနဆေးရုံတော် ဖုန်း-၀၅၉၂၃၄၅၄၊ ၀၉-၈၇၅၀၁၅၉၊ ၀၉-၈၇၄၁၁၁၅၊ ၀၉-၄၅၀၉၉၀၇၄၉ တို့သို့ ဆက်သွယ်စာရင်းပေးနိုင်ကြောင်း သိရှိရသည်။

ရဟန်း၊ သာမဏေ၊ သီလရှင်၊ ယောဂီပုဂ္ဂိုလ်၊ လူပုဂ္ဂိုလ်တို့၏ စက္ခုအလင်းအတွက် ဆရာတော်ကြီးနှင့်အတူ ကုသိုလ်ရှင်များက လိုအပ်သော ဆေးဝါးနှင့် ဝေယျာဝစ္စအတွက် အလှူငွေများကို အကျိုးတော်ဆောင် ကုသိုလ်ရှင်အဖြစ် ဝိုင်းဝန်းပါဝင်လှူဒါန်း ကုသိုလ်ပြုနိုင်ကြောင်းလည်း သီတဂူအာရောဂျဒါန ဆေးရုံတော် အထောက်အကူပြုအဖွဲ့မှ တိုက်တွန်းနှိုးဆော်ထားကြောင်း သိရှိရသည်။

**ဖိုးရွှေသွန်း(ထားဝယ်)**



# မိုးသီးနှံချေးငွေများ ထုတ်ချေးပြီးစီး

**မိတ္ထီလာ စက်တင်ဘာလ ၂၄**

မိတ္ထီလာမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုများမှ တောင်သူများအား မိုးရာသီသီးနှံထုတ်လုပ်မှု စိုက်ပျိုးစရိတ်ချေးငွေများကို မြန်မာလယ်ယာဖွံ့ဖြိုးရေးဘဏ်မှ မေ ၂၁ ရက်မှ စတင်ထုတ်ချေးပေးခဲ့ရာ စက်တင်ဘာ ၁၄ ရက်တွင် ပြီးစီးခဲ့ကြောင်း သိရသည်။

ချေးငွေ ကျပ်သိန်းပေါင်းသုံးသောင်းနီးပါးကို မိုးရာသီသီးနှံစိုက်ပျိုးသည့် ကျေးရွာအုပ်စု ၅၄ အုပ်စုမှ လယ်ယာမြေပိုင်ဆိုင်မှု သက်သေခံလက်မှတ်များတင်ပြနိုင်သည့် တောင်သူများထံ ထုတ်ချေးပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ စပါးတစ်ဧကလျှင် ကျပ်တစ်သိန်းနှုန်းနှင့် အခြားသီးနှံ တစ်ဧကလျှင် ကျပ်နှစ်သောင်းနှုန်းဖြင့် ထုတ်ချေးပေးခဲ့ရာ စပါးစိုက်ပျိုးသည့် လယ်မြေဧက ၂၀၃၇၅ ဧကနှင့် အခြားသီးနှံစိုက်ပျိုးသည့် ယာမြေဧက ၄၁၂၃၄ အတွက် ချေးငွေကျပ်သိန်းပေါင်း ၂၈၆၂၁ ဒသမ ၈၀ ကို ထုတ်ချေးပြီးစီးခဲ့ခြင်းဖြစ်ကြောင်း မြန်မာလယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ခရိုင်မန်နေဂျာ ဦးဝင်းဇော်က ပြောကြားသည်။

အဆိုပါချေးငွေများမှာ အတိုးနှုန်းသက်သာစွာဖြင့် ရရှိခြင်းကြောင့် တောင်သူများအနေဖြင့် စိုက်ပျိုးရေးတွင်လိုအပ်သောမျိုးစေ့ ဓာတ်မြေသြဇာ၊ ပိုးသတ်ဆေးစသည်တို့ကို ဝယ်ယူရင်းနှီးနိုင်သဖြင့် စိုက်ပျိုးရေးလုပ်ငန်းများအတွက် များစွာအထောက်အကူပြုကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**



**ပုဗ္ဗသီရိမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ဦးစီး၍ ညောင်ပင်ကြီးကျေးရွာ အဆင့်မြင့်ကုန်ထုတ်လယ်ယာ စံပြစိုက်ကွင်း ဧက ၅၀၀၌ ပိုးမွှားရောဂါကာကွယ်ဆေးနှင့် ဓာတ်စုံအာဟာရရည် စုပေါင်းပက်ဖျန်းပွဲကို စက်တင်ဘာ ၂၃ ရက်က ပြုလုပ်စဉ်။** ကာရန်ခ

# ပိုင်ရှင်ကိုယ်တိုင်အမြန်ရောင်းမည်

(၁) ဒဂုံတက္ကသိုလ်မျက်စောင်းထိုး၊ စက်မှုဇုန်အနီး၊ တက္ကသိုလ်ရိပ်မွန်အရှေ့၊ မျက်နှာစာနှစ်ဖက်ပါ၊ ကျုံစစ်သားလမ်းနှင့် မင်းရဲကျော်စွာလမ်းထောင့်၊ ကျုံစစ်သားလမ်းမကြီးပေါ် မျက်နှာစာ 110' Sqft 6324 ဘဏ်ဖွင့်လိုသူများအတွက် နေရာကောင်း၊ မည်သည့်ဘဏ်မျှမရှိသေးသောနေရာ၊ Super Market၊ အိမ်ဆောက်ပစ္စည်းဆိုင်၊ ဆီဆိုင်၊ အဆောင်ဖွင့်လိုသူများနှင့် လက်ဖက်ရည်ဆိုင်ကြီးများဖွင့်လိုသူများအတွက် နေရာကောင်း၊ ငွေရှိပြီးဘာမှမလုပ်တတ်သူများအတွက် စီးပွားရေးလုပ်ရန်ကောင်းသောနေရာ အချက်အချာကျ ခြံစည်းရိုးခတ်ပြီး၊ ရေမီးပါ။

**ကျပ်သိန်း ၄၃၀၀**

(၂) သန်လျင်မြို့အဝင်တွင် အေးအေးဆေးဆေးနေလိုသူများအတွက် ဗိုလ်ချုပ်နေဝင်းလမ်းမကြီးပေါ် မြေအကျယ် (55'x145') ပြင်ဆင်ပြီးအသင့်နေထိုင်နိုင်သော ရှေးဟောင်းနှစ်ထပ်အိမ်ကြီး တစ်လုံးပါ၊ ဘဏ်ဖွင့်ရန်၊ စားသောက်ဆိုင်ဖွင့်ရန်၊ စီးပွားရေးလုပ်ရန် အချက်အချာကျနေရာကောင်း၊ လုံးချင်းအိမ်ဖြင့်နေလိုသူများအတွက် ကွန်ဒိုတိုက်ခန်းဈေး တစ်ခန်းမျှသာရှိသော၊ အလွန်သက်သာသောဈေးနှုန်း Master Bed Room နှစ်ခန်း၊ ရိုးရိုးအိပ်ခန်းတစ်ခန်း၊ အောက်ထပ်ကြမ်းခင်းတစ်ခုလုံး ကြွေပြားအပြည့်ခင်း၊ ရေမီးအပြည့်အစုံ။

**ကျပ်သိန်း ၃၂၀၀**

**ဆက်သွယ်ရန် ဖုန်း-၀၉-၅၁၇၈၉၇၉၊ ၀၉-၄၂၀၃၀၁၀၉၁၊ ၀၉-၄၃၀၂၂၈၂၈၊ ၀၁-၅၆၀၇၈၇**






## ကန့်ကွက်နိုင်ပါကြောင်း

[illegible]

လွှဲအပ်ညွှန်ကြားချက်အရ

LL.B, D.B.L, D.I.L, Dip.F.A, WIPO — LL.B, D.B.L, D.I.L, D.M.L, WIPO

Hein Htet San Law Firm

[illegible]

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းအထက်ရပ်ကွက်၊ သင်္ဂဟလမ်း၊ အမှတ် ၃၀၊ ဖလွှာ/ခေါင်းရင်းခန်း တိုက်ခန်းအား ဒေါ်ချောစုလွင် ၉/မတရ(နိုင်)၀၉၄၉၂၉က လက်ရှိထားပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုကမ်းလှမ်းလာသဖြင့် ၎င်းထံမှ ကျွန်ုပ်၏ မိတ်ဆွေက အပိုင်လွှဲပြောင်းဝယ်ယူရန် တိုက်ခန်းတန်ဖိုးစရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါတိုက်ခန်းအရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများသည် ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက တိုက်ခန်းအရောင်းအဝယ် အပြီးသတ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သင်းသင်းစိုး (LL.B)**
**အထက်တန်းရှေ့နေ**
**အမှတ်(၆၉၃)၊ အောင်ဆုပန်လမ်း၊**
**(၈၇) ရပ်ကွက်၊ ဒဂုံ(ဆိပ်ကမ်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၄၃၀၇၈၀၁၂**

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံ(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၅၉၊ မြေကွက်အမှတ် ၂၅၂၊ နှစ် ၆၀ဂရန်မြေအမျိုးအစား၊ အကျယ်အဝန်း ပေ(၄၄×၆၀)၊ ဧရိယာ စတုရန်းပေ ၂၆၄၀၊ ဝဒသမဝ၆ဝဧကေရှိ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမြို့မြေစာရင်းဌာနတွင် ဦးရန်ဂူးတိုင်အမည်ဖြင့်တည်ရှိသော မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အလုံးစုံတို့ကို အမည်ပေါက်ပိုင်ဆိုင်သူ ဦးရန်ဂူးတိုင် ၁၃/မဆတ(နိုင်)၀၃၃၀၄၀ထံမှ ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

ယင်းမြေကွက်အရောင်းအဝယ်နှင့် ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ယနေ့ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံခိုင်လုံသော အထောက်အထားစာချုပ်စာတမ်းများဖြင့် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်တင်တင်မော် (စဉ်-၉၅၇၅)၊ ဒေါ်ခင်ပြည့် (စဉ်-၇၀၄၈)**
**တရားလွှတ်တော်ရှေ့နေများ**
**တိုက် ၆၊ အခန်း ၇၀၃၊ အထက်ပုဇွန်တောင်လမ်းမကြီး၊ ပုဇွန်တောင်မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၇၃၀၈၇၂၄၉၊ ၀၉-၄၂၅၀၁၇၁၉၃**

## ပြန်ကြားရေးဝန်ကြီးဌာန
## ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းအတွက် ကုန်ကြမ်းစက္ကူများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်းအတွက် ကုန်ကြမ်းစက္ကူများကို အောက်ပါအတိုင်း ပြည်တွင်း(ကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်-

(က) Woodfree Paper (70 gsm) Reel

| | | |
|---|---|---|
| (၁) | 28¼" | 1700 MT |
| (၂) | 40" | 300 MT |

၂။ အိတ်ဖွင့်တင်ဒါများကို ၂၃-၉-၂၀၁၅ရက်မှ ၃၀-၉-၂၀၁၅ရက်အထိ ရုံးဖွင့်ရက်များ၌ နေ့စဉ် နံနက် ၉း၃၀နာရီမှ ညနေ ၄း၃၀နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း၊ ရုံးအမှတ်(၇)၊ နေပြည်တော်တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၃၀-၉-၂၀၁၅ရက် နံနက် ၉း၃၀နာရီမှ ညနေ ၄း၃၀နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၇)၊ နေပြည်တော်ရှိ တင်ဒါအဖွဲ့ဝင်များ ရှေ့မှောက်၌ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ကာလထက်ကျော်လွန်သောတင်ဒါများကို ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း-၀၆၇-၄၁၂၃၇၄၊ ၀၆၇-၄၁၂၃၇၅တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါပုံစံများဝယ်ယူရန်လိပ်စာ**
**ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း**
**ပြန်ကြားရေးဝန်ကြီးဌာန**
**ရုံးအမှတ် (၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၂၃၇၄၊ ၀၆၇-၄၁၂၃၇၅**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## အားကစားဝန်ကြီးဌာန

၁။ အားကစားဝန်ကြီးဌာနမှ အားကစားနှင့်ကာယပညာသိပ္ပံများအတွက် အောက်ဖော်ပြပါ ပစ္စည်းများအား ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ခေါ်ယူအပ်ပါသည်-

(က) အားကစားပစ္စည်းများ
(ခ) GYM ပစ္စည်းများ
(ဂ) သံခုတင်များ

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၁-၁၀-၂၀၁၅ ရက်မှစတင်၍ ရောင်းချပေးမည်ဖြစ်ပြီး ၇-၁၀-၂၀၁၅ ရက် ၁၆း၃၀ နာရီ နောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံများအား ရုံးအမှတ် ၃၁၊ အားကစားဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာန ဖုန်း-၀၆၇-၄၀၆၂၁၈ သို့ လာရောက်ဆက်သွယ်ဝယ်ယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးအဖွဲ့**
**အားကစားနှင့်ကာယပညာဦးစီးဌာန**

## ဆွတ်လုံခရုန်အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်
## (Sut Lunghkrung Public Company Limited)
## ဖွဲ့စည်းတည်ထောင်ပြီးဖြစ်ကြောင်း ကြော်ငြာခြင်း

ဆွတ်လုံခရုန်အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် (Sut Lunghkrung Public Company Limited) ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်အမှတ်(၄၇၄/၂၀၁၅-၂၀၁၆) ၅-၆-၂၀၁၅ ရက်စွဲဖြင့် အများနှင့်သက်ဆိုင်သော ကုမ္ပဏီအဖြစ် ဖွဲ့စည်းတည်ထောင်ပြီးဖြစ်ကြောင်း အများပြည်သူများအား ကြော်ငြာအပ်ပါသည်။

ဆွတ်လုံခရုန်အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်သည် နိုင်ငံတော်နှင့် ကချင်ပြည်နယ်သူ၊ ပြည်နယ်သားများအားလုံးအတွက် အကျိုးပြုရန် ရည်ရွယ်ချက်ဖြင့်

| | | | |
|---|---|---|---|
| ၁။ | ကျောက်မျက်နှင့်သတ္တုတူးဖော် ထုတ်လုပ်ရောင်းဝယ်ခြင်းလုပ်ငန်း | ၆။ | နိုင်ငံခြားငွေလဲလှယ်ခြင်းလုပ်ငန်း |
| | | ၇။ | ဆောက်လုပ်ရေးလုပ်ငန်း |
| ၂။ | ပို့ကုန်၊ သွင်းကုန်၊ ကုန်သွယ်မှုလုပ်ငန်း | ၈။ | သယ်ယူပို့ဆောင်ရေးလုပ်ငန်း |
| ၃။ | အိမ်ခြံမြေ ရောင်းဝယ်ခြင်းလုပ်ငန်း | ၉။ | အသေးစားချေးငွေလုပ်ငန်း |
| ၄။ | ဟိုတယ်နှင့်ခရီးသွားလာခြင်းလုပ်ငန်း | ၁၀။ | စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်း |
| ၅။ | စက်သုံးဆီရောင်းဝယ်ခြင်းလုပ်ငန်း | | |

စသည့်လုပ်ငန်းများကို နိုင်ငံတော်၏ခွင့်ပြုချက်နှင့်အညီ လုပ်ကိုင်ဆောင်ရွက်သွားမည်ဖြစ်ပါမည်။ ရင်းနှီးမြှုပ်နှံရန် စိတ်ပါဝင်စားသူများအတွက် အစုရှယ်ယာများ ရောင်းချပေးသွားမည်ဖြစ်ပါကြောင်းနှင့် အသေးစိတ်အကြောင်းအရာများကို အောက်ပါကုမ္ပဏီရုံးခန်းလိပ်စာတွင် ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**ကုမ္ပဏီရုံးခန်းလိပ်စာ** - တိုက်အမှတ်(၁၀)၊ RCM တိုက်တန်း၊တပင်ရွှေထီးလမ်း၊ အောင်နန်းရပ်ကွက်၊ မြစ်ကြီးနားမြို့၊ ကချင်ပြည်နယ်ဒေသကြီး။
**ဖုန်း** - ၀၉-၈၆၃၁၈၈၈၊ ၀၇၄-၂၉၀၇၁

**ဒါရိုက်တာအဖွဲ့**

## Phone Sim Card များ ဝယ်လိုပါသည်။

၇၃၊ ၄၉၊ ၄၇၊ ၅၀၊ ၅၅၊ ၅၁၊ ၈၆

**ဆက်သွယ်ရန်-** ကိုကျော်- ဖုန်း-၀၉-၂၅၄၀၀၆၁၁၆

## စက်ချုပ်ကျွမ်းကျင် (၂)ဦး အလိုရှိသည်။
## (အမြန်)
## ဖုန်း-၂၆၁၃၃၄၀၀၄

## ဓာတ်လှေကားတပ်ဆင်ရန် တင်ဒါခေါ်ယူခြင်း

Projects များတွင် Mitsubishi ဓာတ်လှေကားနှင့် စက်လှေကား တပ်ဆင်ရန်အတွက် ကျွမ်းကျင်သော တပ်ဆင်ရေးအဖွဲ့ (Sub-Contract) များအား ဖိတ်ခေါ်အပ်ပါသည်။

စိတ်ဝင်စားသော ဓာတ်လှေကားတပ်ဆင်ရေးအဖွဲ့များသည် အောက်ဖော်ပြပါလိပ်စာသို့ ဆက်သွယ်ပါရန်။

**Room No. 204, 2nd floor, Building 9MICT park,**
**Thaminecollege Street, Hlaing Township, Yangon.**
**Ph: 230-5229 ~ 32 ext. 412 & 406 & 401**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်းမှ အဆင့်မြင့်စက္ကူစက်ရုံ(သာပေါင်း)အတွက် စက်ပစ္စည်း(၆)မျိုးကို စက်ရုံအရောက် မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။ တင်ဒါပုံစံနှင့် အသေးစိတ်သိလိုပါက စက်မှုဝန်ကြီးဌာန၊ အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်း၊ နည်းပညာဖွံ့ဖြိုးရေးဌာန၊ ရုံးအမှတ်(၃၇)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၀၈၁၂၉ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။ **တင်ဒါပိတ်ရက်**မှာ ၁၅-၁၀-၂၀၁၅ ရက် ညနေ ၄း၀၀ နာရီဖြစ်ပါသည်။

## ဇမ္ဗူသီရိအထူးကုဆေးရုံကြီး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ဇမ္ဗူသီရိအထူးကုဆေးရုံကြီး၊ နေပြည်တော်တွင် အသုံးပြုရန်လိုအပ်သော ကျောက်ကပ်ကုသမှုဌာနသုံး စက်ပစ္စည်းနှင့် RO System ဝယ်ယူလိုပါသည်။ တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းများကို ၂၈-၉-၂၀၁၅ ရက်မှစ၍ ရုံးချိန်အတွင်း ဇမ္ဗူသီရိအထူးကုဆေးရုံကြီး၊ အုပ်ချုပ်မှုဌာနတွင် ရယူနိုင်ပြီး ၁၂-၁၀-၂၀၁၅ရက် ညနေ ၃း၀၀နာရီ နောက်ဆုံးထား၍ လျှောက်ထားနိုင်ပါသည်။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၇-၅၅၀၁၅၁၊ ၀၆၇-၅၅၀၁၅၃ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ပစ္စည်းဝယ်ယူရေးအဖွဲ့**
**ဇမ္ဗူသီရိအထူးကုဆေးရုံကြီး**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သမဝါယမဝန်ကြီးဌာန
## အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန

၁။ သမဝါယမဝန်ကြီးဌာန၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ ယွန်းပညာကောလိပ်(ပုဂံ)တွင် အောက်ပါဘာသာရပ်များအတွက် နည်းပြ (လစာနှုန်းကျပ် ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) ရာထူး ၉ နေရာ လစ်လပ်လျက်ရှိပါသဖြင့် သတ်မှတ်အရည်အချင်းနှင့်ပြည့်စုံသူများ လျှောက်ထားနိုင်ပါသည်-

| စဉ် | ဘာသာရပ် | အရည်အချင်း | ခန့်ထားမည့်ဦးရေ |
|---|---|---|---|
| (က) | စီမံခန့်ခွဲမှုဘာသာရပ် | M.Com | (၁)ဦး |
| (ခ) | စာရင်းအင်းပညာဘာသာရပ် | M.Econ (Statis)/MBA | (၁)ဦး |
| (ဂ) | ဘောဂဗေဒဘာသာရပ် | M.Econ (Eco)/MBA | (၁)ဦး |
| (ဃ) | သမဝါယမပညာဘာသာရပ် | M.Com/MPA | (၁)ဦး |
| (င) | ယွန်းပညာဘာသာရပ် | | (၅)ဦး |
| | - အခြေခံထည် (ဝါး) | တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိပြီး ယွန်းပညာဒီပလိုမာရရှိသူ | |
| | - အနက်ထည် | ,, | |
| | - ကညစ်ယွန်း | ,, | |
| | - သားရိုးပန်းကြွ | ,, | |
| | - ပန်းပု | ယဉ်ကျေးမှုတက္ကသိုလ်မှ ပန်းပုပညာဘွဲ့ရရှိသူ | |

၂။ လျှောက်ထားသူသည်-
(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) ၂၀၁၅ခုနှစ် အောက်တိုဘာ ၃၁ရက်တွင် အသက်(၃၀)ထက် မကျော်လွန်သူ လက်ရှိဝန်ထမ်းဖြစ်ပါက (၃၅)နှစ်ထက်မကျော်လွန်သူ ပါရဂူဘွဲ့ရရှိပြီးသူဖြစ်ပါက (၄၂)နှစ်ထက်မကျော်လွန်သူ ဖြစ်ရမည်။
(ဂ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။
(ဃ) အမှတ်စဉ်(က)မှ (ဃ)ထိ နည်းပြနေရာများအတွက် M.Com, M.Econ ဘွဲ့များအတွက် မဟာတန်းဒုတိယနှစ်အောင်မြင်ပြီး စာတမ်း (Thesis) ပြုစုနေသော ပုဂ္ဂိုလ်များလည်း လျှောက်ထားနိုင်ပါသည်။
(င) အမှတ်စဉ်(င) ယွန်းပညာဘာသာရပ်များအတွက် အတွေ့အကြုံရှိပြီး ကျွမ်းကျင်မှုအပေါ်မူတည်၍ အသက်နှင့် အရည်အချင်းသတ်မှတ်ချက်များကို လျှော့ပေါ့စဉ်းစားသွားမည်ဖြစ်ပါသည်။
(စ) ဌာနတွင် အနည်းဆုံး (၅)နှစ် တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

၃။ လျှောက်လွှာများကို ကိုယ်ရေးရာဇဝင်အကျဉ်းနှင့်အတူ အောက်ပါစာရွက်စာတမ်းများ ပူးတွဲတင်ပြရမည်-
(က) တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်လက်မှတ် မိတ္တူ၊ ယွန်းပညာဘာသာရပ်အတွက် ဒီပလိုမာနှင့် ဘွဲ့လက်မှတ်မိတ္တူ
(ခ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ
(ဂ) ပတ်စ်ပို့အရွယ် ဓာတ်ပုံ(၃)ပုံ
(ဃ) ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဌာနအကြီးအကဲမှတစ်ဆင့် လျှောက်ထားသည့် ကြိုတင်လျှောက်လွှာမိတ္တူ (၁)စောင်
(င) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာမြို့နယ်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၏ ထောက်ခံချက်မူရင်း
(စ) ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာ မြို့နယ်ရဲစခန်း၏ ထောက်ခံချက်မူရင်း
(ဆ) အလုပ်သမားမှတ်ပုံတင်မိတ္တူ

၄။ လျှောက်လွှာများကို သမဝါယမဝန်ကြီးဌာန၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန(ရုံးချုပ်)၊ ရုံးအမှတ်(၁၆)၊ နေပြည်တော် ဖုန်း-၀၆၇-၄၁၀၃၉၇ နှင့် ယွန်းပညာကောလိပ်(ပုဂံ)၊ ဖုန်း-၀၆၁-၆၀၂၆၇ တို့သို့ ၃၁-၁၀-၂၀၁၅ ရက် နောက်ဆုံးထား၍ ပေးပို့လျှောက်ထားရမည်။ (သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနများမှတစ်ဆင့်လည်း သတ်မှတ်ရက်မတိုင်မီ လျှောက်ထားနိုင်ပါသည်။)

၅။ လျှောက်ထားသူများမှ အရည်အချင်းပြည့်မီသူများအား လူတွေ့စစ်ဆေးရန်အတွက် ဖြေဆိုရမည့်နေ့ရက်ကို နိုဝင်ဘာလ ပထမပတ်တွင် အကြောင်းကြားသွားမည်ဖြစ်ပါသည်။

၆။ လူတွေ့စစ်ဆေးချိန်တွင် နိုင်ငံသားစိစစ်ရေးကတ်၊ တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်၊ ဘွဲ့လက်မှတ်၊ အလုပ်သမားမှတ်ပုံတင်မူရင်းနှင့် အခြားလိုအပ်သော စာရွက်စာတမ်းများ တင်ပြနိုင်ရမည်။ အသေးစိတ်သိရှိလိုပါက အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ ဖုန်း-၀၆၇-၄၁၀၃၉၇ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

## ဝန်ထမ်းအလိုရှိသည်
## (ပြည်တွင်း၌သာခန့်ထားရန်)

Royal Golden Hotels Group တွင် အောက်ဖော်ပြပါဝန်ထမ်းများအလိုရှိသည်။

| | | | |
|---|---|---|---|
| 1. | Front Office Manager | ကျား/မ | (၂)ဦး |
| 2. | Receptionist | ကျား/မ | (၄)ဦး |
| 3. | Bell | ကျား | (၄)ဦး |
| 4. | Food and Beverage Manager | ကျား/မ | (၃)ဦး |
| 5. | Waiter/Waitress | ကျား/မ | (၅)ဦး |
| 6. | Housekeeping Manager | ကျား/မ | (၃)ဦး |
| 7. | Room Attendant | ကျား/မ | (၁၀)ဦး |
| 8. | Accountant | မ | (၃)ဦး |
| 9. | Office Staff | မ | (၅)ဦး |
| 10. | M&E Technician | ကျား/မ | (၅)ဦး |

အချက်အလက်၊ ဓာတ်ပုံ(၁)ပုံ၊ ဘွဲ့လက်မှတ်မိတ္တူ၊ မှတ်ပုံတင်မိတ္တူ၊ အလုပ်သမားမှတ်ပုံတင် မိတ္တူ၊ ရပ်ကွက်ထောက်ခံစာ၊ ရဲစခန်းထောက်ခံစာတို့နှင့်အတူ ဦးဝိစာရလမ်း၊ (၄၂) ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်းရှိ Royal Golden View Hotel နှင့် ပြည်လမ်းနှင့် ရတနာပုံလမ်းထောင့်ရှိ Royal Golden 9 Mile Hotel တွင် လျှောက်ထားနိုင်ပါသည်။

**အသေးစိတ်သိရှိလိုပါက ဖုန်း-၀၁-၇၀၉၉၄၅၊ ၀၁-၅၄၄၅၅၂၊ ၀၁-၅၅၆၃၃၁၊**
**၀၉-၂၅၆၃၇၂၆၀၅**
**Email Address: royalgoldenview@gmail.com/**
**royalgolden9miles@gmail.com သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။**
**RICH MANDALAY COMPANY LIMITED**

## အကြောင်းပြရန်ပေးသည့်အကြောင်းကြားစာ
## ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး တရားမရုံး၌
## ၂၀၁၄ ခုနှစ် တရားမအထွေထွေမှုအမှတ် ၁၉၀

၁။ ဦးမောင်မောင်လွင် နှင့်
၂။ ဦးတင်ကျော်ထွေး

**လျှောက်ထားသူ** **အလျှောက်ခံရသူ**

အများ သိစေရမည်။

အထက်အမည်ပါ ဦးမောင်မောင်လွင်(၂)ဦးတို့က ဤရုံးသို့ အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၃၀၇ အရ လျှောက်ထားလာသည့်အကြောင်းနှင့် လျှောက်ထားသည်ဖြစ်၍ သင်က ဤအလွှာအတိုင်း အမိန့်မချသင့်ကြောင်းနှင့် အကြောင်းပြရန် ၂၀၁၅ ခုနှစ် အောက်တိုဘာ ၁ရက် (၁၃၇၇ခုနှစ် တော်သလင်းလပြည့်ကျော် ၃ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီတွင် သင်ကိုယ်တိုင်ဖြစ်စေ၊ နေရာတကျ ကြားပြောပြီး သင့်ရှေ့နေဖြစ်စေ ဤရုံးသို့လာရောက်ရမည်။ မလာမရောက်ရှိခဲ့လျှင် အဆိုပါလျှောက်ချက်ကို သင့်ကွယ်ရာတွင် တစ်ဖက်သတ်မှုပြုလုပ်၍ ကြားနာစစ်ဆေးဆုံးဖြတ်လိမ့်မည်။

၂၀၁၅ ခုနှစ် စက်တင်ဘာ ၁၈ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ကြည်စိုး)**
**ဒုတိယခရိုင်တရားသူကြီး(၂)**
**ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး**

## ကြော်ငြာစာ
## အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၂၈၃
## ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး
## ၂၀၁၅ ခုနှစ် တရားမထွေထွေမှုအမှတ် -၁၄၅

ဦးထွန်းလှကျော် **လျှောက်ထားသူ**
ဓမ္မဂဝေသီကျောင်း၊ ဇွဲစုံသာသနာ့ရာမကျောင်းဝင်း၊
(၈)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

**ကွယ်လွန်သူ ဖာတမာဘီဘီ၏ ကျန်ရှိရစ်သောပစ္စည်း များနှင့်စပ်လျဉ်းသည့်အမှု**

အမှတ် ၃၄၉/၃၅၁၊ မြေတိုင်းရပ်ကွက်အမှတ် ၁၆[C3] မြေကွက်အမှတ်(S1/2 of II2)၊ ရွှေဘုံသာလမ်း၊ ပန်းဘဲတန်းမြို့နယ်တွင် နေထိုင်ခဲ့သော ကွယ်လွန်သူ ဒေါ်ဖာတမာဘီဘီ (WAQF)စာချုပ်အရ ကျန်ရှိရစ်သောပစ္စည်းပေါ်၌ အမွေထိန်းလက်မှတ် ထုတ်ပေးပါမည့်အကြောင်းနှင့် ဦးထွန်းလှကျော်က အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားချက်ရှိသဖြင့် ဤအမှုကို ၂၀၁၅ခုနှစ် အောက်တိုဘာ ၁၂ရက် ၁၃၇၇ခုနှစ် တော်သလင်းလပြည့်ကျော် ၁၄ ရက်) နံနက် ၁၀ နာရီတွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဖာတမာဘီဘီ၏ ကျန်ရှိရစ်သောပစ္စည်းများတွင် အကျိုးစီးပွားတစ်ခုခု သက်ဝင်သည်အဆိုရှိသူ ခပ်သိမ်းတို့အား အဆိုပါအမှုတွင် ၎င်းတို့(လာရောက်လျှောက်ထားဆိုင်ဆိုရန် သင့်လျော်မည်ဟု အထင်ရှိလျှင်)ဆိုခဲ့သော ၂၀၁၅ခုနှစ် အောက်တိုဘာ ၁၂ရက် (၁၃၇၇ခုနှစ် တော်သလင်းလပြည့်ကျော် ၁၄ရက်)နံနက် ၁၀နာရီတွင် မိမိတို့ ကိုယ်တိုင်သော်လည်းကောင်း၊ မိမိတို့က နေရာတကျအမိန့်ပေးထားသူ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း၊ လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်မထုတ်ပေးမီ မူခင်းမှတ်တမ်းများကိုကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၈၃နှင့်အညီ ယခု မိန့်ကြားဆင့်ဆိုလိုက်သည်။ ၎င်းကဲ့သို့ လာရောက်ခြင်းတစ်ခုခုမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က ဆိုခဲ့သော ဦးထွန်းလှကျော်၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်ကြောင်း။

၂၀၁၅ခုနှစ် စက်တင်ဘာ ၂၂ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ပေးလိုက်သည်။

**(ကြူကြူဝင်း)**
**တွဲဖက်ခရိုင်တရားသူကြီး(၂)**
**ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး**

## ခင်ပွန်းအဖြစ် မသက်ဆိုင်တော့ပါကြောင်း အများသိရှိရန် ကြေညာခြင်း

မွန်ပြည်နယ်၊ပေါင်မြို့၊လက်ပံကျွန်း၊ကုလားစုရပ်၊ အိမ်အမှတ်(၁၈)နေ ဦးဆာလာမတူ၏ သမီး ဒေါ်အာရှားဘီ PAG -၂၀၈၉၆၆ ၏ လွှဲအပ်ညွှန်ကြားချက်အရ အသိပေးကြေညာအပ်ပါသည်။

ဦးနိုင်စိုး (ဘ) ဦးရာရှင်း PAG- ၂၁၀၆၁၁နှင့် မအာရှားဘီတို့သည် လွန်ခဲ့သည့် (၂၅)နှစ်ခန့်က အစ္စလာမ်ဓလေ့ထုံးတမ်းအရ လက်ထပ်ထိမ်းမြားခဲ့ကြပြီး သားသမီး လေးဦး ထွန်းကားခဲ့ပါသည်။ လွန်ခဲ့သည့် (၅)လခန့်က ဦးနိုင်စိုးသည် အိမ်ထောင်ရေးဖောက်ပြန်ကာ ထိုင်းနိုင်ငံသို့ထွက်ခွာသွားပါသည်။ ထိုကဲ့သို့ထွက်ခွာသွားရာတွင် ဇနီးနှင့် သားသမီး ဆွေမျိုးများ၏ မျက်နှာကိုမျှမထောက် အရှက်ရစေပါသည်။ ဦးနိုင်စိုးသည် ရပ်ရွာတွင်း၌လည်း ကျွန်ုပ်မိတ်ဆွေ ဒေါ်အာရှားဘီအား ပေါင်းသင်းရန် ဆန္ဒမရှိကြောင်း ပြောကြားသည့်အတွက် ကြော်ငြာပါသည့်ရက်မှစ၍ ကျွန်ုပ်မိတ်ဆွေ ဒေါ်အာရှားဘီနှင့် ဦးနိုင်စိုးတို့သည် ခင်ပွန်းအဖြစ် မပတ်သက် မသက်ဆိုင်တော့ပါကြောင်း အများသိရှိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **အာရှားဘီ** | **ဒေါ်မြင့်မြင့်မော် (စဉ်-၄၄၃၈)** |
| | **တရားလွှတ်တော်ရှေ့နေ** |
| | **အမှတ်(၆)၊ ကျိုက်ဖနဲဘုရားအနီး** |
| | **ဒိုင်းဝန်ကွင်း၊ မော်လမြိုင်မြို့၊** |
| | **ဖုန်း-၀၅၇-၂၆၃၀၉** |

# အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါ်နုနုခင်

## (ဒု-ဥက္ကဋ္ဌ မြန်မာကိုင်ဒိုကုမ္ပဏီလီမိတက်)

## အသက် (၇၇)နှစ်

ဦးအေးကို (ဥက္ကဋ္ဌ-မြန်မာကိုင်ဒိုကုမ္ပဏီလီမိတက်)၏ဇနီး၊ ဦးဇော်ညွှန့်ဦး (မန်နေဂျင်းဒါရိုက်တာ မြန်မာကိုင်ဒိုကုမ္ပဏီလီမိတက်)-ဒေါ်မေမြတ်ကြူ၊ ဦးအောင်ကျော်ဦး(President& CEO မြန်မာကိုင်ဒိုကုမ္ပဏီလီမိတက်)၊ ဦးအောင်ထွန်းဦး(ခ)ဦးထွန်းထွန်းဦး (ဒါရိုက်တာ၊ မြန်မာကိုင်ဒိုကုမ္ပဏီလီမိတက်) - ဒေါ်ကြူကြူချိုတို့၏မိခင်ကြီး ဒေါ်နုနုခင် အသက် (၇၇)နှစ်သည် ၂၁-၉-၂၀၁၅ ရက်(တနင်္လာနေ့) နံနက် ၂း၂၅ နာရီတွင် ကွယ်လွန်သွားပါကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**မြန်မာကိုင်ဒိုကုမ္ပဏီလီမိတက် ဝန်ထမ်းများ**

**(ရန်ကုန်ရုံးခွဲ၊ မော်လမြိုင်ရုံးခွဲ၊ ထားဝယ်ရုံးခွဲ၊ တာချီလိတ်ရုံးခွဲ)**

---

### ဘဝနတ်ထံပျံလွန်တော်မူခြင်း

### ဘဒ္ဒန္တမဏ္ဍလ (မဟာဒွါရ)

**သိမ်၊ ကျောင်း၊ မဟာညောင်ကုန်းကျောင်းတိုက်၊ ပုဇွန်တောင်မြို့နယ်**

**သက်တော်(၈၂)နှစ်၊ သိက္ခာတော်(၆၂)ဝါ**

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ မဟာညောင်ကုန်းကျောင်းတိုက်၊ သာသနာလင်္ကာရ သိမ်ကျောင်း၏ ပဓာန နာယကဆရာတော် ဘဒ္ဒန္တမဏ္ဍလမဟာထေရ်သည် (၁၃၇၇ ခုနှစ် တော်သလင်းလဆန်း ၁၀ ရက်) ၂၃-၉-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၄း၄၅နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၇၇ ခုနှစ် တော်သလင်းလဆန်း ၁၄ ရက်) ၂၇-၉-၂၀၁၅ရက်(စနေနေ့) ညနေ၃နာရီတွင် ရေဝေးသုသာန်၌ အန္တိမအဂ္ဂိစျာပန ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ တပည့် ဒါယကာ ဒါယိကာမ အပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

(မဟာညောင်ကုန်းကျောင်းတိုက် သိမ်ကျောင်းမှ ကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။)

**တပည့်သံဃာတော်များနှင့် ဒါယကာ ဒါယိကာမများ**

---

### လူပိန်ချုံး(ခ)ဦးမောင်စိန်

**အသက်(၉၀)**

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ၁၀ လမ်း၊ အမှတ် ၁၈(ပထမထပ်)နေ ဒေါ်မြမြရီ၏ ခင်ပွန်း၊ ဦးစိုးလွင်၊ ဦးစိုးအောင်၊ ဦးစိုးနိုင်(Director, GEG Co.,Ltd.)၊ ဦးစိုးမင်း၊ ဒေါ်ခင်ဆွေဝင်း၊ ဒေါ်ခင်ချိုဝင်းတို့၏ဖခင်သည် ၂၃-၉-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၀၀း၃၀ နာရီတွင် သျှင်ပါကူဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၉-၂၀၁၅ရက်(သောကြာနေ့)နံနက် ၁၁ နာရီတွင် ရေဝေးကွမ်တုံသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။

(နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

---

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3E/4616 Toyota Caldina ST 210, S/W(4x2)R(FWD) ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းထွန်း ၈/ခလန(နိုင်)၀၁၁၅၁၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်မြောက်ပိုင်း)၊ အင်းစိန်**

---

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7H/7711 Toyota Alphard MNH Micro Bus ယာဉ်လက်ဝယ်ရှိသူ ဒေါ်မီမော်မော်မွန် ၃/ကကရ(နိုင်)၀၆၄၆၈၀ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)**

---

### အမည်မှန်

ရသေ့တောင်မြို့နယ်၊ ထီးစွဲကျေးရွာနေ ဦးမောင်သန်းထွန်း၏သမီး၊ မခင်စန်းနိုင် ၁၁/ရသတ(နိုင်)၀၇၉၄၆၀၏ အမည်မှန်မှာ မခင်ဆန်းနိုင် ဖြစ်ပါကြောင်း။

---

### မွေးသက္ကရာဇ်အမှန်

ဦးဘမောင်သိန်း၏သမီး၊ စစ်တွေမြို့၊ အထက(ခွဲ)စက်ရုံစု တက္ကသိုလ်ဝင်တန်းမှ မရွှေခိုင်ထွီး(ခ)သိန်းသိန်း၏ မွေးသက္ကရာဇ်အမှန်မှာ အိမ်ထောင်စုစာရင်းအရ ၁၆-၆-၂၀၀၀ ဖြစ်ပါကြောင်း။

---

### အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ သိမ်၊ ကျောင်း၊ ဓမ္မာရုံ၊ ရေတွင်း၊ ရေကန် ဒါယိကာမကြီး**

## ဒေါ်နုနုခင် (မကွေး)

### (ဒု-ဥက္ကဋ္ဌ မြန်မာကိုင်ဒိုကုမ္ပဏီလီမိတက်)

### အသက် (၇၇)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၄)ရပ်ကွက်၊ မြကန်သာလမ်း၊ အမှတ်Q-၁၃ နေ (ဦးညွှန့်မောင်-ဒေါ်ခင်ပု)တို့၏သမီး၊ ဦးအေးကို (ဥက္ကဋ္ဌ မြန်မာကိုင်ဒိုကုမ္ပဏီလီမိတက်)၏ဇနီး၊ ဦးဇော်ညွှန့်ဦး (မန်နေဂျင်းဒါရိုက်တာ၊ မြန်မာကိုင်ဒိုကုမ္ပဏီလီမိတက်)-ဒေါ်မေမြတ်ကြူ၊ ဦးအောင်ကျော်ဦး (President & CEO မြန်မာကိုင်ဒိုကုမ္ပဏီလီမိတက်)၊ ဦးအောင်ထွန်းဦး(ခ)ဦးထွန်းထွန်းဦး (ဒါရိုက်တာ၊ မြန်မာကိုင်ဒိုကုမ္ပဏီလီမိတက်)-ဒေါ်ကြူကြူချိုတို့၏မိခင်၊ မြေးခုနစ်ယောက်တို့၏အဘွားသည် ၂၁-၉-၂၀၁၅ ရက်တွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**မြန်မာကိုင်ဒိုကုမ္ပဏီလီမိတက်**

**နေပြည်တော်ရုံးခွဲမှ ဝန်ထမ်းများ**

---

### အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဓမ္မာရုံ၊ ရေတွင်း၊ ရေကန် ဒါယိကာမကြီး**

## ဒေါ်နုနုခင် (မကွေး)

### (ဒုဥက္ကဋ္ဌ Myanmar Kaido Co.,Ltd.)

### အသက် (၇၇)နှစ်

ဦးအေးကို (ဥက္ကဋ္ဌ Myanmar Kaido Co.,Ltd.) ၏ဇနီး၊ ဦးဇော်ညွှန့်ဦး (မန်နေဂျင်းဒါရိုက်တာ Myanmar Kaido Co.,Ltd.) - ဒေါ်မေမြတ်ကြူ၊ ဦးအောင်ကျော်ဦး (President & CEO, Myanmar Kaido Co.,Ltd.)၊ ဦးအောင်ထွန်းဦး (Director, Myanmar Kaido Co.,Ltd.) တို့၏မိခင်သည် ၂၁-၉-၂၀၁၅ ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် Mitsubishi Corporation မှ ကျန်ရစ်သောမိသားစုဝင်များနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**Mitsubishi Corporation**

Chief Representative for Myanmar

---

### အထူးဝမ်းနည်းကြေကွဲခြင်း

**မကွေးမြို့ နေ့စဉ်သံဃဒါန ဆွမ်းလောင်းအသင်း ဓမ္မဗိမာန် ရွှေရတုဆောင် ဒါယိကာမကြီး**

## ဒေါ်နုနုခင်

### အသက် (၇၇)နှစ်

ဦးအေးကို (မြန်မာကိုင်ဒို)ကုမ္ပဏီ ရန်ကုန်မြို့၏ ချစ်လှစွာသောဇနီး ဒေါ်နုနုခင်သည် ၂၁-၉-၂၀၁၅ ရက် နံနက် ၁ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**အလုပ်အမှုဆောင်အဖွဲ့**

**နေ့စဉ်သံဃဒါနဆွမ်းလောင်းအသင်း၊ မကွေးမြို့**

---

### ခရစ်တော်၌အိပ်ပျော်ခြင်း

## Pa Neng Cin Lien

**အသက်(၅၁)နှစ်**

ချင်းပြည်နယ်၊ တွန်းဇံမြို့နယ်၊ ဖိုင်သူရွာနေ (Pu Let Khan Thang-Pi Nieng Za Mang) တို့၏သား၊ Pa Kham En Thang-Nu Cing En Mang, Pa. Kam Cin Pau တို့၏ညီ၊ Nu Ciin Lum Cing (ဩစတြေးလျ)၊ Nu Ciin Lun Nieng-Pa Siang Lian Mung, Nu Cing Nuam Mang (USA)-Pastor Lian Sa, Tg. Kham Lien Khai(USA), Pastor Pum Lien Pau (N.Z)-Nu Nieng Hau Dim, Nu Ciin Lien Cing (ဩစတြေးလျ)-ဦးမောင်ထွန်း၊ Nu Ciin Za Lien(USA)-ဦးလင်းရန်နောင်၊ Pa Mang En Khup (မလေးရှား)-Nu Ciin Khan Huai, Tg. Kham Lien Tuang(ဩစတြေးလျ)တို့၏အစ်ကို၊ Nu Kap Ngaih Dim ၏ ခင်ပွန်း၊ Tg. Thang Sien Dal (မလေး ရှား)၏ဖခင်သည် ၂၁-၉-၂၀၁၅ရက် (တနင်္လာနေ့)ညနေ ၆း၃၅နာရီတွင် သင်္ဃန်းကျွန်းစံပြဆေးရုံကြီးတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၂၅-၉-၂၀၁၅ရက်(သောကြာနေ့)မွန်းလွဲ ၁နာရီတွင် ရေဝေးဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

[မြောက်ဒဂုံ၊ (၂၉)ရပ်ကွက်၊ မြောက် ဒဂုံ ၇/၈ လမ်းဆုံ၊ အောင်သစ္စာလမ်း၊ အမှတ် ၇၈၂ နေအိမ်နှင့် မောန္ဓေလ ဘုရားကျောင်းရှေ့(ဆူးလေ)တို့မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။]

**ကျန်ရစ်သူမိသားစု**

---

**WITH OUR DEEPEST SYMPATHY**

TO MYAT NOE WAI (MONICA)

(COUNTRY MANAGER-ALLIANZ)

CORPORATE MANAGEMENT AND CONSULTANTS

UNITED OVERSEAS INSURANCE (SINGAPORE)

MCLARENS YOUNG SURVEYORS (SINGAPORE)

MARSH BROKERS(HONG KONG)

---

### သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ပုသိမ်မြို့၊ အမှတ် ၆ ရပ်ကွက်၊ တဂေါင်းဘုရားလမ်း၊ အိမ်အမှတ် (၁၀)နေ ကျွန်မ ဒေါ်မြင့်မြင့်ဝင်း ၁၄/ပသန(နိုင်)၀၃၈၁၆၄ ၏သမီး မနှင်းဆွေဇင်ခိုင် ၁၄/ပသန(နိုင်)၂၃၂၆၁၁ သည် မိခင်ဖြစ်သူ၏ ဆိုဆုံးမမှုကိုမနာခံဘဲ မိမိစိတ်ထင်ရာ ပြုမူဆောင်ရွက်သည့်အပြင် မိသားစု၏ဂုဏ်သိက္ခာ ညှိုးနွမ်းစေရန် အကြိမ်ကြိမ်ပြုလုပ်ခြင်း၊ ပြဿနာအမျိုးမျိုးဖန်တီးခြင်း၊ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ပြီး နေအိမ်မှ ထွက်ခွာသွားသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ် စွန့်လွှတ်ပါကြောင်းနှင့် မနှင်းဆွေဇင်ခိုင်နှင့်ပတ်သက်သည့် မည်သည့်ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းဆောင်ရွက်ပေးမည် မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်မြင့်မြင့်ဝင်း၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်စမ်းသီတာ**

**(အထက်တန်းရှေ့နေ)**

**(စဉ်-၄၀၀၇၂)**

---

### ဝမ်းနည်းကြေကွဲခြင်း

### ဒေါ်လှ (ပြင်ဦးလွင်)

**အသက်(၈၉)နှစ်**

မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရဲဦးစီးအရာရှိချုပ်၊ ရဲမှူးချုပ်သူရဘိုနီ-ဒေါ်ခင်မလေးတို့၏မိခင်၊ ဗိုလ်ကြီးလှဲ့လှဲ့ဘိုနီ၊ ဗိုလ်ကြီးလင်းဘိုနီ-မနိုနိုဇော်တို့၏အဘွား ဒေါ်လှသည် ၂၁-၉-၂၀၁၅ရက် နံနက် ၄း၁၀နာရီတွင် နေပြည်တော်ဇမ္ဗူသီရိဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ရှမ်းပြည်နယ်ရဲတပ်ဖွဲ့မှူးနှင့်**

**တပ်ဖွဲ့ဝင်များ**

---

**OUR DEEPEST CONDOLENCES**

TO OUR COLLEAGUE MYAT NOE WAI(MONICA)

(COUNTRY MANAGER-ALLIANZ)

ALLIANZ(SINGAPORE)

ALLIANZ(FRANCE)

ALLIANZ(SWITZERLAND)

ALLIANZ(GERMANY)

ALLIANZ(ENGLAND)

---

**မွေးသက္ကရာဇ် အမှန်**

ဦးမောင်သံသီး၏သမီး၊ ရသေ့တောင်မြို့နယ်၊ ခွဆုံကျေးရွာနေ ဒေါ်ဖြူဖြူသန်း ၁၁/ရသတ(နိုင်)၀၃၇၄၅၆၏ မွေးသက္ကရာဇ်အမှန်မှာ ၈-၁၁-၁၉၇၇ ဖြစ်ပါကြောင်း။

---

### ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ သိမ်၊ ကျောင်း၊ ဓမ္မာရုံ၊ ရေတွင်း၊ ရေကန် ဒါယိကာမကြီး**

### ဒေါ်နုနုခင် (မကွေး) အသက် (၇၇)နှစ်

### (ဒုဥက္ကဋ္ဌ) မြန်မာကိုင်ဒိုကုမ္ပဏီလီမိတက်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၄) ရပ်ကွက်၊ မြကန်သာလမ်း၊ အမှတ် (Q-13)နေ ဦးအေးကို (ဥက္ကဋ္ဌ၊ မြန်မာကိုင်ဒိုကုမ္ပဏီလီမိတက်)၏ဇနီး ဒေါ်နုနုခင် (မကွေး)၊ (ဒုဥက္ကဋ္ဌ၊ မြန်မာကိုင်ဒိုကုမ္ပဏီလီမိတက်)သည် ၂၁-၉-၂၀၁၅ရက် နံနက် ၂း၂၅နာရီ တွင် အာရုတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုများနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဒေါ်သန်းသန်းဦး**

**ဦးမျိုးလွင်ဦး- ဒေါ်စိုးနန္ဒာဦး**

**မုဒ့်မောင်မောင်ကုမ္ပဏီလီမိတက်**

# ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်ဇနီး (၆၆)နှစ်မြောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံတည်ထောင်သည့်နေ့ အထိမ်းအမှတ်ဧည့်ခံပွဲတက်ရောက်

စာမျက်နှာ-၄




## စက်သုံးဆီဈေးကွက်နှင့် ဈေးကွက်အားပြိုင်မှု

သတင်းဆောင်းပါး ➢ ခင်ရတနာ၊ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

နီယွန်မီးရောင်တွင် ဒီဇယ်ဆီများက ဆိုးဆေးတန်ခိုးကြောင့် ပတ္တမြားရောင် တလက်လက်တောက်ပနေသည်။

“အရင်လိုမရောင်း ရတော့ဘူးသမီးရယ်။ လမ်းတစ်လျှောက် ဆီဆိုင်တွေ လက်ညှိုးထိုးမလွဲတော့ဘူး” ဟု အဘိုးအိုကပြောရင်း ဆီပုလင်းခွံအချို့ကို စွပ်ကျယ်အဟောင်းဖြင့် ပြောင်နေအောင် သုတ်နေသည်။ သူသည် ရေဆင်းတက္ကသိုလ်မှ အငြိမ်းစားဝန်ထမ်းတစ်ဦးဖြစ်ပြီး အသက် ၇၆ နှစ်အရွယ်မို့ ကိုယ်ပိုင်စွမ်းအားများ ကျဆင်းလျော့နည်းလာပြီဖြစ်ရာ စက်သုံးဆီ ၁၀ ပုလင်းကို ပျဉ်းမနားမြို့ စက်သုံးဆီအရောင်းဆိုင်တစ်ခုမှဝယ်ယူကာ ရန်ကုန်-မန္တလေး လမ်းဟောင်း သိုက်ချောင်းလမ်းဆုံအနီး တစ်နေရာတွင် ထင်းရှူးသေတ္တာပေါ်တင်ကာ ရောင်းချခြင်းဖြင့် ဝမ်းရေးကို ဖြေရှင်းနေရသူဖြစ်သည်။

တစ်ဆိုင်ပြီးတစ်ဆိုင်တိုးလာသည့် စက်သုံးဆီအရောင်းဆိုင်များကြောင့် လမ်းဘေးတရားမဝင် စက်သုံးဆီဆိုင်ကလေးများ ရပ်ဆိုင်းလုနီးပါး ဒဏ်ကို သူလည်းခံစားရပုံပေါ်သည်။ သို့သော် သူရောင်းချသည်မှာ ညနေပိုင်းမှ ညဥ့်နက်ပိုင်းဖြစ်၍ ဆိုင်ကယ်များနှင့် သုံးဘီးယာဉ်များသည်သာ သူ့အတွက် မျှော်လင့်စရာ။ ကံကောင်းလျှင် ရောင်းကုန်ပြီး ကံမကောင်းက သုံးပုလင်းခန့်သာ ရောင်းချရကြောင်း သူကပြောပြသည်။

တစ်ပုလင်းလျှင် ငွေကျပ် ၁၅၀ ဝန်းကျင် သူ့အတွက် အမြတ်ကျန်သည်ကိုသာသိသော အဘိုးအို ဦးသိန်းအဖို့ နိုင်ငံတကာစက်သုံးဆီဈေးကို မဆိုထားနှင့် မြို့ပေါ်တွင် ရောင်းချသောနေ့စဉ်ဈေးနှုန်း အတက်အကျကိုပင် သူမသိ။ သူဝယ်နေကျဆိုင်ကတော့ ပုံမှန်ဈေးဖြင့်သာ သူ့ကိုရောင်းချပေးနေသည်။ သို့တိုင်အောင် ရန်ကုန်၏လက်ရှိစက်သုံးဆီပေါက်ဈေးကို သူ့ကိုပြောပြသည့်အခါ နယ်ဈေးနှုန်းက စာမျက်နှာ ၁၂ ကော်လံ ၁ ◆

ယနေ့ — ဖတ်စရာ

လူ့အခွင့်အရေး စောင့်ရှောက်ကာကွယ်မှု စာ » ၁၀

မဂ်လာဒုံကိုကာကိုလာ ကုန်ကြမ်းဂိုဒေါင် မီးလောင်မှု အချိန်ကြာမြင့်စွာ လောင်ကျွမ်းခဲ့ပြီး ကျပ်သိန်းတစ်ထောင် ကျော်ဆုံးရှုံး စာ » ၁၂

## အနောက်တောင် မုတ်သုံလေ ဆုတ်ခွာ

နေပြည်တော် စက်တင်ဘာ ၂၄

မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန ထုတ်ပြန်ချက်အရလွန်ခဲ့သော ၂၄ နာရီအတွင်းက အနောက်တောင်မုတ်သုံလေသည် မြန်မာနိုင်ငံ အလယ်ပိုင်းဒေသများမှ ဆုတ်ခွာခဲ့ပြီးဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

## နည်းပြသစ်နှင့် ဇွဲကပင်အသင်း နိုင်ပွဲပြန်လည်ရရှိ

သတင်း-ညီမြတ်သော်တာ ➢ ဓာတ်ပုံ-ဖိုးသော်ဇင်

ရန်ကုန် စက်တင်ဘာ ၂၄

၂၀၁၅ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၁၉) ဒုတိယနေ့ပွဲစဉ်များကို ယနေ့ညနေပိုင်းက ဆက်လက်ယှဉ်ပြိုင်ကစားသည်။

တန်းဆင်းအန္တရာယ်ရှိနေသည့် ဇွဲကပင်အသင်းမှာ နည်းပြသစ်ဦးဆန်းဝင်း၏ အပြောင်းအလဲများနှင့်အတူ ရှုံးပွဲဆက်နေမှုကို ရပ်တန့်ကာနိုင်ပွဲပြန်လည် ရှာဖွေနိုင်ခဲ့သည်။ ကမ္ဘောဇနည်းပြဟောင်း ဦးဆန်းဝင်း၊ ကစားသမားဟောင်း အများစုပါဝင်နေသည့် ဇွဲကပင်အသင်းမှာ အသင်းဟောင်းနှင့် တွေ့ဆုံရာတွင် အကောင်းဆုံးပုံစံပြသခဲ့သည်။ လေးပွဲဆက်အနိုင်ရထားသည့် ကမ္ဘောဇအသင်းမှာ ယခုပွဲတွင် ဇွဲကပင်အသင်းကို အသာမရခဲ့ဘဲ တိုက်စစ်မှူး ဖိုလန်၏ ပယ်နယ်တီလွဲချော်မှုကြောင့်လည်း ပွဲရလဒ်ပြောင်းလဲခဲ့ခြင်းဖြစ်သည်။ ကမ္ဘောဇအသင်းမှာ ယခုပွဲရှုံးပွဲကြောင့် အဆင့်ငါးနေရာအထိ ဆင်းပေးခဲ့ရသည်။

တန်းဆင်းဇုန်အန္တရာယ်ရှိနေသည့်ဇွဲကပင်အသင်းမှာ နိုင်ငံခြားသားကစားသမားလေးဦး အပါအဝင်ကျော်ဇင်ထက်၊ ကောင်းစည်သူ၊ စာမျက်နှာ ၅ ကော်လံ ၁ ❍



ဇွဲကပင်နှင့် ကမ္ဘောဇတို့ ယှဉ်ပြိုင်နေစဉ်။




မြန်မာ့အလင်း
mmalin.npt @ gmail.com,
www.facebook.com/MYANMAALINNNEWS

# ရွေးကောက်ပွဲဆိုင်ရာ သိမှတ်ဖွယ်ရာများ







မဲဆန္ဒရှင် သက်သေခံလက်မှတ်
..........မြို့နယ်..........ရပ်ကွက်/ကျေးရွာအုပ်စု
မဲရုံအမှတ် .......... ၊ မဲစာရင်းအမှတ်စဉ် ( )
အမည် .......... ၊ ကျား/မ ..........
မွေးသက္ကရာဇ် ..........
မှတ်ပုံတင်အမှတ် ..........
အဘအမည် .......... ၊ အမိအမည် ..........
နေရပ်လိပ်စာ ..........
တာဝန်ခံလက်မှတ် ..........

ရုံးတံဆိပ်
သတိပြုရန်
၁။ မဲပေးရန်လာရောက်သည့်အခါ ဤလက်မှတ်ကိုယူဆောင်လာပါ။
၂။ ဤလက်မှတ်ကိုပေးအပ်၍ မဲလက်မှတ်ထုတ်ယူပါ။
၃။ ရွေးစာမျက်နှာတွင် ဖော်ပြထားသည့် မိမိအမည်/အချက်အလက်များ မှားယွင်းနေပါက ပြင်ဆင်ပေးရန် မဲရုံမှူးအား အသိပေးပြောကြားပါ။



**မဲဆန္ဒရှင်တိုင်း မဲပေးသင့်သည်။**

**မဲပေးမည်ဆိုပါက သင့်အမည်**

**မဲစာရင်းတွင် ပါရန်လိုသည်။**




ရွေးကောက်ပွဲကျင်းပရန်

**၄၄**

ရက်သာလိုတော့သည်။

# မဲပေးစို့ အက်ပလီကေးရှင်း ပြိုင်ပွဲကျင်းပ

**ရန်ကုန် စက်တင်ဘာ ၂၄**

မဲဆန္ဒရှင်များအချိန်နှင့်တစ်ပြေးညီ တိကျမှန်ကန်သော သတင်းအချက်အလက်များ ပေးပို့နိုင်ရန် ရည်ရွယ်၍ နည်းပညာမိသားစု အသိုင်းအဝိုင်းက ကျင်းပသော မဲပေးစို့ ( Let's Vote ) Hack Challenge ပြိုင်ပွဲ ကျင်းပလျက်ရှိကြောင်း သိရသည်။ အဆိုပါအစီအစဉ်တွင် ဝင်ရောက်ယှဉ်ပြိုင်သူများအနေဖြင့် မဲဆန္ဒရှင်များအားရွေးကောက်ပွဲ လုပ်ငန်းစဉ်များကို ပိုမိုနားလည်လာစေရန်နှင့် နိုဝင်ဘာ ၈ ရက် ရွေးကောက်ပွဲအတွက် ရွေးချယ်မှုများပြုလုပ်နိုင်ရန် အရေးကြီးသော ဘက်လိုက်မှုမရှိသည့် သတင်းအချက်အလက်များ ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ဤအစီအစဉ်ကို အာရှဖောင်ဒေးရှင်းမှ စတင်ဖော်ဆောင်ကာ Myanmar Innovationlab တစ်ခုဖြစ်သည့် ဖန်တီးရာအဖွဲ့နှင့်ပူးပေါင်းပြီး Australian Department of Foreign Affairs and Trade (DFAT) က တွဲဖက်ငွေကြေး ထောက်ပံ့ပေးထားကြောင်း သိရသည်။ အာရှဖောင်ဒေးရှင်းမှထုတ်ဝေသော စစ်တမ်းအရ မဲဆန္ဒရှင်များနှင့် နိုင်ငံသားအခွင့်အရေးများအကြောင်း ပညာပေးခြင်းသည် အရေးပါသော လိုအပ်ချက်များအဖြစ် ဆက်လက်တည်ရှိနေကြောင်း၊ လူထု၏ ၇၆ ရာခိုင်နှုန်းသည် မြန်မာနိုင်ငံ၏ ပါလီမန်လွှတ်တော်များတွင် ဥပဒေများပြဋ္ဌာန်းသည်ကို မသိကြဘဲ လူထု၏ ၁၂ ရာခိုင်နှုန်းသည်သာ သမ္မတကို ပြည်ထောင်စုလွှတ်တော်မှ ရွေးကောက်ကြောင်း သိရသည်ဟု ဖော်ပြထားသည်။

"မြန်မာနိုင်ငံရှိ လူသန်းပေါင်းများစွာလက်ထဲမှာ အခုဆိုရင် မိုဘိုင်းဖုန်းတွေရှိနေပါပြီ။ ဒီမိုဘိုင်းဖုန်းတွေထဲမှာလည်း တော်တော်များများဟာ စမတ်ဖုန်းတွေပါ။ App တွေ၊ ဝက်ဘ်ဆိုက်တွေဟာ ဒီရွေးကောက်ပွဲမှာပါဝင်ဖို့ လိုအပ်တဲ့သတင်းအချက်အလက်များကိုပေးဖို့ ကောင်းမွန်တဲ့နည်းလမ်းတစ်ခုပါပဲ။ ပြိုင်ပွဲရဲ့ရည်ရွယ်ချက်ကတော့ ဒီလိုမျိုး App တွေနဲ့ ဝက်ဘ်ဆိုက်တွေကို ပြုလုပ်ဖို့ပါ"ဟု ဖန်တီးရာ၏ ပရိုဂရမ်မန်နေဂျာနှင့် ပြိုင်ပွဲဝင်တစ်ဦးလည်းဖြစ်သူ ကိုရန်နောင်အုပ်က ပြောကြားသည်။

Hack Challenge တွင် ပါဝင်သူများသည် ရွေးကောက်ပွဲတွင်ဝင်ပြိုင်မည့် ကိုယ်စားလှယ်လောင်းများနှင့် ပါတီများအကြောင်း အသေးစိတ်အချက်အလက်များကိုဖော်ပြမည့် နည်းပညာများကို ဖန်တီးကြမည်ဖြစ်ကြောင်း သိရသည်။ ဖောင်ဒေးရှင်းသည် မြန်မာနိုင်ငံအစိုးရ၏ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် အတူတကွပူးပေါင်းကာ ကိုယ်စားလှယ်လောင်းများနှင့် ပါတီဆိုင်ရာ အချက်အလက်များကို ကွန်ပျူတာအတွင်း ထည့်သွင်းရန် လုပ်ဆောင်နေကြောင်း သိရသည်။

ပြိုင်ပွဲဝင်သူများသည် စက်တင်ဘာ ၂၇ ရက်တွင် ဒိုင်များအား ဖန်တီးထားသည်များကို ပြသရမည်ဖြစ်ပြီး ပထမဆုကို အမေရိကန်ဒေါ်လာ လေးထောင် သတ်မှတ်ထားကြောင်း၊ မဲပေးစို့ API ကို အသုံးပြုထုတ်လုပ်ထားသော mobile နှင့် web application များကို MaepaySoh.org တွင် ပြသထားမည်ဖြစ်ကြောင်း GooglePlay store မှ ဒေါင်းလုဒ်ရယူနိုင်ကြောင်း သိရသည်။

**မြတ်စန္ဒီသင်းဇော်**

# မွန်အမျိုးသားပါတီက ၎င်းတို့၏မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် စက်တင်ဘာ ၂၄

**မွန်အမျိုးသားပါတီ အထွေထွေအတွင်းရေးမှူး နိုင်လယိတမ က ၎င်းတို့ပါတီ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို စက်တင်ဘာ ၂၄ ရက် ညပိုင်းက ရေဒီယိုနှင့်ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။ အဆိုပါ ဟောပြောချက် အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**



**မင်္ဂလာပါခင်ဗျား-**

ချစ်ခင်လေးစားအပ်ပါသော မွန်တိုင်းရင်းသားများနှင့် မဲဆန္ဒရှင် ပြည်သူအပေါင်းတို့ခင်ဗျား-

ကျွန်တော်ကတော့ မွန်အမျိုးသားပါတီ အထွေထွေအတွင်းရေးမှူး နိုင်လယိတမ ဖြစ်ပါတယ်။ လာမည့် ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲမှာ ကျွန်တော်တို့ပါတီအနေနဲ့ မွန်ပြည်နယ် မဲဆန္ဒနယ်မှာ (၃၄) နေရာ၊ ကရင်ပြည်နယ်မဲဆန္ဒနယ်မှာ (၁၄) နေရာ၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်မှာ (၅) နေရာ စုစုပေါင်း (၅၃) နေရာ ဝင်ရောက်ယှဉ်ပြိုင်သွားမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ မွန်အမျိုးသားပါတီရဲ့ နိုင်ငံရေးမူဝါဒ သဘောထားတွေကတော့-

၁။ ပြည်သူတစ်ရပ်လုံးဒီမိုကရေစီနှင့် လူ့အခွင့်အရေး အပြည့်အဝ ရရှိခံစားရန်။
၂။ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အပေါ် အခြေခံသော ခိုင်မာသည့် စည်းလုံးညီညွတ်ရေး တည်ဆောက်ရန်။
၃။ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးရှိသော ဒီမိုကရက်တစ် ဖက်ဒရယ်ပြည်ထောင်စု ပေါ်ထွန်းတည်တံ့ရန်။
၄။ စစ်မှန်သော ပါတီစုံ ဒီမိုကရေစီစနစ် ဖြစ်ထွန်းပေါ်ပေါက်ရန်။
၅။ ပြည်ထောင်စုမြန်မာနိုင်ငံ တစ်ဝန်းလုံးတွင် ထာဝရငြိမ်းချမ်းရေးရရှိစေရန်အတွက် ကြိုးပမ်းဆောင်ရွက်သွားရန်နှင့် နိုင်ငံတကာ ငြိမ်းချမ်းရေး ကြိုးပမ်းဆောင်ရွက်မှုများအပေါ် ကူညီပံ့ပိုးဆောင်ရွက်သွားရန်။
၆။ ပြည်သူလူထုအား ဖိစီးနှိပ်စက်သော မည်သည့်အာဏာရှင်စနစ်မျိုးမဆို မည်သည့်အခါမျှ မပေါ်ပေါက်လာစေရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားရန်။
၇။ နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးစတဲ့ ကဏ္ဍအသီးသီးတို့ကို အကောင်အထည်ဖော်ရာတွင် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ၏ စည်းလုံးညီညွတ်သော ဆန္ဒတူညီမှုအပေါ် အခြေခံလျက် ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် အကောင်အထည်ဖော်ဆောင်ရွက်သွားရန်တို့ ဖြစ်ပါတယ်။

အထက်ပါနိုင်ငံရေး မူဝါဒသဘောထားများကို ဖော်ဆောင်နိုင်ရန်အတွက် မွန်အမျိုးသားပါတီအနေနဲ့ ကြွေးကြော်သံ (၃) ရပ်ချမှတ်ပြီး ရွေးကောက်ပွဲမှာ ပါဝင်ယှဉ်ပြိုင်သွားမှာဖြစ်ပါတယ်။

အဲဒါတွေကတော့



၁။ လွှတ်တော်တွင်း၊ လွှတ်တော်ပြင်ပနိုင်ငံရေး အင်အားစုများ ဟန်ချက်ညီစွာ နိုင်ငံရေးဆောင်ရွက်မှုများ လုပ်ဆောင်ရန်။
၂။ ဖွဲ့စည်းပုံအခြေခံဥပဒေအသစ် ရေးဆွဲရန် (သို့) ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေ ပြင်ဆင်ရန်။
၃။ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို အာမခံသော စစ်မှန်သော မွန်ပြည်နယ်ပေါ် ထွန်းရန်တို့ ဖြစ်ပါတယ်။

ဒါကြောင့်မို့

"အမျိုးသားတန်းတူရေးကို ဖော်ဆောင်ဖို့ မွန်အမျိုးသားပါတီကို မဲပေးကြပါစို့"

"၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ဖို့ မွန်အမျိုးသားပါတီကိုမဲပေးကြပါစို့"

("ဟသ်ာအားမာန် မိုးယံဖောက်တက်ကြယ်ဖြူထက်သို့")၂

အားလုံးကို ကျေးဇူးတင်ပါတယ်။

## ရွေးကောက်ပွဲဆိုင်ရာ ဥပဒေ/ နည်းဥပဒေများနှင့်အညီ လိုက်နာဆောင်ရွက်နိုင်ရေး ထပ်ဆင့်ရှင်းလင်း

**စဉ့်ကူး စက်တင်ဘာ ၂၄**



စဉ့်ကူးမြို့နယ် ရဲတပ်ဖွဲ့မှ ပါတီစုံ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရန် ရွေးကောက်ပွဲဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့်အညီ လိုက်နာဆောင်ရွက်နိုင်ရေးအတွက် ထပ်ဆင့်ရှင်းလင်းပွဲကို စက်တင်ဘာ ၂၁ ရက်က မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး၌ ကျင်းပသည်။

ထပ်ဆင့်ရှင်းလင်းပွဲတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဘချစ်က ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ရဲတပ်ဖွဲ့ဝင်များ လိုက်နာဆောင်ရွက်နိုင်ရေးအတွက်မှာကြားပြီး ရွေးကောက်ပွဲဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများကို ရှင်းလင်းသည်။ အဆိုပါ ရှင်းလင်းပွဲသို့ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးစဉ့်ကူးမြို့မရဲစခန်း၊ ထုံးကြီးနယ်မြေရဲစခန်းနှင့် လက်ပန်လှ ရဲကင်းစခန်းတို့မှ ရဲတပ်ဖွဲ့ဝင်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ဝင်းမောင်**

## ကန်ကြီးထောင့်မြို့နယ်၌ ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေး တွေ့ဆုံပွဲကျင်းပ

**ကန်ကြီးထောင့် စက်တင်ဘာ ၂၄**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကန်ကြီးမြို့နယ်၌ နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲ အဖွဲ့ဝင်များ၊ ရပ်ကွက်/ကျေးရွာကော်မရှင်ဥက္ကဋ္ဌများ၊ မဲရုံမှူးများနှင့် မဲရုံအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ တွေ့ဆုံပွဲအခမ်းအနားကို စက်တင်ဘာ ၂၃ ရက်က ဧရာသီရိသုခခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ကန်ကြီးထောင့်မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးရွှေအေးက မြို့နယ်ကော်မရှင်အဖွဲ့ခွဲ၏ လုပ်ငန်းဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းဆွေးနွေးပြီး ကန်ကြီးထောင့်မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြည်လွင်က လုံခြုံရေးဆိုင်ရာဆောင်ရွက်ထားရှိမှုများကို ရှင်းလင်း ဆွေးနွေးခဲ့သည်။ အဆိုပါအခမ်းအနားသို့ စုစုပေါင်း ၆၀၀ ခန့် တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ဇင်မာဦး (ပြန်/ဆက်)**

## ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌများ ရွေးကောက်ပွဲဆိုင်ရာ ဆွေးနွေးပွဲ ကျင်းပ

**လှိုင်ကော် စက်တင်ဘာ ၂၄**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်နှင့် ဒီမောဆိုမြို့နယ်နှင့် ဖရူဆိုမြို့နယ်ရှိ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌများ ရွေးကောက်ပွဲဆိုင်ရာ ဆွေးနွေးပွဲကို စက်တင်ဘာ ၂၃ ရက်က ဒီမောဆိုမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ကယားပြည်နယ် တာဝန်ခံ ဦးစိုင်းခမ်းဝင်းနှင့် ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးစိန်ဝင်းတို့က အမှာစကားပြောကြားသည်။

ဆက်လက်ပြီး လွိုင်ကော်ခရိုင်ရွေးကောက်ပွဲအရာရှိ ဦးညီညီမင်းက ရွေးကောက်ပွဲဆိုင်ရာများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌများက ရွေးကောက်ပွဲဆိုင်ရာများနှင့် စပ်လျဉ်း၍ မှတ်ပုံတင်မရှိသူများအား မဲပေးပိုင်ခွင့် မဆုံးရှုံးရစေရန် မည်သို့ဆောင်ရွက်ပေးရမည်၊ မဲရုံများ မည်သို့ဆောင်ရွက်ရမည်၊ မဲစာရင်းကပ်ထားကြေညာမှုနှင့် ကြုံတွေ့ရသည့် အခက်အခဲများ မည်သို့ဖြေရှင်းဆောင်ရွက်ရမည်၊ ကြိုတင်မဲအတွက် မည်သို့ ဆောင်ရွက်ရမည်တို့ကို မေးမြန်းရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်နှင့် ခရိုင်ရွေးကောက်ပွဲအရာရှိတို့က ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

ဒီမောဆိုမြို့နယ်တွင် မဲဆန္ဒရှင် စုစုပေါင်း (၄၈၄၉၆) ဦးရှိပြီး မဲရုံပေါင်း (၆၁)ရုံရှိကြောင်း၊ ထိုမဲရုံများထဲတွင် ဗမာတိုင်းရင်းသားရေးရာအတွက် မဲရုံ (၂၇)ရုံ ပါဝင်ကြောင်းနှင့် ဖရူဆိုမြို့နယ်တွင် မဲဆန္ဒရှင်စုစုပေါင်း (၁၇၂၃၇)ဦးရှိပြီး မဲရုံ(၃၉)ရုံရှိကြောင်း၊ ထိုမဲရုံများထဲတွင် ဗမာတိုင်းရင်းသားရေးရာအတွက် မဲရုံ(၁၃)ရုံ ပါဝင်ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

## ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများ ဆောမြို့နယ်တွင် ညှိနှိုင်းဆွေးနွေး

**ဆော စက်တင်ဘာ ၂၄**

ဂန့်ဂေါခရိုင် ဆောမြို့နယ်၌ ၂၀၁၅ ခုနှစ်တွင် ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများ အောင်မြင်စွာ ကျင်းပနိုင်ရေး ဆောမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲနှင့် ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ စာရေးဝန်ထမ်းများ၊ ရပ်ကွက်/ကျေးရွာ ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ တွေ့ဆုံညှိနှိုင်းဆွေးနွေးပွဲကို စက်တင်ဘာ ၂၀ ရက်က ယောမင်းကြီး ဦးဘိုးလှိုင်ခန်းမ၌ ကျင်းပသည်။

အဆိုပါဆွေးနွေးပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနိုင်ထွန်းက အမှာစကားပြောကြားပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးရှင်ကြီးက ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**(၁၀၁)**



## မြေစိုက်ပိုစတာများ စိုက်ထူမဲဆွယ်မှုလုပ်ငန်းများ ဆောင်ရွက်

**ဘုတ်ပြင်း စက်တင်ဘာ ၂၄**

၂၀၁၅ ခုနှစ် နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲကာလအတွင်း ပါဝင်ယှဉ်ပြိုင်အရွေးချယ်ခံကြမည့် ဘုတ်ပြင်းမြို့နယ်အတွင်းရှိ နိုင်ငံရေးပါတီတချို့ မဲဆွယ်စည်းရုံးရေးမြေစိုက်ပိုစတာကြီးများ စိုက်ထူမဲဆွယ်မှုလုပ်ငန်းများကို စက်တင်ဘာ၂၀ ရက်က ဆောင်ရွက်နေကြပြီဖြစ်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ဇိုမီးဒီမိုကရေစီအဖွဲ့ချုပ်ပါတီက ၄င်းတို့၏မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကိုဟောပြောတင်ပြ

နေပြည်တော် စက်တင်ဘာ ၂၄

**ဇိုမီးဒီမိုကရေစီအဖွဲ့ချုပ်ပါတီ အထွေထွေအတွင်းရေးမှူး ပူဂင်ကမ်းလျန်းက ၄င်းတို့ပါတီ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို စက်တင်ဘာ ၂၄ ရက် ညပိုင်းက ရေဒီယိုနှင့်ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။ အဆိုပါ ဟောပြောချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**



ဇိုမီးဒီမိုကရေစီအဖွဲ့ချုပ် (Zomi Congress for Democracy) ပါတီအနေဖြင့် မူဝါဒလေးချက် ချမှတ်ခဲ့ပါတယ်။ ၁၉၈၈ ခုနှစ် အောက်တိုဘာလ ၁၄ ရက်နေ့၌ အထွေထွေရွေးကောက်ပွဲကော်မရှင်ရုံးသို့ မှတ်ပုံတင်ထားသော ဇိုမီးအမျိုးသားကွန်ဂရက် (Zomi National Congress) ပါတီတည်ထောင်ခဲ့စဉ်ကတည်းက ချမှတ်ခဲ့သောမူဝါဒဖြစ်ပါကြောင်း၊ နှစ်ပေါင်း ၂၆ နှစ်ကြာခဲ့ပါသည်။ ပါတီအမည်ပြောင်းသော်လည်း မူဝါဒလမ်းစဉ်မှာ ပြောင်းလဲခြင်းမရှိပါကြောင်း။

**ZCD မူဝါဒလေးချက်မှာ**

(၁) ချင်းအစား ဇိုမီးဟုခေါ်ဆိုရေး
(၂) စစ်မှန်သော ဒီမိုကရေစီအစိုးရပေါ်ပေါက်ရေး
(၃) လွတ်လပ်သော (Free Market Economic Policy) ဈေးကွက်စီးပွားရေးစနစ်ကျင့်သုံး
(၄) ပင်လုံစိတ်ဓာတ် (Pinlong Spirit) မြှင့်တင်ရေးတို့ဖြစ်ပါကြောင်းနှင့် ယင်းမူလေးချက်တို့ကို တစ်ခုပြီးတစ်ခု ရှင်းပြလိုပါကြောင်း။

**ပထမမူဝါဒ**

ချင်းအစား ဇိုမီးဟုဆိုရေးနှင့်ပတ်သက်ပြီး ဗြိတိသျှကျွန်သပေါက်ဘဝ မကျရောက်မီ တိုင်းရင်းသားများမှာ မိမိနေရာဒေသအလိုက် ကိုယ့်ထီး၊ ကိုယ့်နန်း၊ ကိုယ်ပိုင်ဟန်များဖြင့် သူကြီး၊ တောင်အုပ်စသဖြင့်အုပ်ချုပ်၍ နေခဲ့ကြပါသည်။ ဗြိတိသျှနယ်ချဲ့များသည် ချင်းတောင်တန်း (Chin Hills) ဟူသောဝေါဟာရသုံးနှုန်းလာကြရာမှ ဘိုးဘွား၊ ဘေးဘင်များသည် "ချင်း" ဟူသော အသုံးအနှုန်းစတင်ကြားသိခဲ့ရပါသည်။ လက်တွေ့တွင်မူ ယနေ့ချင်းပြည်နယ် မြို့နယ်အသီးသီးတွင်နေထိုင်ကြသော လူမျိုးစု အသီးသီးတို့မှာမူ ဇိုမီး (Zomi)၊ လိုင်မီး (Laimi)၊ ခူမီး (Khumi)၊ မရာ (Mara) စသဖြင့်ကိုယ့်ကိုယ်ကိုယ်သုံးနှုန်းခေါ်ဆိုကြပါသည်။ "ချင်း"ဟူသောဝေါဟာရမှာ တီးတိန်၊ ဖလမ်း၊ ဟားခါး၊ ထန်တလန်၊ မတူပီ၊ မင်းတပ်၊ ပလက်ဝ စသောမြို့နယ်တွင်းရှိ စကားအသုံးအနှုန်းတွင် အဓိပ္ပာယ်မဖော်ဆောင်နိုင်သောအသုံးအနှုန်းတစ်ခုသာဖြစ်ပြီး ကျွန်ဘဝရောက်လာသောအခါ နယ်ချဲ့သမားများက မှည့်ဆိုခေါ်ဝေါ်သော နာမည်သာဖြစ်သည်ဟု သုံးသပ်ရပါသည်။ မိမိတို့၏မူလအရင်းခံနာမည်မဟုတ်ကြောင်း၊ ဇိုမီး (Zomi) ဟုသုံးနှုန်းခေါ်ဆိုသင့်ပါကြောင်း။

**ဒုတိယမူဝါဒ**

ဒုတိယမူဝါဒမှာ စစ်မှန်သောဒီမိုကရေစီအစိုးရ ပေါ်ပေါက်လာရေးဖြစ်ကြောင်း၊ ဒီမိုကရေစီသည် လူလူချင်းတူညီသည်ဟူသော မူကိုလက်ခံသဖြင့် လူတိုင်းသည် တရားဥပဒေအမြင်တွင် တူညီစေကြောင်း၊ ယင်းတူညီသောအခွင့်အရေးမှာ အသက်ရှင်နိုင်ခြင်းအခွင့်အရေး၊ လွတ်လပ်စွာတွေးတောကြံဆတီထွင်ပိုင်ခွင့်၊ လွတ်လပ်စွာပြောဆိုဝေဖန်စည်းရုံးပိုင်ခွင့်၊ လွတ်လပ်စွာ ရှာဖွေနိုင်ခွင့်ဖြစ်ကြောင်း၊ ဒီမိုကရေစီအစိုးရဆိုသည်မှာ ပြည်သူ့ထံမှပြည်သူ့ထံသို့ ဆိုသလို ပြည်သူအကျိုးအလို့ငှာ၊ ပြည်သူ့ဆန္ဒအရ၊ ပြည်သူ့အုပ်ချုပ်ခြင်း (Government of the people by the people and for the people) ကို ဆိုလိုကြောင်း၊ ပြည်သူပြည်သားများထံမှ လွတ်လွတ်လပ်လပ်ရွေးချယ်ဆုံးဖြတ်၍ ပေးအပ်သောအာဏာသည် ပြည်သူ့အာဏာ(ဝါ) ဒီမိုကရေစီ အာဏာ(ဝါ) ဒီမိုကရေစီအစိုးရဖြစ်ပါကြောင်း။

**တတိယမူဝါဒ**

တတိယမူဝါဒမှာ ပြည်ထောင်စုမြန်မာနိုင်ငံသည် သယံဇာတအလွန်ကြွယ်ဝချမ်းသာသော နိုင်ငံဖြစ်ပါသဖြင့် တိုင်းပြည်တွင် တိုးတက်ဖွံ့ဖြိုးရေးအတွက် အစိုးရတစ်ခုတည်း၊ ကုမ္ပဏီတစ်ခုတည်း၊ လူပုဂ္ဂိုလ်တစ်ဦး၊ လူတစ်စုကသာ လက်ဝါးကြီး ခြယ်လှယ်ခြင်းမဟုတ်ဘဲ အရည်အချင်းနှင့်ပြည့်စုံသော တိုင်းသူပြည်သားများမှ လွတ်လွတ်လပ်လပ်ရှာဖွေစူးစမ်းခွင့်၊ အပြိုင်အဆိုင် ရောင်းဝယ်ဖောက်ကားကြမှသာလျှင် တိုးတက်ဖွံ့ဖြိုးသော နိုင်ငံတော်ကြီးဖြစ်လာမည်ဖြစ်သဖြင့် ပီပြင်သော လွတ်လပ်သော၊ စီးပွားရေးစနစ် (Free Market Economic Policy) လိုအပ်သည်ဟု ယုံကြည်ပါကြောင်း။

**စတုတ္ထမူဝါဒ**




စတုတ္ထမူဝါဒမှာ ကျွန်ုပ်တို့ပြည်ထောင်စုစတင်ဖွဲ့စည်းနိုင်ရန် ပင်လုံညီလာခံ၊ ပင်လုံစာချုပ်မှစတင်ခဲ့ပါကြောင်း၊ ယနေ့ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး တည်ငြိမ်အေးချမ်းသာယာစေရေး၊ ငြိမ်းချမ်းရေးအပြည့်အဝရှိမှသာလျှင် တိုးတက်ဖွံ့ဖြိုးသော နိုင်ငံတော်ကြီးဖြစ်လာမည်ဖြစ်ကြောင်း၊ ယင်းကဲ့သို့နိုင်ငံတော်ကြီးတည်ဆောက်နိုင်ရန် ပင်လုံစိတ်ဓာတ်ကိုအခြေခံသော ဖက်ဒရယ်ပြည်ထောင်စု (Federal Union) ဖြစ်လာစေရေး၊ မေတ္တာနှင့်နှလုံးရည်ဖြင့် တည်ထောင်ထားသော ပြည်ထောင်စုကြီးတည်တံ့ခိုင်မြဲရေးအတွက် ပင်လုံစိတ်ဓာတ်မြှင့်တင်ရေးသည် အဓိကဖြစ်တယ်ဆိုတာ ဇိုမီးဒီမိုကရေစီအဖွဲ့ချုပ်၏ ယုံကြည်ချက်ဖြစ်ပါသည်။

**'ပြောင်းလဲချိန်တန်ပြီ'**

၁။ ပြည်ထောင်စုကြီးအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားများအားလုံး အတွေးသစ်၊ အမြင်သစ်များဖြင့် ရှေ့သို့ ချီတက်ကြစို့။

Cho: ပြည်ထောင်စုဖွား ညီအစ်ကိုပေါင်းတို့၊ ဘာသာအယူဝါဒ၊ အတွေးအခေါ်ကွဲပြားနေမှုများကို ရှေ့တန်းမတင်ကြပါရန် ZCD ပါတီမှ ဦးဆောင်ပြီး တစ်ပြည်နယ်လုံး၊ တစ်နိုင်ငံလုံး လှုံ့ဆော်ပေးပါမယ်/ပြောင်းလဲသင့်ပါပြီ

၂။ ZCD ပါတီ ချီတက်လာပါပြီ၊ မိဘပြည်သူများမှ ဩဘာပေးကြပါ။ အတွေးအခေါ်ဟောင်းများကို ၂၀၁၅ မှာ ထားရစ်ခဲ့ကြပါ။

၃။ ပြည်ထောင်စုကြီး ငြိမ်းချမ်းရေး၊ သာယာဝပြောရေးအတွက် အတွေးသစ်၊ အမြင်သစ်နဲ့ ချီတက်ကြပါစို့။

# မင်းဘူးခရိုင်ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းအစည်းအဝေးကျင်းပ

**မင်းဘူး စက်တင်ဘာ ၂၄**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီ၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို စက်တင်ဘာ ၂၃ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေး အစည်းအဝေးခန်းမ၌ ကျင်းပရာ အစည်းအဝေးတွင် ခရိုင်ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်ဦးက အမှာစကားပြောကြားပြီး တွဲဖက်အတွင်းရေးမှူး ဦးတင်ခိုင်ဇော်က နိုင်ငံရေးပါတီများနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ လိုက်နာရန် ကျင့်ဝတ်များကို ရှင်းလင်းတင်ပြဆွေးနွေးသည်။



ထို့နောက် မင်းဘူးခရိုင်ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီအဖွဲ့ဝင်များက လုပ်ငန်းကဏ္ဍများအလိုက် ဆွေးနွေးတင်ပြကြပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ/ မြို့နယ်ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌများက ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ခရိုင်/မြို့နယ်အဆင့် နိုင်ငံရေးပါတီကိုယ်စားလှယ်များက သိရှိလိုသည်များကို ဆွေးနွေးမေးမြန်းတင်ပြကြသည်။

အဆိုပါအစည်းအဝေးသို့ ခရိုင်ရွေးကောက်ပွဲဆိုင်ရာကော်မတီအဖွဲ့ဝင် ၁၆ ဦး၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ/ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်ရှစ်ဦးနှင့် နိုင်ငံရေးပါတီကိုယ်စားလှယ် ၂၀ တို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

**တင်ထွန်းဦး(မင်းဘူး)**

# ဆန္ဒမဲပေးရာတွင် အဆင်ပြေရေး နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်

**မြစ်ကြီးနား စက်တင်ဘာ ၂၄**

မြစ်ကြီးနားမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနက ကြီးမှူး၍မိုးပွင့်အထူးစီမံချက်(၂)အရ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေးခြင်းကို စက်တင်ဘာလအတွင်း မြစ်ကြီးနားမြို့နယ်ရှိ ရပ်ကွက်/ကျေးရွာ ၂၈ခုတွင် ဒေသခံပြည်သူများ၏ လိုအပ်ချက်အရ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ စက်တင်ဘာ ၂၃ ရက်က အောင်နန်းရိပ်သာရပ်ကွက်နှင့် ခေမာသီရိရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးတို့၌ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြသည်။

မြစ်ကြီးနားမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးစိုးနောင်က "မိုးပွင့်အထူးစီမံချက်(၂)အရ ၂၀၁၅ခုနှစ် ရွေးကောက်ပွဲ ကာလမတိုင်မီ မဲဆန္ဒရှင်စာရင်းထုတ်ပြန်ကြေညာရာမှာ အမည်စာရင်းပါပြီး နိုင်ငံသားစိစစ်ရေးကတ်ပြားမရှိတဲ့ နိုင်ငံသားအရည်အချင်းပြည့်မီသူတွေကို မဲဆန္ဒပေးရာမှာ အဆင်ပြေချောမွေ့စေရေးအတွက် ကွင်းဆင်းဆောင်ရွက်ပေးခြင်းဖြစ်ပါတယ်။ နောက်ပြီး နိုင်ငံသားစိစစ်ရေးကတ်ပြားပျက်စီး၊ ပျောက်ဆုံး မိတ္တူနဲ့ အသက် ၁၀ နှစ်ပြည့်၊ ၁၈နှစ်ပြည့်ဒေသခံတိုင်းရင်းသားတွေကိုလည်း နိုင်ငံသားစိစစ်ရေးကတ်ပြားများ အချိန်နှင့်တစ်ပြေးညီရရှိစေရေး ဆောင်ရွက်ပေးခြင်းဖြစ်ပါတယ်"ဟု ပြောကြားသည်။

**မိုးယံကျ(မြစ်ကြီးနား)**



# အလုံမြို့နယ်မှ ရွေးချယ်ခံမည့် ကိုယ်စားလှယ်လောင်းများစာရင်းမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ ကြော်ငြာထားရှိ

**ရန်ကုန် စက်တင်ဘာ ၂၄**

ရန်ကုန်အနောက်ပိုင်းခရိုင် အလုံမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ မြို့နယ်အတွင်းရှိ ရပ်ကွက် ၁၁ ရပ်ကွက်မှ မဲဆန္ဒရှင်ပြည်သူများ သိရှိစေရေးန် မြို့နယ်မှ ရွေးချယ်ခံမည့်လွှတ်တော်ကိုယ်စားလှယ်လောင်းများ အမည်စာရင်းကို ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး၌ ကြော်ငြာထားကြောင်း သိရသည်။

အလုံမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်းများအဖြစ် ရွေးချယ်ခံမည့် စုစုပေါင်း ကိုယ်စားလှယ်လောင်း ၃၀ ဝင်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။

**ရွှေတိုင်လွင်**

# ရှမ်းပြည်ကိုးကန့်ဒီမိုကရက်တစ်ပါတီက ၎င်းတို့၏မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ်စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် စက်တင်ဘာ ၂၄

**ရှမ်းပြည်ကိုးကန့်ဒီမိုကရက်တစ်ပါတီအထွေထွေအတွင်းရေးမှူး ဦးမြင့်ခိုင်က ၎င်းတို့ပါတီ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ်စသည်တို့ကို စက်တင်ဘာ ၂၄ ရက် ညပိုင်းက ရေဒီယိုနှင့်ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။ အဆိုပါဟောပြောချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**




လေးစားအပ်ပါသော ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကို မောင်နှမများနှင့်တကွ ပြည်သူလူထုတစ်ရပ်လုံးအပါအဝင် အားလုံး ကိုယ်ကျန်းမာ စိတ်ချမ်းသာရွှင်လန်းကြပါစေကြောင်း မေတ္တာပို့သအပ်ပါသည်။ ကျွန်တော်သည် ရှမ်းပြည်ကိုးကန့်ဒီမိုကရက်တစ်ပါတီမှ အထွေထွေအတွင်းရေးမှူး ဦးမြင့်ခိုင် ဖြစ်ပါသည်။ ယခုကဲ့သို့ ရေဒီယိုနှင့် ရုပ်မြင်သံကြားမှာ မိမိတို့၏မူဝါဒနှင့် လုပ်ငန်းစဉ်များကို ဟောပြောတင်ပြခွင့်ပြုသည့်အတွက် နိုင်ငံတော်ရွေးကောက်ပွဲကော်မရှင်နှင့် ပြန်ကြားရေးဝန်ကြီးဌာနတို့ကို အထူးကျေးဇူးတင်ရှိပါကြောင်း ဦးစွာပထမ ပြောကြားလိုပါသည်။

ကျွန်တော်တို့ ရှမ်းပြည်ကိုးကန့်ဒီမိုကရက်တစ်ပါတီသည် ပြည်သူ့ဆန္ဒကိုလေးစားလိုက်နာသော၊ အချုပ်အခြာအာဏာသုံးရပ်သည် ပြည်သူလူထု၌သာ တည်ရှိခြင်းကို လက်ခံသော၊ ပြည်သူလူထုက လွတ်လပ်စွာ ရွေးကောက်တင်မြှောက်လိုက်သော ပုဂ္ဂိုလ်များကသာ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့်တရားစီရင်ရေးစသည့် ကဏ္ဍများကို ဖော်ဆောင်ပေးရမည်ဖြစ်သည့် အချက်အလက်များကို လက်ခံလိုက်နာကျင့်သုံးသော ပါတီတစ်ခုဖြစ်၍ **"ဒီမိုကရက်တစ်ပါတီ"** ဟုခေါ်ပါသည်။ ပါတီ၏မူဝါဒ သဘောထားနှင့်လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

**(က) ပါတီ၏မူဝါဒသဘောထားအချက်များ**

(၁) ပါတီ၏ရည်မှန်းချက်သည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် မပြိုကွဲရေး၊

(၂) ပါတီ၏ရည်မှန်းချက်သည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်းရှိ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊

(၃) ပါတီ၏ ရည်မှန်းချက်သည် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဟူသော အချုပ်အခြာအာဏာသုံးရပ်သည် ပြည်သူလူထု၌သာ အစဉ်အမြဲတည်ရှိရေး၊

(၄) ပါတီသည် တိုင်းရင်းသားများနှင့် ပြည်သူလူထု တစ်ရပ်လုံးတို့မှ လက်ခံနိုင်သော ဖက်ဒရယ်ဒီမိုကရက်တစ် ပြည်ထောင်စုတစ်ခုပေါ်ထွန်းရေးကို မျှော်မှန်းဖော်ဆောင်ရန်၊

(၅) ပါတီသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားလူမျိုးစုများနှင့် ပြည်သူလူထုတစ်ရပ်လုံး အောက်ပါအခွင့်အရေးများ လက်တွေ့ခံစားနိုင်အောင် ရည်မှန်းပါသည်။

| | |
|---|---|
| ၁။ တရားမျှတမှု | (JUSTIC) |
| ၂။ ညီမျှမှု | (EQUALITY) |
| ၃။ လွတ်လပ်မှု | (FREEDOM) |
| ၄။ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် | (SELF-DETERMINATION) |
| ၅။ ကိုယ်ပိုင်အုပ်ချုပ်ခွင့် | (SELF- ADMINISTRATION) |
| ၆။ လူ့အခွင့်အရေး | (HUMAN RIGHTS) |
| ၇။ ဒီမိုကရေစီအခွင့်အရေး | (DEMOCRATIC RIGHTS) |

(၆) ပါတီ၏ရည်မှန်းချက်သည်

(က) **လယ်ယာခြံမြေပိုင်ဆိုင်ခွင့်မျှတမှုဖော်ဆောင်မည်။** လယ်လုပ်သူတိုင်း လယ်ပိုင်ရမည်။ ယာလုပ်သူတိုင်း ယာပိုင်ရမည်။ လယ်ယာခြံမြေများကို အခွင့်ထူးခံစားသူတစ်ဦးတည်းက၊ လူတစ်စုတည်းက၊ အဖွဲ့အစည်းတစ်ဖွဲ့တည်းက သို့မဟုတ် ကုမ္ပဏီအချို့ကသာ ပိုင်ဆိုင်ခွင့် လုံးဝမပြုလုပ်ရ။ အကြောင်းကတော့ လယ်သမားနှင့် ယာသမား လယ်ယာခြံမြေဆုံးရှုံးမှု၊ ဆင်းရဲချမ်းသာကွာဟမှု ကြီးထွားလာမှု၊ နောက်ဆုံးလူ့အဖွဲ့အစည်းတစ်ခုလုံး မငြိမ်မသက်ဖြစ်ပေါ်လာမှုစသည်တို့ကို မဖြစ်ပေါ်လာအောင် ကြိုတင်တားမြစ်ခြင်းသာ ရည်ရွယ်ပါသည်။

(ခ) **ရင်းနှီးမြှုပ်နှံငွေများ ထိန်းချုပ်ကွပ်ကဲမှု ဖော်ဆောင်မည်။** ဤကဲ့သို့ပြုလုပ်ခြင်းသည် လူတိုင်း လူတိုင်း အသက်မွေးဝမ်းကျောင်း ပြုလုပ်နိုင်ရန်၊ နိုင်ငံတော်၏ ဈေးကွက် ကမောက်ကမ မဖြစ်အောင်၊ ဈေးကစား ကိုယ်ကျိုးရှာသူ မရှိအောင် တားမြစ်ရည်ရွယ်ခြင်းသာ ဖြစ်ပါသည်။

(၇) ပါတီ၏ရည်မှန်းချက်သည် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွက် အဆင့်မြင့်သော ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရအောင် မျှော်မှန်းသည်။ အဆင့်မြင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ဆိုသည်မှာ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ **လူထု၏ကိစ္စများကို** ကိုးကန့်နယ်အတွင်းရှိ **ကိုးကန့်လူထုကသာ စီမံဆောင်ရွက်သွားမည့်စနစ်** ဖြစ်ပါသည်။ ဤအုပ်ချုပ်ရေးစနစ်တွင် အောက်ပါအတိုင်းပါဝင်သည်။

၁။ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၌ ဥပဒေပြုရေး၊ တရားစီရင်ရေးနှင့် အုပ်ချုပ်ရေးဟူသော အချုပ်အခြာအာဏာ သုံးရပ်ရှိရန် လိုသည်။

၂။ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၏ အုပ်ချုပ်ရေးဦးစီးအဖွဲ့ကို ရွေးကောက်တင်မြှောက်ရာတွင် အရွယ်ရောက်သူ မဲဆန္ဒရှင်များအား လွတ်လပ်စွာပါဝင်ဆန္ဒမဲပေး၍ ဒီမိုကရေစီနည်းဆန်သော ရွေးကောက်တင်မြှောက်ခြင်းကို ကျင့်သုံးမည်။ ဤကဲ့သို့ ဆောင်ရွက်ရာတွင် တရားဝင်နိုင်ငံရေးပါတီဝင်များနှင့် နိုင်ငံရေးပါတီဝင်မဟုတ်သူများအား ဝင်ရောက်ယှဉ်ပြိုင် အရွေးခံပိုင်ခွင့်ရှိပြီး နယ်သူနယ်သားများအပေါ် တာဝန်ခံမှု၊ တာဝန်ယူမှုရှိသူ၊ ကတိသစ္စာစောင့်ထိန်းသူ၊ လူထု၏ ဆင်းရဲဒုက္ခခက်ခဲမှု သိတတ်သူတို့ကိုသာ ရွေးချယ်တင်မြှောက်၍ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၏ အုပ်ချုပ်ရေးဦးစီးအဖွဲ့ကို ဖွဲ့စည်းကာ နယ်သူနယ်သားများ၏ အရေးကိစ္စအဝဝတို့ကို ဖြေရှင်းဆောင်ရွက်သွားရမည်။ ဤအုပ်ချုပ်ရေးဦးစီးအဖွဲ့၏ အုပ်ချုပ်မှုသက်တမ်းသည် ပြည်ထောင်စုလွှတ်တော်သက်တမ်းနှင့်တူသည်။ ငါးနှစ်ပြည့်လျှင် အုပ်ချုပ်ရေးဦးစီးအဖွဲ့ကို အသစ်ပြန်လည်ရွေးချယ်ရမည်ဖြစ်ပါသည်။

၃။ စီးပွားရေးနှင့်စပ်လျဉ်းပြီးဆောင်ရွက်ရာတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် ပြည်နယ်အစိုးရအဖွဲ့တို့သည် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အုပ်ချုပ်ရေးဦးစီးအဖွဲ့အား ကိုးကန့်နယ်နှင့် တရုတ်ပြည်နယ်စပ်ဒေသတစ်လျှောက်လုံးရှိ ဝင်/ထွက်ဂိတ်ပေါက်တို့မှ နယ်စပ်ဒေသကုန်သွယ်မှုခွန်ကို ကောက်ယူနိုင်ခွင့်ပေးထားရန်လိုသည်။ သို့မှသာ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအုပ်ချုပ်ရေးဦးစီးအဖွဲ့က ဘဏ္ဍာငွေရရှိမည်။ ဤအဖွဲ့သည် ကိုးကန့်လူထုက တိုက်ရိုက်ရွေးကောက်တင်မြှောက်လိုက်သော အဖွဲ့ဖြစ်၍ ၎င်းအား အခွန်ဘဏ္ဍာငွေကို လွတ်လပ်စွာ သုံးစွဲခွင့်ပေးထားရန်လိုပါသည်။ သုံးစွဲသောငွေစာရင်းကို နိုင်ငံတော်အစိုးရနှင့် ရှမ်းပြည်နယ်အစိုးရများသို့ မှန်ကန်စွာ တင်ပြရမည်ဖြစ်ပါသည်။

၄။ ကိုးကန့်တိုင်းရင်းသားများ၏ ပညာရေး၊ ယဉ်ကျေးမှု၊ စာပေ၊ ဘာသာစကား၊ ဓလေ့ထုံးတမ်းနှင့် ကိုးကွယ်သည့် ဘာသာစသည် တို့ကို နိုင်ငံတော်မှ အသိအမှတ်ပြု ထားသည် မှန်သော်လည်း၊ ကာကွယ်စောင့် ရှောက်မှုကိုလည်း ပေးရန် မျှော်မှန်းသည်။

**(ခ)ပါတီ၏လုပ်ငန်းစဉ်များ**

(၁) ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်မှ ကျင့်သုံးနေသည့် **"ပါတီစုံဒီမိုကရေစီစနစ်"** နှင့် **"ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ"** ကို လုံးဝထောက်ခံပြီး အားကြိုးမာန်တက်ပါဝင်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

(၂) မဟာကမ္ဘာမြေကြီး၏ **" သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများ"** တွင် အတတ်နိုင်ဆုံး ပါဝင်ဆောင်ရွက်သွားမည်။ လူသားများ၏ ဖျက်ဆီးခြင်းကို ခံနေရသည့် ဤလှပသောကမ္ဘာမြေကြီးကို ကာကွယ်စောင့်ရှောက်သွားမည်။ လူသားများနှင့် သက်ရှိသတ္တဝါများအားလုံးတို့သည် ဤကမ္ဘာမြေကြီးပေါ်တွင် ထာဝရ အတူတကွ ငြိမ်းချမ်းစွာ တည်ရှိနေထိုင်သွားနိုင်အောင် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

(၃) နိုင်ငံတကာဆက်ဆံရေးကောင်းမွန်တိုးတက်လာအောင် ကြိုးစားဆောင်ရွက်သွားမည်။ အထူးသဖြင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် အိမ်နီးနားချင်းနိုင်ငံများ၏ ချစ်ကြည်ရင်းနှီးမှုကို ပိုမိုတိုးတက်လာအောင် အရေးထားလုပ်ဆောင်သွားမည်ဖြစ်ပါသည်။

(၄) ပါတီနှင့် ပါတီဝင်တိုင်းသည် နိုင်ငံတော်က တရားဝင်ပေးထားသော စီးပွားရေးလုပ်ငန်းများကို ပါဝင်ဆောင်ရွက် လုပ်ကိုင်သွားမည်။

(၅) ပြည်တွင်းထာဝရငြိမ်းချမ်းရေးရအောင် မဖြစ်မနေပါဝင် ဆောင်ရွက်သွားမည်။

(၆) ပါတီသည် တစ်နိုင်ငံလုံးရှိ ပြည်သူလူထု၏ ဆင်းရဲခက်ခဲမှု၊ ဒုက္ခရောက်မှုများကို မဖြစ်မနေ ပါဝင်ဖြေရှင်းသွားမည်။

(၇) ပါတီသည် တိုင်းရင်းသားလူမျိုးစုများ၏ စာပေ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်း၊ ဘာသာစကားများ၏ စောင့်ရှောက်ကာကွယ်ရေးလုပ်ငန်းများတွင် အတတ်နိုင်ဆုံး ပါဝင်ဆောင်ရွက်သွားမည်။

(၈) ပါတီသည် လူမှုအကျိုးပြုနှင့် ကုသိုလ်ပြုလုပ်ငန်းများတွင် အတတ်နိုင်ဆုံး ပါဝင်ဆောင်ရွက်သွားမည်။

(၉) မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနှင့် AIDS ရောဂါတိုက်ဖျက်ရေး၊ ကာကွယ်စောင့်ရှောက်ကုသရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်မည်။

(၁၀) လူကုန်ကူးမှုတိုက်ဖျက်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်မည်။

(၁၁) ဘိန်းအစားထိုးသီးနှံစိုက်ပျိုးမှုကို အတတ်နိုင်ဆုံး ပါဝင်ဆောင်ရွက်သွားမည်။

အထက်တွင် ကျွန်တော်တင်ပြသွားသည့် အချက်အလက်များသည် ကျွန်တော်တို့ ရှမ်းပြည်ကိုးကန့်ဒီမိုကရက်တစ်ပါတီ၏ မူဝါဒသဘောထားနှင့် လုပ်ငန်းစဉ်များဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

နိုင်ငံသူ နိုင်ငံသားများအားလုံး နားထောင်သွားကြသည့်အတွက် ကျေးဇူးတင်ပါသည်။ ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလည်း တရားမျှတ၍ လွတ်လပ်ပွင့်လင်းမြင်သာမှုရှိပြီး အေးချမ်းစွာ ပြီးမြောက်အောင်မြင်ပါစေ ဆုတောင်းရင်း နိဂုံးချုပ်အပ်ပါသည်။

## အထွေထွေရွေးကောက်ပွဲဆိုင်ရာအစီအစဉ်များအား " Vote for Myanmar " အမည်ရှိ လူမှုကွန်ရက်စာမျက်နှာမှ ဖော်ပြ

**ရန်ကုန် စက်တင်ဘာ ၂၄**

လူမှုကွန်ရက်စာမျက်နှာအသုံးပြုကြသော မဲဆန္ဒရှင်ပြည်သူများ သိရှိလေ့လာနိုင်ကြစေရန်အတွက် ၂၀၁၅ အထွေထွေရွေးကောက်ပွဲဆိုင်ရာ ပညာပေးအစီအစဉ်များအား " Vote for Myanmar " အမည်ရှိ လူမှုကွန်ရက်စာမျက်နှာမှတစ်ဆင့် အသိပေးဖော်ပြပေးလျက်ရှိကြောင်း ပဏ္ဍိတဖွံ့ဖြိုးရေးအင်စတီကျူ့မှ သိရသည်။

၂၀၁၅ အထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ ပဏ္ဍိတဖွံ့ဖြိုးရေးအင်စတီကျူ့မှ ကိုဖြိုးတင်ဦးက "မဲဆန္ဒရှင်ပြည်သူများ ရွေးကောက်ပွဲဆိုင်ရာ ဗဟုသုတအကြောင်းအရာများနဲ့ ရွေးကောက်ပွဲဆိုင်ရာအသိပညာတွေမြင့်မားလာစေဖို့ ရည်ရွယ်ပြီး ဒီလူမှုကွန်ရက်စာမျက်နှာကိုပြုလုပ်ထားတာပါ။ ကျွန်တော်တို့ကို လူမှုကွန်ရက်စာမျက်နှာမှတစ်ဆင့် ရွေးကောက်ပွဲနဲ့ စပ်လျဉ်းပြီး သိလိုတဲ့အချက်အလက်တွေကိုမေးမြန်းရင် ပြန်လည်ဖြေကြားပေးပါတယ်။ ရွေးကောက်ပွဲဆိုင်ရာ ဗဟုသုတတင်မကဘဲ ရွေးကောက်ပွဲဆိုင်ရာ သတင်းများကိုလည်း ဖော်ပြပေးနေပါတယ်"ဟု ပြောသည်။ " Vote for Myanmar " အမည်ရှိ လူမှုကွန်ရက်စာမျက်နှာကို စက်တင်ဘာ ၁ ရက်ကစ၍ စတင်လွှင့်တင်ထားခြင်းဖြစ်ပြီး ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးခြင်းများကို ကာတွန်း၊ ဓာတ်ပုံ၊ ဗီဒီယိုများဖြင့် ဖော်ပြလျက်ရှိကြောင်း သိရသည်။

**စိုးဝင်း(SP)**

## ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**မကွေး စက်တင်ဘာ ၂၄**

၂၀၁၅ ခုနှစ် နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် အငြင်းပွားမှုပြဿနာတစ်စုံတစ်ရာ ပေါ်ပေါက်လာပါက အချိန်တိုအတွင်း ညှိနှိုင်းဆောင်ရွက် ဖြေရှင်းနိုင်ရန်အတွက် မကွေးခရိုင်ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၂၃ ရက်က မကွေးခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် မကွေးခရိုင်ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌက ကော်မတီ၏လုပ်ငန်းတာဝန်များကို ရှင်းလင်းပြောကြားပြီး ကော်မတီအဖွဲ့ဝင်များက သိရှိလိုသည်များ မေးမြန်းခဲ့ကြောင်း သိရသည်။

**ထွန်းလှိုင်(မကွေး)**

မြန်မာ့အလင်း




၂၀၁၅ခုနှစ်၊ စက်တင်ဘာ ၂၅ ရက်၊ သောကြာနေ့။

ပြည်တွင်းရေးရာ

**အနောက်မြောက်အရပ်ဆီက တိုက်ခတ်လာသော ပန်းလေပြည်**

စာ - ၃



လူမှုစီးပွား

**တောင်သူလယ်သမားများ အားကိုးနေရသည့်မြစ်ရေတင်စီမံကိန်း**

စာ - ၄





# ချန်ပီယံလိဂ်ပွဲဝင် စပိန်ကလပ်များ၏ အနေအထား

၂၀၁၅-၂၀၁၆ ချန်ပီယံလိဂ်ပြိုင်ပွဲနဲ့ စပိန်အသင်းတွေရဲ့လားရာ။ အဲ့ဒါဟာလတ်တလောမှာ စိတ်ဝင်တစားအဖြေထုတ်ချင်စရာကောင်းတဲ့ အရာတစ်ခုလို ဖြစ်မှန်းမသိဖြစ်လာတယ်။ အထူး သဖြင့် ဒီရာသီချန်ပီယံလိဂ်ပြိုင်ပွဲကို စပိန်ကလပ်အသင်း ငါးသင်းတိတိ ဝင်ပြိုင်ခွင့်ရရှိခဲ့ပြီး ပြီးခဲ့တဲ့ဘောလုံးရာသီ နှစ်ရာသီဆက်တိုက်မှာလည်း ချန်ပီယံလိဂ်ဆုဖလားကို စပိန်အသင်းတွေကသာ သိမ်းပိုက်နိုင်ခဲ့တာ ဆိုတော့။ ဒီရာသီလို ငါးသင်းတိတိ ဝင်ပြိုင်ခွင့်ရတဲ့နှစ်မှာ စပိန်ကလပ်တွေ အနေနဲ့ ချန်ပီယံလိဂ်ဆုဖလားကို ဆက်လက်သိမ်းပိုက် ရယူသွားနိုင်မလားဆိုတာဟာ စောင့်ကြည့်အဖြေ ထုတ်ချင်စရာတစ်ရပ်လို ဖြစ်သထက်ဖြစ်လာရတယ်။

ပြောရမယ်ဆိုရင်။ ဒီနှစ် နွေရာသီအပြောင်းအရွှေ့ဈေးကွက်တွေမှာ စပိန်ကလပ်တွေရဲ့ ငွေကြေးသုံးစွဲမှုဟာ အရင်နှစ်တွေကနဲ့ မတူ ဘူး။ အရင်က စပိန်ကလပ်တွေအနေနဲ့ အပြောင်းအရွှေ့ဈေးကွက်တွေအတွင်း ပရီမီယာလိဂ်ကလပ်တွေရဲ့ သုံးငွေကိုမမီသော်ငြား ရီးရဲ၊ ဘာစီလိုနာတို့ရဲ့ဝင်ဆံ့မှုအင်အားနဲ့အတူ အပြောင်းအရွှေ့ ဈေးကွက်တွေမှာ ထိထိမိမိတိုးဝင်နိုင်ခဲ့ပေမယ့် ဒီရာသီမှာတော့ စပိန်ကလပ်တွေရဲ့ ငွေကြေးသုံးစွဲမှုဟာ ပရီမီယာလိဂ်ကလပ်တွေရဲ့ အသုံးစရိတ်ကို မမီတဲ့အပြင် စီးရီးအေကလပ်တွေရဲ့ အသုံးစရိတ်ထက်တောင် လျော့နည်းခဲ့ရမှုအရ ဒီရာသီစပိန်ကလပ်တွေရဲ့ ပြင်ဆင်မှုအပေါ် သံသယရှိကြသလို အဆိုပါ သံသယကိုအခြေခံကာ ချန်ပီယံလိဂ်ပြိုင်ပွဲအတွင်း စပိန်ကလပ်တွေရဲ့ ထိုးခွဲထွက်နိုင်အားကိုပါ အချို့က သံသယရှိလာကြတယ်။

**စာမျက်နှာ ၂**

### ချန်ပီယံလိဂ်အုပ်စုပွဲစဉ်(၂)

| | |
|---|---|
| **အင်္ဂါနေ့ (၂၉-၉-၁၅)** | |
| နံနက် ၁း၁၅ (ဗုဒ္ဓဟူးနံနက်) | ဘာစီလိုနာ - လေဗာကူဆင် |
| နံနက် ၁း၁၅ (ဗုဒ္ဓဟူးနံနက်) | ဘိုရီဆော့ဗ် - ရိုးမား |
| နံနက် ၁း၁၅ (ဗုဒ္ဓဟူးနံနက်) | ဘိုင်ယန် - ဒိုင်နမိုဇာဂရက် |
| နံနက် ၁း၁၅ (ဗုဒ္ဓဟူးနံနက်) | အာဆင်နယ် - အိုလံပီယာကော့စ် |
| နံနက် ၁း၁၅ (ဗုဒ္ဓဟူးနံနက်) | တဲလ်အဗစ် - ဒိုင်နမိုကိဗ် |
| နံနက် ၁း၁၅ (ဗုဒ္ဓဟူးနံနက်) | ပေါ်တို - ချယ်လ်ဆီး |
| နံနက် ၁း၁၅ (ဗုဒ္ဓဟူးနံနက်) | လိုင်ယွန် - ဗလင်စီယာ |
| နံနက် ၁း၁၅ (ဗုဒ္ဓဟူးနံနက်) | ဇင်းနစ် - ဂျန့် |
| **ဗုဒ္ဓဟူးနေ့ (၃၀-၉-၁၅)** | |
| ည ၁၀း၃၀ | အက်စ်တာနာ - ဂါလာတာစာရေး |
| နံနက် ၁း၁၅ (ကြာသပတေးနံနက်) | ရှက်တာဒိုးနက် - ပီအက်စ်ဂျီ |
| နံနက် ၁း၁၅ (ကြာသပတေးနံနက်) | မယ်မိုလ် - ရီးရဲ |
| နံနက် ၁း၁၅ (ကြာသပတေးနံနက်) | မန်ယူ - ဝုဖ်ဘတ် |
| နံနက် ၁း၁၅ (ကြာသပတေးနံနက်) | စီအက်စ်ကေအေ - အိုင့်ဟိုဗင် |
| နံနက် ၁း၁၅ (ကြာသပတေးနံနက်) | အက်သလက် - ဘင်ဖီကာ |
| နံနက် ၁း၁၅ (ကြာသပတေးနံနက်) | ဂလာဘတ်ချ် - မန်စီးတီး |
| နံနက် ၁း၁၅ (ကြာသပတေးနံနက်) | ဂျူဗင်တပ် - ဆီဗီယာ |

မြန်မာအလင်း
၂၅-၉-၂၀၁၅ (သောကြာနေ့)

ဒါပေမယ့် အချို့အချို့သော ကျွမ်းကျင်သူတွေကတော့ အဆိုပါ အကောက်အယူလုပ်မှုဟာ အဆိုးမြင်ရာကျတယ်လို့ ဆိုကြတယ်။ အထူးသဖြင့် အဆိုပါ ချန်ပီယံလိဂ်ပြိုင်ပွဲနဲ့ပတ်သက်ပြီး စပိန်ကလပ်တွေအပေါ် သုံးသပ်အကဲဖြတ်မှုမှာ အပြောင်းအရွှေ့ဈေးကွက်အတွင်း လိဂ်တစ်ခုလုံးရဲ့ စုစုပေါင်းအသုံးပြုငွေကို အခြေခံတွက်ချက်ခြင်းထက် သက်ဆိုင်ရာ အဝန်းအဝိုင်းအတွင်းကအသင်းတွေရဲ့ ပြုပြင်တည်ဆောက်မှုကို အခြေခံတွက်ချက်ခြင်းကသာ အမှန်တရားနဲ့ ပိုနီးစပ်မယ်လို့ ဆိုကြပါတယ်။



# ချန်ပီယံလိဂ်ပွဲဝင် စပိန်ကလပ်များ၏ အနေအထား

ဝေ မိုး ဆက်



ပြောမယ်ဆိုရင်။ ဆိုခဲ့ပြီးတဲ့အတိုင်း ဒီရာသီချန်ပီယံလိဂ်မှာ ယမန်နှစ် လာလီဂါပြိုင်ပွဲအတွင်း ထိပ်ဆုံးလေးသင်း စာရင်းဝင်ခဲ့တဲ့ ဘာစီလိုနာ၊ ရီးရဲမက်ဒရစ်၊ အက်သလက်တီကိုနဲ့ ဗလင်စီယာတို့အပြင် ယမန်နှစ်ယူရိုပါလိဂ်မှာ ချန်ပီယံဖြစ်ခဲ့တဲ့ ဆီဗီလာတို့ ပြိုင်ပွဲဝင်ခွင့်ရရှိခဲ့ တဲ့အခါ။ အဆိုပါ အသင်းတွေရဲ့ ငွေကြေးသုံးစွဲမှုနဲ့ အသင်းကိုပြုပြင်တည်ဆောက်မှုအားကိုသာ အခြေခံတွက်ချက်မှသာ ချန်ပီယံလိဂ်ပြိုင်ပွဲဝင် စပိန်အသင်းတွေရဲ့ ပြုပြင်တည်ဆောက်မှုအားကို အနီးစပ်ဆုံးခန့်မှန်းနိုင်မယ်လို့ ဆိုကြတာဖြစ်ပါတယ်။

အထူးသဖြင့် ဒီနှစ်နွေရာသီအပြောင်းအရွှေ့ဈေးကွက်မှာ စပိန်ကလပ်တွေရဲ့ စုစုပေါင်းအသုံးစရိတ်ဟာ ယူရို သန်း ၅၃၀ သာရှိပြီး ဥရောပထိပ်တန်းလိဂ် ငါးခု (ပရီမီယာလိဂ်၊ လာလီဂါ၊ စီးရီးအေ၊ ဘွန်ဒက်စ်လီဂါ၊ ပြင်သစ်ပထမတန်း) စုစုပေါင်းသုံးငွေရဲ့ ၁၈ ရာခိုင်နှုန်းသာရှိသော်ငြား။ အဆိုပါ စပိန်ကလပ်တွေရဲ့ စုစုပေါင်းသုံးငွေ ပေါင်သန်း ၅၃၀ အနက် ဥရောပချန်ပီယံလိဂ်ကို တက်ကစားခွင့်ရတဲ့အသင်း ငါးသင်း ပေါင်း သုံးငွေဟာ ၇၉ ရာခိုင်နှုန်းအထိ ရှိတာတွေ့ကြရပါတယ်။ အရှင်းဆုံးပြောရမယ်ဆိုရင် လာလီဂါကလပ်တွေရဲ့ စုစုပေါင်း သုံးငွေအနက်မှ ချန်ပီယံလိဂ်ဝင်ခွင့်ရ အသင်းတွေကသာ အများဆုံးအသုံးပြုခဲ့တယ်ဆိုတာ အဆိုပါ စာရင်းဇယားအရ မြင်သာမှုရှိသလို အဆိုပါ အချက်ကြောင့်လည်း ချန်ပီယံလိဂ်ဝင်ခွင့်ရရှိခဲ့တဲ့ စပိန်အသင်းတွေရဲ့ ပြင်ဆင်မှုကိုလည်း လျှော့တွက်ဖို့ ခက်ပါတယ်။

ပြောမယ်ဆိုရင်။ ယမန်နှစ်က လာလီဂါပြိုင်ပွဲအတွင်း စတုတ္ထနေရာမှာသာ ရပ်တည်နိုင်ခဲ့တဲ့ ဗလင်စီယာဟာ ပြီးခဲ့တဲ့နွေရာသီအပြောင်းအရွှေ့ဈေးကွက်မှာ စုစုပေါင်း ယူရိုသန်း ၁၀၀ နီးပါး အသုံးပြုပြီး မိုရီနို၊ ဒန်နီလိုတို့ကို ခေါ်ယူကာ ထိထိမိမိအားဖြည့်ထားတာကို တွေ့ရပါတယ်။ ဒါ့အပြင် ပြီးခဲ့တဲ့ဘောလုံးရာသီလာလီဂါပြိုင်ပွဲအတွင်း တတိယနေရာမှာရပ်တည်နိုင်ခဲ့တဲ့ အက်သလက်တီကိုဆိုရင် ဂျက်ဆန်မာတီနက်ဇ်၊ ဖီလစ်ပီလုဇ်၊ ဇာဗစ်တို့အပါအဝင် အသင်းကို ပြန်လည်အားဖြည့်မှုအတွက် စုစုပေါင်း ယူရိုသန်း ၁၄၀ နီးပါး အသုံးပြုခဲ့တာကို တွေ့ရပါတယ်။ ဒါကြောင့်လည်း ချန်ပီယံလိဂ်ပြိုင်ပွဲဝင် စပိန်ကလပ်တွေရဲ့ ပြင်ဆင်မှုအားကို လျှော့တွက်လို့မရဘူးလို့ ဆိုခဲ့တာဖြစ်သလို ဒီနွေဈေးကွက်မှာ လာလီဂါကလပ်တွေရဲ့ ငွေကြေးသုံးစွဲမှု ကျဆင်းခြင်းဟာ ရီးရဲ၊ ဘာစီလိုနာတို့ရဲ့ ယမန်နှစ်က ငွေကြေးသုံးစွဲမှုမရှိခြင်းနဲ့သာ တိုက်ရိုက်အချိုးကျ သက်ဆိုင်နေခဲ့ပါတယ်။

ပြောမယ်ဆိုရင်။ ဘာစီလိုနာဟာ ယမန်နှစ် ဘောလုံးရာသီမှာ ကစားသမား ခေါ်ယူမှုအတွက် စုစုပေါင်းယူရို ၁၆၅ သန်းကျော် သုံးစွဲခဲ့ပေမယ့် ဒီနှစ်မှာတော့ အပြောင်းအရွှေ့ဈေးကွက် အပိတ်ခံထားရမှုနဲ့အတူ စုစုပေါင်းယူရို သန်း ၅၀ ကျော်သာ အသုံးပြုထားခဲ့ပါတယ်။ ရီးရဲအနေနဲ့လည်း ယမန်နှစ်ဘောလုံးရာသီမှာ စုစုပေါင်းသန်း ၁၃၀ ကျော် အသုံးပြုပြီး ကစားသမားသစ်တွေ ခေါ်ယူခဲ့ပေမယ့် ဒီရာသီမှာတော့ ယူရိုသန်း ၈၀ ကျော်သာ အသုံးပြုပြီး အားဖြည့်ခဲ့တာကြောင့် အဆိုပါနှစ်သင်းစလုံးရဲ့ ငွေကြေးသုံးစွဲမှုဟာ ဒီရာသီမှာ သိသိသာသာအားလျော့ခဲ့တယ်ဆိုတာ ထင်ရှားသလို အဆိုပါနှစ်သင်းရဲ့ ငွေကြေးသုံးစွဲမှုကျဆင်းခြင်းကြောင့်လည်း လာလီဂါအသင်းတွေရဲ့ ငွေကြေးသုံးစွဲမှုဟာ ဒီနွေဈေးကွက်မှာ နိမ့်ပါးခဲ့တာ ဖြစ်ပါတယ်။

ဒါပေမယ့်လည်း အသေအချာပြန်လည်လေ့လာကြည့်မယ်ဆိုရင် ရီးရဲနဲ့ ဘာစီလိုနာဆိုတာဟာ ဥရောပဘောလုံးလောကမှာ အခြေခံကစားသမားစုဖွဲ့မှု အတောင့်တင်းဆုံး အသင်းတွေအဖြစ် တည်ရှိနေတဲ့ အသင်းတွေဖြစ်ပါတယ်။ မက်ဆီ၊ အင်နီယေစတာ၊ ရာကီတစ်၊ ပီကေး၊ နေမာ၊ ဆွာရက်ဇ်တို့နဲ့ဖွဲ့စည်းထားတဲ့ ဘာစီလိုနာနဲ့ ဘေးလ်၊ ဘင်ဇီမာ၊ ရော်နယ်ဒို၊ ရာမို့စ်၊ မိုဒရစ်တို့ရှိနေတဲ့ ရီးရဲတို့ဟာ ထိမိတဲ့အားဖြည့်မှုတစ်စုံတစ်ရာ မပြုလုပ်ထားနိုင်ရင်တောင် ဥရောပထိပ်တန်းအသင်းတိုင်းကို စိန်ခေါ်နိုင်တဲ့ အင်အားမျိုးပိုင်ဆိုင်ထားတဲ့အသင်းတွေ ဖြစ်ပါတယ်။ ဒါကြောင့် ဘာကာနဲ့ရီးရဲတို့ရဲ့ ငွေကြေးသုံးစွဲမှု ကျဆင်းခြင်းဟာ ချန်ပီယံလိဂ်ပွဲဝင် စပိန်ကလပ်တွေရဲ့ ပြင်ဆင်မှုချိန်ခွင်လျှာကို သံသယဖြစ်စရာမရှိစေသလို အဆိုပါအချက်ကို အက်သလက်တီကို၊ ဗလင်စီယာတို့လို ထိမိတဲ့ငွေကြေးသုံးမှုနဲ့ ယှဉ်ကြည့်မယ်ဆိုရင် ချန်ပီယံလိဂ်ပွဲဝင် စပိန်ကလပ်တွေရဲ့ ပြုပြင်တည်ဆောက်မှုအားအပေါ် သံသယဖြစ်ဖို့ ခက်ခဲပါလိမ့်မယ်။

ပြောရမယ်ဆိုရင်။ ဗလင်စီယာဟာ ပြီးခဲ့တဲ့ရာသီအပြောင်းအရွှေ့ဈေးကွက်အတွင်း ကစားသမားခေါ်ယူမှုအတွက် စုစုပေါင်းအသုံးစရိတ်ဟာ ယူရို ၁၄ သန်းကျော်သာ ရှိခဲ့သလို အက်သလက်တီကိုဟာလည်း ယမန်နှစ်က ယူရို ၁၁၅ သန်းကို အသုံးပြုခဲ့တဲ့အသင်း ဖြစ်ပါတယ်။ ဒါကြောင့် ဒီနှစ်သင်းစလုံးဟာ ဒီရာသီမှာ ယမန်နှစ်ကထက် အသင်းကို ပြုပြင်တည်ဆောက်မှုတွေ ပိုမိုပြုလုပ်ထားခဲ့ပြီး ဆီဗီလာဆိုရင်လည်း ကားလို့စ်ဘာကာ ထွက်ခွာသွားပေမယ့် အင်မိုဘိုင်း၊ ကာကူတာ၊ မာရီယာနို၊ လောရန်ဇီစတဲ့ ကစားသမားတွေကို ငွေကြေးသုံးစွဲမှု ထိထိမိမိနဲ့ ပြန်ဖြည့်ထားခဲ့တာကို တွေ့ရပါတယ်။

ဒါကြောင့်လည်း ချန်ပီယံလိဂ်ပြိုင်ပွဲဝင်လာမယ့် စပိန်ကလပ်တွေရဲ့ ပြုပြင်တည်ဆောက်မှုကို သံသယဖြစ်ဖို့ ခက်ခဲသလို အဆိုပါအချက်ကြောင့်ပဲ ယခုနှစ်ချန်ပီယံလိဂ်ပြိုင်ပွဲမှာ စပိန်ကလပ်တွေရဲ့ ထိုးခွဲထွက်နိုင်အားကိုပါ သံသယဖြစ်ဖို့ ခက်ခဲပါလိမ့်မယ်။ အထူးသဖြင့် ဒီနွေဈေးကွက်မှာ ပရီမီယာလိဂ်နဲ့ စီးရီးအေပြိုင်ပွဲတွေမှာ လာလီဂါထက် ငွေကြေးသုံးစွဲမှု ပိုမိုအားကောင်းခဲ့တယ် ဆိုပေမယ့် ချန်ပီယံလိဂ်ပြိုင်ပွဲဝင်အသင်းတွေရဲ့ ငွေကြေးသုံးစွဲမှုချည်းသာ ယှဉ်ကြည့်မယ်ဆိုရင် လာလီဂါရဲ့ ချန်ပီယံလိဂ်ဝင်ခွင့်ရအသင်းတွေဟာ အခြားလိဂ်ကအသင်းတွေနဲ့အပြိုင် ငွေကြေးသုံးစွဲထားတာကို တွေ့ရပါတယ်။

ပရီမီယာလိဂ်ကလပ်တွေဟာ ယူရို ၁၁၅၃ သန်း အသုံးပြုထားခဲ့ပေမယ့်လည်း ချန်ပီယံလိဂ်ဝင်ခွင့်ရအသင်းတွေရဲ့ အသုံးစရိတ်ကတော့ ယူရို ၄၄၈ သန်းသာရှိပြီး အီတလီကလပ်တွေရဲ့ အသုံးပြုမှုဟာ ယူရို ၅၅၁ သန်းရှိခဲ့ပေမယ့် ချန်ပီယံလိဂ်ဝင်ခွင့်ရအသင်းတွေရဲ့ အသုံးပြုမှုကတော့ ယူရို ၁၆၃ သန်းသာ ရှိပါတယ်။ ဒါ့အပြင် ပြင်သစ်ကလပ်တွေရဲ့ စုစုပေါင်းအသုံးစရိတ်ဟာ ယူရိုသန်း ၂၉၀ ရှိတဲ့အနက် ချန်ပီယံလိဂ်ဝင်ခွင့်ရအသင်းတွေရဲ ့ အသုံးစရိတ်ဟာ ယူရို ၁၅၆ သန်းသာရှိပြီး ယူရိုသန်း ၄၁၀ အသုံးပြုထားတဲ့ ဘွန်ဒက်စ်လီဂါကလပ်တွေရဲ့ အသုံးစရိတ်တွေထဲမှာလည်း ချန်ပီယံလိဂ်ဝင်ခွင့်ရအသင်းတွေရဲ့ အသုံးစရိတ်ဟာ ယူရိုသန်း ၂၃၀ သာ ရှိပါတယ်။

ဒါ့အပြင် အဆိုပါလိဂ်တွေက ချန်ပီယံဝင်ခွင့်ရအသင်းတွေရဲ့ ငွေအသုံးပြုမှုဟာ မျှတမှုနည်းပါးပြီး အင်္ဂလန်မှာဆိုရင် မန်ယူနဲ့ မန်စီးတီးသာ အများဆုံးသုံးခဲ့သလို အီတလီမှာဆိုရင်လည်း ဂျူဗင်တပ်စ်ကသာ အများဆုံး သုံးခဲ့တာဖြစ်ပါတယ်။ ပြင်သစ်နဲ့ ဂျာမနီမှာလည်း ပီအက်စ်ဂျီနဲ့ ဘိုင်ယန်ကသာ အများဆုံး အသုံးပြုခဲ့တာဖြစ်ပေမယ့် စပိန်မှာတော့ စုစုပေါင်းအပြောင်းအရွှေ့ အသုံးစရိတ် ယူရိုသန်း ၅၃၀ သာ ရှိပေမယ့် အဆိုပါငွေကြေးတွေအနက် ချန်ပီယံလိဂ်ဝင်ခွင့်ရအသင်းတွေရဲ့ အသုံးစရိတ်ဟာ ယူရို ၄၁၆ သန်း အထိရှိသလို တောင့်တင်းပြီးသား အသင်းတွေဖြစ်တဲ့ ရီးရဲ၊ ဘာစီလိုနာတို့က ငွေကြေးသုံးစွဲ မှုနည်းသော်ငြား ဆီဗီလာ၊ အက်သလက်တီကို၊ ဗလင်စီယာတို့လို အသင်းတွေရဲ့ ငွေကြေးသုံးစွဲမှုမြင့်တက်လာမှုအရ ချန်ပီယံလိဂ်ပွဲဝင် စပိန်ကလပ်တွေရဲ့ ငွေကြေး သုံးစွဲမှုဟာ မျှတမှုရှိတယ်လို့ ဆိုနိုင်ပါတယ်။

ဒါ့အပြင် စပိန်ကလပ်တွေဟာ နဂိုကတည်းက ဘောလုံးအခြေခံကောင်းမွန်သလို နည်းစနစ်ပိုင်းမှာလည်း အခြားလိဂ်က အသင်းတွေထက် ပိုမိုပြည့်စုံနေကာ ကမ္ဘာ့ထိပ်တန်း ကစားသမားအများစုဟာလည်း စပိန်ကလပ်တွေမှာ ကျင်လည်နေမှုအရ ဒီနွေဈေးကွက်မှာ စပိန်ကလပ်တွေရဲ့ ငွေကြေးသုံးစွဲမှုဟာ အီတလီ စီးရီးအေကလပ်တွေရဲ့ အောက်ကိုတောင် ရောက်ရှိခဲ့ရပြီး သိသိသာသာ ကျဆင်းခဲ့ရတယ်ဆိုပေမယ့် အဆိုပါအချက်တစ်ခုတည်းနဲ့တော့ စပိန်ကလပ်တွေရဲ့ ချန်ပီယံလိဂ်ပြိုင်ပွဲမှာ ထိုးခွဲထွက်နိုင်အားအပေါ် သံသယထားရှိမယ်ဆိုရင် အချိန်စောလွန်းနေသေးတယ်။ ချန်ပီယံလိဂ်အဖွင့်မှာ ဗလင်စီယာကလွဲရင် ကျန်စပိန်ကလပ်တွေ ရလဒ်ကောင်းခဲ့တာက သက်သေလို့ပဲ ဆိုချင်မိပါတယ်။

၆

**ဘာကာနဲ့ရီးရဲတို့ရဲ့ ငွေကြေးသုံးစွဲမှုကျဆင်းခြင်းဟာ ချန်ပီယံလိဂ်ပွဲဝင် စပိန်ကလပ်တွေရဲ့ ပြင်ဆင်မှုချိန်ခွင်လျှာကို သံသယဖြစ်စရာမရှိစေသလို အဆိုပါအချက်ကို အက်သလက်တီကို၊ ဗလင်စီယာတို့လို ထိမိတဲ့ငွေကြေးသုံးမှုနဲ့ ယှဉ်ကြည့်မယ်ဆိုရင် ချန်ပီယံလိဂ်ပွဲဝင် စပိန်ကလပ်တွေရဲ့ ပြုပြင်တည်ဆောက်မှုအားအပေါ် သံသယဖြစ်ဖို့ခက်ခဲ**





# အနောက်မြောက်အရပ်ဆီက တိုက်ခတ်လာသော ပန်းလေပြည်

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်၏ နှစ်(၅၀)ပြည့် ရွှေရတုအထိမ်းအမှတ် ထုတ်ဝေသောမဂ္ဂဇင်းတွင် ဆောင်းပါးတစ်ပုဒ် ပါဝင်ရေးသားခွင့် ရခဲ့သည်။ ဆောင်းပါး၏အမည်မှာ ပန်းဝတ်မှုန် ထုံကာသင်းလို့ရယ်---ဟူ၍။ အမှန်တော့ ထိုဆောင်းပါးခေါင်းစဉ်ကို ရွေးကကျွန်တော် သုံးခဲ့ဖူးပြီးဖြစ်သည်။ နယ်စပ်ဒေသအသီးသီးမှ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များ ရန်ကုန်မြို့ မဟာသင်္ကြန်ပွဲတော်တွင် ပါဝင်ဆင်နွှဲခဲ့သော လွန်ခဲ့သည့်ဆယ်စုနှစ်စွန်းစွန်း အချိန်လောက်ဆီကဖြစ်၏။ တိုင်းရင်းသား တိုင်းရင်းသူ ယဉ်ကျေးမှုအဖွဲ့ဝင်ကလေးများက တစ်ဆင့် မွှေးထုံသင်းပျံ့သော ပြည်ထောင်စုစိတ်ဓာတ်ပန်းရနံ့များ နိုင်ငံတော်တစ်ဝန်း နယ်စပ်ဒေသများပါမကျန် စီးမျောပျံ့နှံ့ရောက်ရှိသွားသည်ကို ရည်ရွယ်ရေးဖွဲ့ခြင်းရယ်သာ။ ယခုလည်း အနောက်မြောက်အရပ်ဆီမှ အရောင်စုံ၊ အသွေးစုံသစ်လွင်လန်းဆန်းလှပသည့် ပြည်ထောင်စုပန်းခင်းတစ်ခင်း ကျွန်တော်တို့ထံ ရောက်ရှိလို့လာခဲ့ပြန်ပါသည်။

ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် မူလတန်းဆရာအတတ်သင် သုံးနှစ် သင်တန်းအမှတ်စဉ် (၄၄) တတိယနှစ်သင်တန်းသား သင်တန်းသူများ၏ လေ့လာရေးခရီးစဉ်တွင် ကျောင်းသားကျောင်းသူ ၁၉၈ ဦး ပါဝင်ပြီး ခေတ္တပါမောက္ခချုပ် ဦးအောင်ကျော်နှင့် ဆရာ ဆရာမ ၃၄ ဦးတို့က ဦးဆောင်ကြီးကြပ် လိုက်ပါလာခဲ့ကြသည်။

စက်တင်ဘာ ၁၄ ရက်မှ ၁၉ ရက်အထိ ရေးဆွဲထားသောငှင်းတို့၏ လေ့လာရေး ခရီးစဉ်အရ နေပြည်တော်သို့ ရောက်ရှိချိန်တွင် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအား ဖူးမြော်ခြင်း၊ အမျိုးသားအထိမ်းအမှတ် ဥယျာဉ်နှင့်တိရစ္ဆာန်ဥယျာဉ်တို့တွင် အပန်းဖြေလေ့လာခြင်း၊ တပ်မတော်စစ်သမိုင်းပြတိုက်၊ အမျိုးသားပြတိုက်နှင့် အော်ဂဲနစ်စိုက်ပျိုးရေးခြံအား ကြည့်ရှုလေ့လာခြင်း စသည့် အစီအစဉ်များ ပါဝင်မည်ဖြစ်သည်။ နေပြည်တော်မှတစ်ဆင့် ပုပ္ပားဒေသသို့ ပြန်လည်ထွက်ခွာကာ ပုပ္ပားတောင်ကလပ်နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးစနစ်များကို လေ့လာပြီး ပုဂံ/ညောင်ဦးဒေသ၌ ရွှေစည်းခုံ၊ လောကနန္ဒာ၊ အာနန္ဒာ၊ ဗူးဘုရား၊ အလိုတော်ပြည့် ဘုရားအပါအဝင် တန်ခိုးကြီးဘုရား၊ပုထိုး၊စေတီများကို ဖူးမြော်ကြမည်ဖြစ်သည်။ ပုဂံရှိ ရှေးဟောင်းယဉ်ကျေးမှုပြတိုက်၊ ပုဂံရှေးဟောင်းနန်းတော်ရာ၊ ယွန်းပညာကောလိပ်တို့ကိုလည်း ကြည့်ရှုလေ့လာကြပါဦးမည်။ လေ့လာရေးခရီးစဉ်အရ ပြင်ဦးလွင်သို့ သွားရောက်ပြီး မဟာအံ့ထူးကံသာဘုရားနှင့် ပိတ်ချင်းမြောင်ဘုရားတို့ကို ဖူးမြော်၍ ပွဲကောက်ရေတံခွန်၊ အမျိုးသားကန်တော်ကြီး ဥယျာဉ်တို့တွင် အပန်းဖြေလေ့လာကြမည်ဖြစ်သည်။

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေသည် စက်တင်ဘာ ၁၅ ရက် ညနေပိုင်း၌ လေ့လာရေးသင်တန်းသား သင်တန်းသူကလေးများ ခေတ္တတည်းခိုနေထိုင်လျက်ရှိသော ရွာတော်တည်းခိုရေးစခန်းသို့ သွားရောက်တွေ့ဆုံနှုတ်ဆက်ကာ ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့သည်။ ထိုနေ့နံနက်ပိုင်းကလည်း နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွန်းက အဆိုပါ သင်တန်းသား၊ သင်တန်းသူလေးများကို နယ်စပ်ရေးရာဝန်ကြီးဌာန စုပေါင်းခန်းမ၌ တွေ့ဆုံနှုတ်ဆက် ခဲ့သည်။



နိုင်ငံတော်အစိုးရသည် ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးသိပ္ပံကို ၁၉၆၄ ခုနှစ် အောက်တိုဘာလ ၂၀ ရက်နေ့တွင် ဖွင့်လှစ်ပေးခဲ့သည်။ ထူးခြားလေးနက်သော သင်ကြားပို့ချမှု အစီအစဉ်များက နိုင်ငံတော်၏ ရည်မှန်းချက်ကို ပေါက်မြောက်အောင်မြင်စေခဲ့သည်။ သင်ကြားပို့ချပေးသော ဆရာဆရာမများ၏ မေတ္တာ၊ စေတနာတို့သည်လည်း ကြီးမားလှပါသည်။ ၁၉၉၁ ခုနှစ် မေလ ၁၀ ရက်နေ့တွင် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးသိပ္ပံကို ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် အဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ပေးခဲ့သည်။ တက္ကသိုလ်သည် ဆရာအတတ်ပညာသင်တန်းများ၊ ပညာရေးဘွဲ့နှင့်မဟာပညာရေးဘွဲ့ သင်တန်းများကို ဖွင့်လှစ်ပို့ချပေးခဲ့သည်။ မူလတန်း ဆရာအတတ်သင်သင်တန်းဆင်းများ အနက် ထူးချွန်သူများသည် အသက်မွေးဝမ်းကျောင်း တက္ကသိုလ်များသို့ တက်ရောက်သင်ယူခွင့်ရရှိခဲ့ကြသည်။ ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် အနေဖြင့် ၁၉၆၄ခုနှစ်မှ ၂၀၁၂ ခုနှစ်အထိ သင်တန်းဆင်းစုစုပေါင်း ၁၂၄၉၃ ဦးကို လေ့ကျင့်ပျိုးထောင်ပေးနိုင်ခဲ့ပြီ ဖြစ်ပါသည်။

ယခုလေ့လာရေးခရီးစဉ် ရောက်ရှိလာသော သင်တန်းသား သင်တန်းသူ ၁၉၈ ဦးသည် မကြာမီသင်တန်းဆင်းပြီး တာဝန်ကျရာ တိုင်းဒေသကြီး/ပြည်နယ်အသီးသီးသို့ သွားရောက် တာဝန်ထမ်းဆောင်ကြတော့မည်ဖြစ်သည်။ သူတို့တာဝန်ကျရာဒေသများသည် လမ်းပန်းဆက်သွယ်ရေး မကောင်းသော၊ အလွန်သွားလာရခက်ခဲသော နယ်စပ်ဒေသများလည်း ပါဝင်နေပေလိမ့်မည်။ သို့သော် သူတို့သည် ထိုဒေသများသို့ မညည်းမညူသွားရောက်ကာ တိုင်းရင်းသားရင်သွေးငယ်လေးများ၏ ပညာရည်မြင့်မားရေးအတွက် ပခုံးပြောင်းတာဝန်ကို ကြိုးပမ်းထမ်းဆောင်ကြလိမ့်မည်ဟု အလေးအနက်ယုံကြည်မိပါသည်။ ထိုသို့ယုံကြည်ရသည့် အကြောင်းရင်းမှာလည်း ပြဋ္ဌာန်းထားသော ပဋိညာဉ်တစ်ရပ်ကိုဖြစ်စေ၊ နေ့စဉ်ရွတ်ဆိုနေရသော သစ္စာအဓိဋ္ဌာန်တို့ကိုဖြစ်စေ မယိုင်မလဲ ခိုင်ခိုင်မြဲမြဲ လိုက်နာကျင့်သုံးရန်ဆိုသည်မှာ ဦးနှောက်မှအတင်းအဓမ္မ စေခိုင်း၍ ရခြင်းမျိုးမဟုတ်၊ မည်သူတစ်စုံတစ်ဦး၏ တိုက်တွန်းချက်မပါ၊ နှလုံးသားမှလာသော ကိုယ်ပိုင်အသိတရားဖြင့် ကျင့်သုံးလိုက်နာကြရ ခြင်းဖြစ်သည်။ ဘွဲ့ယူသည့် သင်တန်းသား၊ သင်တန်းသူများသည် ဘွဲ့နှင်းသဘင် အခမ်းအနားတွင် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် ကျောင်းဆင်း ဆရာ၊ ဆရာမများ ခံယူအပ်သော အောက်ဖော်ပြပါ သစ္စာအဓိဋ္ဌာန် ခုနစ်ချက်ကို အလေးအနက် ရွတ်ဆို အဓိဋ္ဌာန်ပြုကြရပါသည်။

(က) အကျွန်ုပ်သည် ပြည်ထောင်စုမပြိုကွဲရေးကို အစွမ်းကုန် ကြိုးစားဆောင်ရွက်ပါမည်။

(ခ) အကျွန်ုပ်သည် တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးကို အစွမ်းကုန် ကြိုးစားဆောင်ရွက်ပါမည်။

(ဂ) အကျွန်ုပ်သည် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးကို အစွမ်းကုန်ကြိုးစားဆောင်ရွက်ပါမည်။

(ဃ) အကျွန်ုပ်သည် အကျင့်စာရိတ္တ ပျက်ပြားခြင်းမရှိအောင် မြဲမြံစွာ ထိန်းသိမ်းလျက် ဆရာတို့၏ ဂုဏ်သိက္ခာကို အစွမ်းကုန်မြှင့်တင်ပါမည်။

(င) အကျွန်ုပ်သည် ဖွံ့ဖြိုးရေးတက္ကသိုလ် ကျောင်းဆင်းပီသစွာ ပြည်ထောင်စု မြန်မာနိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူများ၏ ဖွံ့ဖြိုးတိုးတက်ရေးကို အစွမ်းကုန်ကြိုးပမ်း အစွမ်းကုန်ကြိုးစားဆောင်ရွက်ပါမည်။

(စ) အကျွန်ုပ်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်က ပေးအပ်သော တာဝန်နှင့်ဝတ္တရားများကို ကျေပွန်စွာ ထမ်းဆောင်ပါမည်။

(ဆ) ယခုကတိသစ္စာပြုသည့် အတိုင်း ဆောင်ရွက်ပါသော် အကျွန်ုပ်သည် ကောင်းကျိုးမင်္ဂလာ အဖြာဖြာနှင့် ပြည့်စုံပါစေသား။

**သူတို့တာဝန်ကျရာဒေသများသည် လမ်းပန်းဆက်သွယ်ရေး မကောင်းသော၊ အလွန်သွားလာရခက်ခဲသော နယ်စပ်ဒေသများလည်း ပါဝင်နေပေလိမ့်မည်၊ တိုင်းရင်းသားရင်သွေးငယ်လေးများ၏ ပညာရည်မြင့်မားရေးအတွက် ပခုံးပြောင်းတာဝန်ကို ကြိုးပမ်းထမ်းဆောင်ကြလိမ့်မည်။**

ကျွန်တော်လက်ဆောင်ရခဲ့သော ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် နှစ်(၅၀)ပြည့် ရွှေရတုအထိမ်းအမှတ်မဂ္ဂဇင်း (၁၉၆၄-၂၀၁၄)တွင် ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးသိပ္ပံအနေဖြင့်ရှိခဲ့စဉ်က လူရည်ချွန်ဆုရ သင်တန်းသား သင်တန်းသူများ အမည်စာရင်းကို ဂုဏ်ပြုဖော်ပြထားသကဲ့သို့ ၁၉၆၄ ခုနှစ်မှ ၂၀၁၂ခုနှစ်အထိ သင်တန်းအမှတ်စဉ်အလိုက် စံပြဆုရသင်တန်းသား သင်တန်းသူများ၊ စာပေဘာသာထူးချွန်ဆု၊ ဖွံ့ဖြိုးရေးဘာသာထူးချွန်ဆု၊ ဆရာအတတ်သင်ဘာသာထူးချွန်ဆု၊ ယဉ်ကျေးမှုဘာသာ ထူးချွန်ဆုစသည်ဖြင့် ဘာသာရပ်အလိုက် ထူးချွန်ဆုရ သင်တန်းသား သင်တန်းသူများစာရင်းကို ပြုစုဖော်ပြထားကြောင်း တွေ့ရသည်။ ယခုရောက်ရှိလာသော မူလတန်းဆရာ အတတ်သင် သုံးနှစ်သင်တန်း အမှတ်စဉ် (၄၄) တတိယနှစ်သင်တန်းသား၊ သင်တန်းသူများထဲမှလည်း စံပြဆုရသူ၊ ဘာသာရပ်များအလိုက် ထူးချွန်ဆုရသူတို့ ပေါ်ထွက်လာမည်ဖြစ်သည်။ သူတို့သည် တိုင်းဒေသကြီး/ပြည်နယ်အသီးသီးမှ တိုင်းရင်းသားလူမျိုးပေါင်းများစွာကို ကိုယ်စားပြု ရောက်ရှိလာဘိသကဲ့သို့ ကချင်၊ ကယား၊ ကရင်၊ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း တိုင်းရင်းသား လူမျိုးပေါင်းများစွာတို့၏ ဝတ်စုံများဖြင့် သစ်လွင်တောက်ပနေကြသည်။ ရည်မှန်းချက် ကိုယ်စီဖြင့် လန်းဆန်းတက်ကြွနေကြသည်။ ပြည်ထောင်စုပန်းဥယျာဉ်ကြီးထဲက ရောင်စုံပန်းတစ်ခင်းသဖွယ် တွေ့ရမြင်နေရသည်။ သူတို့ထံမှ သင်းထုံမွှေးပျံ့လာသည်က ပြည်ထောင်စုစိတ်ဓာတ်ပန်းရနံ့များပင်. . . . .။

မြင့်စိုး(နတလ)

# တောင်သူလယ်သမားများ အားကိုးနေရသည့်မြစ်ရေတင် စီမံကိန်း

မန္တလေးတိုင်းဒေသကြီး



**မြန်မာနိုင်ငံသည် သယံဇာတပေါများသောနိုင်ငံဖြစ်သည်။ ရေသယံဇာတ၊ မြေသယံဇာတပေါများသည်။ ထိုနည်းတူ ရွှေ၊ ငွေ၊ ကျောက်သံပတ္တမြား၊ ရေနံ၊ ကျွန်းသစ်၊ သတ္တု၊ ဆန်ရေစပါး ပေါများသည်။ မြန်မာနိုင်ငံသည် လယ်ယာစိုက်ပျိုးရေးနိုင်ငံဖြစ်သည်။ လယ်ယာစိုက်ပျိုးရေးအတွက် သီးနှံတိုင်းတွင် ရေလိုသည်။ သဘာဝမိုးရေကို အားကိုး၍မရ။ မြန်မာနိုင်ငံအလယ်ပိုင်း မိုးနည်းရပ်ဝန်းဒေသတွင် ရေရှားပါးသည်။ စိုက်ပျိုးရေးအပြင် သောက်သုံးရေလည်းလိုသည်။ ထို့ကြောင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနက တောင်သူလယ်သမားများအတွက် မြစ်ရေတင်လုပ်ငန်းများနှင့် သောက်သုံးရေအတွက် ရေကန်များတူးဖော်ပေးနေသည်။**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင်အတွင်းရှိ တောင်သူလယ်သမားများမှာ မိုးကိုအားကိုးပြီး စိုက်ပျိုးသီးနှံများ စိုက်ပျိုးကြသည်။ မိုးက လိုသည့်အချိန်မရွာ၊ မလိုသည့်အချိန်တွင် မိုးရွာသောကြောင့် သီးနှံများ ဆုံးရှုံးပျက်စီးကြရသည်။ ငွေကုန် လူပန်းဖြစ်ကြရသည်။ တောင်သူလယ်သမားများ ဒုက္ခရောက်ကြသည်။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ညောင်ဦးခရိုင်အတွင်းရှိ ကျေးရွာများအတွက် မြစ်ရေတင်လုပ်ငန်းများ၊ ကျေးလက်ဒေသရေတွင်း ရေကန်တူးဖော်ရေးလုပ်ငန်းများကို ၁၉၉၅-၁၉၉၆ ခုနှစ်ကတည်းက စတင်ဆောင်ရွက်ခဲ့သည်။

ညောင်ဦးခရိုင်တွင် မြစ်ရေတင်လုပ်ငန်းကြီး ငါးခုရှိသည်။ ညောင်ဦးခရိုင်မှာ မိုးနည်းရေရှား ရပ်ဝန်းတွင်ပါဝင်ပြီး တစ်နှစ်လုံး ပျမ်းမျှမိုးရေချိန်လက်မ ၂၀ ကျော်သာ ရွာသွန်းသည်။ ညောင်ဦးမြို့နယ် လယ်သမားများမှာ မိုးစပါး နွေစပါးနှင့် အခြားသီးနှံများ စိုက်ပျိုးကြသည်။ မိုးစပါး၊ နွေစပါး သီးနှံအောင်မြင်ရေးအတွက် မြစ်ရေတင်စီမံကိန်းများ ဆောင်ရွက်ပေးခဲ့သည်။

ညောင်ဦးမြို့နယ် အုန္တဲချောင်းကျေးရွာအနီးတွင် ငါ့သရောက်လျှပ်စစ်မြစ်ရေတင်စီမံကိန်းမှ ဧရာဝတီမြစ်ထဲတွင် မြစ်ရေတင်စက်ရုံတည်ပြီး မြစ်ရေများကို ထပ်ဆင့်ရေတင်စခန်း ၁၇ ခုဖြင့် ရေတင်ပေးနေသည်။ မြစ်ရေများကို ပင်မမြောင်း ၁၀ ဒသမ ၆၈ မိုင်နှင့် လက်တံမြောင်း ၁၉ ဒသမ ၆ မိုင် အရှည်ဖြင့် ရေများပေးဝေဖြန့်ဖြူးနေသည်။ မြစ်ရေများကို လျှပ်စစ်မော်တာဖြင့် ရေစုပ်စက်အလုံး ၇၀၊ ထရန်စဖော်မာ ၁၉ လုံးဖြင့် ရေများဖြန့်ဝေပေးနေရာ မိုးစပါး၊ နွေစပါး ဧက ၄၈၂၀ ကို အောင်မြင်စွာ စိုက်ပျိုးနေသည်။

ထို့အပြင် လက်ပံခြေပေါ်လျှပ်စစ်မြစ်ရေတင် စီမံကိန်းမှလည်း ရေများဖြန့်ဖြူးပေးနေသည်။ လက်ပံခြေပေါ် လျှပ်စစ်မြစ်ရေတင်စီမံကိန်းမှလည်း ဧရာဝတီမြစ်ရေပေါ်ရေတင်စက်ရုံမှ ထပ်ဆင့်ရေတင်စခန်းတစ်ခု၊ ထရန်စဖော်မာလေးလုံးဖြင့် မိုးစပါး၊ နွေစပါးဧက ၁၀၀၀အတွက် မြစ်ရေတင်စီမံကိန်းမှ ရေများဖြန့်ဝေပေးနေသည်။

ထိုနည်းလည်းကောင်း ညောင်ဦးမြို့နယ် သူကောင်းတည် မြစ်ရေတင်စီမံကိန်းမှလည်း ဧရာဝတီမြစ်ရေကို ရေပေါ်တင်စက်ရုံမှ ထပ်ဆင့်ရေတင်စခန်း ခုနစ်ခုမှ ပင်မမြောင်း ၄ ဒသမ ၇၄ မိုင်၊ လက်တံမြောင်း ၂၀ ဒသမ ၇၉ မိုင်အရှည်ဖြင့် ရေစုပ်စက် ၂၆ လုံး၊ ထရန်စဖော်မာ ကိုးလုံးဖြင့် မိုးစပါး၊ နွေစပါးဧက ၄၃၀၀ အား လျှပ်စစ်မြစ်ရေတင်စီမံကိန်းဖြင့် ရေများ ဖြန့်ဝေပေးနေသည်။

ထိုနည်းတူ ညောင်ဦးမြို့နယ် ကျောက်ကူးဘုရားအနီး ကျောက်ကူးမြစ်ရေတင်စီမံကိန်းမှ ဧရာဝတီမြစ်ရေကို ရေပေါ်ရေတင်စက်ရုံတစ်ခုတည်ဆောက်၍ ထပ်ဆင့်ရေတင်စခန်းခြောက်ခု၊ ပင်မမြောင်း ၄ ဒသမ ၄၆ မိုင်၊ လက်တံမြောင်း ၉ ဒသမ ၇၅ မိုင် အရှည်ဖြင့် ရေစုပ်စက် ၁၇ လုံး၊ ထရန်စဖော်မာ ရှစ်လုံးတို့ဖြင့် မိုးစပါး၊ နွေစပါးဧက ၁၈၀၀ အတွက် ရေတင်ဖြန့်ဝေပေးနေသည်။

အလားတူ ညောင်ဦးမြို့နယ် ပုဂံလောကနန္ဒာဘုရားအနီးလောကနန္ဒာမြစ်ရေတင်စီမံကိန်းမှ ဧရာဝတီမြစ်ရေကိုရေပေါ်ရေတင် စက်ရုံတစ်ခုဖြင့် ထပ်ဆင့်ရေတင်စခန်းခြောက်ခုမှ ပင်မမြောင်း ၅ ဒသမ ၇၇ မိုင်၊ လက်တံမြောင်း ၂၉ ဒသမ ၇၃ မိုင်အရှည်ဖြင့် ရေစုပ်စက် ၄၆ လုံး၊ ထရန်စဖော်မာ ၁၀ လုံးဖြင့် မိုးစပါး၊ နွေစပါးဧက ၇၂၀၀ အတွက် ရေတင်ဖြန့်ဝေပေးနေသည်။

ညောင်ဦးမြို့နယ် ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနမှ ကျေးလက်ပြည်သူများ သန့်ရှင်းသော သောက်သုံးရေရရှိစေရေးအတွက် လောကနန္ဒာမြစ်ရေတင်စီမံကိန်းမှ ကျေးရွာကိုးရွာအတွက် ရေကန်တစ်ကန်ကို နေ့စဉ် ၀ ဒသမ ၁၈ သန်းဂါလန် ဖြန့်ဝေပေးနေရာ ကျေးရွာပြည်သူ ၇၈၀၉ တို့မှာ သောက်သုံးရေအပြင် ကျွဲ၊ နွား၊ တိရစ္ဆာန်များအတွက်ပါ ရေရရှိနေကြသည်။ သူကောင်းတည် မြစ်ရေတင် စီမံကိန်းမှလည်း ကျေးရွာသုံးရွာအတွက် ရေကန်နှစ်ကန်ကို တူးဖော်ပေးပြီး နေ့စဉ်ရေဂါလန် ၀ ဒသမ ၁၅ ဂါလန် ဖြန့်ဖြူးပေးနေ၍ ကျေးရွာပြည်သူ ၅၉၀၀ မှာ သန့်ရှင်းသော သောက်သုံးရေ ရရှိနေကြသည်။လက်ပံခြေပေါ် မြစ်ရေတင်စီမံကိန်းမှလည်း ကျေးရွာခြောက်ရွာအတွက် ရေကန်သုံးကန်တူးဖော်ပေးပြီး နေ့စဉ် ရေဂါလန်သန်းပေါင်း ၀ဒသမ ၀၀၆ ဂါလန် ဖြန့်ဝေပေးနေရာ ကျေးရွာပြည်သူမှ ၂၄၀၇ ဦးတို့မှာ ရေအလုံအလောက်ရရှိနေကြသည်။ ငါ့သရောက် မြစ်ရေတင်စီမံကိန်းမှလည်း ကျေးရွာခြောက်ရွာအတွက် ရေကန်ငါးကန် တူးဖော်ပေးပြီး နေ့စဉ် ရေဂါလန်သန်းပေါင်း ၀ ဒသမ ၁၇ သန်း ဖြန့်ဝေပေးနေရာ ကျေးရွာပြည်သူ ၆၇၂၉ ဦးတို့မှာ သန့်ရှင်းသော သောက်သုံးရေအလုံအလောက် ရရှိနေကြသည်။

ညောင်ဦးမြို့နယ် ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနမှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် စိုက်ပျိုးရေရရှိရေးအတွက် စက်ရေတွင်းများတူးဖော်ပေးနေရာ လက်ပံခြေပေါ်ကျေးရွာအုပ်စုတွင် စက်ရေတွင်း ၇၂ တွင်း၊ သစ်ထောင့်ကျေးရွာအုပ်စုတွင် စက်ရေတွင်း ၁၄ တွင်း၊ အောက်ညဉ့်ကျေးရွာအုပ်စုတွင် စက်ရေတွင်း ကိုးတွင်းနှင့် အထက်ညဉ့်ကျေးရွာအုပ်စုတွင် စက်ရေတွင်း ငါးတွင်းနှင့် ကျောက်ပန်းတောင်းမြို့နယ် လယ်ကြီး(တောင်) ကျေးရွာအုပ်စုတွင် စက်ရေတွင်း ၄၈ တွင်း၊ သရက်တောကျေးရွာအုပ်စုတွင် စက်ရေတွင်း ၁၃ တွင်း၊ ညောင်ပင်သာကျေးရွာအုပ်စုတွင် စက်ရေတွင်း ၂၀နှင့် မကျီးကုန်းကျေးရွာတွင် စက်ရေတွင်း ၄၄ တွင်း စုစုပေါင်း ညောင်ဦးမြို့နယ်နှင့် ကျောက်ပန်းတောင်းမြို့နယ်တို့တွင် စိုက်ပျိုးရေးအတွက် စက်ရေတွင်းပေါင်း ၂၂၅ တွင်း တူးဖော်ပေးခဲ့သည်။

မိုးနည်းရေရှား ရပ်ဝန်းတွင်ပါဝင်သည့် ညောင်ဦးမြို့နယ်နှင့် ကျောက်ပန်းတောင်းမြို့နယ်များမှာ စက်ရေတွင်းများ တူးဖော်ပေးခြင်းနှင့် ကျေးရွာပြည်သူသန့်ရှင်းသော သောက်သုံးရေရရှိရန် ရေကန်များနှင့် စိုက်ပျိုးရေးအတွက် စက်ရေတွင်းများ တူးဖော်ပေးခဲ့သည်။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ စီစဉ်ဆောင်ရွက်မှုဖြင့် ရေအရင်းအမြစ် အသုံးချရေးဦးစီးဌာနကို ကျေးရွာပြည်သူက ကျေးဇူးတင်ဝမ်းသာမဆုံးရှိနေကြသည်။



**တင်လှိုင်(မိတ္ထီလာ)**

---

ပဲခူးတိုင်းဒေသကြီး

## မြစိမ်းရောင်စီမံကိန်းဝင် ကျေးရွာများစစ်ဆေး

ပြည်ခရိုင် ရွှေတောင်မြို့နယ် ပဲခူးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးတင်မော်သန်း ဦးဆောင်သောအဖွဲ့သည် စက်တင်ဘာ ၂၂ ရက်က မြစိမ်းရောင် စီမံကိန်းဝင် ဘယ်လက်ကျေးရွာ၌ ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး ကျေးရွာမြစိမ်းရောင် ကော်မတီအဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံပြီး လိုအပ်သည်များကို ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(ကျေးလက်ဖွံ့ဖြိုးရေး)**

မြန်မာနိုင်ငံတွင် ပထမဆုံးဖွင့်လှစ်သည့် "AMERICAN COLLEGE PROGRAM" အကြောင်းဆွေးနွေးပွဲ



အမေရိကန်ပြည်ထောင်စု IOWA ပြည်နယ် အခြေစိုက် ACT Education Solution Limited နှင့် မြန်မာနိုင်ငံမှ CROWN Education တို့ ပူးပေါင်းဖွင့်လှစ်မည့် အမေရိကန် သင်ရိုးညွှန်းတမ်းများဖြင့် သင်ကြားမည့် ပရိုဂရမ်ဖြစ်ပါသည်။

- Foundation Program ဖြစ်ခြင်း -----
- GCE 'A' အဆင့်နှင့် ညီမျှပြီး ...
- SAT နှင့် IELTS ကို သီးခြား တက်ရောက်သင်ယူရန် မလိုအပ်တော့ခြင်း -----

ADMISSION TALK
Date : 26 Sep (Sat) - 2015
Time : 10:00 am to 12:00 noon
Venue : CROWN Edu: Office


အမေရိကန်မှ Credit စနစ်ဖြင့် ပေးအပ်မည့်
GLOBAL ASSESSMENT CERTIFICATE

CROWN EDUCATION

Call us: 01 527 838, 09 730 40 688, 09 732 56 965, 09 732 732 77

# မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဆောင်ရွက်ချက်များ

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တိုင်းဒေသကြီး/ပြည်နယ် များတွင် ဆောင်ရွက်ပေးလျက်ရှိသော ကျေးလက်ဒေသရေပေးရေးလုပ်ငန်း၊ မီးလင်းရေးနှင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများအား အများပြည်သူများ သိရှိနိုင်ရန်အတွက် မြန်မာ့အလင်းသတင်းစာ လူမှုစီးပွားကဏ္ဍမှ အပတ်စဉ်ဖော်ပြပေးလျက်ရှိပါသည်။




( ဆက်လက်ဖော်ပြပါမည် )

ရှမ်းပြည်နယ်(မြောက်ပိုင်း)



# သီပေါမြို့မှ မျက်စိဝေဒနာရှင်များ အလင်းရရှိရေး အခမဲ့ခွဲစိတ်ကုသပေး

သီတဂူဆရာတော် ဒေါက်တာဉာဏိဿရ ဦးဆောင်ဦးရွက်ပြုလှူဒါန်းမှုနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့ မဟာမြတ်မုနိဘုရားကြီး အကျိုးတော်ဆောင်ဆရာတော် ဘဒ္ဒန္တပညာသီရိ အရှင်သူမြတ်၏ကြီးကြပ်မှုဖြင့် (၃၃) ကြိမ်မြောက် မျက်စိဝေဒနာရှင်များအား စက်တင်ဘာ ၂၀ ရက်မှ ၂၅ ရက်အထိ သီပေါမြို့ သီတဂူစက္ခုဒါနဆေးရုံ၌ အခမဲ့ခွဲစိတ်ကုသပေးသည်။

သီတဂူစက္ခုဒါန ဆေးရုံကြီးသို့ ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိ မြို့နယ်များသာမက အခြားမြို့နယ်နှင့် ချင်းပြည်နယ်မှ လာရောက်ကုသသော မျက်စိဝေဒနာရှင်များအား သီတဂူစက္ခုဒါနဆေးရုံကြီးမှ ကျွမ်းကျင်ဝန်ထမ်းများ၊ မဟာမြတ်မုနိဘုရားကြီး ရေကြည်တော်ဝတ်အသင်းသားများက သွေးပေါင်ချိန်ခြင်း၊ မျက်စဉ်းခတ်ခြင်းစသည့် ပမာဏလုပ်ငန်းများကို ဆောင်ရွက်ပေးပြီး အငြိမ်းစားမျက်စိအထူးကုဆရာဝန် ဒေါက်တာဒေါ်ခင်အေးမူနှင့် အထူးကုဆရာဝန်ကြီးများ၊ ပြည်ပမှ အထူးကုဆရာဝန်ကြီးနှစ်ဦးတို့က ခွဲစိတ်ကုသရန်လိုအပ်သည့် ဝေဒနာရှင်များကို နံနက် ၈ နာရီမှ ည ၈ နာရီအထိ ခွဲစိတ်ကုသပေးကြသည်။

မျက်စိဝေဒနာရှင် ရဟန်းရှင်လူပြည်သူများအား ဆရာတော်အရှင်ပညာသီရိနှင့် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးထွေးဦး၊ မြို့နယ်အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးအောင်ခင်နှင့် မြို့မိမြို့ဖများက အားပေးစကားပြောကြားပြီး ကူညီဆောင်ရွက်ပေးကြသည်။

ထို့ပြင် ကျေးလက်ဒေသမှ လာရောက်ကုသကြသော ချို့တဲ့နွမ်းပါးသည့် ဝေဒနာရှင်များအား မဟာမြတ်မုနိဘုရားကြီး အကျိုးတော်ဆောင် ဆရာတော်က ခရီးစရိတ်နှင့် ထမင်းဟင်းလျာများကို အလှူဒါနပြုလျက်ရှိရာ စေတနာရှင်အလှူရှင်များ၏ လုပ်အားဒါန၊ ငွေကြေးဒါန၊ ပညာဒါနများ ပါဝင်ကုသိုလ်ယူလှူဒါန်းလိုပါက သီတဂူစက္ခုဒါနဆေးရုံကြီး ဖုန်း-၀၉-၅၂၇၈၁၇၃ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

# ညောင်ဦးတွင် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ အလုပ်ရုံဆွေးနွေး

ညောင်ဦးခရိုင် လူမှုဝန်ထမ်းဦးစီးဌာန ခရိုင်အဆင့် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာကော်မတီနှင့် Plan International (Myanmar) တို့ပူးပေါင်းပြုလုပ်သည့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ (Child Right Workshop)ကို စက်တင်ဘာ ၂၂ရက်မှ ၂၃ ရက်အထိ ကျင်းပမည်ဖြစ်ရာ စက်တင်ဘာ ၂၂ ရက် နံနက် ၉ နာရီက ညောင်ဦးမြို့ အောင်မြေသာရပ်ရှိ Plan International (Myanmar) မန္တလေး စီမံကိန်းရုံး၌ အလုပ်ရုံဆွေးနွေးပွဲဖွင့်ပွဲကို ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ အခမ်းအနားသို့ ညောင်ဦးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးတင်ထူးမောင်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ခရိုင်၊ မြို့နယ်အဆင့် ကလေးသူငယ် အခွင့်အရေးများဆိုင်ရာကော်မတီဝင်များ၊ လူမှုရေးအသင်းအဖွဲ့အစည်းများ တက်ရောက်ခဲ့ကြသည်။

ထိုအလုပ်ရုံဆွေးနွေးပွဲမှ ကလေးသူငယ်များအားအလွဲသုံးမှုအမျိုးမျိုးမှ ကာကွယ်စောင့်ရှောက်ရေး၊ အမျိုးသားကော်မတီက ချမှတ်ထားသည့် လုပ်ငန်းစဉ်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး၊ မြို့နယ်အဆင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာကော်မတီများ သက်ဝင်လှုပ်ရှားမှုရှိစေရေး၊ ကလေးသူငယ်မှုခင်းများ လျော့နည်းပပျောက်သွားစေရန်တို့အတွက် ရှေ့လုပ်ငန်းစဉ်များ (Work Plan)များ ချမှတ်ဆောင်ရွက်နိုင်သည်အထိ အားလုံးဝိုင်းဝန်းဆွေးနွေးသွားကြမည်ဖြစ်ကြောင်း သိရသည်။

**ရဲသူရအောင် (ညောင်ဦး)**

မန္တလေးတိုင်းဒေသကြီး



**ပဲခူးတိုင်းဒေသကြီး**

# အုတ်တွင်းမြို့နယ် ပိတောက်ခင်ကျေးရွာ ပုလဲသွယ်စပ်မျိုးစပါး မျိုးစေ့ထုတ် ၂၂၂ ဧက စိုက်ခင်းအောင်မြင်ဖြစ်ထွန်း

နိုင်ငံတစ်ဝန်းလုံးရှိ တောင်သူများ၏ လူမှုစီးပွားဘဝမြင့်မားတိုးတက်ရေးကိုရှေးရှု၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးနိုင်ကြည်ဝင်းသည် ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် အုတ်တွင်းမြို့နယ် ပိတောက်ခင်ကျေးရွာ ပုလဲသွယ် စပ်မျိုးစပါး မျိုးစေ့ထုတ် ၂၂၂ ဧက စိုက်ခင်း၌ စိုက်ပျိုးရေးဦးစီးဌာနအောက်ရှိ တိုင်းဒေသကြီး/ပြည်နယ်များမှ မျိုးစေ့ ထုတ်သင်တန်းတက်ရောက်သူ သင်တန်းသားသင်တန်းသူ ၄၅ ဦးကို စက်တင်ဘာ ၂၀ ရက်က စာတွေ့လက်တွေ့သင်ကြားပို့ချခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းတွင် အဖိုစပါးနှံနှင့် အမစပါးနှံများ ပန်းပွင့်ချိန်ကိုက်ညီစေရေးအတွက် မှို့ကပ်ချိန်စစ်ဆေးနည်းများကို စာတွေ့သင်ကြားပေးပြီး စိုက်ခင်းထဲ၌ လက်တွေ့ရှင်းလင်းပြသသည်။ အဆိုပါမျိုးစေ့ ထုတ်လုပ်ဆောင်ရွက်ခြင်းကို ပြီးခဲ့သည့် ဇူလိုင် ၂၈ ရက်မှစတင်၍ အဖိုလိုင်း၊ အမလိုင်းများပျိုးထောင်ပြီး ရွှေ့ပြောင်းစိုက်ပျိုးခြင်းများကို လုပ်ငန်းစဉ်ဇယားအတိုင်းဆောင်ရွက်ခဲ့ရာ ယခုအခါ ဧကပြည့်စိုက်ပျိုးနိုင်ခဲ့ပြီးဖြစ်ကြောင်းနှင့် ကောင်းမွန်စွာ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

အဆိုပါပုလဲသွယ်စပ်မျိုးစပါး မျိုးစေ့ထုတ်စိုက်ခင်းသည် ယခုအခါ မှို့စတင်ကပ်စပြုနေပြီဖြစ်ပြီး လာမည့်အောက်တိုဘာလ နောက်ဆုံးအပတ်မှစတင်၍ ဝတ်မှုန်ကူးသွားနိုင်မည်ဖြစ်ကာ နိုဝင်ဘာလကုန်တွင် စတင်ရိတ်သိမ်းနိုင်မည်ဖြစ်သည်။ ယင်းမျိုးစေ့ထုတ်စိုက်ခင်း ၂၂၂ ဧကမှ ထွက်ရှိလာမည့် မျိုးစေ့များကို လာမည့်နွေစပါးရာသီတွင် ဧက ၂၂၂၀၀ကျော်စာကို စိုက်ပျိုးရန် တောင်သူများထံသို့ ဖြန့်ဖြူးပေးသွားနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ကိုပေါက်(ဥက္ကာမြေ)**





ပြင်သစ်ပထမတန်း ပွဲစဉ်(၆)မှာ ပီအက်စ်ဂျီက ရိမ်းစ်ကို မနိုင်ဘူး။ တစ်ဂိုးစီသရေသာကစားနိုင်တယ်။ အမှတ်လျော့ခဲ့ရတယ်ဆိုတော့။ အဲဒီပွဲအပြီး ပီအက်စ်ဂျီနဲ့ပတ်သက်လို့ ဘာများပြောစရာရှိမလဲ။ အထူးသဖြင့် ဒီပွဲဟာ ဒီရာသီမှာ ပီအက်စ်ဂျီရဲ့ ဒုတိယမြောက် အမှတ်လျော့တဲ့ပွဲ။ ပြီးတော့ ပထမပွဲကလည်း ဒီပွဲမကစားမီ ရှေ့ပွဲစဉ်ဖြစ်တဲ့ ပွဲစဉ်(၅)မှာတုန်းက ဘော်ဒိုးကိုသရေကျပြီး အမှတ်လျော့ခဲ့ရတဲ့ပွဲဆိုတော့။ ပီအက်စ်ဂျီရဲ့ ပြင်သစ်ပထမတန်းပွဲအတွင်း နှစ်ပွဲဆက် အမှတ်လျော့ခဲ့မှုအခြေအနေအရ ပီအက်စ်ဂျီရဲ့ လက်ရှိဖြစ်တည်မှုဟာ မေးခွန်းထုတ်စရာဖြစ်လာတယ်။

# ပီအက်စ်ဂျီ ၏ ဦးတည်ရာ

လင်းဆက်







တချို့ကတော့ အဲဒီလို ပြင်သစ်ပထမတန်းပွဲစဉ်အတွင်း ပီအက်စ်ဂျီရဲ့ အမှတ်လျော့မှုဖြစ်စဉ်မှာ အာရုံစူးစိုက်မှုလျော့ရဲခြင်းက အခြေခံတယ်လို့ အကောက်အယူလုပ်ကြတယ်။ ပြောရရင် လက်ရှိမှာ ပီအက်စ်ဂျီဟာ ပြင်သစ်ပထမတန်း ပြိုင်ပွဲအတွင်း နှစ်ပွဲဆက် ခြေချော်တယ်။ ဘော်ဒိုးနဲ့ နှစ်ဂိုးစီသရေ၊ ရိမ်းစ်နဲ့ တစ်ဂိုးစီသရေ။ အဲဒီမှာ အဲ့ဒီဖြစ်စဉ်နှစ်ခုကို စိစစ်ကြည့်တဲ့အခါ။ အဲဒီပွဲ နှစ်ပွဲကြားမှာ ချန်ပီယံလိဂ်ပွဲစဉ်ရှိတာကို တွေ့ကြရတယ်။ ကျွမ်းကျင်သူအများစုကလည်း အဲဒီအချက်ကိုပဲ ထောက်ပြသုံးသပ်ကြတာ။ အရှင်းဆုံးပြောရရင် ပီအက်စ်ဂျီရဲ့ ဒီရာသီဦးတည်ချက်ဟာ ဥရောပပြိုင်ပွဲအတွင်း အောင်မြင်မှုရယူလိုစိတ် ပြင်းထန်ခြင်းနဲ့အတူ ပြင်သစ်ပထမတန်း ပြိုင်ပွဲအပေါ် အာရုံစူးစိုက်မှု လျော့ရဲလာတယ်လို့ အကောက်အယူ လုပ်ကြတာဖြစ်တယ်။

ပြောမယ်ဆိုရင်ပေါ့။ လက်ရှိအချိန်မှာ ပီအက်စ်ဂျီဟာပြင်သစ်ပထမတန်းပြိုင်ပွဲအတွင်း တစ်ကောင်တည်းပြေးတဲ့မြင်း သဘောဆောင်တယ်။ ပြင်သစ်မှာ သူတို့လောက်ငွေသုံးနိုင်တဲ့အသင်းမရှိဘူး။ သူတို့လောက်ကစားသမားအင်အားတောင့်တင်းတဲ့အသင်းမရှိဘူး။ အရှင်းဆုံးပြောရရင် ပြင်သစ်မှာ ပီအက်စ်ဂျီဟာ ပြိုင်ဘက်တိုင်းထက် ခေါင်းတစ်လုံးမကမြင့်တဲ့အသင်းအဖြစ် ရပ်တည်နေမှုဟာ သူတို့ရဲ့ ပြင်သစ်ပြည်တွင်းပွဲတွေအပေါ် အာရုံစူးစိုက်မှုကို လျော့ရဲစေတယ်လို့ ဆိုကြတာဖြစ်တယ်။

အထူးသဖြင့် သူတို့ဟာ အသင်းကို ကဟီလာဖီဦးဆောင်ခွင့်ရပြီးတဲ့နောက် ခနအင်အားတောင့်တင်းခိုင်မာမှုနဲ့အတူ ထိပ်တန်းကစားသမားတွေခေါ်ယူပြီး အတောင့်တင်းဆုံးအသင်းအဖြစ် တည်ဆောက်နိုင်တယ်။ အသင်းကို ကဟီလာဖီဦးဆောင်ပြီးတဲ့နောက်ကစားသမားခေါ်ယူမှုအတွက် အသားတင်စိုက်ထုတ်သုံးစွဲမှုဟာ ယူရိုသန်း ၅၀၀ နီးပါးအထိရှိသလို အဲဒီငွေတွေနဲ့ ကာဗာနီ၊ အီဗရာဟီမိုဗစ်ချ်၊ လာဗက်ဇီ၊ သီယာဂိုဆေးလ်ဗား၊ ဒေးဗစ်လူးဝစ်ဇ်၊ လူးကပ်စ်မိုရာနဲ့ အခုနောက်ဆုံး ဒီမာရီယာကိုပါခေါ်တယ်။

ပြောချင်တာက ပီအက်စ်ဂျီဟာ မနှစ်က ဘောလုံးရာသီမှာ ပြင်သစ်ပြည်တွင်းမှာ ရယူနိုင်လောက်တဲ့ ဆုဖလားအားလုံးကို အရယူတယ်။ ပြင်သစ်အမှတ်ပေး ချန်ပီယံဖလား၊ ပြင်သစ်လိဂ်ဖလား၊ ပြင်သစ်ရှုံးထွက်ဖလားနဲ့ ပြင်သစ်စူပါဖလားကိုရတယ်။ အရင်းဆုံးပြောရရင် မနှစ်ကဘောလုံးရာသီမှာ ပြင်သစ်ဘောလုံးလောကအတွင်း ပြိုင်ပွဲတိုင်းမှာ ပီအက်စ်ဂျီမဟုတ်တဲ့အသင်း ချန်ပီယံဖြစ်မှုမျိုး လုံးဝမရှိခဲ့သလို ဒီရာသီအစ ပြင်သစ်စူပါဖလားကိုလည်း ရယူထားတဲ့အပြင် တစ်နှစ်ကလည်း ပြင်သစ်ပြည်တွင်းပြိုင်ပွဲလေးရပ်အနက် ပြိုင်ပွဲသုံးခုမှာ အောင်ပွဲခံခဲ့သေးတယ် ဆိုတော့။ ဒီနောက်ပိုင်း ပြင်သစ်ဘောလုံးလောကအပေါ် ပီအက်စ်ဂျီရဲ့လွှမ်းမိုးမှုဟာ ထင်သာမြင်သာလွန်းသလို ဒီကြားကမှ ဒီမာရီယာလိုကစားသမားမျိုးကို ယူရိုသန်း ၆၀ ကျော် အကုန်အကျခံ ထပ်ခေါ်ခဲ့မှုဟာ သူတို့ရဲ့ ဦးတည်ရာက ပြင်သစ်ပြည်တွင်းမှာ အောင်ပွဲခံနိုင်ရေးဆိုတာထက် ပိုကိုပိုတယ်လို့ ယူဆစရာဖြစ်လာတယ်။

ပြောမယ်ဆိုရင်ပေါ့။ သူတို့ဟာ မနှစ်ကရာသီမှာ ဆိုခဲ့ပြီးတဲ့အတိုင်း ပြည်တွင်းပြိုင်ပွဲတိုင်းမှာ အောင်ပွဲခံတယ်။ အဲ့ဒီထဲကနေ အဓိက ကစားသမားတွေ ထွက်ခွာမှုလည်းမရှိဘူး။ အရှင်းဆုံးပြောရရင် သူတို့ရဲ့ မနှစ်ကစုဖွဲ့မှုအတိုင်းဆိုရင်တောင် ဒီရာသီမှာလည်း ပြည်တွင်းပွဲတွေအတွင်း အောင်ပွဲခံနိုင်ရေးဟာ သံသယရှိစရာမလိုတဲ့ကြားက ဒီမာရီယာကို ထပ်မံခေါ်ယူခဲ့မှုဟာ ဥရောပမှာပါ သူတို့ရဲ့ အောင်မြင်လိုစိတ်ကို မြင်သာလွန်းတယ်လို့ ဆိုကြတယ်။

တကယ်တော့ ပီအက်စ်ဂျီကို ကဟီလာဖီဦးဆောင်ခွင့်ရလာပြီးတဲ့နောက်မှာ ရင်းနှီးမြှုပ်နှံမှုအတော်များများလုပ်တယ်။ ဆိုခဲ့ပြီးတဲ့အတိုင်း ကစားသမားခေါ်ယူမှုမှာတင် အိတ်စိုက်သုံးငွေဟာ ယူရိုသန်း ၅၀၀ နီးပါးရှိတယ်ဆိုတော့။ အဲ့ဒီ ရင်းနှီးမြှုပ်နှံမှုတွေ အကျိုးအမြတ်ပြန်လည်ဖြစ်တည်ရေးဟာ ပြည်တွင်းပြိုင်ပွဲတွေမှာချည်း အောင်ပွဲရနေရုံနဲ့ မလုံလောက်ဘူး။ အရှင်းဆုံးပြောရရင် ပြင်သစ်ပထမတန်းပြိုင်ပွဲတွေဟာ ဥရောပမှာ နာမည်ကြီးပါတယ်ဆိုတဲ့ လိဂ်ပြိုင်ပွဲတွေဖြစ်တဲ့ အီတလီစီးရီးအေ၊ လာလီဂါ၊ ဘွန်ဒက်စ်လီဂါနဲ့ ပရီမီယာလိဂ်ပြိုင်ပွဲတွေနဲ့ယှဉ်ရင် ဝင်ငွေအရာမှာ နိမ့်လွန်းတယ်။ ပြောရမယ်ဆိုရင် ပြင်သစ်ပထမတန်းဟာ ဈေးကွက်ကို ထိုးဖောက်နိုင်မှုမှာ အခြားနာမည်ကြီးလိဂ်တွေကို မယှဉ်နိုင်သေးသလို ရုပ်သံထုတ်လွှင့်ခမှာလည်း အဲဒီလိဂ်တွေနဲ့ယှဉ်ရင် နိမ့်လွန်းတယ်။

ပြောရရင် ပြင်သစ်ပထမတန်းမှာ အသင်းတစ်သင်းရဲ့ အခြေခံဝင်ငွေဖြစ်တဲ့ ရုပ်သံထုတ်လွှင့်ခဝင်ငွေက ချန်ပီယံဖြစ်တဲ့ အသင်းတစ်သင်းတောင်မှ ယူရို သန်း ၄၀ နဲ့ ၅၀ ကြားသာရတယ်။ အဲ့ဒီမှာ ပီအက်စ်ဂျီဟာ နာမည်ကျော်ကစားသမားတွေပိုင်ဆိုင်မှုနဲ့ အဲဒီကစားသမားတွေရဲ့ ပုံရိပ်မြင့်မားမှုအရအခြားဝင်ငွေအရာမှာ ကျန်ပြည်တွင်းပြိုင်ဘက်အားလုံးထက် ပိုပြီးထိမိသော်ငြား။ သူတို့ရဲ့ တစ်ရာသီအသုံးစရိတ်ဟာလည်း ကစားသမားခေါ်ယူမှုအတွက်ချည်းပဲ ကြည့်ရင်တောင်မှ တစ်ရာသီကို ယူရို သန်း ၁၀၀ ကျော်ဝန်းကျင်အမြဲရှိတဲ့အခါ သူတို့အတွက် လက်ရှိအခြေအနေအရ ဝင်ငွေအရာမှာ မမျှတတဲ့သဘော ဆောင်တယ်။

ပြောမယ်ဆိုရင် ဒီမာရီယာကိုခေါ်ယူရေးမှာ ပီအက်စ်ဂျီဟာ မနှစ်က ရာသီကတည်းက စိတ်ဝင်စားခဲ့တာ။ ဒါပေမယ့် ဘဏ္ဍာရေးထိန်းညှိမှုဥပဒေအရ မခေါ်နိုင်ခဲ့ဘဲ ဒီရာသီမှသာ ခေါ်ခဲ့တာဆိုတော့။ အဲ့ဒီအချက်မှာတင် သူတို့ရဲ့ဝင်ငွေအရာဟာ ရီးရဲ၊ ဘာစီလိုနာ၊ ဘိုင်ယန်မြူးနစ်၊ မန်ယူတို့လို ဥရောပထိပ်တန်းအသင်းကြီးတွေနဲ့ ရင်ပေါင်တန်းနိုင်မှုမရှိသေးဘူးဆိုတာ မြင်သာသလို။ အဲဒီလို ရင်ပေါင်တန်းနိုင်ဖို့အတွက်ဆိုရင် ချန်ပီယံလိဂ်လို ပြိုင်ပွဲမျိုးမှာပါ အောင်ပွဲရဖို့လိုတယ်ဆိုပြီး ထောက်ပြကြတာပဲဖြစ်တယ်။

ပြောချင်တာက ချန်ပီယံလိဂ်ပြိုင်ပွဲဟာ ဝင်ငွေအရာမှာ အသင်းတစ်သင်းကို ထိထိမိမိ ပံ့ပိုးပေးရာရောက်တဲ့အပြင် အသင်းရဲ့ပုံရိပ်ကိုပါ ဆွဲမြှင့်ပေးနိုင်တဲ့ ပြိုင်ပွဲတစ်ရပ်ဖြစ်တယ်။ လက်ရှိစည်းမျဉ်းအရမှာတင် ဆုကြေးချည်းသက်သက်မှာ ချန်ပီယံလိဂ်ပြိုင်ပွဲအတွင်း ဗိုလ်စွဲတဲ့အသင်းတစ်သင်းဟာ ယူရိုသန်း ၅၀ ကျော်ရမယ်။ အဲဒီမှာ ရုပ်သံထုတ်လွှင့်ခဆိုတဲ့ ဝင်ငွေတွေနဲ့ အခြားဝင်ငွေတွေ မပါသေးဘူး။ အဲ့ဒီငွေတွေပါ ထပ်ပေါင်းမယ်ဆိုရင် ချန်ပီယံလိဂ်မှာအောင်မြင်တဲ့ အသင်းတစ်သင်းအနေနဲ့ ရရှိတဲ့ဝင်ငွေ အကျိုးအမြတ်ဟာ မြိုးမြိုးမြက်မြက်ရှိမယ်ဆိုတာ မြင်ကိုမြင်သာလွန်းတယ်။

ဒါ့အပြင် ချန်ပီယံလိဂ်မှာ အောင်ပွဲဆင်နိုင်ခြင်းဟာ အသင်းရဲ့ ပုံရိပ်ကိုလည်း တိုးတက်စေတယ်။ အဲ့ဒီအတွက် ဈေးကွက်ထိုးဖောက်နိုင်အားမှာလည်း ထိမိလာမယ့်အခြေအနေအရ အသင်းရဲ့ အခြားဝင်ငွေအရပ်ရပ်ဟာလည်း တိုးတက်လာမယ်ဆိုတော့ ချန်ပီယံလိဂ်ပြိုင်ပွဲဟာ ပီအက်စ်ဂျီအတွက် မက်လောက်စရာပြိုင်ပွဲတစ်ခုဆိုတာထင်ရှားလွန်းတယ်။

ပြောရမယ်ဆိုရင်ပေါ့။ ဆိုခဲ့ပြီးတဲ့အတိုင်း ပီအက်စ်ဂျီဟာ ပြင်သစ်ပထမတန်းပြိုင်ပွဲအတွင်း တစ်ကောင်တည်းပြေးတဲ့မြင်း သဘောဆောင်တယ်။ လက်ရှိအချိန်မှာလည်း သူတို့ဟာ ပြင်သစ်ပထမတန်းပြိုင်ပွဲမှာ နှစ်ပွဲဆက် ခြေချော်သော်ငြား။ ဦးဆောင်သူနေရာက ဖယ်မပေးရဘူး။ ဒါဟာ သူတို့နဲ့ ကျန်ပြည်တွင်းပြိုင်ဘက်တွေကြား အဆင့်တစ်ခုမကကွာခြားမှုရှိတယ်ဆိုတာ မြင်သာတဲ့အချက်တစ်ခုဖြစ်သလို အဲဒီအချက်ကပဲ ပြည်တွင်းပွဲအပေါ် သူတို့ရဲ့ အာရုံစူးစိုက်မှုကိုလျော့စေပြီး အသင်းရဲ့ဂုဏ်ဒြပ်၊ ပုံရိပ်နဲ့ ဝင်ငွေအကျိုးအမြတ်တွေအတွက် ချန်ပီယံလိဂ်ပြိုင်ပွဲအပေါ် အာရုံတိမ်းညွတ်မှုဟာ သူတို့မှာ ပြင်းပြင်းပြပြကိုရှိတယ်ဆိုတာမြင်သာလွန်းတယ်။

ဒီတော့ အချုပ်ပြောရရင် သူတို့ဟာ ပြင်သစ်ပထမတန်းပြိုင်ပွဲအတွင်း ဘော်ဒိုး၊ ရိမ်းစ်တို့နဲ့ နှစ်ပွဲဆက်သရေကျကာ နှစ်ပွဲဆက်ခြေချော်တယ်။ အဲ့ဒါနဲ့ပတ်သက်ပြီး ဘာပြောစရာရှိမလဲ တွေးကြည့်တဲ့အခါ အဲဒီခြေချော်မှုဟာ သူတို့ရဲ့ ပြည်တွင်းအောင်ပွဲအပေါ် ထိထိခိုက်ခိုက်မဖြစ်စေနိုင်သလို သူတို့ရဲ့ အာရုံတိမ်းညွတ်မှုဟာ ချန်ပီယံလိဂ်ပြိုင်ပွဲအတွင်း အောင်မြင်မှုတစ်ခုရရေးနဲ့ အဆင့်မီမီရပ်တည်နိုင်ရေးအပေါ်မှာသာ ဒီနှစ်လုံးလုံးလျားလျား မှီခိုနိုင်တယ်လို့ပဲ ဆိုချင်မိပါတယ်။

## မန်ယူနှင့် ချယ်လ်ဆီးတို့ကို အဝေးကွင်းတွင်အနိုင်ယူရန် ရည်မှန်းထားကြောင်း ဝက်စ်ဟမ်းတိုက်စစ်မှူး ဆာခိုပြောဆို




ပရီမီယာလိဂ်ကလပ် ဝက်စ်ဟမ်းအသင်းတိုက်စစ်မှူး ဒီအာဖရာဆာခိုက ယခုနှစ် ပရီမီယာလိဂ်ရာသီ၏ အဝေးကွင်းပွဲများတွင် ထိပ်တန်းစာရင်းဝင်အသင်းကြီးအချို့ကို အနိုင်ရရှိခဲ့ပြီးနောက် မန်ယူ၊ ချယ်လ်ဆီးတို့နှင့်ကစားမည့် ပရီမီယာလိဂ် အဝေးကွင်းပွဲများတွင်လည်း နိုင်ပွဲများ ထပ်မံရယူရန် ပစ်မှတ်ထားနေကြောင်း ထုတ်ဖော်ပြောဆိုလိုက်သည်။

ယခုနှစ် ပရီမီယာလိဂ်ပြိုင်ပွဲ၌ ဝက်စ်ဟမ်းအသင်းသည် ခြောက်ပွဲကစားပြီးချိန်တွင် လေးပွဲအနိုင်ရကာ နှစ်ပွဲရှုံးနိမ့်ထားသော်လည်း အဝေးကွင်း၌ အာဆင်နယ်၊ လီဗာပူးတို့ကို အနိုင်ယူနိုင်ခဲ့သည့်အပြင် ပြီးခဲ့သည့်စက်တင်ဘာ ၁၉ ရက်တွင်လည်း မန်စီးတီးကို အဝေးကွင်း၌အနိုင်ယူကာ မန်စီးတီးအသင်းအား ယခုနှစ် ပရီမီယာလိဂ်ပြိုင်ပွဲတွင် ပထမဆုံးရှုံးပွဲကြုံတွေ့စေခဲ့သည့်အသင်းဖြစ်သည်။ ဝက်စ်ဟမ်းအသင်းသည် ပရီမီယာလိဂ်ပွဲစဉ်(၆) ကစားပြီးချိန်တွင် ရမှတ် ၁၂ မှတ်ဖြင့် အမှတ်ပေးဇယား၏ အဆင့် ၃ နေရာတွင် ရပ်တည်နေသည်။

ဝက်စ်ဟမ်းအသင်းသည် လာမည့် ဒီဇင်ဘာ ၅ ရက်တွင် မန်ယူ၏ အိုးလ်ထရက်ဖို့ဒ်ကွင်းတွင်လည်းကောင်း၊ ၂၀၁၆ ခုနှစ် မတ်လ ၁၉ ရက်တွင် ချယ်လ်ဆီး၏ စတမ်းဖို့ဒ်ဘရစ်ချ်ကွင်းတွင်လည်းကောင်း သွားရောက်ကစားရမည်ဖြစ်သည်။ ဆီနီဂေါ်တိုက်စစ်မှူး ဆာခိုက "ဝက်စ်ဟမ်းဟာ အံ့အားသင့်ဖို့ကောင်းတဲ့ရလဒ်တွေ ရယူနိုင်ခဲ့ပါတယ်။ ကျွန်တော်တို့ဟာ အာဆင်နယ်၊ လီဗာပူး၊ မန်စီးတီးတို့လိုအသင်းကြီးတွေကို အဝေးကွင်းမှာ အနိုင်ယူနိုင်ခဲ့တဲ့အတွက် အလွန်ပျော်ရွှင်မိပါတယ်။ အဲဒီပွဲတွေမှာ ဝက်စ်ဟမ်းရဲ့ကစားပုံက အလွန်ကောင်းမွန်ခဲ့ပါတယ်။ အမှတ်ပေးပြိုင်ပွဲပြီးဆုံးဖို့က အများကြီးလိုပါသေးတယ်။ အခု ကျွန်တော်တို့အနေနဲ့ မန်ယူ၊ ချယ်လ်ဆီးအသင်းတို့နဲ့ကစားမယ့် အဝေးကွင်းပွဲတွေမှာလည်း နိုင်ပွဲတွေရယူဖို့ ပစ်မှတ်ထားထားပါတယ်"ဟု ပြောသွားသည်။

အသက် ၂၅ နှစ်အရွယ်ရှိ တိုက်စစ်မှူးဆာခိုသည် ယခုနှစ် ပရီမီယာလိဂ်ပွဲ ခြောက်ပွဲစလုံးတွင် ပွဲထွက်ကစားသမားအဖြစ် ပါဝင်ခွင့်ရရှိခဲ့ကာ လီဗာပူး၊ မန်စီးတီးတို့အား အနိုင်ရရှိခဲ့သောပွဲများတွင် တစ်ဂိုးစီသွင်းယူပေးနိုင်ခဲ့သူဖြစ်သည်။

တိုက်စစ်မှူး ဆာခိုသည် ၂၀၁၄ ခုနှစ် ဩဂုတ်လက ပြင်သစ်ကလပ် မတ်ဇ်အသင်းမှ ဝက်စ်ဟမ်းသို့ ပြောင်းရွှေ့လာသူဖြစ်သည်။ ● အောင်က

မြန်မာ့အလင်း
၂၅-၉-၂၀၁၅ (သောကြာနေ့)

ဒီအပတ်ပရီမီယာလိဂ် ပွဲစဉ် (၆) အပြီးမှာ လူတိုင်းအတွက်စိတ်ဝင်စားစရာဖြစ်လာခဲ့တဲ့ပွဲမှာ မန်ယူအသင်းက ဆောက်သမ်တန်အသင်းကို ၃-၂နဲ့နိုင်ခဲ့တဲ့ပွဲလည်းဖြစ်ပါတယ်။ အဲဒီပွဲဟာ မန်ယူအသင်းအတွက်တော့ လီဗာပူးအသင်းကို နိုင်ခဲ့ပြီးနောက် ဒုတိယမြောက် ထပ်မံနိုင်ပွဲရရှိခဲ့တဲ့ပွဲလို့လည်း ဆိုရမှာပါ။ ဆောက်သမ်တန်အသင်းနဲ့ပွဲမှာ မန်ယူအသင်းရဲ့ လူငယ်ကစားသမားမာတီရယ်က အသင်းအတွက် နှစ်ဂိုးသွင်းယူပေးခဲ့ပါတယ်။ မန်ယူအသင်းအနေနဲ့ ဆောက်သမ်တန်အသင်းနဲ့ပွဲမှာ အခုလိုအနိုင်ရရှိခဲ့ခြင်းဟာ ပြီးခဲ့တဲ့ ချန်ပီယံလိဂ်မှာ အိုင့်ဟိုဗင်ကို ရှုံးနိမ့်ခဲ့တဲ့ အရှုံးတွေကို မေ့လျော့သက်သာသွားစေခဲ့ပါတယ်။



# မာတီရယ်ရဲ့အားနဲ့ ပရီမီယာလိဂ်ဆုဖလားရယူနိုင်မလားလို့ စောင့်ကြည့်ရမယ့် မန်ယူ

အဲဒီပွဲမှာ မန်ယူအသင်း အတွက် နှစ်ဂိုးသွင်းယူပေးခဲ့တဲ့ မာတီရယ်ကတော့ အဲဒီပွဲရဲ့ အကောင်းဆုံး ကစားသမား ဆုကိုလည်း ရရှိသွားခဲ့ပါတယ်။ အသက် ၁၉ နှစ်သာ ရှိသေးတဲ့ မာတီရယ်အနေနဲ့ အခုလို မန်ယူအသင်းကို စတင်ရောက်ရှိတာနဲ့ တစ်ပြိုင်နက် ဂိုးတွေသွင်းယူနေတာကတော့ သူ့ရဲ့ပါရမီတွေကို ထုတ်ဖော်ပြသလိုက်တာလည်းဖြစ်ပါတယ်။ ဒါကြောင့်လည်း ကမ္ဘာ့မီဒီယာတွေပေါ်မှာတော့ မာတီရယ်နဲ့ ပတ်သက်ပြောဆိုချီးကျူးမှုတွေကတော့ ဆက်တိုက်ဆိုသလို ကြားနေရမှာ ဖြစ်ပါတယ်။

မာတီရယ်နဲ့ပတ်သက်ပြီး မန်ယူခံစစ်မှူးဟောင်း ဂယ်ရီနဗီးလ်ကတောင် မာတီရယ်ရဲ့ ခြေစွမ်းနဲ့ပတ်သက်ပြီး လူပြောများပေမယ့် အခုလောက်အထိ ခြေစွမ်းပြကစားနိုင်လိမ့်မယ်လို့ မျှော်လင့်မထားမိတဲ့အကြောင်းကိုတောင် ပြောဆိုခဲ့ပါတယ်။ ဒါပေမယ့် မန်ယူအသင်းမန်နေဂျာဗန်ဟားလ်ကတော့ ပေါင် ၃၆သန်း ပေးခေါ်ယူထားခဲ့တာကြောင့် အခုလို ခြေစွမ်းမျိုးရှိမယ်ဆိုတာကို အစောကြီးကတည်းက သိနေတယ်လို့လည်း ပြောပါတယ်။ ဒါဟာ မာတီရယ်အတွက်တော့ သူ့ရဲ့တန်ဖိုးနဲ့ ထိုက်တန်တဲ့ အရည်အချင်းမျိုးကို သက်သေပြလိုက်နိုင်တာလည်း ဖြစ်ပါတယ်။ မန်ယူအသင်းက လီဗာပူးအသင်းကို နိုင်ခဲ့တဲ့ပွဲမှာလည်း မာတီရယ်ဟာ အသင်းအတွက် ဂိုးသွင်းယူပေးခဲ့ပါသေးတယ်။ ဒါကြောင့် လက်ရှိ ပရီမီယာလိဂ်သုံးပွဲမှာ သုံးဂိုးအထိသွင်းယူပေးထားနိုင်တဲ့ မာတီရယ်ရဲ့ ခြေစွမ်းကတော့ မန်ယူအသင်းကို အောင်မြင်မှုတွေ ရယူနိုင်ဖို့အတွက်အကောင်းဆုံးအကူအညီပေးနိုင်ပါတယ်။

ပြီးခဲ့တဲ့ရာသီက ထိပ်ဆုံးလေးသင်း ဝင်ရောက်နိုင်ရေးအတွက် ကြိုးစားခဲ့ရတဲ့ မန်ယူ အသင်းဟာ အခုလို ဆောက်သမ်တန် အသင်းကို နိုင်တဲ့ပွဲအပြီးမှာတော့ အသင်းအနေနဲ့ ပရီမီယာလိဂ် ဆုဖလားကို ခြိမ်းခြောက်နိုင်တဲ့ အဆင့်မျိုးရောက်ရှိနေပြီလို့တောင် ပြောဆိုလိုက်ပါတယ်။ လက်ရှိအချိန်မှာ မန်ယူအသင်းဟာ ပရီမီယာလိဂ်အမှတ်ပေးဇယားရဲ့ အဆင့် (၂)နေရာမှာ ရှိနေပြီး ရာသီစကတည်းက ထိပ်ဆုံးမှာ ရပ်တည်နေနိုင်တဲ့ မန်စီးတီးအသင်းနဲ့ နှစ်မှတ်ပဲကွာပါတော့တယ်။ ဒါတွေကြောင့်လည်း မန်ယူအသင်းဟာ ပရီမီယာလိဂ်ဆုဖလားကို ရယူနိုင်ဖို့အတွက် လက်တစ်ကမ်းမှာသာ ရှိနေတယ်လို့ ပြောလိုက်တာလည်းဖြစ်ပါတယ်။

မန်ယူအသင်းဟာ ဒီနှစ်နွေရာသီကတည်းက ကစားသမားသစ်ခေါ်ယူဖို့အတွက် ပေါင် ၁၁၁သန်းအထိအသုံးပြုထားခဲ့တာလည်းဖြစ်ပါတယ်။ အများဆုံးခေါ်ယူထားခဲ့တဲ့ကစားသမားတွေကလည်း လူငယ်ပါရမီရှင်တွေ ဖြစ်ပါတယ်။ ဒါကြောင့် မန်ယူအသင်းဟာ လူငယ်ပါရမီရှင်ကစားသမားတွေနဲ့ အောင်မြင်မှုတွေရရှိအောင် ကြိုးစားနေတယ်လို့လည်း ဆိုရမှာပါ။ ဒီနှစ်ရာသီမှာ မန်ယူအသင်းဟာ ဂိုးသမား ဒီဂီယာကိုအသင်းမှာ ဆက်လက်ရှိနေဖို့အတွက် ပြင်းပြင်းထန်ထန်ကြိုးစားခဲ့ရသလို နယူးကာဆယ်အသင်းကို သရေကျပြီး ဆွမ်ဆီးအသင်းတို့ကို ရှုံးနိမ့်ခဲ့ရခြင်းတွေကြောင့် အစောပိုင်းကာလတွေက အသင်းရဲ့ ရင်းနှီးမြှုပ်နှံမှုတွေနဲ့ပတ်သက်ပြီး ဝေဖန်မှုတွေလည်း ပြင်းထန်စွာကြားနေခဲ့ရပါတယ်။ ဒါပေမယ့် အခုလို ပရီမီယာလိဂ်ပြိုင်ပွဲ နှစ်ပွဲ ဆက်တိုက် နိုင်အပြီး မှာတော့ မန်ယူ အသင်းရဲ့ အခြေအနေ တွေနဲ့ ပတ်သက်ပြီး အကောင်းဘက် ဦးတည်လာခဲ့တာလည်း ဖြစ်ပါတယ်။

ပြီးခဲ့တဲ့ပွဲစဉ် (၆)မှာ မန်စီးတီးအသင်းအနေနဲ့ ဝက်စ်ဟမ်းအသင်းကို ရှုံးနိမ့်ခဲ့ရတာဟာ မန်ယူအသင်းအတွက်တော့ အကောင်းဘက် ကို ပိုမိုဦးတည်စေခဲ့တယ်လို့လည်း ပြောရမှာပါ။ ဒါ့အပြင် မန်ယူအသင်းအနေနဲ့ လူငယ်တိုက်စစ်မှူး မာတီရယ်ကို ခေါ်ယူခဲ့တာကလည်း အကောင်းဘက်ကို ဦးတည်စေခဲ့တယ် လို့ ဆိုရမှာပါ။ မန်ယူအသင်းရဲ့ သမိုင်းမှာတော့ မန်ယူအသင်းကို စတင်ရောက်ရှိခဲ့ပြီး ပရီမီယာလိဂ် နှစ်ပွဲ ဆက်တိုက် ဂိုးသွင်းယူနိုင်တဲ့ ကစားသမားဆိုလို့ မာတီရယ်ရဲ့ အရှေ့မှာမာချီဒါနဲ့ဆာဟာတို့ပဲ ရှိပါတယ်။ ဒါကြောင့်လည်း မာတီရယ်ဟာ မန်ယူအသင်းရဲ့ အနာဂတ်အတွက်တော့ အလားအလာကောင်းတွေ ယူဆောင်ပေးနိုင်မယ့် ကစားသမားတစ်ဦးအဖြစ် ရှိနေနိုင်ပါတယ်။ မန်ယူ အသင်းဟာ ပရီမီယာလိဂ်ပွဲစဉ် (၇) မှာ ဆန်းဒါးလန်းအသင်းနဲ့ တွေ့ဆုံကစားရမယ့်ဖြစ်တဲ့အတွက် မန်ယူအသင်းအတွက်တော့ ရလဒ်တွေ ထပ်မံကောင်းမွန်ဖို့ ရှိနေနိုင်ပါတယ်။

ဒါပေမယ့် မန်ယူအသင်းရဲ့လက်ရှိ အခြေအနေတွေကို ကြည့်မယ်ဆိုရင်တော့ လုံးဝကို ပြည့်စုံမှုရှိနေတဲ့အသင်းလို့တော့ ပြောလို့မရသေးပါဘူး။ ဒါပေမယ့် မန်စီးတီးအသင်းလည်း အိမ်ကွင်းမှာ ဝက်စ်ဟမ်းအသင်းကို ရှုံးနိမ့်ခဲ့သလို ပြီးခဲ့တဲ့ရာသီက ချန်ပီယံဖြစ်ခဲ့တဲ့ ချယ်လ်ဆီးအသင်းကလည်း လက်ရှိအချိန်မှာ အမှတ်ပေးဇယားရဲ့ အဆင့် ၁၅နေရာမှာရှိနေပြီး နိုင်ပွဲတွေရရှိဖို့အတွက် ကြိုးစားနေရပါတယ်။

ဒါကြောင့် အခုလိုအသင်းတွေရဲ့ ကြားထဲမှာ မန်ယူအသင်းဟာ အသင်းရဲ့ပါရမီရှင် လူငယ်ကစားသမား မာတီရယ်ရဲ့အားနဲ့ ပရီမီယာလိဂ်ဆုဖလားကို ရယူနိုင်လေမလားဆိုတာကတော့ ဆက်လက်စောင့်ကြည့်ရဦးမှာ ဖြစ်ပါတယ်။

> လက်ရှိအချိန်မှာ မန်ယူအသင်းဟာ ပရီမီယာလိဂ်အမှတ်ပေးဇယားရဲ့အဆင့် (၂)နေရာမှာ ရှိနေပြီး ရာသီစကတည်းက ထိပ်ဆုံးမှာ ရပ်တည်နေနိုင်တဲ့ မန်စီးတီးအသင်းနဲ့ နှစ်မှတ်ပဲကွာပါတော့တယ်။ ဒါတွေကြောင့်လည်း မန်ယူအသင်းဟာ ပရီမီယာလိဂ်ဆုဖလားကိုရယူနိုင်ဖို့အတွက် လက်တစ်ကမ်းမှာသာရှိနေတယ်လို့ ပြောလိုက်တာလည်းဖြစ်ပါတယ်။

## PREMIER LEAGUE

### ပရီမီယာလိဂ်ပွဲစဉ် (၇)

| | | | |
|---|---|---|---|
| **စနေနေ့ (၂၆-၉-၁၅)** | | | |
| ည ၆:၁၅ | စပါး | - | မန်စီးတီး |
| ည ၈:၃၀ | လက်စတာ | - | အာဆင်နယ် |
| ည ၈:၃၀ | လီဗာပူး | - | ဗီလာ |
| ည ၈:၃၀ | စတုတ် | - | ဘုန်းမောက် |
| ည ၈:၃၀ | ဝက်စ်ဟမ်း | - | နော့ဝစ်ချ် |
| ည ၈:၃၀ | မန်ယူ | - | ဆန်းဒါးလန်း |
| ည ၈:၃၀ | ဆောက်သမ်တန် | - | ဆွမ်ဆီး |
| ည ၁၁:၀၀ | ကာဆယ် | - | ချယ်လ်ဆီး |
| **တနင်္ဂနွေနေ့ (၂၇-၉-၁၅)** | | | |
| ည ၉:၃၀ | ဝက်ဖို့ဒ် | - | ပဲလေ့စ် |
| **တနင်္လာနေ့ (၂၈-၉-၁၅)** | | | |
| နံနက် ၁:၃၀ (အင်္ဂါနံနက်) | ဝက်စ်ဘရွန်း | - | အဲဗာတန် |

## LIGA BBVA

### စပိန်လီဂါပွဲစဉ် (၆)

| | | | |
|---|---|---|---|
| **သောကြာနေ့ (၂၅-၉-၁၅)** | | | |
| နံနက် ၁:၀၀ (စနေနံနက်) | ဗလင်စီယာ | - | ဂရန်နာဒါ |
| **စနေနေ့ (၂၆-၉-၁၅)** | | | |
| ည ၈:၃၀ | ဘာစီလိုနာ | - | လက်စ်ပဲမက် |
| ည ၁၀:၄၅ | ရီးရဲ | - | မာလာဂါ |
| နံနက် ၁:၀၀ (တနင်္ဂနွေနံနက်) | ဆီဗီလာ | - | ဗယ်လက်ကာနို |
| နံနက် ၁:၀၀ (တနင်္ဂနွေနံနက်) | ဗီလာရီးရဲ | - | အက်သလက် |
| နံနက် ၂:၃၅ (တနင်္ဂနွေနံနက်) | အီဘာ | - | ဆဲလ်တာဗီဂို |
| **တနင်္ဂနွေနေ့ (၂၇-၉-၁၅)** | | | |
| ညနေ ၄:၃၀ | ဂီဂျွန် | - | ဘက်တစ် |
| ည ၈:၃၀ | ဒီပို့တီဗို | - | အက်စ်ပန်ညို |
| ည ၁၀:၄၅ | ဂီတာဖေး | - | လီဗန်တေး |
| နံနက် ၁:၀၀ (တနင်္လာနံနက်) | ဆိုစီဒက် | - | ဘီဘာအို |

## BUNDESLIGA

### ဘွန်ဒက်စ်လီဂါပွဲစဉ် (၇)

| | | | |
|---|---|---|---|
| **သောကြာနေ့ (၂၅-၉-၁၅)** | | | |
| နံနက် ၁:၀၀ (စနေနံနက်) | ကိုလုံး | - | အင်ဂိုဆလပ် |
| **စနေနေ့ (၂၆-၉-၁၅)** | | | |
| ည ၈:၀၀ | ဝုဖ်ဘတ် | - | ဟန်နိုဗာ |
| ည ၈:၀၀ | စတုဂတ် | - | ဂလာဘတ်ချ် |
| ည ၈:၀၀ | အော့စ်ဘတ် | - | ဟော့ဖန်ဟိန်း |
| ည ၈:၀၀ | ဝါဒါဘရီမင် | - | လေဗာကူဆင် |
| ည ၈:၀၀ | မိန့်ဇ် | - | ဘိုင်ယန် |
| ည ၁၁:၀၀ | ဟမ်းဘတ် | - | ရှော်လ်ကေး |
| **တနင်္ဂနွေနေ့ (၂၇-၉-၁၅)** | | | |
| ည ၈:၀၀ | ဖရန့်ဖတ် | - | ဟာသာဘာလင် |
| ည ၁၀:၀၀ | ဒွေါမွန် | - | ဒရမ်စတက် |

## Serie A

### စီးရီးအေပွဲစဉ် (၆)

| | | | |
|---|---|---|---|
| **စနေနေ့ (၂၆-၉-၁၅)** | | | |
| ည ၁၀:၃၀ | ရိုးမား | - | ကာပီ |
| နံနက် ၁:၁၅ (တနင်္ဂနွေနံနက်) | နာပိုလီ | - | ဂျူဗင်တပ်စ် |
| **တနင်္ဂနွေနေ့ (၂၇-၉-၁၅)** | | | |
| ညနေ ၅:၀၀ | ဂျီနိုအာ | - | အေစီမီလန် |
| ည ၇:၃၀ | ဘိုလော့နာ | - | အူဒီးနီးစ် |
| ည ၇:၃၀ | ဗီရိုနာ | - | လာဇီယို |
| ည ၇:၃၀ | ဆက်ဆူအိုလို | - | ချီယေဗို |
| ည ၇:၃၀ | တိုရီနို | - | ပါလာမို |
| နံနက် ၁:၁၅ (တနင်္လာနံနက်) | အင်တာမီလန် | - | ဖီအိုရင်တီးနား |
| **တနင်္လာနေ့ (၂၈-၉-၁၅)** | | | |
| ည ၁၁:၃၀ | ဖရိုစီနုန်း | - | အမ်ပိုလီ |
| နံနက် ၁:၃၀ (အင်္ဂါနံနက်) | အတ္တလန္တာ | - | ဆမ်ဒိုးရီးယား |